
38. HPRA MINGALA
၃၈. ဖြာမင်္ဂလာ

# 38-HPRA MINGALA.

# ၃၈–ဖြာ မင်္ဂလာ

ရန်ကုန်မြို့၊ကမ္ဘာအေး၊သာသနာရေးဝန်ကြီးဌာန၊
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
လက်ထောက်ညွှန်ကြားရေးမှူး၊ဦးထွန်း
(မှတ်ပုံတင်အမှတ် ၀၂၄၀၅/၀၂၅၂၇)က ပုံနှိပ်ထုတ်ဝေသည်။

# CHYEJU DUM GA

Ndai 38-hpra mingala laika buk byin tai wa na mau bat dan ta Pin Nya Tha Mi, (ma gadi tha zi), b .. dan ta Ti Lawka Tha Ra (yawe htun), U Pin Nya Wara (damma zeti), Daw Ing Da Nandi), Daw Uk Tama Nandi, Daw Pung Nya Wa di, Daw wa Ba Ri, Daw E San Da, Daw Wunna Thin Gi, Mung dan sim sa gaw gap hpung sasana lam ning hkring yangung ginwang kaba hpyen dap daju ning hkring wa dutiya bu hkyuk gyi Myu Nyut, bu hmu gyi Thaik Htun, bu hmu Nyi Tsan, bu gyi E Ku, Bu gyi hkyit Swi, bu gyi E Chyaw, bu hmu Daw Hkin Hla Thi, sasana lam hparan daju wa U At Mawn hte mu gun ni , Sara Myin Yu We, jing hpaw tsi sara num kaba Ma Kaw, Nang Htu, dak kasu ni laika hti gawk hparan wa U Thaw Kawng, U Mawng Mawng Thing, Daw Nang Hkam Lai, Daw Win Win Ma, lai len pan hpaji ni hpung ning tau ning baw wa U Tsaw Hlaing, U Chyi Win, htang dip hpa awn U Htun, Kun pyu ta U Tsing Nyut , Kun pyu ta U Nyu Min , U Tin Htun hte garum shing tau ai ni yawng hpe chye ju dum ai lam tawk matsing tawn nngai rai.

Sama Chyau Hpa Naw
Ning baw
Jing Hpaw Bukda kam sham hpung.

# ကျေးဇူးတင်လွှာ

ဤ ၃၈–ဖြာ မင်္ဂလာ ကချင်ဘာသာပြန် စာအုပ် ဖြစ်မြောက်ရေးအတွက် ဘဒ္ဒန္တ ပညာသာမိ(မာဂဓီ သာစည်)၊ ဘဒ္ဒန္တ တိလောကသာရ (ရဝေထွန်း)၊ ဦးပညာဝရ(ဓမ္မစေတီ)၊ ဒေါ်ဣန္ဒနန္ဒီ၊ ဒေါ်ဥတ္တမနန္ဒီ၊ ဒေါ်ပုညဝတီ၊ ဒေါ်ဝေဘာရီ၊ ဒေါ်အေးစန္ဒာ၊ ဒေါ်ဝဏ္ဏသိဂီ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးကြီး ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့်၊ ဗိုလ်မှူးကြီးသိုက်ထွန်း၊ ဗိုလ်မှူးညီစန်း၊ ဗိုလ်ကြီးအေးကို၊ ဗိုလ်ကြီး ချစ်ဆွေ၊ ဗိုလ်ကြီးအေးကျော်၊ ဗိုလ်မှူးဒေါ်ခင်လှသီ၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအံ့မောင်နှင့် ဝန်ထမ်းများ၊ ဆရာမင်းယုဝေ၊ ကချင်ဆေးဆရာမကြီး ဒေါ်ကော့၊ ဒေါ်နန်းထု၊ ရန်ကုန်တက္ကသိုလ်များစာကြည့်တိုက်မှူး ဦးသော်ကောင်း၊ ဦးမောင်မောင်သိန်း၊ ဒေါ်နန်းခမ်းလိုင်း၊ ဒေါ်ဝင်းဝင်းမာ၊ ရိုးရာပန်းပညာရှင်များ အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးစောလှိုင်၊ ဦးကြည်ဝင်း၊ သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်း၊ သာသနာရေးဦးစီးဌာန ကွန်ပျူတာဌာနမှ ဦးစိန်ညွန့်, ဦးညိုမင်း, ဦးတင်ထွန်း နှင့် ပုံနှိပ်တိုက်ရှိ ကူညီသူများအား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ဆမားကျောင်ဖနော်

[illegible]

[illegible] ဗုဒ္ဓဘာသာအသင်း

Lu sha mu hpa hpe sha lu ai shaloi tsawra ai nu wa makyin jing hku ni hpe myit dum ai zawn,

Ngai gaw Bukda hpara a tara mung ga ni hpe mu chye lu ai shaloi nu wa makyin jing hku chyu rum jing hpaw amyu sha ni hpe myit dum nngai.

dam ma dana galaw ai wa.

အစားအသောက်ကောင်းကို စားရသည့်အခါ ချစ်လှစွာသော မိဘဆွေမျိုးများကို သတိရမိသကဲ့သို့

ဗုဒ္ဓမြတ်စွာဘုရား၏ တရားတော်များကို တွေ့ရှိရသည့်အခါ မိဘဆွေမျိုး ကချင်တိုင်းရင်းသားများကို သတိရမိသည်။

ဓမ္မဒါနပြုသူ

Ngai hpara haw tawn ai mung ga hpe myi ti shim hkum kam.

Shing ra maka hte pre npre ta tut rai nrai ding lik yu u.

Ti nang nan hpa mung n- galaw yang hpa akyu mung nlu hkam sha lu nà re.

**Bukda hpara a tara.**

ငါဘုရား ဟောတော်မူသောစကားကို မျက်စေ့စုံမှိတ် မယုံလိုက်ပါနှင့်၊ သဘာဝကျ မကျ၊ လက်တွေ့ ကိုက်မကိုက် ဆန်းစစ်ပါ။

မိမိ ကိုယ်တိုင် ဘာမျှမလုပ်ကိုင်ခဲ့ပါက ဘာအကျိုးမျှ မခံစားရပါ။

**ဗုဒ္ဓဘုရား၏ တရားတော်**

Ma Kaji ten shaga madat yang she,
Kaba ten myit su na.
Myit n su ai ni mung hpawm jang,
Kaja lam n grin.
Ma kaji ni mung kan,
Grin hkra myit mada.
Jahpawt mingala hte,
Shani shana lang let
mani sum sai.

**A Shin Zana Ka bi wun tha**
**Maha ganda yung sayadaw.**

ကလေးအရွယ် လိမ္မာနှင့်ပါမှ၊
ကြီးရင့်က လိမ္မာမည်။
မလိမ္မာ ပြည်ထောင်စုကြလျှင်၊
ကောင်းမှုမတည်။
ကလေးတို့နေပြည်၊
တည်စေဖို့စိတ်စော။
နံနက်မင်္ဂလာနှင့်၊
နေ့မကွာ ညဥ့်ပါသုံးလို့ရယ်
ပြုံးကြစေသော။

အရှင်ဇနကာဘိဝံသ
(မဟာဂန္ဓာရုံဆရာတော်)

38- HPRA MINGALA

# MA LAWM NI

| Hti Hkum | Ga baw | Laika ... |
|---|---|---|


Ga Hpaw

1.Masha n kaja ai ni hte n-ganawn ai lam 1

2.Hpaji rawng masha kaja hte ganawn mazum ai lam.................................. 3

3. Pu zaw ging ai ni hpe puzaw ai lam...... 5

4.Nga ging ai shara hta nga ai lam............ 7

5.Moi e galaw ga ai kaja lam nga ra ai lam.. 9

6.Tinang hkum hte myit hpe bau sin ra ai lam.................................................. 11

7.Machye machyang law ai lam............... 13

8.Jak hpaji ta hpaji ni hpe chye ra ai lam... 15

9.Masha ni hkan sa ging ai lit hpe chye na ra ai lam.......................................... 17

10.Tsun shaga lam si mani ra ai lam............ 19

11.Ganu kawa ni hpe bau makawp maga bau jaw ra ai lam.................................. 21

12.Num ma kashu kasha ni hpe tam bau tam jaw ra ai lam.................................. 23

13.Sang lang ai amu hpe galaw ra ai lam...... 25

14.Ahlu jaw ya ai lam ............................ 27

15.Kaja ai tara hpe hkan sa ra ai lam ....... 29

16.Jing hku jing yu ni hpe garum shing ta... la ai lam............................................ 31

| Hti Hkum | Ga baw | Laika man |
|---|---|---|
| 17. | Mara nrawng ai bungli hpe galaw gun hpai ai lam | 35 |
| 18. | Nkaja ai lam hpe hkum n-gup hte koi gam ai lam | 37 |
| 19. | Nkaja ai lam hpe myit hte koi gam ai lam | 39 |
| 20. | Nang chye ai ni hpe nlu nsha ai lam | 41 |
| 21. | Kusu tara hpe nmalap ai lam | 43 |
| 22. | Hkung ga ging ai ni hpe hkung ga ai lam | 45 |
| 23. | Tinang hkum hpe shagrit shanem ra ai lam | 47 |
| 24. | Shadawn sharam myit dik ai lam | 49 |
| 25. | Shi chye ju hpe chye dum ai lam | 51 |
| 26. | Ging dan ai ten hta tara madat mara ai lam | 53 |
| 27. | Hkam sharang ai lam | 55 |
| 28. | Sharin shaga loi ai wa rai ra ai lam | 59 |
| 29. | Myat ai yahan bung kyi ni hpe mu mada ai lam | 61 |
| 30. | Htap htuk ai ten hta tara ga bawng ban ai lam | 63 |
| 31. | Shadawn sharam ai hkan sa lam hpe shakut ai lam | 65 |
| 32. | Myat ai shaman shakut lam hpe shakut ai lam | 67 |

| Hti Hkum | Ga baw | Laika man |
|---|---|---|
| 33. | Thit tsa mali hpe chye ai lam | 69 |
| 34. | Nikban hpe mu lu ai lam | 71 |
| 35. | Mung kan a dan tara hte mu hkrum ai shaloi myit n-ganga nshamawt ai lam | 73 |
| 36. | Hten byak ai, duhka hkrum ai shaloi myit nru ai lam | 75 |
| 37. | Ra marin ai lam, ra ga zawn re sai wan maza nnga ai lam | 77 |
| 38. | Myit hpe kahtet kamawt rai shangun ai kileta kaw na lawt ai lam | 78 |
| 39. | Mingala ga hpaw | 79 |
| 40. | Hkai ke hkan nau | 92 |
| 41. | Myit malai lu ai kasha | 97 |
| 42. | Summwi galang hte ga u hkri | 101 |
| 43. | Hpun hta la hte magwi hkang sara | 105 |
| 44. | Hkang dang ai wa | 114 |
| 45. | Machye machyang law htam ai wa | 126 |
| 46. | Ndup la wa | 138 |
| 47. | N-yu lu ai wa | 146 |
| 48. | Ngwi ngawn ai ga hte nga kyet | 153 |
| 49. | Kasha kaja | 159 |
| 50. | Thu za ta a tit tsa | 165 |
| 51. | Shakut shaja ai wa | 172 |
| 52. | Matsan la Pung na | 177 |
| 53. | Magam hte Ma naw | 190 |
| 54. | Amyu hpe hkye la ai wa | 192 |

| Hkum | Ga baw | Laika man |
|---|---|---|
| 55. | Ma ga shadang ........................................ | 199 |
| 56. | Shi asak dat ya ai wa ........................ | 206 |
| 57. | Shanan shadang ............................ | 210 |
| 58. | Shaman ya chye ai di hte ru be ....... | 214 |
| 59. | Tara nnalap ai wa ......................... | 218 |
| 60. | Hkung ga ging ai wa ..................... | 224 |
| 61. | Ga san masum ................................ | 229 |
| 62. | law hpa ai num ............................ | 238 |
| 63. | chyeju dum chye ai wa .................. | 242 |
| 64. | Shu nat shadang ............................ | 251 |
| 65. | Hkam sharang ai yathe myat.......... | 257 |
| 66. | Kawa a ga hpe madat mara ai wa .. | 264 |
| 67. | Gwi myit su a kusu....................... | 271 |
| 68. | Hpa ji rawng masha lahkawng ........ | 279 |
| 69. | Shadawn sharam ai wa .................... | 286 |
| 70. | Lahkawng run ................................ | 292 |
| 71. | Ashin Tha ri puk tara ...................... | 299 |
| 72. | Pada sari ......................................... | 306 |
| 73. | Lak lai ai num sha .......................... | 315 |
| 74. | Tara hpring tsup ai nta ..................... | 320 |
| 75. | Tsu lapan ......................................... | 329 |
| 76. | Ukga thena ........................................ | 333 |

## မာတိကာ

စဉ် အကြောင်းအရာ စာမျက်နှာ


ကျေးဇူးတင်လွှာနှင့် အဖွင့်စကား

၁။ လူဆိုးလူမိုက်ကို မမှီဝဲမပေါင်းသင်းရခြင်း .............

၂။ ပညာရှိလူလိမ္မာကို မှီဝဲပေါင်းသင်းရခြင်း .............

၃။ ပူဇော်ထိုက်သူကို ပူဇော်ခြင်း ......................... ၆

၄။ သင့်လျော်သောအရပ်၌နေရခြင်း ......................... ၈

၅။ ရှေး၌ပြုဖူးသော ကောင်းမှုအထူးရှိခြင်း ............... ၁၀

၆။ မိမိ၏ကိုယ်စိတ်နှစ်ပါးကို စောင့်ထိန်းခြင်း ........... ၁၂

၇။ အကြားအမြင်များခြင်း ................................ ၁၄

၈။ စက်မှုလက်မှုအတတ်တို့ကို တတ်မြောက်ရခြင်း ...... ၁၆

၉။ လူ့ကျင့်ဝတ်ကို ကောင်းစွာသင်ကြားနားလည်ခြင်း ၁၈

၁၀။ အပြောအဆို ချိုသာယဉ်ကျေးခြင်း .................... ၂၀

၁၁။ အမိအဖတို့ကို လုပ်ကျွေးပြုစုခြင်း .................... ၂၂

၁၂။ ဇနီးနှင့်သားသမီးတို့ကို လုပ်ကျွေးပြုစုခြင်း ........... ၂၄

၁၃။ ရှုပ်ထွေးမှုကင်းလျက် စနစ်တကျကြိုးစား စူးစိုက်
လုပ်ကိုင်ခြင်း ................................................ ၂၆

၁၄။ နှံ့ကြဲပေးကမ်းလှူဒါန်းခြင်း ........................... ၂၈

၁၅။ ကောင်းသောအကျင့်တရားကို ကျင့်ခြင်း ............ ၃၀

၁၆။ ဆွေမျိုးတို့ကို ထောက်ပံ့ကူညီခြင်း .................. ၃၂

၁၇။ အပြစ်ကင်းသောအလုပ်ကိုလုပ်ကိုင်ခြင်း ............ ၃၆

၁၈။ မကောင်းမှုကို ကိုယ်နှုတ်ဖြင့်ရှောင်ခြင်း .............. ၃၄

၁၉။ မကောင်းမှုကိုစိတ်ဖြင့်ရှောင်ခြင်း .....................

၂၀။ မူးယစ်သေစာ မသောက်စားခြင်း ...................... ၄၀

၂၁။ ကုသိုလ်တရားတို့၌ မမေ့မလျော့ခြင်း ................ ၄၂

၂၂။ ရိုသေလေးစားထိုက်သူကို ရိုသေလေးစားခြင်း ....... ၄၄

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၂၃။ မိမိကိုယ်ကိုနှိမ့်ချခြင်း ............................ ၄၆
၂၄။ တင်းတိမ်ရောင့်ရဲခြင်း ......................... ၄၈
၂၅။ သူတစ်ပါးကျေးဇူးကိုသိခြင်း...................... ၅၀
၂၆။ သင့်လျော်သောအခါတရားနာခြင်း ............. ၅၂
၂၇။ သည်းခံခြင်း ................................ ၅၄
၂၈။ ဆိုဆုံးမလွယ်သူဖြစ်ခြင်း ........................ ၅၆
၂၉။ ရဟန်းသူမြတ်တို့ကို ဖူးမြော်ရခြင်း ............. ၅၈
၃၀။ သင့်လျော်သောအခါ၌ တရားစကားဆွေးနွေးခြင်း ၆၀
၃၁။ ခြိုးခြံသောအကျင့်ကိုကျင့်ခြင်း .................. ၆၂
၃၂။ မြတ်သောအကျင့်ကိုကျင့်ခြင်း ................... ၆၄
၃၃။ သစ္စာလေးပါးတရားကို သိမြင်ခြင်း ............ ၆၆
၃၄။ နိဗ္ဗာန်ကိုမျက်မှောက်ပြုခြင်း ..................... ၆၈
၃၅။ လောကဓံတရားနှင့်တွေ့သောအခါ စိတ်မတုန်လှုပ်ခြင်း ၇၀
၃၆။ ပျက်စီးခြင်း၊ ဆင်းရဲဒုက္ခဖြစ်ခြင်းနှင့် တွေ့ကြုံရသေ အခါ စိုးရိမ်ပူဆွေးမှုမရှိခြင်း ......................... ၇၂
၃၇။ လိုချင်တပ်မက်ခြင်း၊ ရာဂစသောမြူအညစ်အကြေး မရှိခြင်း ........................................ ၇၄
၃၈။ စိတ်ကိုပူပန်စေသော ကိလေသာမှ လွတ်ကင်းရာ ဘေးမရှိခြင်း ................................... ၇၆
၃၉။ မင်္ဂလသုတ်နှင့် ၃၈-ဖြာ မင်္ဂလာဖြစ်ပေါ်ပုံ ...... ၈၂
၄၀။ ကျေးညီနောင် ........................ ၉၅
၄၁။ နောင်တရသောသား ............................ ၉၉
၄၂။ သိမ်းငှက်နှင့်ဘီလုံးငှက် ......................... ၁၀၃

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၃။ | တင်းခွေယောက်ျားနှင့်ဆင်ဆရာ | ၁၁၀ |
| ၄၄။ | စောင့်ထိန်းနိုင်သူ | ၁၂၁ |
| ၄၅။ | အကြားအမြင်များသူ | ၁၃၂ |
| ၄၆။ | ပန်းပဲလုလင် | ၁၄၂ |
| ၄၇။ | အမြင်မတော်သူ | ၁၅၀ |
| ၄၈။ | ချိုသာသောစကားနှင့် နွားလိမ္မာ | ၁၅၆ |
| ၄၉။ | သားလိမ္မာ | ၁၆၂ |
| ၅၀။ | သု[illegible]ကာ၏သစ္စာ | ၁၆၉ |
| ၅၁။ | ဝီရိယရှင် | ၁၇၃ |
| ၅၂။ | သူဆင်းရဲပုဏ္ဏ | ၁၈၄ |
| ၅၃။ | ညီအစ်ကိုနှစ်ယောက် | ၁၉၁ |
| ၅၄။ | အမျိုးကိုကယ်တင်သူ | ၁၉၆ |
| ၅၅။ | မဃလုလင် | ၂၀၃ |
| ၅၆။ | သူ့အသက်လွှတ်သူ | ၂၀၈ |
| ၅၇။ | စံပြလုလင် | ၂၁၂ |
| ၅၈။ | ဣန္ဒာသယအိုးနှင့် အရက်သမား | ၂၁၆ |
| ၅၉။ | တရားမမေ့သူ | ၂၂၁ |
| ၆၀။ | ရှိသေထိုက်သူ | ၂၂၇ |
| ၆၁။ | မေးခွန်းသုံးသွယ် | ၂၃၄ |
| ၆၂။ | အလိုကြီးသောမိန်းမ | ၂၄၀ |
| ၆၃။ | ကျေးဇူးသိသူ | ၂၄၇ |
| ၆၄။ | ဖားနတ်သား | ၂၅၄ |
| ၆၅။ | သည်းခံသောရသေ့မြတ် | ၂၆၁ |

# မာတိကာ

| ခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


| ခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆၆။ | အဖေစကားနားပယ်သူ | ၂၆၈ |
| ၆၇။ | ခွေးလိမ္မာ၏ ကုသိုလ် | ၂၇၅ |
| ၆၈။ | ပညာရှိနှစ်ဦး | ၂၈၃ |
| ၆၉။ | ခြိုးခြံသူ | ၂၈၉ |
| ၇၀။ | မောင်နှံနှစ်ဖော် | ၂၉၆ |
| ၇၁။ | အရှင်သာရိပုတ္တရာ | ၃၀၃ |
| ၇၂။ | ပဋာစာရီ | ၃၁၁ |
| ၇၃။ | ထူးခြားသောမင်းသမီး | ၃၁၈ |
| ၇၄။ | တရားပြည့်ဝသောမိသားစု | ၃၂၅ |
| ၇၅။ | စူဠပန် | ၃၃၁ |
| ၇၆။ | ဥဂ္ဂသေန | ၃၃၇ |

# GA HPAW

◆◆◆◆◆◆◆◆◆◆◆◆

Ngai gaw mung kan hte seng ai katun, wut htu, metga zin ni hpe hti yu ai shaloi (mu, hkrum, zup, hka pra) dai lam hta lak lai nna nnga ai hpe mu chye lu nngai. Dai lam ni hpe ahtap kahtap nna hti lu ai shaloi grai jin wa nngai. Dai majaw makam masham hte seng ai ja chyum ga ni hpe galai nna hti yu nngai. Dai ja chyum ga ni hpe hti yu ai shaloi katun, wut htu, metga zin ni hpe hti yu ai ten na hte nbung ai sha machye machyang jat wa ai, tinang prat a matu nrum n tau manu mana lu la ai hpe mu lu ai rai. Dai makam masham hte seng ai ja chyum ga ni hta buk da makam masham ja chyum ga hpe ngai ra sharawng dik htum rai nngai.

Hpa majaw nga yang bukda ja chyum laika hta makam masham lam, nawku ai lam, hta n-ga tinang nan hkan sa ra ai shaman shakut ai lam ni lawm taw nga ai hpe lak lai nna mu lu ai majaw re. Bukda ja chyum ga hta madun dan ai hte maren -

1. Dang lu ai daram lana (alu jaw ya ai lam ) galaw nngai.
2. Dang lua ai daram ... a sin nngai.
3. Dang lu ai daram ...ama hta lam shakut shaman nngai.
4. Dang lu ai daram w... ...at iha na kam mahtan hpe shakut nngai.

Dai zawn rai nna myit ru ai lam ni sim sa lam hpe ta tut lu la hkam sha nngai. Mungkan adan hte hkrum zup ai shaloi hkam sharang lu wa nngai. Bukda myat tswa hpara a tara ni hta sharin shaga ga ni hte lam madun la ai lam a majaw ne prat hta shing pyi shara mu ni ai ngu nna kabu gara jahtau dat nngai. Buk da myat tswa hpara a tara ni hte shatup nna hkan sa yu ai shaloi --

1. mung kan masha ni hte seng ai mu ni hpe aloi sha hparan awng dang lu nngai.
2. Nju ndawng rai nga ai hpyen ni hpe mitta (tsawra shawang myit ) hte awng dang lu nngai.
3. Ana machyi makaw hta na lawt lu nngai.
4. Si nhkun kaw na mung hpara, tara, than ga yatana masum a chyeju a jaw lawt lu nngai.

Ya ndai myi npu na prat hta ndai daram lak lai nna mau hpa akyu chyeju ni hpe bukda tara kaw na jaw lu ai hpe mu lu ai majaw ya hpang na prat ni hta (than thara hta ) mung manu mana kaba ai akyu chyeju ni hpe jaw ya lu na re ngu nna kam nngai. Dai hta n-ga myat tswa hpara a tarasni gaw than thara wut duhka tsinyam, ngarai ni kaw na lawt nthawm hkyam sa jet jet rai nga ai nik ban de du lu na lam kaja teng sha re ngu nna kam nngai. Dai majaw ngai gaw bukda myat tswa hpara a tara ni hte bung pre hkra hkan sa shatup shadik na nngai ngu nna daw dan kau dat nngai. Dai majaw kan hpe doi kau nna lawki (mung kan pyaw lam ) hpe

kau da nna yahan (bu..g kyi ) galaw nngai rai. Shani shagu bukda myat tswa hpara a tara hte shatup nna hkawm sa nga shakut nga ai majaw teng sha myit sim sa let hpyen nnga ai rai.

Lusha mu hpa hpe sha lu ai shaloi tsaw ra ai nu wa makyin jing hku ni hpe jaw sha mayu ai zawn ngai gaw kaja htum ai bukda hpa ra a tara mung ga ni hpe mu chye matsing na lu ai shaloi ne a j ing hku rai nga ai jing hpaw wun pawng amyu sha ni hpe chye shangun mayu nngai. Hkan nang shakut shangun mayu ai myit heng dik hkra byin paw pru wa ai rai.

Dai majaw ngai dang lu ai daram chyu rum ma kaji ni a matu bukda makam ma... ...n nawku htung sharin hkrang hta buk da wir ka dun dawk hpe jing hpaw hku gale na matu daw dan dat nngai. Ya matut nna 38-hpra mingala tara laika hpe kahtap nna gale na matu daw dan dat nngai rai.

Ndai laika hta bukda makam ma sham shang ai ni hkan sa ra ai mingala tara ni hpe (38) ahkyek garan nna ka tawn ai rai. Shaman na matu ga san ni hpe mung mingala a hkyek shagu hta san tawn ai re majaw grau nna chye na lu na matu nrum ntau tai na re ngu kam nngai. mingala ahkyek hpe grau nna chye na lu na matu maw mwi ni mung sha lawm tawn ai rai.

"**Mingala** " hpe yawng ra sharawng ai hkrai re. Nkau mi gaw "**kaja ai mingala shaman ya rit law** " ngu nna hpyi taw nga ai hpe na ga nngai.

Bukda a masa hta "**mingala**" hpe hpyi la nlu ai rai. Tinang nan hkan sa shatup yang she "mingala" hpe lu la na re. Dai ahkyek gaw kaga makam masham hte shai ai lam rai nga ai.

Bukda hpara gaw ning nga ai. "Ngai hpara haw dan ai mung ga hpe rai rai, ja chyum lai ka hta ka tawn ai mung ga hpe rai rai myi ti nashim hkum kam mu. Nyan nrawng ai ni zawn masha ni tsun ai hpe hkum kam mu. Shing ra maka hte pre npre ta tut rai nrai ding lik yu u. Ti nang baw nu hte shen yu ding lik yu nna ta tut galaw hkan sa yu ai hpang she nang nan ra sharawng jang she hkap la u. Ne buk da tara hpe hkan sa u"

Ngu ai ndai sharin shaga ga hte maren 38-hpra mingala hpe, myint shang sha yang hti yu u. Dai hpang ra sharawng yang hkan sa shatup yu u. Shakut yu u. Dai hpang byin paw wa ai ta tut akyu ni hpe hkam sha yu u ngu nna n-gun jaw mayu nngai rai.

Tsawra ai jing hpaw chyu rum sha ni yawng teng man ai tara hpe chye lu mu ga.

**U Pin nya wara ( Dhammasariya )**

# အဖွင့်စကား

•••••••••

ကျွန်ုပ်သည် လောကီဆိုင်ရာ ကာတွန်း၊ ဝတ္ထု၊ မဂ္ဂဇင်းများကို ဖတ်ရှုကြည့်ရာ(တွေ့၊ ကြုံ၊ ဆုံ၊ ကွဲ) ဇာတ်လမ်းအပြင် ထူးခြားမှုမရှိသည်ကို သတိထားမိပါသည်။ ထိုဇာတ်လမ်းများ ထပ်ခါဖတ်ရသည်ကို ငြီးငွေ့လာမိသည်။ ထို့ကြောင့် ဘာသာရေးဆိုင်ရာကျမ်းစာများကိုဖတ်ရှုမိပါသည်။ ထိုဘာသာရေးဆိုင်ရာ ကျမ်းစာများကို ဖတ်ရသည်မှာ ကာတွန်း၊ ဝတ္ထု၊ မဂ္ဂဇင်းများကို ဖတ်ရသည်နှင့်မတူဘဲ အသိဉာဏ်တိုးတက်မှု၊ ဘဝတိုးတက်မှုအတွက် အထောက်အကူများစွာ ရရှိသည်ကိုတွေ့ရပါသည်။ ထိုဘာသာရေး ကျမ်းစာများအနက် ဗုဒ္ဓဘာသာကျမ်းစာကို အနှစ်သက်ဆုံးဖြစ်ပါသည်။

အဘယ့်ကြောင့်ဆိုသော် ဗုဒ္ဓဘာသာကျမ်းစာတွင် ယုံကြည်မှု၊ ကိုးကွယ်မှုအပြင် ကိုယ်တိုင်လိုက်နာကျင့်ကြံရမည့် ကျင့်နည်းကျင့်စဉ်များ ပါဝင်နေသည်ကို ထူးခြားစွာ တွေ့ရသောကြောင့် ဖြစ်ပါသည်။ ဗုဒ္ဓဘာသာကျမ်းစာက ညွှန်ပြသည့်အတိုင်း -

(၁) တတ်နိုင်သမျှ ဒါနပြုပါသည်။

(၂) တတ်နိုင်သမျှ သီလဆောက်တည်ပါသည်။

(၃) တတ်နိုင်သမျှ သမထကျင့်စဉ်ကို ကျင့်ပါသည်။

(၄) တတ်နိုင်သမျှ ဝိပဿနာ ကမ္မဋ္ဌာန်းကို စီးဖြန်း အားထုတ်ပါသည်။

ဤသို့ဖြင့် စိတ်သောကများ သက်သာငြိမ်းအေးမှု လက်တွေ့ ရရှိခံစားခဲ့ရပါသည်။ လောကဓံနှင့် ရင်ဆိုင်တွေ့သည့်အခါ ခံနိုင်ရည်ရှိလာပါသည်။ ဗုဒ္ဓမြတ်စွာဘုရား၏ တရားတော်များမှ ဆုံးမစကားနှင့် နည်းပေးလမ်းညွှန်မှုသည် ဘဝအတွက် အားကိုး စရာဖြစ်ပြီဟု ဝမ်းမြောက်ဝမ်းသာ ကြွေးကြော်မိပါသည်။ ဗုဒ္ဓ မြတ်စွာဘုရား၏ တရားတော်များနှင့်အညီ လိုက်နာကြည့်ရာ -

(၁) လူမှုရေးပြဿနာများကို လွယ်ကူစွာ ဖြေရှင်း အောင်မြင်နိုင်ခဲ့ပါသည်။
(၂) မနာလိုမုန်းတီးနေသော ရန်သူများကို မေတ္တာဖြင့် အောင်နိုင်ခဲ့ပါသည်။
(၃) အနာရောဂါဆိုးဘေးမှ အကြိမ်ကြိမ် လွတ် မြောက်ခဲ့ပါသည်။
(၄) ဘုရား၊ တရား၊ သံဃာ ရတနာ သုံးပါး ဂုဏ်ကျေးဇူးတော်တို့ကြောင့် သေဘေးမှလည်း လွတ်မြောက်ခဲ့ပါသည်။

ယခုမျက်မှောက်ဘဝတွင် ဤမျှ ထူးကဲအံ့သြဖွယ် အကျိုး ကျေးဇူးများကို ဗုဒ္ဓတရားတော်က ပေးစွမ်းနိုင်သည်ကို တွေ့ရ သဖြင့် နောင်သံသရာအတွက်လည်း ကြီးစွာသော အကျိုးကျေးဇူး များကို ပေးလိမ့်မည်ဟု ယုံကြည်မိပါသည်။ ထို့အပြင် မြတ်စွာ ဘုရား၏ တရားတော်များသည် သံသရာဝဋ် ဒုက္ခဆင်းရဲ၊ ငရဲ စသည်မှ လွတ်ကင်းနိုင်၍ ချမ်းသာအစစ်ဖြစ်သော နိဗ္ဗာန်သို့

ပေါက်စေနိုင်သော နည်းလမ်းကောင်း အမှန်ဖြစ်သည်ဟု ယုံကြည်မိပါသည်။ ထို့ကြောင့်ကျွန်ုပ်သည် ဗုဒ္ဓမြတ်စွာဘုရား၏ တရားတော်များနှင့်အညီ လိုက်နာကျင့်ကြံ အားထုတ်သွားမည်ဟု ဆုံးဖြတ်ချက်ချခဲ့မိပါသည်။ ထို့ကြောင့် ဆံပင်ကိုပယ်ကာ လောကီကိုစွန့်၍ ရဟန်းအဖြစ် ခံယူခဲ့ပါသည်။ နေ့စဉ် ဗုဒ္ဓမြတ်စွာဘုရား၏ တရားတော်များနှင့်အညီ သွားလာနေထိုင် ကျင့်ကြံနေသဖြင့် အလွန်ပင် စိတ်အေးချမ်း၍ ဘေးကင်းနေပါသည်။

အစားအသောက်ကောင်းကို စားရသည့်အခါ ချစ်လှစွာသော မိဘဆွေမျိုးများကို စားစေလိုသကဲ့သို့ ထို့အတူ ကျွန်ုပ်သည် ကောင်းမြတ်လှသော ဗုဒ္ဓမြတ်စွာဘုရား၏ တရားတော်များကို တွေ့ရှိမှတ်သားမိသည့်အခါ ကျွန်ုပ်၏ မိဘဆွေမျိုးဖြစ်သော ကချင်ကိုယ်ရင်သွေးများအား သိစေလိုသည်။ လိုက်နာကျင့်ကြံအားထုတ်စေနိုင်သည့်ဆန္ဒ ပြင်းထန်စွာ ဖြစ်ပေါ်လာမိပါသည်။

ထို့ကြောင့် ကျွန်ုပ်တတ်စွမ်းသမျှ တိုင်းရင်းသား ကလေးလူငယ်များအတွက် ဗုဒ္ဓဘာသာသင်ခန်းစာနှင့် ဗုဒ္ဓဝင်အကျဉ်းချုပ်ကို ကချင်ဘာသာသို့ ပြန်ဆိုရန် တည်းဖြတ်ခဲ့ပါသည်။ ယခုဆက်လက်၍ ၃၈-ဖြာ မင်္ဂလာ တရားတော်စာအုပ်ကို ထပ်မံဘာသာပြန်ရန် တည်းဖြတ်ပေးလိုက်ပါသည်။

ဤစာအုပ်၌ ဗုဒ္ဓဘာသာဝင်များ လိုက်နာကျင့်ကြံရမည့် မင်္ဂလာတရားတော်များကို(၃၈)ချက် ခွဲခြား၍ ရေးသားထားပါသည်။ လေ့ကျင့်ရန် မေးခွန်းများကိုလည်း မင်္ဂလာအချက်တိုင်း၌ မေးမြန်းထားသဖြင့် ပိုမိုသဘောပေါက် နားလည်စေရန် အထောက်အကူဖြစ်စေလိမ့်မည်ဟု ယုံကြည်မိပါသည်။ မင်္ဂလာအချက်ကို ပိုမို၍ သဘောပေါက်စေရန် ပုံပြင်ဇာတ်လမ်းများလည်း ဖော်ပြထားပါသည်။

မင်္ဂလာဆိုသည်မှာ ကြီးပွားချမ်းသာခြင်း၏ အကြောင်းတရားများ ဖြစ်ပါသည်။ ထို "**မင်္ဂလာ**"ကို လူတိုင်းနှစ်သက်ပါသည်။ အချို့"**ကောင်းချီး မင်္ဂလာ ပေးသနားပါ**"ဟု တောင်းနေသံ ကြားဖူးပါသည်။ ဗုဒ္ဓဝါဒ၌ "**မင်္ဂလာ**"ကို တောင်းယူ၍မရပါ။ ကိုယ်တိုင်ကျင့်ကြံလိုက်နာမှသာ "မင်္ဂလာ"ကို ရရှိမည်ဖြစ်ပါသည်။ ဤအချက်သည် အခြားဘာသာများနှင့် ကွဲပြားသော အချက်ဖြစ်ပါသည်။

မြတ်စွာဘုရားက ဤသို့ဆုံးမတော်မူပါသည်။ "ငါဘုရားဟောတော်မူသော စကားကိုလည်းကောင်း၊ ကျမ်းစာ၌ရေးသားထားသည့်စကားကိုလည်းကောင်း မျက်စိစုံမှိတ်၊ အတင်းကြိတ်မှိတ် မယုံလိုက်ပါနှင့်၊ ဉာဏ်တုံးသူများကဲ့သို့ သူတစ်ပါးပြောတိုင်း မယုံလိုက်ပါနှင့်၊ သဘာဝကျ မကျ၊ လက်တွေ့ကိုက်မကိုက် ဆန်းစစ်ပါ။ မိမိဉာဏ်ဖြင့်ချင့်ချိန်ကာ လက်တွေ့ကျင့်သုံးကြည့်ပြီးမှ ကိုယ်တိုင်သဘောကျ ကြိုက်နှစ်သက်မှ ငါဘုရား၏ ဗုဒ္ဓဘာသာ အယူကို လက်ခံပါ"။

ဤဆုံးမစကားနှင့်အညီ ၃၈–ဖြာ မင်္ဂလာကို စိတ်ဝင်စားလျှင် ဖတ်ရှုကြည့်ပါ၊ ထို့နောက် သဘောကျလျှင် လိုက်နာကျင့်ကြံကြည့်ပါ။ အားထုတ်ကြည့်ပါ၊ ပြီးလျှင် ဖြစ်ပေါ်လာသော လက်တွေ့ လက်ငင်းအကျိုးများကို ခံစားကြည့်ပါဟု တိုက်တွန်းနှိုးဆော် လိုက်ရပါသည်။

ချစ်လှစွာသော ကချင်တိုင်းရင်းသားလူမျိုးများ အားလုံး အမှန်တရားကို သိနိုင်ကြပါစေ။

ဦးပညာဝရ (မမွှားနယ)



1. Myat tswa hpara hpe thi kya hkaw hkm shawk tsun nga ai lam.
၇။ မြတ်စွာဘုရားအား သိကြားမင်းလျှောက်ထားနေပုံ။

## (1) ATE WANA TSA BALA NAN NHKRU NKAJA AI NI HPE KOI GAM RA AI LAM

NHKRU NKAJA AI MASHA NGU AI GAW NSA SA NGA AI NGU NNA SHA TSUN LU AI WA, SHI ASAK HKRUNG AI LAM GAW HPAJI HTE ASAK HKRUNG AI NRE. TINANG GALU KABA LAM MUNG NCHYE AI KAGA MASHA NI A GALU KABA LAM MUNG NCHYE AI, NHKRU NKAJA AI NI HPE SHA DING YANG HKAN GALAW LET NGA AI WA RE. DAI NHKRU NKAJA AI NI HPE TSAN TSAN KAW NNA KOI GAM RA GA AI. SHAN HTE HTE HKUM SHANI, DAI ZAWN DI AI GAW N-GA NAWN N-MAZUM AI NGA MA AI. SHAN HTE HTE N-KAHTEP N-GANAWN N-MAZUM YANG SHE TI NANG HTA GALU KABA LAM MAI BYIN WA NA RE. DAI HPE MINGALA NGA MA AI.

---

SHAMAN NA MATU GA SAN (1)

1. NHKRU NKAJA AI MASHA NGU AI KANING RE AI MASHA RE NI?
2. N-GANAWN N-MAZUM AI NGU AI KANING RE AI HPE NGA MA NI?
3. NHKRU NKAJA AI MASHA HPE N-GANAWN N-MAZUM AI MAJAW HPA AKYU LU LA A NI?

## ၁။ အသေဝနာ စ ဗာလာနံ
## လူဆိုးလူမိုက်ကို မမှီဝဲ မပေါင်းမသင်းရခြင်း။

လူဆိုးလူမိုက်ဆိုတာ ထွက်သက် ဝင်သက် ရှုရုံ အသက်ရှင်နေတဲ့ လူမျိုး၊ ပညာနှင့် အသက်ရှင်နေတာ မဟုတ်ဘူး၊ ကိုယ့်စီးပွားလည်း မသိ၊ သူတစ်ပါးစီးပွားလည်း မသိ၊ မကောင်းမှုတွေကိုသာ တစိုက်မတ်မတ် လုပ်နေတတ်တယ်၊ သူတို့ကို ဝေးဝေးက ရှောင်ရမယ်၊ မနီးစပ်စေနဲ့၊ အဲဒါ မမှီဝဲမပေါင်းသင်းတာဘဲ၊ သူတို့နဲ့မနီးစပ် မမှီဝဲ မပေါင်းသင်းမှ ကိုယ်မှာ စီးပွားမှု ကြီးပွားမှု ဖြစ်နိုင်တယ်၊ ဒါကို မင်္ဂလာလို့ ခေါ်ပါတယ်။

---

လေ့ကျင့်ရန် မေးခွန်းများ(၁)

၁။ လူဆိုးလူမိုက်ဟူသည် မည်သို့သော သူမျိုးဖြစ်သနည်း။

၂။ မမှီဝဲ မပေါင်းသင်းခြင်းဟူသည် ဘာကိုခေါ်သနည်း။

၃။ လူဆိုး လူမိုက်ကို မမှီဝဲ မပေါင်းသင်းခြင်းဖြင့် မည်သည့်အကျိုး ရနိုင်သနည်း။



2. Nhkru ai hkai ke.

၂။ ကျေးငှက်မိုက်ပုံ။

(2) PANTITA NINTSA THE WANA

HPAJI RAWNG AI MASHA MYIT SU HPE SHING PYI GA NAWN MAZUM AI LAM

HPAJI RAWNG AI MASHA MYIT SU NGU AI GAW N KAJA AI MASHA ANYA HTE SHAI LA NGA AI. SHI GAW SHING GYIM MASHA NI HPE GARUM SHING TAU NA MATU ASAK HKRUNG NGA AI. SHI HTA YA PRAT HPANG NA PRAT KAJA AI AKYU YAWNG HPE CHYE NA AI NYAN HPA JI RAWNG AI WA RE. MASHA NI HPE RU YAK A MYIT MYU KAW NNA HKYE HKRANG LA LU AI WA RE. GARUM SHING TAU YA LU AI. HPAJI JAW LU AI KAJA AI KUSU GALAW SHANGUN AI. HPANG DU WA NA RA AI PRAT HTA NGARAI NHKRAT HKRA HKYE LA NHTAWM NAT HTING NU DE DU HKRA LAM WOI NING SHAWNG TAI YA NGA AI. TENG SHA NGA YANG JING HKU JING YU KAJA, SARA KANU KAWA HTE HPARA TARA THAN GA YADANA MASUM NI GAW TENG SHA HPAJI RAWNG AI NI RE MAJAW KA HTEP SHING PYI KANAWN MAZUM RA NGA GA AI. HKUNGGA LARA RAI RA AI. KANAWN MAZUM RA AI.

---

SHAMAN NA MATU GA SAN (2)

1. HPAJI RAWNG AI MASHA MYIT SU NGU AI GAW KANING RE WA RE NI?
2. HPAJI RAWNG AI MASHA MYIT SU GAW SHING GYIM MASHA NI HPE KANING RE AKYU NI JAW YA LU A NI?
3. KANAWN MAZUM GING AI NI GAW KADAI NI RAI TA?

## ၂။ ပဏ္ဍိတာနဉ္စ သေဝနာ
## ပညာရှိ လူလိမ္မာကို မှီဝဲပေါင်းသင်းရခြင်း။

ပညာရှိလူလိမ္မာဆိုတာက လူမိုက်နှင့်တခြားစီပဲ၊ သူက၊ လူသား တွေကို ကူညီဖို့အသက်ရှင်နေတာ၊ ခုဘဝ နောင်ဘဝ ကောင်းကျိုးမှန်သမျှ သိတတ်တဲ့ပညာ ရှိတယ်၊ လူသားတွေဆင်းရဲအမျိုးမျိုးမှ ကယ်တင်တယ်၊ အကူအညီပေးတယ်၊ ပညာပေးတယ်၊ ကုသိုလ်ကောင်းမှု ပြုနိုင်းတယ်၊ နောင်ဘဝ ငရဲမရောက်အောင်, နတ်ပြည်ရောက်အောင် ရှေ့ဆောင်မှု ပေးတယ်၊ တကယ်တော့ မိတ်ကောင်း ဆွေကောင်း ဆရာသမားမိဘနှင့် ဘုရား, တရား, သံဃာ ရတနာသုံးပါးဟာ တကယ့်ပညာရှင်တွေမို့ ဆည်းကပ်ရမယ်၊ ရိုသေရမယ်၊ လေးစားရမယ်၊ မှီဝဲပေါင်းသင်းရမယ်။

---

လေ့ကျင့်ရန် မေးခွန်းများ(၂)

၁။ ပညာရှိ လူလိမ္မာဟူသည် မည်သို့သော သူဖြစ်သနည်း။
၂။ ပညာရှိ လူလိမ္မာသည် လူသားများအား မည်သည့် အကျိုး များ ပြုနိုင်သနည်း။
၃။ မှီဝဲပေါင်းသင်းရမည့်သူများကား မည်သူများ ဖြစ်ကြသနည်း။

(3) PUZATSA PUZA NEYA NAN

PUZAW NAWKU GING AI NI HPE PUZAW NAWKU RA AI LAM

PUZAW AI NGU AI GAW HKUNG GA AI, LARA AI, NAW AI NI RE. DAI ZAWN PUZAW GING AI NI KADAI NI RAI TA? YAWNG CHYE SAI HTE MAREN TI NANG HPE GARUM SHING TAU AI WA, HKYE HKRANG LA AI WA, BAI NNA JING HKU JING YU KAJA, SARA, KANU KAWA NI HTE HPARA, TARA, THAN GA YADANA MASUM NI RAI NGA AI.

( AHKYEK 1, 2, 3 )NDAI MIN GALAR MASUM GAW SHING GYIM MASHA PRAT GALU KABA RAWT KABA WA NA MATU MA SHA SHA GU TENG SHA MA KYIT MAHKAI LAM HPE TSUN SHA PRAW DAN AI TARA MASUM RE. TA TUT TA HKRUP HKAN SA YU U. TENG SHA GALU KABA WA NA NAN NAN RE.

---

SHA MAN NA MATU GA SAN (3)

1. PUZAW AI NGU AI GAW KANING DI AI HPE NGA MA NI?
2. KADAI NI HPE PUZAW GING A NI?
3. KANAWN MAZUM LAM HPE MADUN DAN AI MINGALA TARA (3) HPE MADUN DAN RIT.

## ၃။ ပူဇာ စ ပူဇနေယျာနံ
## ပူဇော်ထိုက်သော်သူတို့ကို ပူဇော်ခြင်း။

ပူဇော်ကယ်ဆိုတာ ရိုသေခြင်း၊ လေးစားခြင်း၊ ရှိခိုးခြင်း၊ ကန်တော့ခြင်းပေါ့၊ အဲသည်လို ပူဇော်ထိုက်တာ ဘယ်သူတွေလဲ၊ အားလုံး သိပြီးတဲ့အတိုင်း ကိုယ့်ကို ကျေးဇူးပြုတဲ့သူ၊ လမ်းညွှန်တဲ့သူ၊ ကယ်ဆယ်တဲ့သူ၊ ပြီးတော့ မိတ်ကောင်းဆွေကောင်း ဆရာသမား မိဘတွေနဲ့ ဘုရား, တရား, သံဃာ, ရတနာသုံးပါးပဲပေါ့။

အေး - (မင်္ဂလာအမှတ် ၁၊ ၂၊ ၃) သည် သုံးပါးက လူ့ဘဝ တိုးတက် ကြီးပွားရေးအတွက် ပေါင်းသင်း ဆက်ဆံရေးကို ဖော်ပြတဲ့ တရားသုံးပါးပဲ၊ လက်တွေ့ကျင့်သုံးကြည့်ပါ၊ မုချကြီးပွား တိုးတက်လာမှာ အမှန်ဖြစ်ပါတယ်။

---

လေ့ကျင့်ရန် မေးခွန်းများ (၃)

၁။ ပူဇော်သည်ဟူသည် မည်သို့ပြုခြင်းဖြစ်သနည်း။

၂။ မည်သူများကို ပူဇော်ရမည်နည်း။

၃။ ပေါင်းသင်း ဆက်ဆံရေးကို ဖော်ပြသော မင်္ဂလာတရား (၃)ပါးကို ဖော်ပြပါ။



3. Kanu kawa hpe naw let puzaw ai lam.
၃။ မိဘကိုရှိခိုးလျက် ပူဇော်နေကြပုံ။

(4) PATI RU PA DE THA WA THAW TSA NGA GING AI SHARA HTA NGA RA AI LAM NGA GING AI SHARA NGU AI GAW TI NANG A MATU KUSU LU NA, SUT GAN LU NA, HPAJI LU NA, HKAM JA LAM HTE HKUM TSUP NA, DAI ZAWN RE SHARA HPE TSUN MA YU AI RE. HPARA TARA THAN GA YADANA MASUM NGA RA AI. JA GUM HPRAW TAM YANG LOI NA, GAT DUT GAT MARI NGA RA AI, HPAJI SHARIN YA AI JAWNG HTE JAWNG SARA MUNG NGA RA AI. TSI RUNG SARA WUN SARA NUM TSI SARA HTE NI RA AI. BAI NNA HKAWM SA LAM MATUT MA HKAI LAM HKRUN LAM TSAWM RA AI. DAI ZAWN RE HKRAK HKRAK RE MARE KA HTAWNG NI RAI RA AI. DAI ZAWN RE NGA GING AI SHARA NI HTA NGA LU HKRA SHAKUT RA AI. TI NANG NGA SHARA GAW DAI ZAWN RE NGWI PYAW AI MARE KA HTAWNG BYIN WA HKRA SHAKUT SHAJA RA AI, NGU AI HPE CHYE NA TAWN RA AI.

---

SHA MAN NA MATU GA SAN (4)

1. NGA GING AI SHARA NGU AI GAW KA NING RE SHARA RAI TA?

## ၄။ ပတိရူပဒေသဝါသော စ

## သင့်လျော်သောအရပ်၌ နေရခြင်း။

သင့်လျော်သောအရပ်ဆိုတာ ကိုယ့်အတွက် ကုသိုလ်ရမယ်၊ ဥစ္စာရမယ်၊ ပညာရမယ်၊ ကျန်းမာရေးနှင့် အဆင်ပြေမယ်၊ အဲသည်လို နေရာမျိုးကို ဆိုလိုတယ်။ ဘုရား, တရား, သံဃာ ရတနာသုံးပါးရှိရမယ်၊ ဥစ္စာရှာဖွေ ရောင်းဝယ်နိုင်ဖို့ ရောင်းစရာ ဝယ်စရာ ဈေးရှိရမယ်၊ ပညာသင်စရာ ကျောင်းနှင့် ဆရာလည်းရှိရမယ်၊ ဆေးရုံ ဆရာဝန် ဆေးသမားနီးရမယ်။ ပြီးတော့ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်တဲ့ မြို့ရွာလည်းဖြစ်ဖို့လိုပါတယ်၊ အဲသည်လို သင့်တော်တဲ့ နေရာမျိုးမှာ နေထိုင်နိုင်အောင် ကိုယ့်ရွာ ကိုယ့်နေရာဟာ အဲသည်လို နေရာမျိုးဖြစ်လာဖို့ ကြိုးစားရမှာ ဆိုတာကိုလည်း သိထားဖို့လိုပါတယ်။

---

လေ့ကျင့်ရန် မေးခွန်းများ (၄)

သင့်လျော်သော အရပ်ဟု ဆိုသည်မှာ မည်သို့သော အရပ်မျိုး



4. Sum mwi galang ḥpe ga u hkri awng dang ai lam.
၄။ သိမ်းငှက်ကို ဘီလုံးငှက်အနိုင်ရပုံ။

(5) PUK BE TSA KATA PUNG NYA TA
MOI NA PRAT HTA GALAW GA AI KAJA AI
KUSU NGA RA AI LAM

NDAI LAM GAW TINANG NAN HPA MUNG N-GALAW HKRAT WA YANG HPA AKYU MUNG NLU HKAM SHA LU NA RE NGU AI HPE MADUN AI GA RE. YA TEN HTA ATSAWM SHA HKRAK RAI NGA LU, DUNG LU, SHA LU NGA AI GAW MOI KAJA AI KUSU HPE ATSAWM SHATENG GALAW GUN HPAI HKRAT WAAI MAJAW RE. DAI HTE MAREN YA HPANG DE ATSAWM SHA NGA LU DUNG LU SHA LU NA MATU YA ATEN HTA KAJA AI BUNG LI NI HPE ATSAWM SHA GALAW GUN HPAI NA AHKYEK RAI NGA AI. DAI MAJAW YA TA TUT ATSAWM SHA NGA LU AI GAW MOI NA PRAT HTA TINANG GALAW LAI WA SAI KUSU A AKYU NING MAI RE NGU NNA KAM TAWN RA AI. NDAI LAM HPE KAM LET HKAP LA NA AHKYEK LA NGA AI. BAI NNA DAI NI GAW HPAWT NI A MATU MOI (LAI WA SAI TEN) RE MAJAW HPAWT NI KAJA NA MATU DAI NI KAJA AI BUNG LI NI HPE GALAW GUN HPAI RA AI LAM SADI SAHKA NGA RA GA AI.

---

SHA MAN NA MATU GA SAN (5)

1. YA PRAT ATSAWM SHA NGA LU AI GAW HPA MAJAW RE NI?
2. HPAWT NI ATSAWM SHA RAI NA MATU DAI NI HPA GALAW RA A NI?

## ၅။ ပုဗ္ဗေ စ ကတပုညတာ

### ရှေး၌ ပြုဖူးသော ကောင်းမှုအထူးရှိခြင်း။

ဒီအချက်က ကိုယ်ကဘာမှုမလုပ်ခဲ့ဘူးဆိုလျှင် ဘာမှုမရနိုင်ဘူး ဆိုတာ ပြတဲ့အချက်ပဲ၊ အခုကောင်းကောင်းနေရတာ၊ ထိုင်ရတာ၊ စားရတာ၊ သောက်ရတာဟာ ကိုယ်ကောင်းကောင်း လုပ်ခဲ့၊ ကိုင်ခဲ့၊ ဆောင်ရွက်ခဲ့လို့ပဲ။ ဒါလိုပဲ နောင်ကောင်းကောင်း နေရ၊ ထိုင်ရ၊ စားရ၊ သောက်ရအောင် ကောင်းကောင်း လုပ်ကြ ကိုင်ကြဖို့ အရေးကြီးတယ်။ ဒါကြောင့် အခုလက်တွေ့ ကောင်းမွန်နေတာ ရှေးကမိမိပြုခဲ့တဲ့ ကောင်းမှုရဲ့ အကျိုးဆက်ပဲလို့ ယုံကြည်ထားဖို့ အရေးကြီးတယ်။ ပြီးတော့ ယနေ့သည် နက်ဖြန်ရဲ့အတိတ် ဖြစ်လို့ နက်ဖြန်ကောင်းဖို့အတွက် ယနေ့ကောင်းတာ တွေကို လုပ်မိဖို့လဲ သတိပြုကြရမယ်။

---

လေ့ကျင့်ရန် မေးခွန်းများ(၅)

၁။ အခုဘဝ ကောင်းကောင်းနေရခြင်းသည် အဘယ်ကြောင့် ဖြစ်သနည်း။

၂။ နက်ဖြန်ကောင်းဖို့အတွက် ယနေ့ဘာလုပ်ရမည်နည်း။



5. Lu su ai wa htc matsan ai wa.
၅။ ချမ်းသာသူနှင့် ဆင်းရဲသူ။

(6) ATTA THAM MA PANI DI TSA,
TINANG A HKUM HTE MYIT NI HPE BAU SIN
MAKAWP MAGA TAWN AI LAM

TINANG GALU KABA NA MATU, RAWT KABA WANA MATU TINANG NAN MYIT SU RA AI. SUM NUNG SING DI LET HPAJI NI HPE CHYE CHYANG RA AI. DAI ZAWN RAI TINANG CHYE CHYANG NA MATU TINANG NAN SHE A HKYEK RE NGU AI HPE NDAI MINGALA TARA NAN MADUN NGA AI. TINANG HKUM HTE TINANG MYIT HPE KAGA MASHA WA SA SHA RIN SHAGA AI HTA TINANG NAN SHARIN SHAGA LA NA MATU AHKYEK LĄ NGA AI. DAI MAJAW TINANG HKUM HPE GRAU NNA TINANG MYIT HPE KAJA AI BUNG LI NI HPE GALAW DANG LU HKRA MAKAWP MAGA RA AI. NKAJA AI DE NDU MAT WA HKRA BAU SIN MAKAWP MAGA NGA RA AI.

(AHKYEK 4, 5, 6) NDAI MINGALA TARA MASUM GAW SHING GYIM MASHA PRAT HTA NGA LU NGA SHA NA LAM HPE LAM DADUN SHARIN SHA GA YA NGA AI. NDAI MASUM HTE TUP HKRA SHAKUT NNA HKAN SA YU U. MARE KATA HTA MASHA KABA MASHA KAJA NING BAW NING LA TAI WA NA TENG SHA RAI NGA AI. GALU KABA WA NA LAM MUNG TSUN NRA SHE RAI NGA AI.

SHA MAN' NA MATU GA SAN (6)

1. TINANG GALU KABA NA MATU KADAI WA RA MADUNG RE NI?
2. TINANG MYIT HPE KANING DI HKANG RA A NI?
3. MASHA PRAT HTA NGA LU NGA SHA NA MATU SHARIN SHAGA YA AI MAINGALA NI HPE TSUN DAN RIT.

## ၆။ အတ္တသမ္မာပဏိဓိ စ

### မိမိ၏ ကိုယ်စိတ်နှစ်ပါးကို စောင့်ထိန်းခြင်း။

ကိုယ်ကြီးပွားဖို့၊ တိုးတက်ဖို့၊ ကိုယ်လိမ္မာဖို့၊ တတ်သိဖို့ဆိုတာ ကိုယ်သာပဓာနဆိုတာ သည်မင်္ဂလာအချက်က ပြနေတယ်။ ကိုယ့်ကိုယ်နှင့် ကိုယ့်စိတ်ကို သူတစ်ပါးက သင်ကြားဆုံးမတာထက် ကိုယ့်ဟာကိုယ် ဆုံးမဖို့က အရေးကြီးတယ်။ သည်တော့ ကိုယ့်ကိုယ် အထူးအားဖြင့် ကိုယ့်စိတ်ကို ကောင်းတာတွေ လုပ်နိုင်ဖို့ အထူးထိန်းသိမ်းပါ။ မကောင်းတာဘက် ရောက်မသွားဖို့ အထူးစောင့်ရှောက်ပါ။

(အမှတ် ၄, ၅, ၆) သည် မင်္ဂလာသုံးပါးက လူ့ဘဝမှာ နေရေးထိုင်ရေးကို သွန်သင်ဆုံးမပေးနေတယ်။ သည်သုံးချက်နှင့်သာ ညီအောင် ကျင့်ပါ။ ရပ်ထဲရွာထဲမှာ လူကြီးလူကောင်း ရှေ့သွား ခေါင်းဆောင်ဖြစ်လာမှာ သေချာတယ်။ ကြီးပွားတိုးတက်ဖို့ဆိုတာတော့ ပြောစရာတောင် မလိုတော့ဘူး။

---

လေ့ကျင့်ရန် မေးခွန်းများ(၆)

၁။ ကိုယ်ကြီးပွားဖို့ မည်သူ ပဓာနဖြစ်သနည်း။

၂။ ကိုယ့်စိတ်ကို မည်သို့ထိန်းသိမ်းရမည်နည်း။

၃။ လူ့ဘဝမှာ နေရေးထိုင်ရေးကို သွန်သင်ဆုံးမပေးသော မင်္ဂလာများကို ဖော်ပြပါ။



6. Hkang dang ai wa.

၆။ စောင့်ထိန်းနိုင်သူ။

(7) BA HUK LA TSINTSA

MUNG KAN HPAJI, MUNG KAN TAWT HPAJI CHYE CHYANG LAM LAW HTAM AI LAM

MUNG KAN HPAJI CHYE CHYANG LAM NGU AI GAW SHING GYIM MASHA NI A KYIN DUT LAM RE AI YI SUN HKAU NA GALAW AI LAM, DUSTAT REM AI LAM, HPAGA YAM GA LAM, SHING MASA LAM NGU AI SHING GYIM MASHA HTE SENG AI LAM NI RE. MUNG KAN TAWT HPA JI CHYE CHYANG LAM NGU AI GAW ALU JAW YA AI LAM, UBUK THILA SIN AI LAM, HPA RA JAWNG DE SA SA WA WA RE AI LAM, TARA SHI GA NI HPE MADAT MARA LA AI LAM, TARA DUNG SHAKUT AI LAM HTE HPANG JAHTUM NIK BAN LU LA NA LAM DU HKRA RAI NGA AI. DAI NI HTE SENG AI CHYE CHYANG LAM NI HPE SARA KAW NA SHA RIN ACHYIN LARA AI. MADAT MARA LA RA AI. DAI HPAJI NI HPE CHYE HKRA SHA KUT SHAJA RA NGA AI.

---

SHA MAN NA MATU GA SAN (7)

1. MUNG KAN AMU NGU AI GAW HPA RAI TA?
2. MUNG KAN TAWT HTE SENG AI A MU NGU AI GAW HPA RAI TA?
3. MUNG KAN , MUNG KAN TAWT HTE SENG AI NI HPE KADAI KAW SHARIN LA MAI A NI?

## ၇။ ဗာဟုသစ္စ

### လောကီ လောကုတ္တရာ အကြားအမြင်များခြင်း။

လောကီဆိုတာက လူမှုကိစ္စဖြစ်တဲ့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရောင်းဝယ်ရေး၊ ရပ်ရေးရွာရေး၊ တိုင်းရေးပြည်ရေးနှင့် နိုင်ငံရေးအထိ လူနှင့်ဆိုင်တဲ့ အရေးကိစ္စတွေပေါ့။ လောကုတ္တရာ ဆိုတာက လူ့ရေးတန်းရေး၊ ဥပုသ်သီလဆောက်တည်ရေး ကျောင်းကန်ဘုရား သွားလာရေး၊ တရားပေစာ နာယူရေး, အားထုတ်ရေးနဲ့ နောက်ဆုံး နိဗ္ဗာန်ရရေးအထိပေါ့။ အဲဒါတွေနဲ့ ပတ်သက်တဲ့ သိစရာ မှတ်စရာတွေကို ဆရာ့ဆီမှာ သင်ကြားရ, နားထောင်ရ, မှတ်သားရမယ်။ ဒါတွေကို သိနေဖို့ အားထုတ်ရမယ်။

---

လေ့ကျင့်ရန် မေးခွန်းများ(၇)

၁။ လောကီကိစ္စဟူသည် အဘယ်နည်း။
၂။ လောကုတ္တရာဆိုင်ရာ ကိစ္စများကို ဖော်ပြပါ။
၃။ လောကီ လောကုတ္တရာနှင့် ပတ်သက်သည်များကို မည်သူ့ထံ သင်ယူရမည်နည်း။



7. Shayi sha tara je yang ai lam.

၇။ ပုဏ္ဏေးမငယ် တရားစီရင်ပုံ။

(8) THIK PIN TSA

JAK HPAJI LATA HPA JI NI HPE CHYE RA AI LAM

TI NANG HPA GA LAM, RAWT KABA LAM HTE SENG AI HPA JI NI HPE TA TUT CHYE GA LAW GUN HPAI HKRA SHA KUT RA AI. YI SUN HKAU NAGA LAW AI WA GAW HKAI LU HKAI SHA LAM HTE SENG AI HPAJI NI HPE TENG SHA CHYE CHYANG TAWN RA AI. JAK RUNG MU GALAW AI WA GAW JAK HPAJI HPE ATSAWM SHA CHYE CHYANG TAWN RA AI. HPYEN LA GAW HPYEN HPA JI HPE CHYE RA AI.

---

SHA MAN NA MATU GASAN (8)

1. TI NANG RAWT KABA LAM A MATU HPA HPE CHYE TAWN RA A NI?

## ၈။ သိပ္ပဉ္စ
## စက်မှု လက်မှု အတတ်တို့ကို တတ်ရခြင်း။

သည်အချက်က ကိုယ့်စီးပွားရေး၊ ကြီးပွားရေးနှင့် ဆိုင်တဲ့ အတတ်တွေကို လက်တွေ့လုပ်တတ်ကိုင်တတ်အောင် ဝ တ်ထားဖို့လိုတယ်၊ လယ်သမား ယာသမား ဆိုလျှင် လယ်ယာနှင့်ဆိုင်တဲ့ အတတ်တွေကို တကယ်ကျွမ်းကျွမ်းကျင်ကျင် တတ်ထားရမယ်၊ စက်ရုံ အလုပ်သမားဆိုလျှင် စက်မှုအတတ်ကို ကျွမ်းကျင်ရမယ်၊ စစ်သားဆိုလျှင် စစ်ပညာကိုတကယ် တတ်ရမယ်လို့ ဆိုလိုတယ်။

---

လေ့ကျင့်ရန် မေးခွန်းများ(၈)

၁။ ကိုယ့်စီးပွားရေး, ကြီးပွားရေးအတွက် ဘာကိုတတ်ထားရမည်နည်း။



8. Ndup la wa lak lai ai samit madun ai lam.

၈။ ပန်းပဲလုလင်က ထူးဆန်းသောအပ်ကို ပြသနေပုံ။

(9) WINA YAW TSA THU THIK HKI TAW SHING GYIM MA SHA HTE SENG AI LIT NI HPE ATSAWM SHA CHYE NA TAWN RA AI LAM

ANHTE NGA AI SHARA SHA GU NTA SHAGU MARE KA HTAWNG SHA GU MUNG DAN SHAGU HTA U PA DI NGU AI HKANG DA AI TARA NGA AI. TSI KAN NGU AI MUNG NGA AI. DAI U PA DI TSIKAN HPE MA SHA HKUM SHAGU CHYE NA TAWN RA AI, SHARIN ACHYIN TAWN RA AI. KASHU KASHA NI A LIT, KA NU KAWA NI A LIT, TAPE MA NI A LIT, SARA NI A LIT, DING HKU NUM WA A LIT, DING HKU LA WA A LIT NI HPE MUNG CHYE NA TAWN RA AI. MATSING SUM HTING TAWN RA AI. DAI NI GAW GRAI AHKYEK AI LAM NI RE. NDAI LIT TSI KAN U PADI NI HPE CHYE NA TAWN YANG SHE NING BAW NING LA TAI WA LU NA RE.

---

SHA MAN NA MA TU GA SAN (9)

1. NING BAW NING LA TAI NA MATU HPA HPE CHYE NA TAWN RA A NI?

## ၉။ ဝိနယော စ သုသိက္ခိတော

**လူနှင့်ဆိုင်ရာ ကျင့်ဝတ်များကို ကောင်းစွာ သင်ကြား နားလည်ခြင်း။**

လူတို့နေထိုင်ရာ အိမ်တိုင်း, ရွာတိုင်း, မြို့တိုင်း, နိုင်ငံတိုင်းမှာ ဥပဒေဆိုတာရှိတယ်၊ စည်းကမ်းဆိုတာရှိတယ်၊ အဲဒီ ဥပဒေစည်းကမ်းကို လူတိုင်းနားလည်ထားရမယ်။ သင်ကြားထားရမယ်၊ သားသမီးကျင့်ဝတ်၊ မိဘကျင့်ဝတ်၊ တပည့်ကျင့်ဝတ်၊ ဆရာကျင့်ဝတ်၊ မယားကျင့်ဝတ်၊ လင်ကျင့်ဝတ်တွေကိုလည်း နားလည်ထားဖို့ သင်ကြားမှတ်သား လေ့လာထားဖို့ အရေးကြီးပါတယ်။ သည်ကျင့်ဝတ် စည်းကမ်း ဥပဒေတွေကို နားလည်ထားမှ ရှေ့သွားခေါင်းဆောင်ဖြစ်နိုင်မယ်။

---

**လေ့ကျင့်ရန် မေးခွန်းများ(၉)**

၁။ ရှေ့သွားခေါင်းဆောင် ဖြစ်နိုင်ရန် ဘာကို နားလည် ထားရမည်နည်း။



9. Nyu lu ai wa.

၉။ အမြင်မတော်သူ။

(10) THU BA THI TA TSA YA WA TSA
TSUN SHA GA AI LAM SUM NUNG SING DI
LET A NGAWN APYAW SHA TSUN SHAGA RA AI LAM

MASHA YAWNG HTE MAKYIT MAHKAI TSUM SHA GA AI SHALOI N-GUI AGA GAW GRAI RA AHKYEK RAI NGA AI. N-GUP AGA HTE ANGAWN APYAW SHA TSUN SHAGA CHYE NA MATU AHKYEK KABA RAI NGA AI. NGAWN MUNG NGAWN PYAW NNA TENG MAN AI GA MUNG RAI RA AI. NGAWN PYAW NNA TENG MAN LET SHI A MATU AKYU RAWNG AI GA MUNG RAI RA AI. DAI AHKYEK MASUM HTE HKUM TSUP NA MATU YAK DIK HTUM RAI NGA AI. DAI MAJAW GA CHYE TSUN SHAGA HKRA SHAMAN TAWN RA NGA AI.

(AHKYEK 7,8,9,10) NDAI MINGALA MALI GAW MUNGKAN NTSA GALU KABA WA NA MATU GALOI MUNG SHAMAN SHARIN LA NHTAWN SHA KUT SHAJA NGA RA AI MINGALA TARA NI RE. AMYI ANA HPE HPAW LET CHYE CHYANG LAM TAM SAWK U. HPAJI SHARIN ACHYIN U. TSUN SHAMAN NGA U. SUM NUNG SING DI U NGU AI LAM NI HPE GALOI MUNG MYIT MASIN HTA TAWK MATSING TAWN U.

---

SHA MAN NA MA TU GA SAN (10)

1.. MASHA LAW LAW HTE MAKYIT MAHKAI AI SHALOI HPA RA AHKYEK RE NI?
2 GA TSUN SHA GA AI SHALOI NGA RA AI KAJA AI AHKYEK (3) HPE TSUN DAN RIT.
3. MUNG KAN NTSA GALU KABA NA MATU AYAN SHA MAN SHA KUT NGA RA AI MINGALA TARA (4) HPE TSUN DAN RIT.

## ၁၀။ သုဘာသိတာ စ ယာ ဝါစာ

## အပြောအဆို ချိုသာယဉ်ကျေးခြင်း။

အများနှင့်ဆက်ဆံရာမှာ နှုတ်ဟာအရေးကြီးတယ်၊ နှုတ်က ချိုချို သာသာပြောဆိုတတ်ဖို့ကအရေးကြီးတယ်၊ ချိုချိုသာသာ ပြောဆိုတတ်ဖို့ ထက် မှန်ကန်စွာပြောဆိုတတ်ဖို့လိုတယ်၊ ချိုသာပြီး မှန်ကန်ဖို့ရယ်၊ တစ်ဖက်သားအတွက် အကျိုးရှိဖို့ရယ် သည်အင်္ဂါ သုံးချက်နှင့် ကိုက်ညီတတ်ဖို့က အခက်ဆုံး၊ ဒါကြောင့်ပဲ စကားပြောတတ်အောင်လဲ အလေ့အကျင့်ပြုဖို့ လိုပါတယ်။

(အမှတ် ၇, ၈, ၉, ၁၀,)သည် မင်္ဂလာလေးပါးဟာ လူ့လောကမှာ ကြီးပွားတိုးတက်ဖို့အတွက် အမြဲကြိုးစား အားထုတ်နေရမဲ့ မင်္ဂလာတရားတွေ ပဲဖြစ်တယ်၊ အကြားအမြင် ဗဟုသုတရှာပါ၊ သင်ကြားပါ၊ လေ့ကျင့်ပါ၊ ယဉ်ကျေးပါ ဆိုတဲ့ အချက်တွေကို အမြဲနှလုံးသွင်းနိုင်ပါစေ။

---

လေ့ကျင့်ရန် မေးခွန်းများ(၁၀)

၁။ အများနှင့် ဆက်ဆံရာမှာ ဘာအရေးကြီးသနည်း။

၂။ စကားပြောဆိုရာတွင် ရှိရမည့် ကောင်းမြတ်သော အချက် (၃)ချက်ကို ဖော်ပြပါ။

၃။ လူ့လောက၌ ကြီးပွားတိုးတက်ဖို့ အမြဲ လေ့ကျင့်သင်ကြား ကြိုးစား အားထုတ်နေရမည့် မင်္ဂလာတရား (၄)ပါးကို ဖော်ပြပါ။



10. Ngwi ngawn ai ga hte nga kyet.

၁၀။ ချိုသာသော စကားနှင့်နွားလိမ္မာ

Department for the Promotion and Propagation of the Sāsana LIBRARY ...a-Aye, Yangon.

## (11) MATA PITU UPAT HTA NAN KANU KAWA HPE BAU RA AI LAM

MUNG KAN GA NTSA CHYEJU KABA DIK HTUM GAW NU YEN WA RE. NUWA NI A CHYEJU GAW KADE DARAM KABA AI NGU NNA TSUN DAN NDANG LU AI RE. DAI MAJAW KASHU KASHA NI YAWNG GAW KANU KAWA A CHYEJU HPE MYIT DUM LET DANG LU AI DARAM CHYEJU HTANG RA AI. BAU MAKAWP MAGA RA NGA RA AI. KANU KAWA HTE RAU NGA AI TEN HTA SHANHTE HPE HKUNG GA LARA DI RA AI. KANU KAWA A BUNG LI HPE GARUM SHING TAU YA RA AI. KANU KAWA HTE RAU N NGA AI SHA KAGA GA NGA AI TÉN NI HTA MUNG TINANG DANG LU AI DARAM KANU KAWA HPE YU LAKAWN BAU SIN YA GING NGA AI. PUZAW RA AI, NAW RA AI.

---

SHA MAN NA MATU GA SAN (11)

1. MUNG KAN NTSA CHYE JU KA BA HTUM GAW KADÀI RAI TA?
2. KASHU KASHA NI GAW KANU KAWA NI A CHYE JU HPE KANING DI HTANG DAWP RA A NI?
3. KANU KAWA HTE RAU NGA AI TEN HTA KANING DI NNA CHYE JU HTANG RA A NI?
4. KANU KAWA HTE HKA PRA NNA NGA AI SHALOI KANING DI NNA CHYE JU HTANG RA A NI?

## ၁၃။ မာတာပိတု ဥပဋ္ဌာနံ

### မိဘနှစ်ပါးကို လုပ်ကျွေးပြုစုခြင်း။

လောကမှာ ကျေးဇူးအကြီးဆုံးဟာ မိဘပါ။ မိဘကျေးဇူးဟာ ဘယ်လောက်ကြီးမားတယ်ဆိုတာ ဖော်ပြလို့မကုန်နိုင်ဘူး။ သည်တော့ သားသမီးတိုင်းဟာ မိဘကျေးဇူးကို အသိအမှတ်ပြုပြီး တတ်နိုင်သမျှ ပြုစုရမယ်၊ လုပ်ကျွေးရမယ်၊ မိဘနှင့်မခွဲမခွာ အတူနေရစဉ်မှာ မိဘကိုရိုရိုသေသေ ပြုစုပြီး မိဘရဲ့ လုပ်ငန်းဆောင်တာတွေမှာ ဝင်ရောက်လုပ်ကိုင်ကူညီရမယ်၊ မိဘနှင့် အဝေးမှာနေတဲ့ ခွဲနေရလျှင်လဲ ကိုယ်တတ်နိုင်သလောက် မိဘကို လုပ်ကျွေးရမယ်၊ ပူဇော်ကန်တော့ရမယ်။

---

**လေ့ကျင့်ရန် မေးခွန်းများ(၁၁)**

၁။ လောကမှာ ကျေးဇူးအကြီးဆုံးသည် မည်သူနည်း။

၂။ သားသမီးတိုင်းသည် မိဘကျေးဇူးကို မည်သို့ဆပ်ရမည်နည်း။

၃။ မိဘနှင့်အတူနေစဉ် မည်သို့ကျေးဇူးဆပ်ရမည်နည်း။

၄။ မိဘနှင့်ခွဲနေရလျှင် မည်သို့ကျေးဇူးဆပ်ရမည်နည်း။



11. Kanu Kawa hpe shat hkyen jaw ai lam.

၁၁။ မိဘများကို ထမင်းပွဲပြင်၍ ကျွေးနေပုံ။

(12) PUK TA DA RAT THA THIN GAHAW NUM MA KASHU KASHA NI HPE TARA AI HKU TAM JAW TAM BU RA AI LAM ATEN ASAK KUNG WA NNA TINANG DING HKU HTE TINANG RAI WA AI SHA LOI NUM MA NI HPE ATSAWM SHA TAM JAW TAM BAU RA NGA AI. TARA AI HKU NGU AI LACHYUM GAW MAR A N NGA AI HPA GA YAM GA LAM, HKAI LU HKAI SHA LAM, U WA YAW REM AI LAM NI HPE GALAW NHTAWM TAM JAW TAM BAU AI HPE TSUN MA YU NGA AI. DING HKU NUM NI MAGA DE NA MUNG TINANG MADU WA KASHU KASHA NI HPE DANG LU AI DARAM TAM JAW NA LIT NGA NGA AI. SHAT LU SHA SHADU JAW RA AI. SUT GAN LAW HTAM WA HKRA MAHKAWNG TAWN RA AI. "WAN KANU GAW HPUN JUM, NTA KANU GAW ANUM" NGA AI GA MALAI HTE MAREN DING HKU LA NGAI GALU KABA WA NA MATU DING HKU NUM WA GAW AHKYEK RAI NGA AI.

---

SHA MAN NA MATU GA SAN (12)

1. KASHU KASHA NI HPE TARA HTE TUP LET BAU JAW BAU YA AI NGU AI GAW KANING RE RAI TA?
2. NUM SHA YI N I HTA HPA LIT NI NGA A NI?

## ၁၂။ ပုတ္တဒါရဿ သင်္ဂဟော

### သားမယားတို့ကို တရားနှင့်အညီ လုပ်ကျွေးခြင်း။

အချိန်အရွယ်ရောက်လို့ ကိုယ့်အားကိုယ်ကိုးနှင့် ဖြစ်လာတဲ့အခါ မယားတို့ သားတို့ကို ကောင်းကောင်းမွန်မွန် လုပ်ကျွေးရမယ်၊ တရားနှင့်အညီ ဆိုသည့်အတိုင်း ကောင်းရောင်း ကောင်းဝယ် စိုက်ပျိုးမွေးမြူ တာဝန်ယူ ရှာဖွေ ကျွေးမွေးရမယ်ပေါ့၊ 'သားမယားတို့ကို' လို့ အမျိုးသားတွေဘက်ကဆိုပေမဲ့ အမျိုးသမီးဘက်ကလည်း လင်သားတို့ကို ထိုက်သင့်သလို လုပ်ကိုင်ရှာဖွေ ကျွေးမွေးဖို့ တာဝန်ရှိတယ်၊ ချက်ပြုတ်ကျွေးမွေးခြင်း၊ စဆောင်းထိန်းသိမ်းခြင်း၊ စီးပွားရေးဖြစ်ထွန်းအောင် စောင့်ရှောက်ခြင်း ဆိုတဲ့ အိမ်ရှင်မ တာဝန်တွေလဲ သည်အထဲမှာ ပါပါသည်။

---

**လေ့ကျင့်ရန် မေးခွန်းများ(၁၂)**

၁။ သားမယားကို တရားနှင့်အညီလုပ်ကျွေးခြင်း ဟူသည်မှာ အဘယ်နည်း။

၂။ အမျိုးသမီးဘက်က မည်သည့်တာဝန်များရှိသနည်း။



12. Num ma ni hpe tam bau ai la kaja wa.

၁၂။ သားမယားကို လုပ်ကျွေးသော လင်ယောကျ်ားကောင်းပုံ။

(13) A NA KU LA TSA KAM MAN TA
SHA NUT SHA NAT AI LAM N NGA AI AMU
HPE GALAW RA AI LAM

TSUN LAI WA SAI HTE MAREN KANU KAWA HPE BAU AI SHALOI RAI RAI, NUM MA NI HPE BAU AI SHALOI RAI RAI TINANG GALAW GUN HPAI AI BUNG LI NI GAW SHUK SHAK LAM LAWT AI BUNG LI RAI RA AI. MAKAM MASHAM LAM HTE SENG NNA MARA LAWT A NI ? MUNG DAN UP HKANG AI ATSU YA HTE SENG NNA MARA LAWT A NI ? LAM SHA GU MYIT YU SAWN YU NNA SHA NUT SHA NAT AI LAM N NGA AI AMU BUNG LI KAN BAU A MU HPE GALAW GUN HPAI NA A HKYEK RE.

( AHKYEK 11, 12, 13 ) NDAI MINGALA TARA MASUM GAW TAM BAU TAM JAW MAKAWP MAGA LAM HTE SENG AI MINGALA TARA NI RE. MASHA NGU NNA BYIN TAI WA AI SHA NI KAW NNA N-GALAW N MAI LIT HKU NNA GALAW NAN GALAW RA AI TARA NI RE. GALAW AI SHALOI AKUSU N LAWM HKRA, TENG TENG MAN MAN GALAW GUN HPAI RA NGA AI.

---

SHA MAN NA MATU GA SAN (13)

1. SHANUT SHANAT AI LAM N NGA AI AMU NGU AI GAW HPA RAI TA?
2. TAM BAU TAM JAW LAM HTE SENG AI MINGALA TARA MASUM HPE TSUN DAN RIT?

## ၁၃။ အနာကုလာ စ ကမ္မန္တာ

### ရှုပ်ထွေးမှုကင်းသော အလုပ်ကို လုပ်ကိုင်ခြင်း။

အထက်ကပြခဲ့သည့် မိဘကို လုပ်ကျွေးတဲ့အခါမှာဖြစ်စေ၊ သား, မယား ကို လုပ်ကျွေးတဲ့အခါမှာဖြစ်စေ၊ ကိုယ်လုပ်တဲ့အလုပ်ဟာ ရှုပ်ထွေးမှု ကင်းရှင်းတဲ့ အလုပ်ဖြစ်ဖို့လိုတယ်၊ ဘာသာရေးဆိုင်ရာ အပြစ်ကင်းရဲ့လား?၊ မင်းစိုးရာဇာဆိုင်ရာ အပြစ်ကင်းရဲ့လား?၊ ကြည့်ရှုသုံးသပ်ပြီး အဘက်ဘက်က ငြိစွန်းမှုမရှိ၊ ရှုပ်ထွေးမှုကင်းရှင်းတဲ့ အသက်မွေး ဝမ်းကျောင်း အလုပ်အကိုင်ဖြစ်ဖို့ အရေးကြီးတယ်။

(အမှတ် ၁၁, ၁၂, ၁၃)သည် မင်္ဂလာသုံးပါးက ပြုစုစောင့်ရှောက် ရေးနှင့်ဆိုင်တဲ့ မင်္ဂလာတရားတွေပါ၊ သည်တရားသုံးပါးဟာ လူရယ်လို့ ဖြစ်လာလျှင် တာဝန်အရ မလုပ်မဖြစ် လုပ်ကိုလုပ်ကိုင်ရမဲ့ တရားတွေပါ၊ လုပ်တဲ့နေရာမှာ အကုသိုလ်ကင်းကင်း ဖြောင့်မှန်ခြင်းနှင့်အညီ လုပ်ဖို့ လိုပါတယ်။

---

လေ့ကျင့်ရန် မေးခွန်းများ(၁၃)

၁။ ရှုပ်ထွေးမှု ကင်းရှင်းသော အလုပ်ဟူသည်မှာ အဘယ်နည်း။

၂။ ပြုစုစောင့်ရှောက်ရေးနှင့် ဆိုင်သော မင်္ဂလာတရား(၃)ပါးကို ဖော်ပြပါ။



13. Shakut shaja ai wa.
၁၃။ ခွဲလုံ့လရှင်ပုံ။

(14) DA NIN TSA

ALU JAW YA RA AI LAM

TSUN LAI WA SAI MINGALA TARA NI HTE HKUM TSUP LET LIT HKU NNA TAM LA LU AI JA GUM HPRAW SUT GAN ARAI NI HTA NA ALU DANA MUNG DANG LU AI DA RAM JAW YA RA AI. ALU BANG AI JAW YA AI NGU AI NI RE. ANAN DAW ANAN DA MA NGA HTE GUM HPAWN·YA HAN THAN GA BUNG KYI NI KANU KAWA SARA NI HTE ASAK KABA AI GUM GAI DING LA NI, BU HKAWM MA NAM NI, MAW HPYI NI KAW NNA HKAWT YAWNG HPE JAW ANG AI SHAT LUSHA LU HPA SHA HPA NI HPE ALU JAW YA GING NGA AI.

---

SHA MAN NA MATU GA SAN (14)

1. JAW YA GING AI MASHA NI GAW KADAI NI RAI TA?
2. ALU JAW YA GING AI ARUNG ARAI NI GAW GARA NI RE NI?

## ၁၄။ ဒါနဥ္စ

## စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း။

အထက်ပါ မင်္ဂလာအချက်များနှင့်ပြည့်စုံစွာ ပစ္စည်းရှာဖွေ၍ ရလာတဲ့အခါမှာ မိမိရှာဖွေတဲ့ ပစ္စည်းများထဲက အလှူဒါနလည်း တတ်နိုင်သလောက် လုပ်ကြရမယ်၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း ဆိုတာပေါ့၊ အနန္တောအနန္တ ငါးပါး အပါအဝင် ရဟန်းသံဃာများ၊ မိဘ, ဆရာသမား များနှင့် သက်ကြီးရွယ်ကြီးများသာမက လမ်းသွားလမ်းလာ ဖုန်းတောင်း ယာစကာများအထိ သင့်လျော်သလို ထမင်း, အဖျော် စသည်တို့ကို လှူဒါန်းပေးကမ်းရမယ်လို့ ဆိုလိုပါတယ်။

---

### လေ့ကျင့်ရန် မေးခွန်းများ(၁၄)

၁။ပေးကမ်းလှူဒါန်းရမည့်ပုဂ္ဂိုလ်များကား မည်သူများဖြစ်ကြသနည်း။

၂။ပေးကမ်းလှူဒါန်းရမည့် ပစ္စည်းများကား မည်သည့်အရာများနည်း။

(15) DAM MA TSA RI YA

THU TSA RAIK TARA HPE HKAN SHATUP RA AI LAM

THU TSA RAIK TARA NGU AI GAW KAJA AI HKAN SA GING AI TARA NI HPE NGU MAYU AI RE. SHI ASAK SAT AI LAM KAW NNA KOI GAM AI, SHI ARAI LAGU AI LAM KAW NNA KOI GAM AI, NSE NSA LAM N-GALAW AI NGU AI KAYA GAM MASUM (HKUM HTE GALAW AI LAM MASUM) MASU MAGAW AI NGU AI KAW NNA KOI GAM AI, TSAW RA HKU HKAU NGA AI NI HPE HTEN BYAK HKRA GUM LAU GUMLE AI KAW NNA KOI GAM AI, MATSA MAWA LAM HPE KOI GAM AI TEN SHA MA LACHYUM NRAWNG AI MAU MWI MAUSA TSUN CHYA' AI KAW NNA KOI GAM AI NGU AI WA TSI GAM MALI (N-GUP AGA HTE TSUN SHA GA AI LAM MALI) SHI SUT GAN HPE TINANG SUT GAN SHATAI MAYU AI NTARA MYIT MANG AI LAM KAW NNA KOI GAM AI, TI NANG NJU NDAWNG AI WA HTEN BYAK MAT WA YANG GKAI MAI NA WA NGU NNA MYIT MANG AI LAM

---

SHA MAN NA MATU GA SAN (15)

1. KA YA GAM ( HKUM HTE GALAW AI LAM ) THU TSA RAIK MASUM HPE TSUN DAN RIT.
2. WA TSI GAM (N-GUP HTE TSUN SHA GA AI LAM) THU TSA RAIK MALI HPE TSUN DAN RIT.

## ၁၅။ ဓမ္မစရိယာ

## သုစရိုက်တရားကို ကျင့်ခြင်း။

သုစရိုက်တရားဆိုတာ ကောင်းသောအကျင့်တရားတွေကို ဆိုလိုပါတယ်၊ သူ့အသက်သတ်မှုမှရှောင်ကြဉ်မှု၊ ကာမဂုဏ်ကို မှားယွင်းစွာကျင့်ခြင်းမှ ရှောင်ကြဉ်မှုဆိုတဲ့ ကာယကံ(ကိုယ်ဖြင့်ပြုကျင့်မှု)သုံးပါး၊ လိမ်လည်လှည့်ဖြားပြောဆိုခြင်းမှ ရှောင်ကြဉ်မှု၊ ချစ်ခင်နေသူ နှစ်ဦးကွဲကွာသွားအောင်ကုန်းတိုက်ခြင်းမှ ရှောင်ကြဉ်မှု၊ ကြမ်းကြမ်းတမ်းတမ်းဆဲဆိုပြောဆိုခြင်းမှ ရှောင်ကြဉ်မှု၊ ဒဏ္ဍာရီတို့ကို ပြောဆိုခြင်းမှ ရှောင်ကြဉ်မှုဆိုတဲ့ ဝစီကံ(နှုတ်ဖြင့်ပြောဆိုမှု)လေးပါး၊ သူတစ်ပါး၏ စည်းစိမ်ကို ငါ့ဟာဖြစ်လျှင် ကောင်းလေစွဟု မတရားကြံစည်မှုမှ ရှောင်ကြဉ်မှု၊ မိမိမလိုလားသူ ပျက်စီးသွားလျှင် ကောင်းလေစွဟု ကြံစည်ခြင်းမှ ရှောင်ကြဉ်မှု၊ မှားယွင်းသောအယူကိုယူခြင်းမှ ရှောင်ကြဉ်မှု မနောကံ(စိတ်ဖြင့်ကြံစည်မှု)သုံးပါး၊ အားလုံးပေါင်းတော့ သုစရိုက်တရား (၁၀)ပါးဖြစ်တယ်၊ ၎င်းတို့ကို ကျင့်သုံးနေထိုင်ရမယ်လို့ ဆိုလိုပါတယ်။ ၎င်းသုစရိုက်(၁၀)ပါးကို လိုက်နာကျင့်သုံးပါက အမှန်ပင် စင်ကြယ်သူ တစ်ယောက် ဖြစ်လာပါလိမ့်မယ်။

---

**လေ့ကျင့်ရန် မေးခွန်းများ(၁၅)**

၁။ ကာယကံ(ကိုယ်ဖြင့်ပြုကျင့်မှု)သုစရိုက်သုံးပါးကို ဖော်ပြပါ။
၂။ ဝစီကံ(နှုတ်ဖြင့်ပြောဆိုမှု)သုစရိုက်လေးပါးကို ဖော်ပြပါ။
၃။ မနောကံ(စိတ်ဖြင့်ကြံစည်မှု)သုစရိုက်သုံးပါးကို ဖော်ပြပါ။
၄။ သုစရိုက်တရားဟုသည် မည်သို့သောအကျင့်တရားတွေကို ဆိုလိုသနည်း။



14. Hkau sawm hlu ai lam.

၁၄။ ဆွမ်းလောင်းလှူနေပုံ။



15. Magam htc manaw a lam.
၁၅။ ညီအစ်ကိုနှစ်ယောက်ပုံ။

နောက်ဆုံး၌ တာဝတိံသာမှ နတ်တို့က မိမိတို့၏ အကြီးအကဲ ဖြစ်သော သိကြားမင်းထံသွား၍ မင်္ဂလာပြဿနာကို မေးမြန်းကြသည်။ သိကြားမင်းလည်း မဖြေနိုင်။ နတ်သားတစ်ပါးကို ဗုဒ္ဓမြတ်စွာဘုရားထံ စေလွှတ်၍ မေးလျှောက်စေသည်။ ထိုနတ်သားလည်း ဇေတဝန်ကျောင်း တော်၌ သီတင်းသုံးတော်မူနေသော မြတ်စွာဘုရားထံ သန်းခေါင်ယံ အချိန်တွင် သွားရောက်ပူးမြော်၍ မေးလျှောက်ထားသည်။ ထိုအခါ ဘုရားရှင်က **"အသေဝနာ စ ဗာလာနံ"** အစရှိသောမင်္ဂလာတရားတော် အမှန်ကို ဟောကြားတော်မူသည်။ ထိုအခါတွင်မှ မင်္ဂလာပြဿနာ ပြေရှင်းပြီးဖြစ်သွားသည်။

နံနက်မိုးသောက်သောအခါ ထိုမင်္ဂလာတရားတော်ကို မြတ်စွာဘုရားသည် အရှင်အာနန္ဒာကို ထပ်မံဟောကြားတော်မူသည်။ ထိုအခါမှ ရဟန်းရှင်လူအများလည်း မင်္ဂလာတရားတော်ကို သိရှိကြတော့သည်။ ဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီး၍ ပထမသင်္ဂါယနာတင်ရာတွင် အရှင်မဟာကဿပ အမှူးပြုသော ရဟန္တာ(၅၀၀)ရှေ့မှောက်၌ အရှင်အာနန္ဒာသည် ထပ်မံတင်ပြခဲ့သည်။ ထိုတင်ပြချက်ကို နာယူမှတ်သားကာ ခေတ်အဆက်ဆက် လိုက်နာကျင့်သုံးလာကြသည်မှာ ယနေ့တိုင်အောင်ပင် ဖြစ်ပေသည်။

**********

## မင်္ဂလာတရားတော်၏ အကျိုးကျေးဇူး

မင်္ဂလာတရားတော်များကို လိုက်နာကျင့်သုံးခြင်းဖြင့် အောင်မြင်ခြင်း၊ ကြီးပွားခြင်း၊ တိုးတက်ခြင်း၊ ဘေးရန်ကင်းခြင်း၊ ငြိမ်းချမ်းခြင်း၊ ကုသိုလ်တရားဖြစ်ထွန်းခြင်း စသော လောကီချမ်းသာတို့ကိုလည်း ရရှိနိုင်သည်။ ထို့ပြင် မင်္ဂဖိုလ် နိဗ္ဗာန်တည်းဟူသော လောကုတ္တရာချမ်းသာကိုလည်း ရရှိနိုင်ပေသည်။

ထို့ပြင် အလှူဒါနပြုလုပ်သောအခါ၊ အိမ်သစ်ရာသစ်တက်သောအခါ၊ မွေးနေ့ကျရောက်သောအခါ၊ နှစ်သစ်ကူးသောအခါ စသည်တို့၌ သံဃာတော်များကို ပင့်ဖိတ်၍ မင်္ဂလသုတ်ကို နာယူခြင်း၊ မိမိကိုယ်တိုင်လည်း ရွတ်ဖတ်ခြင်း ပြုလုပ်လေ့ရှိကြပါသည်။ ဤသို့ ပြုခြင်းဖြင့် ဘေးအန္တရာယ် ကင်းရှင်းခြင်း၊ အကြံအစည်ပြီးမြောက်ခြင်း၊ ကျက်သရေ မင်္ဂလာတိုးခြင်း စသော အကျိုးကျေးဇူးများ ရရှိနိုင်သည်ဟု အစဉ်အလာ ယုံကြည် လက်ခံထားကြပါသည်။

1. ATHEWANA TSA BALA NAN ,
2. PANDI TA NIN TSA THE WANA.
   ETAN MINGALA MUK TAMAN.

Masha anya nhkru ai ni hte nkanawn ai lam, hpaji rawng ai ni hpe shanu kahtep kanawn mazum ai lam gaw myat ai mingala nga ma ai.

## "HKAI KE HKAN NAU"

Moi shawng de pin tsa la ginwang kaw na hkaw hkam gaw nam gin sup pru wa ai shaloi hpang hkan ai ni hte hka pra n na hkaw hkam wa shi khkrai gum ra leng jawn let nam shalawng kata de bu lai shang wa u ai rai.

Nam shalawng kata shing nip kaja ai ngai hpun npu e jahkring mi hkring nga yang hkaw hkam wa hpe rim mu law, ja rai ni hpe kashun la mu law ngu n na jahtau ai n sen hpe na ai majaw n sen wa ai ma ga de ma sam yu dat ai sha loi hkai ke la ngai mi hpun kaba la ngai ntsa kaw na jahtau taw nga ai hpe mu dat u ai.

Dai shaloi hkaw hkamwa gaw ndai grup yin hta lagut damya ni nga ai shara rai na re ngu n na myit htang ai majaw dai shara kaw na kalang ta pru mat wa u ai. Kade nna yang yathe jawng langai mi hpe mu n na shang bang mat wa ai shaloi.

"Madu hkaw hkam e, sa wa rit. dung rit. Hkring ga. pa mai na matu ntsin katsi gawm mi lu dat ga. Dwi ai nam si ni hpe mung sha dat ga. Madu yathe gaw nam si namsaw sa tam nga ai majaw madu hkaw hkam hpe hkalum na wa n nga rai nga ai. Ngai hta gaw lata mung n tu ai majaw ngai nan n hkalum lu ai majaw myit n dik n ngai. Madu hkaw hkam nang nan ra ai hte lang u sha u yaw."

Dai zawn nga ai ngwi ngawn ai ga ni hpe na lu ai majaw n sen wa ai ma ga de yu dat ai shaloi khai ke la ngai mi hpe mu u ai rai. Dai hkaike a hkalum la ai ga n majaw hkaw hkam wa gaw pupa ai lam ni kalang ta hkoi sim sa mat wa nhtawm kabu gara let myit pyaw mat wa u ai.

Hkaw hkam wa gaw nam shalawng kata kaw mu hkrup ai hkai ke hte yathe jawng e nga ai hkai ke dai lahkawng a nbung ai lam hpe shadawn tsun dan ai shaloi yathe jawng e nga ai hkai ke gaw sang lang dan u ai. Tinang ni hkai ke lahkawng gaw kahpu kanau majing rai ai lam, naw kaji yang kalang mi nbung laru bung ai majaw atsip kaw na poi mat wa n htawm hka mat wa ma ai. Dai damya ni kaw du mat wa ai hkai ke gaw thatti gung ba hkai ke ngu nna shamying ma ai. Shi gaw yathe ni kaw du wa n na puk hpathu wa hkai ke kaja tai wa ai lam sang lang dan u ai rai.

Dai hpang pukhpathuwa hkaike gaw matut nna tara ga tsun u ai. "Nga yet hpe tsing lap hte makai

yang tsing lap mung yet bat manam wa ai. Dai hte maren masha a nya, masha nhkru n kaja ai ni hte ganawn mazum jang n kaja ai masha tai na re. Hka chying hkrang pan hpe hka hpun ri lahpaw hte ga yawp yang hka hpun ri lahpaw mung manam pyaw ai bat kap wa na re. Dai hte maren hpa ji rawng kaja ai masha hte kanawn mazum yang kaja ai masha tai wa lu ai" ngu nna haw dan u ai rai.

၁။ အသေဝနာ စ ဗာလာနံ၊
၂။ ပဏ္ဍိတာနဉ္စ သေဝနာ၊
ဧတံ မင်္ဂလ မုတ္တမံ။

လူမိုက်တို့နှင့် မပေါင်းဖော်ခြင်းသည်လည်းကောင်း၊ ပညာရှိကို ဆည်းကပ်ခြင်းသည်လည်းကောင်း မြတ်သောမင်္ဂလာမည်၏။

# "ကျေးညီနောင်"

ရှေးအခါက ပဉ္စာလတိုင်းမှ ဘုရင်ကြီးသည် တောကစားထွက်တော်မူရာ နောက်လိုက်အခြွေအရံများနှင့် ကွဲကွာ၍ ဘုရင်ကြီးတစ်ပါးတည်း ရထားစီးလျက် တောအုပ်ကြီးအတွင်းသို့ ခရီးလွန်ကာ ရောက်သွားလေသည်။ တောအုပ်ကြီးအတွင်း အရိပ်အာဝါသကောင်းသော ပသျှောင်ပင်ကြီးအောက်၌ ခေတ္တနားခဲ့ရာ "ဘုရင်ကြီးကိုဖမ်းကြလော့၊ လက်ဝတ်တန်ဆာများကို လုယူကြလော့" စသည်ဖြင့် အော်ဟစ်သံကြားရ၍ အသံလာရာဘက်သို့ကြည့်လိုက်သောအခါ ကျေးသားတစ်ကောင် သစ်ပင်ကြီးတစ်ပင်အပေါ်မှ ဟစ်အော်နေသည်ကို တွေ့လိုက်ရသည်။

ထိုအခါ ဘုရင်ကြီးသည် သည်ပတ်ဝန်းကျင်၌ ခိုးသားဓားပြများရှိသည်ဖြစ်ရာ၏ဟု သံသယစိတ်ဝင်လာ၍ ထိုနေရာမှ ချက်ချင်းထွက်ခွာလာခဲ့ရသည်။ မကြာမီ ရသေ့ကျောင်းတစ်ကျောင်းကို တွေ့မြင်ရ၍ ဝင်ရောက်သွားသောအခါ –

" အရှင်မင်းကြီး ကြွတော်မူပါ၊ ထိုင်တော်မူပါ၊ အပန်းဖြေတော်မူပါ၊ အမောပြေ ရေအေးတစ်ခွက်သောက်တော်မူပါ၊ ချိုမြိန်သော သစ်သီးတို့ကိုလည်းသုံးဆောင်တော်မူပါ။ ရှင်ရသေ့မှာသစ်သီးရှာ သွားနေခိုက်ဖြစ်၍ အရှင်မင်းကြီးကို ဧည့်ဝတ်ပြုမည့်သူ မရှိဖြစ်နေပါသည်။ ကျွန်ုပ်မှာလက်မရှိ၍ ကိုယ်တိုင်ဧည့်ဝတ်မပြုနိုင်သဖြင့် စိတ်မကောင်းပါ။ အရှင်မင်းကြီး ကိုယ်တိုင်သာ အလိုတော်ရှိသရွေ့ သုံးဆောင်တော်မူပါလော့" -

စသည်ဖြင့် သာယာချောင်သော စကားကို ကြားရ၍ အသံလာရာဘက်သို့ ကြည့်လိုက်ရာ ကျေးသားတစ်ကောင်ကို တွေ့ရလေသည်။ ကျေးသား၏သာယာဖော်ရွေသောစကားကြောင့် မင်းကြီးသည် ပင်ပန်းနွမ်းနယ်မှုများ တစ်မဟုတ်ချင်း ငြိမ်းအေးသွား၍ ကြည်သာရွှင်ပြစိတ်ချမ်းသာသွားလေသည်။

မင်းကြီးက တောအုပ်အတွင်းမှာ တွေ့ခဲ့ရသောကျေးသားနှင့် ရသေ့ကျောင်းရှိ ကျေးသားနှစ်ဦးတို့ ကွာခြားပုံကို နှိုင်းယှဉ်၍ ပြောပြသောအခါ ရသေ့ကျောင်းရှိ ကျေးသားငယ်က ရှင်းလင်းပြပုံမှာ မိမိတို့ကျေးသားနှစ်ကောင်သည် တစ်အူထုံ့ဆင်း ညီရင်းအစ်ကိုများ ဖြစ်ကြကြောင်း၊ ငယ်စဉ်အခါက လေပြင်းတိုက်ခိုက်သဖြင့် အသိုက်မှလွင့်ကာ တစ်ကွဲတစ်ပြားစီ ဖြစ်ခဲ့ရာတွင် ယခင်ကျေးသားမှာ ဓားပြတို့ထံ ရောက်ရှိသွား၍ **သတ္တိဂုမ္ဗ** ကျေးဟုအမည် ရရှိခဲ့ကြောင်း၊ မိမိမှာမူ ရသေ့တို့ထံ ရောက်ရှိလာ၍ **ပုပ္ဖသူဝ** ကျေးလိမ္မာဖြစ်လာခဲ့ကြောင်း ရှင်းလင်းပြောပြလေသည်။

ထို့နောက် ပုပ္ဖသူဝ ကျေးလိမ္မာကဆက်လက်၍ တရားစကားပြောကြားရာတွင် " ငါးပုပ်ကို သမန်းမြက် ဖြင့်ထုပ်လျှင် သမန်းမြက်ပါ အပုပ်နံ့ နံပါသည်။ ထို့အတူပင် သူမိုက်နှင့်ပေါင်းသင်းလျှင် သူမိုက်သာ ဖြစ်လာနိုင်သည်။ တောင်ဇလပ်ပန်းကို ပေါက်ဖက်ဖြင့် ထုပ်လျှင် ပေါက်ဖက်ပါ ပန်းရနံ့မွှေးကြိုင်ပါသည်။ ထို့အတူပင် ပညာရှိသူတော်ကောင်းနှင့် ပေါင်းဖက်လျှင် ပညာရှိသူတော်ကောင်းဖြစ်လာနိုင်ပါသည်" ဟု ပြောကြားလေသတည်း။

3. PU ZA TSA PUZA NE YA NAN,
   ETAN MINGALA MUK TAMAN.

Puzaw ging ai wa hpe puzaw ai gaw myat ai mingala nga ma ai.

## "MYIT MALAI LU AI SHADANG SHA"

Moi shawng de kahtawng langai mi hta shaga n madat ai la kasha langai nga ai. Dai la kasha gaw kanu kawa ni hpe puzaw naw hkung ga ai lam nnga ai. Hpara tara than ga yatana masum hpe mung puzaw naw ding nyawm na lam malap ai wa re.

Kagajing hkujingyu ni gaw thidin chyut, sang gyen, shangai nhtoi zawn re masat nhtoi ni hta muk, wan shanan zawn re hlu na arai ni hte kanu kawa hpe jawm puzaw naw ku ma ti mung dai la kasha gaw puzaw naw ai lam nnga ai rai.

Lani mi hta kanu kawa hkum nga ning len nta kaw na pru mat wa u ai rai. Kanu kawa yen gaw pawt la nna

"Nam na u loi daru sat u ga" ngu nna matsa dakam dat mu ai rai.

Dai la kasha gaw nta kaw na pru mat wa nna nam shalawng langai kata de du ai shaloi nam u loi langai pra rai paw pru wa nhtawm dai la kasha hpe hkan shachyut u ai rai. Hpang jahtum hprawng n lawt ai shaloi kanu kawa ni matsa dakam ai majaw rai na

re ngu nna myit dum dat ai majaw kanu yen kawa hpe myit hte sawn nna naw dat u ai. Dai hpang

"nu yen wa ngai hpe si shangun mayu ai myit mang n rawng yang gaw ndai nam u loi mat mat u ga" ngu nna adik htan dat u ai shaloi teng sha nam u loi mat mat ai rai.

Kanu kawa ni hpe nhkung ga ai majaw, n puzaw nnaw ai majaw si nhkun hte katut lai wa sai. Myit malai lu nna shut ai lam hpe hpyi nem nhtawm kanu yen kawa hpe puzaw naw ding nyawm ai shaloi si nhkun kaw na lawt wa lu ai lam ni hpe chye na kau dat u ai majaw dai la kasha gaw dai ten kaw nna shaga madat ai kasha kaja tai mat wa nu ai rai.

Shaning shagu kaga makyin jinghku ni hte rau gumhpawn nhtawm masat nhtoi kaba ni hta kanu kawa hte yadana masum hpe puzaw naw ku ding nyawm u ai rai Dai majaw dai la kasha hta hpyen ru yak nhkrum ai sha galu kaba wa u ai rai.

၃။ ပူဇာ စ ပူဇနေယျာနံ၊
ဧတံ မင်္ဂလ မုတ္တမံ။

ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

# "နောင်တရသောသား"

ရှေးအခါက ရွာတစ်ရွာတွင် မိဘများ၏စကား နားမထောင်သော သားမိုက်တစ်ယောက်ရှိသည်။ ထိုသားမိုက်သည် မိဘများကို ပူဇော်ကန်တော့ခြင်း မရှိ၊ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကိုလည်း ပူဇော်ကန်တော့ရန် မေ့လျော့နေသူဖြစ်သည်။

အခြားဆွေမျိုးများက သီတင်းကျွတ်အခါ၊ သင်္ကြန်အခါ၊ မွေးနေ့အခါ အစရှိသော ရက်ထူးရက်မြတ်များတွင် မုန့်၊ ကြယောင်းတိုင် အစရှိသော လှူဖွယ်ပစ္စည်းများဖြင့် မိဘများကို စုပေါင်းပူဇော် ကန်တော့ကြသော်လည်း ထိုသားမိုက်သည် ပူဇော်ကန်တော့ခြင်းမပြုပါ။

တစ်နေ့တွင် မိဘကားမြစ်နေသည့်ကြားမှ အိမ်မှထွက်သွားပါသည်၊ မိဘနှစ်ပါးက စိတ်ဆိုးသဖြင့်"ကျွဲရိုင်းခတ်ပါစေ"ဟု ကျိန်ဆဲလိုက်ကြသည်။ ထိုသားမိုက်သည် အိမ်မှထွက်သွားနဲ့ပြီး တောအုပ်တစ်ခုသို့ ရောက်သောအခါ ကျွဲရိုင်းတစ်ကောင် ဖြွန်းကနဲပေါ်လာပြီး ထိုသားမိုက်အား လိုက်ပါ တော့သည်။ နောက်ဆုံးပြေး၍ မလွတ်သောအခါ မိဘများကကျိန်ဆဲ၍ ဖြစ်မည်ဟု သတိရသဖြင့် မိဘများကို စိတ်မှန်းဖြင့် ရှိခိုးကာ"မိဘများ ငါ့ကိုသေစေလိုသော ဆန္ဒမရှိပါက ဤကျွဲကြီး၏ ရန်မှ လွတ်မြောက်ရပါ လို၏"ဟု အဓိဋ္ဌာန်ပြုလိုက်ရာ အမှန်ပင် ကျွဲရိုင်းကြီးပျောက်ကွယ် သွားပါသည် ။

မိဘများကို မရှိမသေ လုပ်ခဲ့ခြင်း၊ မပူဇော်၊ မကန်တော့ခဲ့ခြင်းကြောင့် သေဘေးနှင့်ကြုံတွေ့ရခြင်း၊ နောင်တရကာ အမှားကိုဝန်ချ၍ မိဘများကို ပူဇော်ကန်တော့ ရှိခိုးလိုက်သောကြောင့် သေဘေးမှ လွတ်ခဲ့ရခြင်းတို့ကို သဘောပေါက်သွားကာ ထိုသားမိုက်သည် ထိုအချိန်မှစ၍ သားလိမ္မာအဖြစ်သို့ ပြောင်းလွဲသွားခဲ့ပါသည်။ နှစ်စဉ် အခြားမိသားစု ဆွေမျိုးများနှင့် အတူ စုပေါင်း၍ အခါကြီးရက်ကြီးများတွင် ရတနာသုံးပါးနှင့်, မိဘတို့ကို ပူဇော်ကန်တော့ခြင်းကို ပြုလေသည်။ ထို့ကြောင့် ထိုသား၌ ဘေးအန္တရာယ်ကင်းရှင်း၍ ကြီးပွားတိုးတက်လာပါသည်။

* * * * * * * * * *

## 4. PATI RUPA DETHA WATHAW TSA, ETAN MINGALA MUK TAMAN.

Nga ging ai shara hta nga ai gaw myat ai mingala nga ma ai

## "SUM MWI GALANG HTE GA U HKRI"

Moi shawng de ga u hkri la ngai mi gaw tinang nga shara hkau na pa hpe tawt nna kaga shara de sa tam sha nga ai rai. Dai ten hta sum mwi galang langai gaw ga u hkri hpe mu kau nna rim mat wa nu ai rai.

Ga u hkri gaw ta lahpan daram sha re ai. Sum mwi galang u gaw dawng jan kaba galu ai rai nga ai N-gun lagaw atsam hte nwam share kwi ai hku re. Grai shai la nga ai. Dai majaw ga u hkri gaw galang u a lata de aloi sha lawm mat wa sai rai.

Dai zawn lawn mat wa ai shaloi "ne shara nre majaw galang u a rim la ai hpe ngai hkrum sha nngai. Ne shara hta she rai yang gaw galang u wa ngai hpe rim la lu na n re" ngu nna hkrap jaht au u ai

Dai shaloi galang u wa gaw nkam hkam ai majaw " Goi law ga u hkri kasha e, na a shara gaw gara kaw re ni? " ngu nna san yu u ai. Ga u hkri mung atsam marai hte bai tsun u ai.

"Ne shara gaw hkau na galau ga tawng nga ai hkau na pa kaw re"

"Na shara hta rai timung nang gaw ngai zawn re n-gun heng ai wa hpe nhtang dawp lu na kun? nang ne ta kata kaw na lawt lu na kun?

"Nhtang dawp lu nngai. Lawt lu na nngai."

"Mai sa, dai rai yang nang hpe ya nan ngai dat dat na nngai. Na nga shara de sa nhtawm ngai hpe kasat rit."

Sum mwi galang u gaw dai hku tsun nhtawm ga u hkri hpe dat dat ai. Ga u hkri mung shi shaw ai nga ai shara hkauna pa de kabu gara pyen mat wa ai rai. Du ai hte ga tawng kaba langai ntsa tsap nna-

"Goi galang u wa e, nang heng dum yang gaw sa wa rit"

sum mwi galang u mung " lasa ga u hkri, ne ta kaw na nang lawt lu na kun?" ngu nna marawn let kawan dik ai hku pyen sa wa nu ai rai. Makau de du ai hte kalang lata heng dik ai n-gun hte pyen hkrat wa nhtawm ga u hkri hpe achye rim la dat u ai rai.

Dai ten hta ga u hkari gaw ga tawng ntsa kaw nna aiewan yu nhtawm ga tawng kaba lawu lapran de shang rawng mat u ai rai. Dai majaw galang u gaw ga u hkari hpe n achye hkra lu ai. Rai tim shi hkum hpe hkring tsap na matu mung nmai byin sa, ga tawng kaba hpe sin da hte sa ahtu hkra kau dat u ai rai. iahkring mi na ten laman sinda ga kaprang nna si mat nu ai rai.

Ga u hkri mung ga tawng lapran kaw na pru wa nhtawm galang u mang a ntsa tsap nhtawm "ngai gaw nga ging ai shara hpe shing pyi ai majaw n-gun heng dik ai wa hpe pyi awng dang lu n ngai" ngu nna jahtau u ai rai

## ၄။ ပတိရူပ ဒေသဝါသော စ၊
## ဧတံ မင်္ဂလ မုတ္တမံ။

သင့်တင့်လျောက်ပတ်သော အရပ်၌ နေရခြင်းသည် မြတ်သော မင်္ဂလာမည်၏။

# "သိမ်းငှက်နှင့် ဘီလုံးငှက်"

တစ်ရံရောအခါ ဘီလုံးငှက်တစ်ကောင်သည် မိမိနေထိုင်ကျက်စားရာ လယ်ကွင်းပြင်မှလွန်၍ အခြားအရပ်သို့ သွားရောက်ကျက်စား၏။ ထိုစဉ် သိမ်းငှက်တစ်ကောင်သည် ဘီလုံးငှက်ကိုတွေ့မြင်ကာ ထိုးသုတ် သွားလေသည်။

ဘီလုံးငှက်သည် အရွယ်အားဖြင့် လက်တစ်ဝါးခန့်သာရှိသည်။ သိမ်းငှက်ကား အရွယ်တစ်တောင်ကျော်ရှိသည်။ အရွယ်ချင်းမယှဉ်သာ၊ ခွန်အားချင်းမယှဉ်သာ၊ အလွန်ကွာခြားလှသည်။ ထို့ကြောင့် ဘီလုံးငှက်သည် သိမ်းငှက်၏လက်သို့ အလွယ်တကူ ပါသွားလေသည်။

သို့ပါသွားစဉ် ဘီလုံးငှက်က"ငါ့အရပ်မဟုတ်၍ သိမ်းငှက်၏ ထိုသုတ်ခြင်းကိုခံရသည်။ ငါ့အရပ်ဖြစ်ပါမူ သိမ်းငှက်သည် ထိုးသုတ် နိုင်မည်မဟုတ် " ဟူ၍ မြည်တမ်းငိုကြွေး၏။

"ထိုအခါ သိမ်းငှက်က မခံချင်"

"ဟယ် ဘီလုံးငယ်၊ သင်၏အရပ်ကား အဘယ်နည်း" ဟူ၍ မေးမြန်းသည်၊ ဘီလုံးငှက်ကလည်း အားမာန်အပြည့်ဖြင့် ပြန်ပြောသည်။ "ငါ၏ အရပ်ကား ထွန်စာခဲရှိရာ လယ်ကွင်းပြင်တည်း" "သင်၏အရပ်၌ ရှိသော်လည်း ငါသို့သော ကြီးမား၍ ခွန်အားရှိသူကို သင်အန်တု နိုင်မည်လော၊ ငါ့လက်မှ သင်လွတ်နိုင်မည်လော" "အန်တုနိုင်ပါသည်၊

လွတ်နိုင်ပါသည်”။ “ကောင်းပြီ၊ သည်လိုဆိုလျှင် သင့်ကိုယခုငါလွှတ် လိုက်မည်၊ သင့်အရပ်ကိုသွား၍ ငါ့ကိုခုခံလော့”

သိမ်းငှက်က ဤသို့ဆိုကာ ဘီလုံးငှက်ကိုလွှတ်လိုက်သည်။ ဘီလုံးငှက်လည်း မိမိစားကျက်ရှိရာ လယ်ကွင်းပြင်သို့ ဝမ်းမြောက်ဝမ်းသာ ပျံသွားသည်။ ရောက်သော် မြေစိုင်ခဲကြီး တစ်ခုပေါ်၌ရပ်လျက် –

“အို– သိမ်းငှက်ကြီး၊ အသင်စွမ်းနိုင်လျှင်လာလော့”

သိမ်းငှက်ကလည်း “ဟယ်– ဘီလုံးငယ်၊ ငါ့လက်မှသင် လွတ်နိုင်မည်လော” ဟူ၍ ကြုံးဝါးကာ လျှင်မြန်စွာပျံသန်းလာသည်။ အနီးသို့ ရောက်သည်နှင့်တစ်ပြိုင်နက် အရှိန်ပြင်းစွာဖြင့် ဘီလုံးငှက်ကို ထိုးသုတ်လိုက်လေသည်။

ဤတွင် ဘီလုံးငယ်သည် မြေစိုင်ခဲပေါ်မှ ရုတ်တရက်ဆင်း၍ မြေစိုင်ခဲအောက် အကြားသို့ ဝင်နေလိုက်လေသည်။ ထိုအခါ သိမ်းငှက်သည် ဘီလုံးငှက်ကို မသုတ်မိ၊ အရှိန်လည်းမသတ်နိုင်၊ မြေစိုင်ခဲကို ရင်ဖြင့် တိုက်မိသွားသည်။ တစ်ခဏတွင်းပင် ရင်ကွဲ၍ သေဆုံးသွားလေသည်။

ဘီလုံးငှက်သည် မြေစိုင်ခဲအကြားမှ ထွက်လာပြီးလျှင် သိမ်းငှက်သေ၏ ကိုယ်ပေါ်မှာနားလျက် “ငါသည် သင့်တင့်လျောက်ပတ်သော အရပ်ကို အမှီပြုသောကြောင့် အင်အားကြီးသူကိုပင် အနိုင်ရလေပြီ” ဟူ၍ ဆိုလေသတည်း။

❖❖❖❖❖❖❖❖❖❖

## 5 PUKBETSA KATA PUNG NYA TA, ETAN MINGALA MUKTAMAN.

Moi na kaja ai gam rawng ai gaw myat ai mingala nga ma ai.

## "HPUN HTA AI WA HTE MAGWI HKANG AI WA"

Moi shawng de bara nathi mung dan hta hpun hta sha ai la langai nga ai rai. Lahpawt mi hta shi gaw mare shing gan de pru nna hpun sa hta ai. Shana de jan du ten hta hpun nhtan hpai let mare de bai nhtang wa ai. Hpang hkrat ai majaw mare chying hka la tawn mat sai rai nna mare kata de nshang lu nu ai rai.

Hpun hta la gaw mare chying hka mahka makau e nga ai nat ra langai a makau e hpun nhtan jahkrat nhtawm yup nu ai rai.

Nat ra e dat tawn ai u ni nga ma ai. Dai u ni gaw nat ra makau e tu ai hpun langai ntsa lung yup nga ma ai. Nhtoi htoi na mahka e hpun ntsa lakying e yup ai u langai gaw kan sa jahkrat dat u ai. Dai u hkyi gaw lawu lakying e yup ai u a ntsa de hkra bun dat u ai.

Dai shaloi lawu lakying kaw na u gaw nhkam sharang lu ai majaw ntsa lakying na u hpe ning ngu marawn tsun dat u ai. Dai zawn tsun htai lai let u lahkawng ga law hkat ma ai rai. Hkying hkat ma ai rai.

"Nang gaw ne manu hpe nchye ndai i? Ngai hpe sat nhtawm wan numga hta kakang sha ai wa gaw jahpawt jau jau e gumhpraw hkying mi lu na re. ngu nna lawu lakying na u gaw tsun u ai.

"Na manu dai daram sha wa i? ne manu gaw nang hta htam latsa n-ga kaba la nga ai. Ngai hpe sat nhtawm ne baw hpe sha ai wa gaw hkaw hkam tai na re. Shing gan na ashan sha ai wa gaw ala rai yang hpyen du kaba ning hkring tai na re. Anum rai yang hkaw hkam jan tai na re. Nra e kap ai shan sha ai wa gaw bung kyi rai yang hkaw hkam sara tai na re. Masha rai yang sut gan gunhting tai na re." ngu nna ntsa lakying na u gaw tsun u ai.

Dai u lahkawng a ga hpe hpun hta la na ai shaloi hpun ntsa de yet sha angwi sha lung nhtawm ntsa lakying na u hpe rim sat la u ai.

Dai hpang nhtoi htoi nna mare chying hka hpaw ai shaloi sat la ai u hpe la mat wa nhtawm " ngai hkaw hkam tai na sai" ngu nna kabu gara rai let nta de wa nu ai.

Nta du ai shaloi madu jan hpe "ndai u shan hpe atsawm sha shadu u" ngu ya u ai. Madu jan mung u shan hpe shadu ngut ai shaloi shat di hte rau hpun hta la wa hpe ap ya u ai. Hpun hta la wa gaw kalang ta re nsha ai sha.

"num jan e, ndai u shan gaw yu maya nre. Lak lai ai, marai rawng ai. U baw hpe ngai sha na nngai. Teng sha hkaw hkam tai na re Nang gaw shing gan

na u shan hpe sha u. H kaw hkam jan tai na re. Rai tim an ya re nsha ga.. Gin ga hka de sa nhtawm hkashin ga. . Hka shin ngut jang hka kau e rau sha ga i" ngu tsun u ai. Dai rai nna shan hting gaw gaw u shan di hte shat di hpe ka(byit) langai hta bang nhtawm gin ga hka de sa wa ma ai. Du ai shaloi ka (byit) hpe hka kau e tawn da nhtawm hka de yu nna hka shin ma ai.

Dai ten hta nbung laru kaba ru wa ai. Hka nu ni hka leng ni-Jung wa ai. U shan bang tawn ai ka (byit) du hkra 'nka tung du wa ai. Dai majaw ka (byit) gaw hka hta yawng lawm mat wa ai. Hpun hta la wa shan hting gaw gaw n yawng lawm hkra shakut nna hka hpung 'yawt let kawng de hprawng lung ma ai rai.

Dai ten hta u shan ka (byit) gaw hka nu hte rau yawng hkrat lawm mat wa ai. Kade nna yang lawu maga e magwi hpe hka shin ya nga ai magwi hkang ai sara wa a makau de du mat wa ai. Magwi hkang sara gaw ka(byit) hpe sai la nhtawm yu yu u ai. Shat hte u shan shat mai rai nga ai majaw sai tawn da u ai. Dai 'npang nta de la mat wa ai rai.

Dai ten hta magwi hkang sara wa naw ku daw,jau,ai,shin yathe wa gaw magwi hkang sara wa a nta hta shawng du taw nga ai. Shin yathe gaw myi htoi chye htoi ai wa re. Magwi hkang sara u shan lu la wa ai hpe mu chye u ai. Dai u shan kade daram lak lai ai marai hte hkum tsup ai lam hpe mung tau chye u ai. Dai majaw magwi sara wa a nta de sa wa u ai rai nga ai.

Magwi hkang sara wa du ai shaloi shin yathe gaw nra e kap ai u shan hpe shi hpe nan hlu shangun nhtawn sha kau dat nu ai rai. U baw hpe magwi hkang sara wa hpe sha shangun u ai. Shing gan u shan hpe magwi hkang sara jan hpe sha shangun ai. Dai hpang magwi hkang sara wa hpe "nang gaw kade nna yang hkaw hkam tai na re, na madu jan mung hkaw hkam jan tai na re. Malap mali rai hkum nga". ngu nna tsun nhtawn bai wa mat u ai.

Shani nhtoi kade nna yang kaga mung dan langai mi kaw na hkaw hkam langai wa gaw bara nathi mung hpe sa kasat ai rai. Dai shaloi bara nathi hkaw hkam gaw magwi hkang sara hpe hkaw hkam hking jahpun nhtawm majan kasat shangun ai. Hkaw hkam wa gaw yu maya hpan la langai hku tai nna woi awn nga u ai. Dai ten hta hpyen ni gap dat ai pala langai gaw bara nathi hkaw hkam hpe sa hkra ai majaw hkaw hkam wa si mat nu ai rai.

Dai shaloi magwi hkang sara wa gaw sut gan gawk na ja gum hpraw ni hpe shaw shangun nhtawm "ja rai ra ai ni hpyen ni hpe shakut shaja nhkrit ntsang kasat mu" ngu nna tsun u ai. Tsun ai hte maren mung ja gum hpraw ni jaw ya u ai. Ja gum hpraw lu la ai ni mung magwi hkang sara hte rau gum hpawn nna nhkrit n tsang kasat ma ai. Hpyen ni sum ai majaw hting nut hprawng mat ma ai rai.

Majan ngut ai shaloi hpaji rawng ai amat ning hkring ni gaw hkaw hkam wa a amang hpe atsawm sha makoi ma ai rai. Dai hpang "anhte a madu hkaw hkam asak hkrung ai ten kaw nna nan magwi hkang sara hpe hkaw hkam hking jahpun ai. Ya mung magwi hkang sara wa woi awn ai majaw hpyen ni hpe kasat dang kau ai re. Magwi hkang sara hpe nan hkaw hkam aya sharawt ging ai" ngu nna myit hkrum ma ai majaw magwi hkang sara wa hpe nan hkaw hkam shatai ma ai rai. Dai shaloi magwi hkang sara jan gaw hkaw hkam jan tai wa sai. Magwi hkang sara wa a sara shin yathe mung hkaw hkam sara tai wa sai rai.

Hpunhta la wa gaw moi na kaja ai gam n rawng ai majaw u shan shat mai hte n katut lu ai rai. Hkaw hkam mung n byin tai lu ai rai. Magwi hkang sara wa gaw moi na kaja ai gam rawng ai majaw u shan shat mai hpe n myit mada ai sha lu la u ai rai. Dai majaw hkaw hkam byin tai nu ai rai.

❖❖❖❖❖❖❖❖❖❖❖❖❖❖

၅။ ပုဗ္ဗေစ ကတပုညတာ၊
တော် မင်္ဂလ မုတ္တမံ။

ရှေးကောင်းမှုကံရှိခြင်းသည် မြတ်သောမင်္ဂလာမည်၏။

## "သင်းခွေယောကျ်ားနှင့် ဆင်ဆရာ"

တစ်ရံရောအခါ ဗာရာဏသီပြည်တွင် ထင်းခွေယောကျ်ားတစ်ဦးရှိသည်။ တစ်နံနက်တွင် သူသည် မြို့ပြင်သို့ထွက်၍ ထင်းခွေသည်။ ညနေစောင်းသော် ထင်းစည်းကိုတမ်းလွယ်၍ မြို့သို့ပြန်လာသည်။ နောက်ကျသဖြင့် မြို့တံခါးပိတ်ထားရာ မြို့ထဲသို့မဝင်နိုင်တော့ပေ။

ထိုအခါ ထင်းခွေယောကျ်ားသည် မြို့တံခါးအနီးရှိ နတ်ကွန်းတစ်ခုဘေး၌ ထင်းစည်းကိုချ၍ အိပ်လေသည်။

နတ်ကွန်းတွင် ဘေးမဲ့လွှတ်ထားသော ကြက်များရှိသည်၊ ထိုကြက်များသည် နတ်ကွန်းအနီးရှိ သစ်ပင်တစ်ပင်ပေါ်၌တက်၍ အိပ်သည်။ မိုးလင်းခါနီးအချိန်တွင် သစ်ပင်အပေါ်ကိုင်း၌အိပ်သော ကြက်တစ်ကောင်သည် မစင်စွန့်ချသည်၊ ထိုမစင်သည် အောက်ကိုင်း၌ အိပ်သောကြက်ပေါ်သို့ ကျလေသည်။

ဤတွင် အောက်ကိုင်းကကြက်သည် မခံရပ်နိုင်ဖြစ်ကာ အပေါ်ကိုင်းကကြက်ကို လှမ်း၍ပြောဆိုသည်။ သို့ပြောဆိုရာမှ ကြက်နှစ်ကောင် စကားများ၍ရန်ဖြစ်ကြသည်။ ဂုဏ်ပြိုင်ကြသည်။

"သင်သည် ငါ့တန်ဖိုးကိုမသိသလော၊ ငါ့ကိုသတ်၍ မီးကျီးခဲ၌ ကင်စားသူသည် နံနက်စောစောမှာပင် အသပြာတစ်ထောင်ရမည်" ဟူ၍ အောက်ကိုင်းကကြက်ကဆို၏။

"သင့်တန်ဖိုး ဤမျှသာလော၊ ငါ၏တန်ဖိုးကား သင်ထက် အဆအရာမက ကြီးမြတ်သည်။ ငါ့ကိုသတ်၍ ငါ့ဦးခေါင်းကို စားသူသည် မင်းဖြစ်မည်။ အပြင်ကအသားကိုစားသူသည် ယောကျ်ားဖြစ်လျှင် စစ်သူကြီးဖြစ်မည်၊ မိန်းမဖြစ်လျှင် မိဖုရားဖြစ်မည်၊ အရိုးအနား၌ ကပ်နေသော အသားကိုစားသူသည် ရဟန်းဖြစ်လျှင် မင်းဆရာဖြစ်မည်။ လူဝတ်ကြောင်ဖြစ်လျှင် ဘဏ္ဍာစိုးဖြစ်မည်"ဟူ၍ အထက်ကိုင်းက ကြက်ကလည်း ပြန်ပြော၏။

ထိုကြက်နှစ်ကောင်၏ စကားကို ထင်းခွေယောကျ်ားကြားသွားသည်။ ဤတွင် သူသည် သစ်ပင်ပေါ်သို့ဖြည်းညင်းစွာတက်၍ အထက်ကိုင်းက ကြက်ကို ဖမ်းယူသတ်သည်။

ထိုနောက် မိုးလင်း၍ မြို့တံခါးဖွင့်သောအခါ သတ်ယူထားသော ကြက်ကို ယူဆောင်ပြီးလျှင် အိမ်သို့ပြန်လာသည်။ လမ်းတွင် "ငါမင်းဖြစ်တော့မည်"ဟူ၍ စိတ်တွင်းမှဆိုကာ ဝမ်းမြောက်မဆုံး ဖြစ်နေသည်။

အိမ်သို့ရောက်သောအခါ မယားအား"သည်ကြက်ကိုကောင်းစွာ ချက်ပါ"ဟု ဆို၍ပေးသည်။ မယားလည်း ကြက်ကိုချက်ပြီးလျှင် ထမင်းနှင့်အတူ ထင်းခွေယောကျ်ားကိုပေးအပ်သည်။

ထင်းခွေယောကျ်ားသည် ချက်ချင်းမစားသေး၊ "ရှင်မ သည်ကြက်သည် သာမန်မဟုတ်၊ ထူးခြားသောတန်ခိုးရှိသည်။ ကြက်ဦးခေါင်းကို ငါစားမည်၊ မုချမသွေမင်းဖြစ်လိမ့်မည်၊ အသင်ကမူ ကြက်၏အပြင်သား ကိုစားပါ မိဖုရားဖြစ်လိမ့်မည်။ သို့ရာတွင် ငါတို့ ယခုမစားသေး၊ ဂင်္ဂါမြစ်သို့သွား၍ရေချိုးကြဦးမည်၊ ရေချိုးပြီးမှ မြစ်ကမ်းဘေးတွင် အတူစားကြစို့"ဟု ဆိုသည်။ သို့ဖြင့် သူတို့လင်မယားသည် ကြက်သားအိုးနှင့် ထမင်းအိုးကို တောင်းတစ်ခု၌ထည့်ကာ ဂင်္ဂါမြစ်သို့သွားကြသည်။ ရောက်လျှင် တောင်းကိုမြစ်ကမ်း၌ထား၍ မြစ်သို့ရေချိုးဆင်းကြသည်

ထိုစဉ် ရုတ်တရက် လေထန်လာသည်၊ ရေလှိုင်းတို့တက်လာသည်။ ကြက်သားဟင်းထည့်ထားသော တောင်းအထိ ရေများရောက်လာသည်၊ ဤတွင် တောင်းသည်မြစ်ရေတွင် မျောပါသွားလေသည်၊ ထင်းခွေ ယောက်ျားလင်မယားသည် ရေစီးနောက်သို့မျောပါမသွားအောင် ကြိုးစား ကူးခပ်ပြီးလျှင် ကမ်းသို့တက်ပြေးရလေသည်။

ထိုစဉ်ကြက်သားဟင်းတောင်းသည် မြစ်ရေအလျဉ်တွင် မျော ပါသွားသည်။ မကြာမီ အောက်ဆိပ်၌ ဆင်ကိုရေချိုးပေးနေသော ဆင်ဆရာအနီးသို့ ရောက်သွားသည်။ ဆင်ဆရာသည် တောင်းကို ဆယ်ယူ၍ကြည့်သည်။ ထမင်းနှင့်ကြက်သားဟင်း ဖြစ်နေသဖြင့် ဆယ်ယူထားသည်။ ထိုနောက် အိမ်သို့ယူဆောင်သွားလေသည်။

ထိုအချိန်တွင် ဆင်ဆရာကိုးကွယ်သော ရှင်ရသေ့သည် ဆင်ဆရာ၏ အိမ်သို့ ကြွရောက်နေနှင့်သည်။ ရှင်ရသေ့သည် အကြားအမြင်ရသူ ဖြစ်သည်။ ဆင်ဆရာကြက်သားဟင်း ရလာသည်ကိုလည်း သိမြင်သည်။ ထိုကြက်သားဟင်း မည်သို့ထူးခြားသောသတ္တိနှင့် ပြည့်စုံသည်ကိုလည်း သိရှိသည်။ ထို့ကြောင့် ဆင်ဆရာအိမ်သို့ ကြွရောက်လာခြင်းဖြစ်သည်။

ဆင်ဆရာရောက်လာသော် ရှင်ရသေ့သည် အရိုး၌ကပ်နေသော အသားကို မိမိအားဆက်ကပ်စေ၍ ဘုဉ်းပေးတော်မူသည်။ ကြက်ဦးခေါင်း ကိုမူ ဆင်ဆရာအားစားစေသည်။ အပြင်သားကိုမူ ဆင်ဆရာ၏ မယားအား စားစေသည်။ ထို့နောက်ဆင်ဆရာအား "သင်သည် မကြာမီ မင်းဖြစ် လိမ့်မည်။ မမေ့မလျော့နှင့်"ဟူ၍ဆိုကာ ကြွသွားလေသည်။

ရက်အနည်းငယ်ကြာသော် အခြားဝိုင်းပြည်တစ်ပြည်မှ မင်းတစ်ပါး သည် ဗာရာဏသီပြည်သို့ လာရောက်တိုက်ခိုက်သည်။ ထိုအခါ ဗာရာဏသီမင်းက ဆင်ဆရာကို မင်းအသွင် ဝတ်ဆင်စေသည်။ "မင်းအသွင်ဖြင့် ဆင်စီး၍စစ်ထိုးလော့"ဟု ဆို၍ စစ်ထိုးစေသည်။

မိမိမူကား ရဲမက်ဗိုလ်ပါများအကြားတွင် မထင်မရှားသော အသွင်ဖြင့် သွားလာ၍ စီမံကွပ်ကဲ၏၊ ထိုစဉ်ရန်သူများပစ်လွှတ်လိုက်သော မြားတစ်စင်းသည် ဗာရာဏသီမင်းကို လာရောက်ထိမှန်သည်၊ မင်းသည် နေရာမှာပင် နတ်ရွာစံသွားလေသည်။

သည်တွင် ဆင်ဆရာသည် ဘဏ္ဍာတိုက်ကြောင်းမှ ငွေ, ရွှေ များကို ထုတ်ယူစေကာ" ဥစ္စာလိုသူတို့ ရန်သူကို ရှုပ်ရှုပ်ချွံချွံ တိုက်ကြလော့" ဟု ဆို၏။ ဆိုသည့်အတိုင်းလည်း ရွှေ, ငွေများပေး၏။ ရွှေ, ငွေ ရသူ တို့လည်း ဆင်ဆရာနှင့်အတူ ပူးပေါင်း၍ ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်သည်၊ ရန်သူတို့အရေးနိမ့်၍ ဆုတ်ခွာပြေးကြလေသည်။

စစ်ပွဲပြီးသောအခါ ပူးမတ်တို့သည် ဘုရင့်အလောင်းကိုကောင်းစွာ သင်္ဂြိုဟ်ကြသည်။ ထို့နောက် "ငါတို့အရှင်မင်းမြတ် သက်တော်ထင်ရှား ရှိစဉ်ကပင် ဆင်ဆရာကို မင်းအသွင်ပြုစေသည်။ ယခုလည်းဆင်ဆရာ ဦးစီးစီမံသဖြင့် ရန်သူတို့ကိုချေမှုန်းနိုင်ခဲ့သည်။ ဆင်ဆရာကိုပင် မင်းမြှောက် ထိုက်သည်"ဟု ဆိုကြသည်။ ဆင်ဆရာကိုပင် တညီတညွတ်တည်း မင်းမြှောက်ကြလေသည်။ ဤတွင် ဆင်ဆရာ၏မယားသည် မိဖုရား ဖြစ်လာသည်။ ဆင်ဆရာ၏ဆရာ ရှင်ရသေ့သည်လည်း မင်းဆရာ ဖြစ်လာလေသည်။

ထင်းခွေယောကျ်ားသည် ရှေးကောင်းမှုကံ မရှိသောကြောင့် ကြက်သားဟင်းနှင့် ကြံဖန်လွဲသည်။ ဘုရင် မဖြစ်၊ ဆင်ဆရာကား ရှေးကောင်းမှုကံရှိသောကြောင့် ကြက်သားဟင်းကို မကြိုးစားဘဲ ရရှိသွားလေသည်။

◆◆◆◆◆◆◆◆◆◆◆◆◆◆

## 6. ATTA THAMMA PANIDI TSA, ETAN MINGALA MUKTMAN.

Tinang hkum hpe atsawm sha hkang lu ai gaw myat ai mingala nga ma ai.

### "HKANG DANG AI WA"

Moi shawng de bara nathı hkaw hkam langai hta la kasha hkying mi nga ai. Dai ni hta kaji htum hkaw hkam kasha wa gaw "ngai gaw shing dim rai nngai. Ndai mungdan hta hkaw hkam byin lu na nrai nhten" ngu nna myit tsang u ai. Dai majaw hkaw hkam hkaw de hkau sawm sha sa wa ai pittseka bukda hpara hpe san shawk u ai rai.

Pittseka bukda ni gaw "nang ndai mung dan hta hkaw hkam nbyin tai lu ai. Ndai mungdan kaw na yuzana-120 tsan gang ai gandara mung dakkasu mung de 7-ya hte duhkra sa lu yang gaw dai mung dan hta hkaw hkam tai na re. Rai timmung hkrun lam lapran e nam shalawng langai hpe rap dan ra na re. Dai nam sha lawng hta sha lawa num ni nga ma ai. Shanhte gaw nsam (rupayung) nsen (thatdayung). bat (gandayung), namshum (rathayung), hkra kayep hpa (hput htat bayung) ngu ai a yung manga hte sa gung lau jahten na mara ai. Nang hkawhkam kasha gaw dai a yung manga a hpang de nhkan ai sha tinang a myit hpe up hkang dang lu yang gaw sha lawa num

nia gung lau ai lam hpe awng dang lu na re. Shing nrai yang gaw sha lawa ni nang hpe sha kau na mara ai." ngu nna tsun ma ai rai.

Kade nna yang nam sha lawng de shang hkrup ma ai. Nam sha lawng kata e kahtawng, nta, jarawp zawn re ni hpe hpan tawn da nhtawm nga taw nga ai sha lawa num ni hpe mu ma ai rai. Sha lawa num ni masha zawn hpan tawn let manu ging dan ai bu hpun palawng ni hpe hpun tawn ma ai rai. Dai sha lawa num ni hpe mu ai shaloi manang manga hta na langai wa gaw n sam hpe ra marin ai majaw myit hpe n hkang dang lu u ai. Hpang e ngam nga ta u ai rai. Dai shaloi hkaw hkam kasha san ai hpe masu nna htai u ai.

"Madu kasha e, ngai lagaw machyi nga nngai. Jarawp kaw jahkring nai hkring la ngut jang she hkan nang na nngai".

"Jing hku wa e, ndai num ni gaw sha lawa num ni she re. Hkum ra marit"

"Madu kasha e, hpa byin byin, ngai naw hkring la na nngai."

"Dai zawn nga yang gaw na shut hpyit lam hpe nang kade nna yang chye lu na ndai."

Hkaw hkam kasha mung manang wa hpe hkum nlu ai majaw ngam ai manang marai mali, hte rau matut nna pru mat wa ai rai.

Dai ten hta n sam hpe ra marit ai wa hpang de sha lawa num langai mi du sa wa ai. N sam hte kyaw

nhtawm dai la wa a ra marit ai hpe hkan ya masu ai. Dai hpang sha lawa num gaw dai la wa hpe katsing hprap hprap kawa sha kau dat u ai rai.

Dai zawn n sam hpe ra marit ai wa hpe sha ngut ai hpang sha lawa num ni gaw mahkawn, tingse, sum pyi zawn re yu ngwi n sen hte kyaw ma ai. Hkaw hkam kasha a manang mali hta na la ngai wa gaw n sen hpe ra marit ai wa re. Dai wa gaw nhkang lu. Hpang hkrat nna ngam nga u ai. Sha lawa num ni mung dai la wa a ra sharawng ai hpe hkan masu nhtawm bai sha kau ai rai. Dai hpang bat, nam shum, hkra kayep hpa ni hte myu shagu kyaw ma ai rai. Hkaw hkam kasha a ngam ai manang marai masum gaw n hkang dang lu ma ai. Langai hapng langai ngam nga ta ma ai majaw sha lawa num ni a lu sha tai mat ma ai rai.

Hpang jahtum hkaw hkam kasha shi langai hkrai sha ngam mat nu ai. Dai shaloi sha lawa num langai mi gaw "ndai la ma gam wa gaw grai marai rawng ai. Shi hkum hte myit lahkawng yan hpe up hkang lu ai wa re. Rai timung ndai la wa hpe n lu lu hkra kyaw la na nngai. Ndai la wa a shan hpe sha ngut jang she nhtang wa na nngai." ngu myit u ai. Num mahkawn hkawn sek tai masu n htawm hkaw hkam kasha a hpang kap nna hkan nang mat wa ai rai.

Hkrun lam e lam sa ni gaw nau ai shaloi

"hkawn jan e, e hkri, aw shawng de tawm tawm re la wa gaw nang hte hpa daw hkat a ni?" ngu nna san ma ai.

Sha lawa num gaw "atsa ni e, ndai la wa gaw ne ding hku la wa re." ngu nna masu tsun u ai rai.

Shaloi lam sa ni gaw hkaw hkam kasha hpe "e hkau, ndai shayi sha gaw hkum shing yan tsawm la let grai sum nung la ai le. Kanu kawa hpe kau da nhtawm na hpang hkan nang wa sai. Hpa majaw atsawm sha n lakawn woi la a ni?" ngu nna mara shakun ma ai rai.

Hkaw hkam kasha wa gaw "ahkau ni e, ndai num gaw ne madu jan nre, sha lawa num she re. Ne manang marai manga hpe shan hte sha kau ya manu ai." ngu nna sang lang dan u ai.

Dai shaloi sha lawa num gaw "atsa ni e, ala ni gaw sin pawt la htawt re ai shaloi shanhte a madu jan ni hpe pyi sha lawa num, lasa ndang num zawn ngu nna matsa chye ai hpe atsa ni chye ai n re ni?" ngu nna nam nyan hte nhtang tsun u ai rai.

Dai zawn sha lawa num gaw shi hpang hkan chyu hkan nang u ai. Sha lawa num gaw kalang lang hkum li ai kan kaba num zawn hpan da u ai. Kalang lang ma shangai ngut ai num zawn hpan da nna ma chya ngai hpe pawn let hkan nang ai. Mu ai ni yawng mung shawoi na zawn ngu san ma ai. Sha lawa num gaw shawoi na zawn ngu htai u ai. Hkaw hkam kasha wa mung shawoi na zawn sang lang dan

u ai. Hkrun lam sa ai ni gaw sha lawa num a ga hpe sha kam ma ai rai.

Hpang jahtum hta dakkasu mung de du bang mat wa ai. Hkaw hkam kasha gaw mare chying hka makau jarawp langai mi hta hkring taw nga ai. Sha lawa num gaw hkaw hkam kasha wa a hpung shing kang a majaw jarawp kata de nshang lu ai rai. Dai majaw tsawm htum shayi mahkawn zawn hpan nhtawm jarawp chying hka e tsap taw nga ai rai.

Dai ten hta dakkasu mung madu hkaw hkam wa gaw sun de pru wa u ai. Sha lawa num hpe mu ai shaloi grai ra marit wa nu ai rai. Dai majaw hpyen ma langai mi hpe shangun dat let madu wa lu nlu sa san shangun u ai. Sha lawa num gaw sha woi na zawn ngu hkaw hkam kasha wa gaw shi ding hku madu la wa re ngu nna tsun u ai. Hkaw hkam kasha mung shawoi na hku nan shi madu jan n re, sha lawa num she re ngu nna sang lang dan ai. Hpang jahtum e hkaw hkam wa gaw "madu la wa nnga ai num re" ngu nna tsun let hking ran la kau u ai. Hkaw hkam jan kaba htum aya hta tawn u ai rai.

Dai shana hta sha lawa num gaw rawt hkrap u ai. Hkaw hkam wa san ai shaloi sha lawa num gaw " Madu hkaw hkam e ngai gaw hkaw hkam jan manu mana lapran e nga nga nngai. Nu wa jing hku nlu myi man kaji la nngai. Lam na hta la ai num re nga ma yang ngai myi man nwam hpaw nngai. Dai majaw ngai hpe mung dan ting hpe up hkang lu ai ahkaw ahkang jaw rit" ngu nna hpyi u ai rai.

Hkaw hkam wa gaw n mai byin ai lam kahtap kahtap tsun u ai. Shaloi sha lawa num gaw " dai rai yang ngai hpe hkaw hkam hkaw kata hta sha up hkang lu ai ahkaw ahkang jaw rit" ngu tsun u ai.

Hkaw hkam wa mung sha lawa num hpe manu mana ra marit nga ai majaw sha lawa num a ga hpe n yen lu ai rai. Sha lawa num hpyi ai hku hkaw hkam hkaw hpe up hkang ai ahkaw ahkang hpe jaw ya kau dat u ai rai.

Kade nna yang hkaw hkam wa yup pyaw jang sha lawa num gaw sha lawa mare de sa nhtawm sha lawa ni hpe sa shaga woi wa ai. Shi gaw hkaw hkam hpe kawa hpya sha u ai. Ngam ai sha lawa ni gaw hkaw hkam hkaw kata e nga ai ala, anum, gwi, u ni kaw na hkawt mahkra hpa mung n ngam hkra sha kau ma ai rai. Nra ni hpe sha ngam kau da nhtawm nhtang mat wa ma ai rai.

Hpang jahpawt nhtoi htoi ai shaloi nra ni hpring nga ai hkaw hkam hkaw hpe mu ma ai rai. Shaloi she " ne madu jan nre sha lawa num she re" nga nna tsun ai la magam wa hpe hkung ga ra sha rawng wa ma ai. "Dai la magam wa gaw teng man ai ga hpe tsun u ai. Sadi hpaji hte hkum tsup ai wa re. Dai la magam wa hpe hkaw hkam shatai yang anhte mung dan lu su nga mai nhtawm ngwi pyaw sim sa na re" ngu nna tsun let hkaw hkam kasha hpe hkaw hkam shatai sharawt ma ai rai.

Sau hpring nga ai gawm hpe sau nhkaw hkra la sa wa lu ai zawn hkaw hkam kasha gaw shi myit hpe sadi kaba hte up hkang dang lu ai rai. Dai majaw asak n si ai sha hkaw hkam tai wa lu sai rai.

Hkaw hkam tai ai shaloi shi gaw hkaw hkam ni hkan sa ging ai tara hte shapre nhtawm up hkang let mung masha ni a akyu hpe gun hpai u ai rai.

၆။ အတ္တသမ္မာပဏိဓိ စ၊ ဧတံ မင်္ဂလ မုတ္တမံ။

မိမိကိုယ်ကို ကောင်းစွာ စောင့်ထိန်းခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

## "စောင့်ထိန်းနိုင်သူ"

ရှေးအခါက ဗာရာဏသီမင်းတစ်ပါးတွင် သားတစ်ထောင်ရှိသည်။ ထိုသားတစ်ထောင်ထဲမှ အငယ်ဆုံးမင်းသားသည်"ငါကား သားတော် အငယ်ဆုံးဖြစ်သည်။ သည်ပြည်၌ မင်းဖြစ်နိုင်ပါမည်လော" ဟူ၍ ယုံမှားသံသယဖြစ်မိသည်။

သို့ဖြင့် နန်းတော်သို့ ဆွမ်းစားကြွသွားသော ပစ္စေကဗုဒ္ဓါတို့အား အကျိုးအကြောင်း ဖွင့်ဟမေးလျှောက်သည်။

ပစ္စေကဗုဒ္ဓါတို့က"အသင်မင်းသား၊ ဤပြည်တွင် သင် မင်းမဖြစ်နိုင်။ ဤပြည်မှ ယူဇနာ–၁၂၀ ကွာဝေးသော ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်သို့ ၇–ရက်ဖြင့် အရောက်သွားနိုင်လျှင်မူ ထိုပြည်၌မင်းဖြစ်လိမ့်မည်။ သို့ရာတွင် ခရီးအကြား၌ တောအုပ်တစ်ခုကို ဖြတ်သန်းရမည်။ ထိုတောအုပ်၌ ဘီလူးမတို့ရှိသည်။ သူတို့ကအဆင်း(ရူပါရုံ)၊ အသံ(သဒ္ဒါရုံ)၊ အနံ့(ဂန္ဓာရုံ)၊ အရသာ(ရသာရုံ)၊ အတွေ့(ဖောဋ္ဌဗ္ဗာရုံ) တည်းဟူသော အာရုံငါးပါးဖြင့် ဖြားယောင်းဖျက်ဆီးကြလိမ့်မည်။ သင်မင်းသားသည် ထိုအာရုံငါးပါး နောက်သို့ မလိုက်ဘဲ မိမိ၏စိတ်ကိုစောင့်ထိန်းနိုင်လျှင် ဘီလူးမတို့ရန်ကို ကျော်လွှားနိုင်မည်၊ သို့မဟုတ်ပါက ဘီလူးစား ခံရလိမ့်မည်" ဟူ၍ မိန့်တော်မူကြသည်။

မင်းသားကလည်း"မိမိ၏စိတ်ကို စောင့်ထိန်းနိုင်ပါကြောင်း" လျှောက်ထားသည်။ ထို့နောက် အဖော်ငါးဦးနှင့်အတူ တက္ကသိုလ်ပြည်သို့ ထွက်ခွာသွားသည်။

မကြာမီ တောအုပ်သို့ဝင်မိသည်။ တောအုပ်ထဲတွင် ရွာ၊ အိမ်၊ ဇရပ် စသည်တို့ကို ဖန်ဆင်း၍ နေထိုင်ကြသော ဘီလူးမတို့ကို တွေ့ကြသည်။ ဘီလူးမတို့သည် လူယောင်ဖန်ဆင်းလျက် အဖိုးတန် အဝတ်တန်ဆာများကို ဝတ်ဆင်ကြသည်။

သူတို့ကို တွေ့သောအခါ အဖော်ငါးဦးအနက် တစ်ဦးသည် အဆင်းကို မတပ်မက်ဘဲမနေနိုင်၊ စိတ်ကိုမထိန်းနိုင်၊ နောက်ချန် နေရစ်သည်။ ထိုအခါ မင်းသားကမေးရာ လိမ်ညာ၍ပြောဆိုသည်။

“အရှင့်သား၊ ကျွန်ုပ်ခြေနာနေပါသည်၊ ဇရပ်၌အတန်ငယ် နားနေပြီးမှ လိုက်ခဲ့ပါမည်”

“အဆွေ၊ ဤမိန်းမတို့သည် ဘီလူးမများဖြစ်သည်၊ မတပ်မက်ပါနှင့်”

“အရှင့်သား၊ ဖြစ်လိုရာဖြစ်ပါစေ၊ ကျွန်ုပ် ခေတ္တနေရစ်ပါဦးမည်”

“ဤသို့ဆိုလျှင် သင့်အမှားကို မကြာမီသင်သိရလိမ့်မည်”

မင်းသားလည်း အဖော်ကိုတားမရသဖြင့် ကျန်အဖော် ၄–ယောက်နှင့်အတူ ဆက်လက်ထွက်ခွာလာခဲ့သည်။

ထိုစဉ် အဆင်းတပ်မက်သူထံသို့ ဘီလူးမတစ်ယောက် ရောက်လာသည်။ အဆင်းဖြင့် မြူဆွယ်ပြီးလျှင် ထိုသူ၏အကြိုက်ကိုဆောင်သည်၊ ထို့နောက် ဘီလူးမသည် ထိုသူကို အစိမ်းလတ်လတ် ကိုက်သတ် စားလိုက်သည်။

ဤသို့ အဆင်းကို တပ်မက်သူအား စားပြီးနောက် ဘီလူးမတို့သည် တေးသံ၊ တူရိယာသံ စသည့်အသံဖြင့် မြူဆွယ်ပြန်သည်။ မင်းသား၏ ကျန်အဖော် ၄–ယောက်အနက်မှ တစ်ဦးမှာ အသံကိုတပ်မက်သူဖြစ်သည်၊ ထိုသူသည် မထိန်းနိုင်၊ နောက်ချန်နေရစ်ပြန်သည်၊ ဘီလူးမတို့က ထိုသူ၏အကြိုက်ကိုဆောင်ပြီးနောက် စားပြန်လေသည်။ ထို့နောက် အနံ့၊ အရသာ၊ အတွေ့ ကို့ဖြင့် အမျိုးမျိုးမြူဆွယ်ကြပြန်သည်။ မင်းသား၏ ကျန်အဖော် ၃–ယောက်မှာ မထိန်းနိုင်ကြ၊ တစ်ယောက် ပြီးတစ်ယောက် နေရစ်ကာမှ ဘီလူးမတို့၏ အစာဖြစ်သွားလေသည်။

နောက်ဆုံး၌ မင်းသားဟစ်ဦးတည်းသာ ကျန်တော့သည်၊ ထိုအခါ ဘီလူးမတစ်ယောက်က "ဤယောကျ်ားသည် အလွန်သတ္တိရှိသည်။ မိမိ၏ ကိုယ်စိတ်နှစ်ပါးကို ထိန်းနိုင်သည်။ သို့ရာတွင် ဤသူကို မရ ရအောင် ဖြားယောင်းမည်၊ ဤသူ့အသားကိုစားပြီးမှ ပြန်တော့မည်"ဟူ၍ ကြံစည်သည်။ မိန်းမပျိုယောင်ဆောင်လျက် မင်းသားနောက်မှကပ်၍ လိုက်သွားသည်။

လမ်းခရီးတွင် ခရီးသွားများကမြင်တွေ့သောအခါ "နမငယ် ရှေ့မှ သွားသောယောကျ်ားသည် သင်နှင့်မည်သို့ တော်စပ်သနည်း"ဟု မေးကြသည်။

ဘီလူးမက "အကိုတို့ ဤယောကျ်ားကား ကျွန်ုပ်၏ခင်ပွန်း ဖြစ်ပါသည်"ဟူ၍ လိမ်လည် ပြောဆို၏။

သည်တွင် ခရီးသွားများက မင်းသားအား "အဆွေ ဤမိန်းမသည် အဆင်းလှပ၍ နူးညံ့သိမ်မွေ့၏၊ မိဘများစွန့်၍ သင့်နောက်သို့လိုက်ခဲ့သည်၊ အဘယ်ကြောင့် ကောင်းစွာပြုစုစောင့်ရှောက်၍ ခေါ်မသွားပါသနည်း" ဟူ၍ ပြစ်တင်ပြောဆို၏။

မင်းသားက "အဆွေတို့ ဤမိန်းမသည် ငါ၏မယားမဟုတ်၊ ဘီလူးမတည်း၊ ငါ၏အဖော်များကို သူတို့စားခဲ့ကြပြီ"ဟူ၍ ရှင်းလင်း ပြောပြ၏။

ထိုအခါ ဘီလူးမက "အစ်ကိုတို့ ယောကျ်ားမည်သည် အမျက်ထွက်သောအခါ မိမိ၏ မယားကိုပင် ဘီလူးမ၊ ပြိတ္တာမ စသည်ဖြင့် ဆဲဆိုကြသည်မှာ သင်တို့အသိပင် မဟုတ်လော"ဟူ၍ ပရိယာယ်ဖြင့် ပြန်ပြော၏။

ဤသို့လျှင် ဘီလူးမသည် နောက်မှလိုက်မြဲလိုက်၏။ ဘီလူးမသည် တစ်ခါတစ်ရံ ကိုယ်ဝန်ဆောင် သဏ္ဌာန်ဖန်ဆင်းပြီး တစ်ခါတစ်ရံ သားဖွားပြီးစ မိန်းမအသွင်ဖန်ဆင်း၍ သားငယ်ကိုရင်ခွင်၌

ပိုက်လျက်လိုက်၏။ မြင်တွေ့သူတိုင်းကလည်း ယခင်အတိုင်း မေးမြန်းကြ၏။ ဘီလူးမက ယခင်အတိုင်းဖြေဆို၏။ မင်းသားကလည်း ယခင်အတိုင်း ရှင်းလင်းပြောပြ၏။ ခရီးသွား အများစုသည် ဘီလူးမ၏ စကားကိုပင် အမှန်ထင် ကြ၏။

နောက်ဆုံး၌ တက္ကသိုလ်ပြည်သို့ရောက်သွားသည်။ မင်းသားသည် မြို့ဝင်ခါးအနီး ဇရပ်တစ်ခု၌နားနေသည်။ ဘီလူးမကား မင်းသား၏တန်ခိုး ကြောင့် ဇရပ်အတွင်းသို့မဝင်နိုင်။ အလွန်လှသောမိန်းမပျိုအသွင် ဖန်ဆင်းကာ ဇရပ်တံခါး၌ရပ်နေသည်။

ထိုအခိုက် တက္ကသိုလ်ပြည့်ရှင်ဘုရင်သည် ဥယျာဉ်သို့ ထွက်တော်မူ လာသည်။ ဘီလူးမကိုမြင်လျှင် နှစ်သက်သွားသည်။ မင်းချင်းတစ်ယောက် ကိုစေလွှတ်လျက် အရှင်ယောက်ျားရှိ မရှိ မေးစေသည်။ ဘီလူးမက ယခင်အတိုင်းပင် မင်းသားသည် မိမိ၏လင်ယောက်ျားဖြစ်သည်ဆို၏။ မင်းသားကလည်း ယခင်အတိုင်းပင် မိမိမယားမဟုတ်။ ဘီလူးမဖြစ်သည် ဟုရှင်းပြ၏။ နောက်ဆုံးတွင်ဘုရင်က "အရှင်ယောက်ျားမရှိသူဖြစ်သည်" ဟု ဆိုကာ သိမ်းပိုက်လိုက်သည်။ မိဖုရားကြီးအရာထားလေသည်။

ထိုညမှာပင် ဘီလူးမသည် ထ၍ငိုသည်။ ဘုရင်ကမေးသော် ဘီလူးမက– "အရှင်မင်းကြီး၊ ကျွန်ုပ်မှာ များစွာသောမိဖုရားတို့ အလယ်တွင် နေရသည်။ မိဘဆွေမျိုးမရှိ။ မျက်နှာငယ်လှပါသည်။ လမ်းမှရသည့် မိန်းမဖြစ်သည် ဆိုကြသော် အကျွန်ုပ်မျက်နှာ မဖော်ဝံ့ဘဲ ရှိပါတော့မည်။ ထို့ကြောင့်ကျွန်ုပ်အား တစ်ပြည်လုံးကို အစိုးရသော အခွင့်အာဏာကို ပေးတော်မူပါ " ဟူ၍တောင်းဆို၏။

ဘုရင်က မဖြစ်နိုင်ကြောင်း အတန်တန်ဆိုသည်။ သည်တွင် ဘီလူးမက "ထိုသို့ဆိုလျှင် အကျွန်ုပ်အား နန်းတော်တွင်း၌သော အစိုးရသော အခွင့်အာဏာကိုပေးပါ" ဟုဆို၏။

ဘုရင်လည်း ဘီလူးမကို အလွန်တပ်မက်နေသဖြင့် ဘီလူးမစကားကို မပယ်ရှားနိုင်။ အလိုသို့လိုက်၍ နန်းတော်တွင်းအစိုးရသော အခွင့်အာဏာကိုပေးလိုက်ရသည်။

မကြာမီ ဘုရင်အိပ်ပျော်လျှင် ဘီလူးမသည် ဘီလူးမြို့သို့သွား၍ ဘီလူးတို့ကို ခေါ်လာခဲ့သည်။ သူသည် ဘုရင်ကို ကိုက်သတ်စားသည်။ ကျန်ဘီလူးတို့က နန်းတွင်းရှိ ယောက်ျား၊ မိန်းမ၊ ခွေး၊ ကြက် စသည်တို့ပါမကျန် အားလုံးကို စားပစ်ကြသည်။ အရိုးများကိုသာထား၍ ထွက်ခွါသွားကြလေသည်။

နံနက်မိုးသောက်သော် အရိုးများဖြင့်ပြည့်နှက်နေသော နန်းတော်ကို လူတို့မြင်ကြရသည်။ ထိုအခါမှ "မိမိ၏မယားမဟုတ် ဘီလူးမဖြစ်သည်" ဟု ပြောခဲ့သော ယောကျ်ားကို လေးစားမြတ်နိုးသွားကြသည်။ "ထိုယောကျ်ားသည် မှန်သောစကားကိုဆိုသည်။ သတိပညာနှင့် ပြည့်စုံသည်။ ထိုသူကို မင်းမြှောက်ရသော် ငါတို့တိုင်းပြည်ချမ်းသာ၍ စည်ပင် သာယာဝပြောလိမ့်မည်" ဟု ဆိုကာမင်းသားကို မင်းမြှောက် ကြသည်။

ဆိုအပ်ပြည့်ရှိသော ခွက်ကို ဆီမဖိတ်ရအောင် ဆောင်ယူသကဲ့သို့ မင်းသားသည် မိမိ၏စိတ်ကို သတိကြီးစွာဖြင့်ထိန်းချုပ်နိုင်ခဲ့သည်။ ထို့ကြောင့် အသက်မသေဘဲ မင်းအဖြစ်ကိုရလေသည်။

မင်းဖြစ်သောအခါ မင်းသားသည် မင်းကျင့်တရားနှင့်အညီ မင်းပြု၍ ပြည်သူတို့ အကျိုးကို ဆောင်ရွက်ရလေသည်။

◆◆◆◆◆◆◆◆◆◆◆◆

## 7 BAHU THIT TSIN TSA, RTAN MINGALA MUKTA MAN.

Machye machyang law htam ai gaw myat ai mingala nga ma ai.

## "MACHYE MACHYANG LAW HTAM AI SHAWN"

Mai shawng de kutha wadi mung hta maha thammata hkaw hkan up hkang ai Dai hkaw hkam wa a lakhtak hta pung na marai sanit gaw rau jing hku hku iet mare kahtawng ni de hkan ning wan ma ai rai. Bedin ta maka hkaw nna sut gan tam ma ai rai. lu la wa ai gum hpraw ni hpe mahkawng tawn ma ai. Na wa ai shaloi gum hpraw manga tsa mahkawng hkrup ma ai rai.

Dai gumhpraw ni hpe pungna nkau mi gaw garan la mayu ma ai. Rai tim nkau mi gaw nkam garan ma ai rai.

"Anhte gaw marai sanit rai ga ai. Gum hpraw manga tsa hpe garan la na ten re nre. Ndai gumhpraw manga tsa hpe matsan gaita num kaw ap tawn nhtawm gum hpraw sanit tsa hpring hkra naw tam la ging ai " ngu nna tsun ma ai.

Dai hpe yawng myit hkrum ma ai. gum hpraw manga tsa hpe matsan gai ta num kaw ap tawn ma ai. Gai ta num hpe mung "Ndai gum hpraw manga tsa

hge nang atsawm sha sim tawn u. Anhte marai sanit nhpring ai sha marai langai lahkawng sa hpyi jang hkum ya yaw " ngu nna htet da ma ai rai.

. Dai hpang pungna marai sanit rau pru mat wa ma ai. Matsan gaita num a nta hte nni ntsan re n arawn yang na lu na daram re shara kaw du ai shaloi hka shi langai mi hpe mu ma ai. Shaloi pung na ni a s[illegible]ngra baw bung hkrut mang gala galaw na matu hkyen ma ai. Rai tim taw yaw sum gawn si n lawm ai majaw rau lawm sa wa ai kaji htum pungna langai hpe " matsan gaita num kaw sa n htawm sum gawn si taw yaw sa hpyi u" ngu nna sha ngun dat ai.

Pung na kaji gaw myit malang ai wa nre. Matsan gaita num kaw du ai shaloi taw yaw sum gawn si sha nka gum hpraw manga tsa hpe mung hpyi u ai.

Matsan gaita num gaw "nanhte marai sanit hkum hkum ra ra sa hpyi jang she shaw ya u nga nna ap tawm madai. Ya nang hkrai sha sa hpyi ai majaw n ya lu n ngai." ngu nna ndang ai rai.

Pungna kaji gaw "ngai hpe nkam yang gaw pungna kaba ni hpe marawn nna san yu u" ngu myit magaw hte tsun u ai.

Shaloi matsan gaita num gaw "madu pungna kaba ni e, ap tawn ai gumhpraw hpe ya dat ra na kun?" Ngu nna jahtau let san u ai.

Pungna marai kru mung taw yaw sum gawn si hpe san ai shadu nna "ya dat u" ngu marawn tsun ma

ai rai. Pung na kaji gaw "ngai tsun ai ga hpe kam sani? Ya nan gum hpraw manga tsa hpe shaw ya rit" ngu nna kahtap hpyi u ai. Dai majaw matsan gaita num gaw pung na kaji hpe taw yaw sum gawn si sha nka gum hpraw manga tsa hpe mung ya ya dat u ai.

Pungna kaji mung gumhpraw manga tsa hpe shara langai mi kaw makoi tawn da ai. Taw yaw sum gawn si hpe sha pungna kaba ni hpe ya ai. Yawng baw bung hkrut manggala galaw ngut ai hpang hkrun lam bai matut nna sa wa ma ai rai.

Shana maka de du ai shaloi kahtawng langai mi hta yup ma ai. Dai shana hta nan pung na kaji gaw hprawng pru mat wa nhtawm makoi tawn ai gum hpraw manga tsa hpe la ai. Dai hpang hka li jawn nna hka awra hkran de rap nhtawm hprawng mat u ai rai.

Jahpawt nhtoi htoi ai shaloi pung na kaba ni g aw pungna kaji hpe nmu ai majaw nkam wa nna matsan num hpang de bai nhtang wa let sagawn yu ma ai. Dai shaloi gumhpraw ni hpe pungna kaji la hprawng mat ai lam chye lu ma ai rai.

Pungna kaba ni gaw myit n gut ai majaw mastan num hte tsun htai lai ma ai rai.

"Anhte marai sanit hkum hkum tsup tsup sa hpyi jang she gumhpraw hpe shaw ya u ngu tsun nga ning len, ya gaw pungna kaji shi hkrai hpe sha shaw ya dat ai i?"

"Ngai nkam ai majaw marawn nna san yu nngai le. Madu pun.gna kaba ni yawng ya dat u nga ai majaw re le. Dai gum hpraw shaw ya ai

majaw ngai hta lit nnga ai". Pungna kaba ni mung " lit nga nnga hpe hkaw hkam wa kaw shawk san yu nhtawm daw dan ga hpe hkap la na re". Ngu nna hkaw hkam wa hpang de sa shawk ma ai rai. Hkaw hkam wa mung matsan num hpe shaga nna jep yu u ai.

"Pungna marai sanit ap tawn ai gumhpraw hpe shanhte yawng sa hpyi jang she ya u nga nna pungna ni htet da ma ni."

"Htet da ma ai".

"Dai rai yang gumhpraw manga tsa hpe nang nan wa ya u."

"Ngai gaw matsan gaita num rai nngai. Hpa re nchye ai kasha shayi sha langai hpe sha manang shatai nna nga nngai. gum hpraw hpe gra hku nna nwa lu na re."

Dai shaloi hkaw hkam wa gaw "gum hpraw nwa lu jang nang nan dai pungna kaba ni kaw mayam yam u". Ngu nna daw dan dat u ai rai.

Hkaw hkam wa daw dan ai hte maren matsan gaita num gaw pungna kaba htum ai wa a nta kaw nna npawt hapng let shata chyen mi, shata chyen mi hku pungna marai kru kaw mayam yam nga u ai rai. Dai rai nna kasha num sha wa gaw kaba wa nu ai. Shayi sha dai wa gaw lak lai sum nung ai. Shi gaw laili lai ka ni chyum laika ni hpe sharin la ai. Sawk sagawn matsing sumhting ai. Masha kaba ni a sharin shaga ai hpe mung atsawm sha madat mara matsing tawn ai. Dai majaw machye machyang law htam ai wa tai wa ai.

Dai shayi sha gaw asak 18-ning du wa ai shaloi kanu hpe "anu e, hpa majaw pungna marai kru kaw

langai hpang langai mayam yam nga a ni? Masha ni mayam yam yang madu langai sha rai ma ai. Anu gaw madu marai kru ting nga ai wa i? Hpa majaw dai zawn byin nga a ni?" Ngu nna san u ai.

Kanu mung pungna ni gum hpraw ap ai kaw nna byin ai lam yawng hpe bai nhtang hkai dan u ai.

Dai ga hpe na ai shaloi shayi sha gaw "madu hkawhkam e, na mung dan hta masha ni mayam yam ma ai gaw madu langai sha nga ai re. Ne nu mayam yam ai gaw madu marai kru ting wa nga taw nga ai le. Dai lam hte seng nna ngai myit n gut lu nngai. Madu hkaw hkam wa a man e pungna ni hte tara dang rang mayu nngai. Shan hte hpe sha ga u". ngu nna shawk u ai rai.

Hkawhkam wa mung shayi sha a ga hpe na ai shaloi "Nan nu gaw tara deng rai mit dai. Dang rang mayu yaung dang rang mu." nga nna pungna marai kru hpe shaga ya u ai.

Pungna marai kru du wa ai shaloi shayi sha wa gaw "Madu hkaw hkam e, ngai hpe gum hpraw manga tsa jahkring mi hkoi ya rit" ngu nhtawn hkaw hkam wa kaw na gumhpraw manga tsa hkoi la u ai. Hkaw hkam wa mung gum hpraw manga tsa hkoi ya dat u ai.

Shayi sha mung gumhpraw manga tsa makai hpe lang let pungna ni hpe hpyi shawn u ai.

"Madu pungna ni e, ne kanu gaw gumhpraw manga tsa hpe nwa lu ai majaw nanhte kaw mayam yam taw nga ra ai. Ya gumhpraw hpe wa ya jang mayam prat kaw nna dat ya na kun? ngu nna san u ai. Pungna ni mung "dat ya na" nga nna hkam la ma ai.

Dai shaloi shayi sha wa gaw "ya gum hpraw lu sai. Ngai wa ya mayu nngai. Nan hte ap ai ten na pungna marai sanit hpring hkra shaga mu" ngu tsun u ai. Pungna marai kru mung sanit nhpring ai majaw gumhpraw nhkap la lu ma ai. Gum hpraw lagu hprawng mat wa ai pungna kaji wa gara ga de hprawng mat wa ai re mung nchye. Mu hkra mung nchye tam. Kaning nchye di rai mau taw ma ai rai.

"Ndai num shayi sha gaw machye machyang law htam ai. Anhte a hkaw hkam wa je yang ai lam loi mi ra nga ai.

ndai shayi sha hte bawng ban nhtawm mung dan ma sa hpe daw dan je yang lu yang gaw htam latsa mung masa grau galu kaba wa na re". Ngu nna shada da tsun taw nga ma ai rai. Pungna marai kru ni pyi nnga lu ai sha shakawn ma ai rai.

Hkaw hkam wa mung " ngai je yang ai tara gaw shut shai la nga ai. Dai ni kaw nna matsan num hpe mayam prat kaw na lawt u ga. Ne tara je yang lam shut ai majaw hkoi ya ai gum hpraw manga tsa hpe shawa jahpu ngu ai hku nna la kau manu" ngu nna galai daw dan dat u ai.

Dai hpang hkaw hkam wa gaw shayi sha wa a machye machyang law htam ai lam, hpaji rawng ai lam ni hpe hkung ga ra sharawng ai majaw num shayi sha wa hpe hkaw hkam jan shatai la u ai rai. Mung masa lam ni hpe bawng ban let san la la rai u ai rai.

၇။ ဗာဟုသစ္စဉ္စ၊ ဧတံ မင်္ဂလ မုတ္တမံ။

အကြားအမြင်များခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

# "အကြားအမြင် များသူ"

တစ်ရံရောအခါ ကုသဝတီပြည်၌ မဟာသမ္မတမင်း စိုးစံသည်။ ထိုမင်းလက်ထက်တွင် ပုဏ္ဏားခုနစ်ယောက်တို့သည် ကောင်းတူ ဆိုးဖက် အဆွေခင်ပွန်းဖွဲ့ကြပြီးလျှင် အမြို့မြို့ အရွာရွာသို့ လှည့်လည်ကြသည်။ ဗေဒင်လက္ခဏာ ဟော၍ စီးပွားရှာကြသည်။ ရလာသော ငွေကြေးတို့ကို စုဆောင်းကြသည်။ အတန်ကြာသော် အသပြာငါးရာ စုဆောင်းမိလာသည်။

ထိုငွေတို့ကို ပုဏ္ဏားအချို့က ခွဲဝေယူလိုကြသည်။ သို့ရာတွင် အချို့က ခွဲဝေယူရန် ဆန္ဒမရှိကြ။

"ငါတို့ကား ခုနစ်ယောက်ဖြစ်သည်။ အသပြာငါးရာမျှဖြင့် ဝေယူရန် မသင့်သေး၊ သည်အသပြာငါးရာကို သူဆင်းရဲမထံ၌ အပ်နှံထားပြီးလျှင် အသပြာခုနစ်ရာပြည့်အောင် နောက်ထပ်ရှာသင့်သည်"ဟူ၍ ဆိုကြသည်။

ထိုအကြံကို အားလုံးသဘောတူကြသည်။ အသပြာငါးရာကို သူဆင်းရဲမ တစ်ယောက်ထံ အပ်နှံထားကြသည်။ သူဆင်းရဲမကိုလည်း "ဤအသပြာငါးရာကို အသင် ကောင်းစွာ သိမ်းဆည်းထားပါ၊ ငါတို့ ခုနစ်ယောက် စုံစုံညီညီ လာရောက်တောင်းမှ ပေးပါ။ ခုနစ်ယောက်မပြည့်တဲ့ တစ်ယောက်နှစ်ယောက် လာတောင်းရုံမျှဖြင့် မပေးပါနှင့်" ဟူ၍ မှာကြား ထားလေသည်။

ထိုနောက် ပုဏ္ဏားခုနစ်ယောက် အတူထွက်ခွါသွားကြသည်။ သူဆင်းရဲမ၏အိမ်နှင့် မနီးမဝေး လှမ်း၍ခေါ်သံကြားလောက်သော အရပ်သို့ ရောက်သောအခါ ချောင်းတစ်ခုကိုတွေ့ကြသည်။ ဤတွင် ပုဏ္ဏားတို့ ဘာသာဘာဝ ဦးခေါင်းဆေးမင်္ဂလာပြုရန် ပြင်ဆင်ကြသည်။ သို့ရာတွင် တရော်, ကင်ပွန်း မပါသဖြင့် အတူပါလာသူ ပုဏ္ဏားငယ် တစ်ယောက်အား "ဆင်းရဲသူမထံသွား၍ တရော်, ကင်ပွန်း တောင်းချေ"ဟု စေလိုက်သည်။

ပုဏ္ဏားငယ်သည် ရိုးသားသူမဟုတ်။ သူဆင်းရဲမထံရောက်သောအခါ တရော်, ကင်ပွန်းကိုသာမက အသပြာငါးရာကိုပါတောင်းလေသည်။

သူဆင်းရဲမကလည်း "သင်တို့ခုနစ်ယောက် တညီတညွတ်တည်း လာမှ ပေးပါ" ဟူ၍ အပ်နှံခဲ့သည်၊ ယခုတစ်ယောက်တည်း လာတောင်းသဖြင့် မပေးနိုင်ပါ"ဟု ဆို၍ငြင်းဆန်သည်။

ပုဏ္ဏားငယ်က "ကျွန်ုပ်ကို မယုံသော် ပုဏ္ဏားကြီးတို့အား ဟစ်၍ မေးလော့"ဟု ပရိယာယ်ဖြင့် ဆိုသည်။

သည်တွင် သူဆင်းရဲမက "အရှင်ပုဏ္ဏားကြီးတို့ အပ်ခဲ့သော ဥစ္စာကို ပေးလိုက်ရမည်လော"ဟု ဟစ်၍မေးသည်။

ပုဏ္ဏားခြောက်ဦးတို့ကလည်း တရော်, ကင်ပွန်းကို မေးသည် ထင်၍ "ပေးလိုက်ပါ"ဟု ဟစ်၍ဆိုကြသည်။ ပုဏ္ဏားငယ်က "ကျွန်ုပ် ပြောသည်ကို ယုံပြီလော၊ ယခုပင် အသပြာငါးရာကိုထုတ်ပေးပါ"ဟု ထပ်မံတောင်းဆိုသည်။ ဤသို့ဖြင့် သူဆင်းရဲမသည် ပုဏ္ဏားငယ်အား တရော်, ကင်ပွန်းကိုသာမက အသပြာငါးရာကိုပါ ပေးလေသည်။

ပုဏ္ဏားငယ်လည်း အသပြာငါးရာကို တစ်နေရာ၌ ဝှက်ထားသည်။ တရော်, ကင်ပွန်းကိုသာ ပုဏ္ဏားကြီးတို့ကိုပေးသည်· အားလုံး ခေါင်းဆေးမင်္ဂလာပြုပြီးကြသော် ခရီးဆက်၍ သွားကြသည်။

ညဘက်သို့ရောက်သောအခါ ရွာငယ်တစ်ရွာတွင် အိပ်ကြသည်။ ထိုညမှာပင် ပုဏ္ဏားငယ်သည် ထွက်ပြေးကာ ဝှက်ထားသော အသပြာငါးရာကိုယူသည်။ ထို့နောက် လေ့စီး၍ မြစ်တစ်ဖက်ကမ်းသို့ ကူးကာ ထွက်ပြေးလေသည်။

နံနက်မိုးသောက်သောအခါ ပုဏ္ဏားကြီးတို့သည် ပုဏ္ဏားငယ်ကို မမြင်သဖြင့် မယုံသင်္ကာရှိလာကြသည်။ သို့ဖြင့်သူဆင်းရဲမထံ ပြန်လာလျက် စုံစမ်းကြသည်။ ထိုအခါ ဥစ္စာတို့ကို ပုဏ္ဏားငယ်ယူပြေးကြောင်း သိရတော့သည်။

ပုဏ္ဏားကြီးတို့က မကျေနပ်သဖြင့် သူဆင်းရဲမနှင့် အချေအတင် ပြောဆိုကြသည်။

"ငါတို့ခုနစ်ယောက် အစုံအညီလာရောက်တောင်းမှ ဥစ္စာပေးပါဟု ဆိုခဲ့သည်။ ယခု ပုဏ္ဏားငယ်တစ်ယောက်တည်းကို ပေးလိုက်ရသလော"။

"ကျွန်မ မယုံ၍ ဟစ်မေးပါသေးသည်။ အရှင်ပုဏ္ဏားတို့အားလုံးက ပေးလိုက်ပါဟု ဆိုသည်မဟုတ်ပါလော။ ထို့ကြောင့် ကျွန်မက ပုဏ္ဏားငယ်ကို ဥစ္စာပေးလိုက်သည်။ သို့ပေးသည့်အတွက် ကျွန်မ၌ တာဝန်မရှိပါ"

ပုဏ္ဏားကြီးတို့ကလည်း "သင့်၌တာဝန်ရှိ၊ မရှိကို မင်းကြီးထံ လျှောက်ထား၍ အဆုံးအဖြတ်ယူမည်"ဟု ဆိုကာ ဘုရင်ထံသွား၍ လျှောက်ထားကြသည်။ ဘုရင်လည်း သူဆင်းရဲမကို ခေါ်ယူစစ်ဆေးသည်။

"ပုဏ္ဏားခုနစ်ယောက် အပ်နှံသောဥစ္စာကို သူတို့အားလုံး တောင်းလာမှပေးပါဟု ပုဏ္ဏားတို့ မှာခဲ့သလော"

"မှာခဲ့ပါသည်"

သို့မှာခဲ့လျက်နှင့် တစ်ယောက်တည်းက တောင်းလာသည်ကို သင်းပေးပါသလော"

"ပေးမိပါသည်"

"ဤသို့ဆိုလျှင် အသပြာငါးရာကို အသင်ကပင် အလျော်ပေးရမည်"

"ကျွန်တော်မျိုးမမှာ ဆင်းရဲသူမုဆိုးမဖြစ်ပါသည်။ လူမမည် သမီးကလေး တစ်ယောက်ကိုသာ အဖော်ပြု၍နေရပါသည်။ ဥစ္စာကိုအလျှော် မပေးနိုင်ပါ"။

ထိုအခါဘုရင်က "ဥစ္စာကို မပေးနိုင်လျှင် သင်ကိုယ်တိုင် ပုဏ္ဏားကြီး တို့ထံတွင် ကျွန်ခံလေ"ဟူ၍ စီရင်လိုက်လေသည်။

ဘုရင်စီရင်ချက်အတိုင်းပင် သူဆင်းရဲမသည် ပုဏ္ဏားအကြီးဆုံး အိမ်ကစ၍ လခွဲစီ၊ ပုဏ္ဏားခြောက်ဦးထံ ကျွန်ခံရရှာသည်။ ထိုစဉ် လူမမည်သမီးကလေးလည်း ကြီးပြင်းလာသည်။ သမီးကလေးသည် ထူးခြားလိမ္မာသည်။ သူသည်စာပေ ကျမ်းဂန်များကိုသင်ယူသည်။ လေ့လာ ဖတ်ရှု မှတ်သားသည်။ လူကြီးသူမတို့၏ အဆုံးအမကိုလည်း ကောင်းစွာ နာယူ မှတ်သားသည်။ အကြားအမြင်များသူဖြစ်လာသည်။

ထိုသမီးငယ်သည် ၁၈-နှစ်သမီးအရွယ်သို့ ရောက်လျှင် မိခင်အား "မိခင်၊ အဘယ်ကြောင့် ပုဏ္ဏားခြောက်ယောက်တို့ထံတွင် တစ်လှည့်စီ ကျွန်ခံနေရပါသနည်း။ အခြားသူတို့မှာ ကျွန်ခံရသော်လည်း အရှင် တစ်ယောက်တည်းသာရှိသည်။ မိခင်မှာကား အရှင်ခြောက်ယောက်ပင် ရှိနေသည်။ မည်သည့်အမှုကြောင့် ဤသို့ပြုရပါသနည်း"ဟု မေးမြန်းသည်။

မိခင်ကလည်း ပုဏ္ဏားတို့ ဥစ္စာအပ်နှင်းသည်ကစ၍ ဖြစ်သမျှ အကြောင်းစုံကို ပြန်ပြောပြသည်။

ထိုစကားကိုကြားသော် သမီးငယ်က"အရှင်မင်းကြီး၊ အရှင့် ပြည်တော်ဝယ် သူတစ်ပါးတို့ကျွန်ဖြစ်ကြသည်မှာ အရှင်သခင်ဆို၍ တစ်ယောက်သာရှိပါသည်။ ကျွန်တော်မျိုးမ၏ မိခင် ကျွန်ဖြစ်ရသည်မှာမူ အရှင်ခြောက်ယောက် ရှိနေပါသည်။ ယင်းကိစ္စကို ကျွန်တော်မျိုးမ မကျေနပ်ပါ။ အရှင့်ရှေ့တော်ဝယ် ပုဏ္ဏားတို့နှင့် တရားဆိုလိုပါသေးသည်။ ခေါ်တော်မူပါဟု"လျှောက်၏။

ဘုရင်လည်း အမျိုးသမီးငယ်၏ စကားကိုကြားလျှင် "သင်တို့သားအမိသည် တရားလိုဖြစ်ပေသည်။ ဆိုလိုကဆိုပါစေ"ဟု ပုဏ္ဏားခြောက်ယောက်ကို ခေါ်ပေးသည်။

ပုဏ္ဏားခြောက်ယောက်တို့ ရောက်လာသော် အမျိုးသမီးငယ်က "အရှင်မင်းကြီး၊ ကျွန်တော်မျိုးမကို အသပြာငါးရာ ခေတ္တချေးပါ"ဟု ဆို၍ ဘုရင့်ထံမှအသပြာငါးရာကိုချေးယူသည်။ ဘုရင်ကလည်း အသပြာငါးရာကို ချေးငှါးလိုက်သည်။

အမျိုးသမီးငယ်သည် အသပြာငါးရာထုပ်ကိုကိုင်လျက် ပုဏ္ဏားတို့အား အရေးဆိုသည်။ "အရှင်ပုဏ္ဏားတို့ ကျွန်မ၏မိခင်သည် အသပြာငါးရာကို မပေးနိုင်သဖြင့် အရှင်တို့ထံတွင် ကျွန်ခံနေရပါသည်။ ယခုအသပြာကိုပေးအပ်လျှင် ကျွန်အဖြစ်ကလွတ်မည်လော"ဟု မေးသည်။ ပုဏ္ဏားတို့ကလည်း "လွတ်ပါမည်"ဟု ဝန်ခံကြသည်။

ထိုအခါ အမျိုးသမီးငယ်က "ယခုငွေရပါပြီ။ ကျွန်မ ပေးဆပ်ပါတော့မည်။ အပ်နှံရင်း ပုဏ္ဏားခုနစ်ယောက်ပြည့်အောင်ခေါ်ပါ"ဟု ဆိုသည်။ ပုဏ္ဏားခြောက်ယောက်တို့မှာ ခုနစ်ယောက်မပြည့်၊ ငွေကိုလက်မခံနိုင်၊ ငွေခိုးသွားသော ပုဏ္ဏားငယ်သည် မည်သည့်အရပ်သို့ ထွက်ပြေးသည်ကိုလည်းမသိ။ တွေ့အောင်လည်းမရှာနိုင်။ မည်သို့မျှ မတတ်နိုင်အောင် ဖြစ်ကြရသည်။

ထိုအခါ မှူးမတ်တို့သည် အမျိုးသမီးငယ်၏ ဉာဏ်ပညာကို အံ့ချီးမဆုံးရှိကြသည်။ "သည်အမျိုးသမီးငယ်သည် အကြားအမြင်များလှသည်။ တရားအရာ၌ လိမ္မာတတ်ကျွမ်းလှသည်။ ငါတို့မင်းကြီးစီရင်ခြင်းသည် အတန်ငယ်ချွတ်ယွင်းသည်။ သည်မိန်းမငယ်နှင့် တိုင်ပင်၍ ပြည်ထဲရေးကို စီရင်ရသော် အဆတစ်ရာ ပြည့်အရေးသာလိမ့်မည်"ဟု အချင်းချင်းပြောကြသည်။ ပုဏ္ဏားခြောက်ယောက်တို့ပင် မနေသာ ချီးကျူးသမှု ပြုကြရသည်။

ဘုရင်ကလည်း"ငါစီရင်သောတရားကား ယွင်းမှားပေစွ၊ ယနေ့မှ စ၍ သူဆင်းရဲမကို ကျွန်အဖြစ်မှလွတ်စေ၊ ငါတရား မှားသည့်အတွက် ကြောင့် အမျိုးသမီးငယ် ချေငှါးသောအသပြာငါးရာကို လျော်ကြေး အဖြစ် အပြီးအပိုင်ယူစေ"ဟူ၍ ပြောင်းလဲ စီရင်လိုက်လေသည်။

ထိုနောက်ဘုရင်သည် အမျိုးသမီးငယ်၏ အကြားအမြင်များမှု၊ ဉာဏ်ပညာရှိမှုကို လေးစားမြတ်နိုးသဖြင့် အမျိုးသမီးငယ်ကို မိဖုရား မြှောက်လိုက်လေသည်။ ပြည်ထဲရေးကို တိုင်ပင်နှီးနှောခြင်းပြုလေသည်။

**********

8.THIK PIN TSA,
ETAN MINGALA MUKTAMAN.
Jak hpaji ta hpaji chye chyang ai gaw myat ai mingala nga ma ai.

## "N DUP LA WA"

Moi shawng de kathi ginwang e nga ai kahtawng langai mi hta matsan ai ndup shan hting gaw nga ma ai. shan hta la kasha shabrang langai mi lu ma ai. shabrang la kasha mung ndup bungli hpe nan glaw u ai. Shi gaw ndup hpaji hpe shakut nna sharin la tawn ai majaw ndup hpaji hpe lak lai nna ram dik ai hku chye chyang u ai rai. Nhtu, nri kaw na hkawt samit kasha du hkra hpri rai ni amyu myu hpe lak lai nna chye galaw u ai. Ndup la shabrang wa nga ai kahtawng makau e nta hting gaw hkying mi nga ai ndup kahtawng kaba langai nga ai. Dai kahtawng salang wa ndup sara kaba hta shayi hkawn sek langai nga ai. Shayi jan wa gaw grai tsawm htap let grai sumnung sing di ai. Shayi jan a satang gaw makau grup yin kahtawng ni du hkra mawng let na lu ma ai. Shayi jan a satang hpe na ai shaloi ndup la sha brang wa gaw pyi nmu yu tim grai tsawra myit byin paw pru wa ai rai. Dai majaw shi gaw "ne hpaji marai hpe madun nna shayi jan hpe lu la hkra di na nngai" ngu myit u ai rai.

Shi gaw kaja dik ai hpri hte kaji dik ai samit langai hpe galaw ai. Samit hta samit na waw nhtawm hka ntsa waw hkra galaw ai. Dai hpang dai samit hte bung ai samit kawk hpe galaw ai. Samit hpe dai samit kawk hta bang ai. Dai hpang dai zawn re samit kawk langai hpe galaw jat ai. mi na samit kawk hpe samit kawk n nan hta bang u ai. Dai zawn kahtap kahtap Samit kawk sanit du hkra galaw u ai. Dai hpang dai hpe samit ntum hta bang nhtawm ndup kahtawng de la sa u ai rai.

Shi gaw ndup sara kaba wa a nta makau de du ai shaloi "samit dut na" ngu nna marawn jahtau u ai.

Dai ten hta ndup sara kaba wa a kasha shayi mahkawn gaw kawa ndup sara kaba wa hpe layit yit ya taw nga ai. Shayi sha gaw ndup shabrang la wa a n sen hpe na ai shaloi nta ka ta na pru wa nhtawm yu ngwi nsen hte ning ngu tsun u ai.

"Atsa e, ndai kahtawng gaw ndup kahtawng re ai hpe nchye nni? kaga kahtawng na ni pyi samit ra jang anhte kahtawng de sa mari ma ai. Atsa a samit hpe kaga kahtawng de she sa dut u."

"Hkri e, ndai kahtawng gaw ndup sara ni law law nga ai kahtawng re hpe ngai atsa chye nngai. Atsa a samit gaw kaga samit ni hte nbung ai. Grai lak lai ai re. Dai majaw ahkri ni kahtawng de sa dut nngai re. Atsa a samit hpe ahkri a kawa lama mu yang gaw atsa a hpaji hpe shakawn let ahkri hte pyi ta matut ya na re nhten".

Dai ga hpe na ai shaloi ndup sara kaba wa gaw ndup shabrang la wa hpe nta de shaga la u ai. ndup shabrang la wa du ai shaloi "ahkau e, na a samit hpe madun yu rit" ngu tsun u ai. Ndup shabrang wa gaw "Atsa sara kaba nang hkrai sha yu ai hta kaga ndup sara ni hte rau yu yang grau mai na re." Ngu nna tsun u ai. Dai majaw ndup sara kaba wa gaw kahtawng kata e nga ai kaga ndup sara ni hpe mung shaga kahkyin la nhtawm yu sha ngun u ai rai.

Masha hkum jang ndup shabrang wa gaw samit ntum hpe shaw ya u ai. Ndup sara kaba wa gaw samit ntum kaw na samit kawk hpe shaw yu nna san u ai.

"Ahkau, ndai samit re ni?"

" Samit re nre, samit kawk she re."

Ndup sara kaba wa gaw samit kawk hpe atsawm sha yu yu ai. Samit kawk hta na tu taw nga ai majaw samit kawk hte nbung ai sha samit hte bung taw nga ai. Samit ngu nna shadu hpa rai nga ai. Dai hta nka samit kawk ngu na hku mung magap mung nmu lu. matut ai hka mung nmu lu. Mau hpa she rai nga ai.

Dai ten hta ndup shabrang wa gaw ndup sara kaba wa lata na samit kawk hpe la nhtawm ta lamyin hte mahkret let samit kawk sanit hpe langai hpang langai raw dan u ai. Hpang jahtum e she samit Lasha paw pru wa ai rai.

Ndup shabrang wa gaw "Atsa e, ndai gaw samit re" nga nna samit hpe ndup sara kaba wa hpe

ya dat u ai. Ndup sara kaba, ngam ai ndup sara ni hte shawa masha yawng mau shakawn nhtum rai nga ma ai rai.

Ndup shabrang wa gaw dai daram hte nhkring nga lu ai. Tinang a marai hpe madun na matu ndup pa Punghkum hpe hpyi u ai. Hka hpring hkra bang tawn ai magri gawm hpe mung hpyi u ai.

Shi hpyi ai arai ni hpe lu ai shaloi ndup shabrang wa gaw ndup la wa ngan langai mi hpe ndup pung hkum hpe jum tawn shangun u ai. Kaga langai mi hpe dai ndup pa lawu e hka bang tawn ai magri gawm hpe jum tawn shangun u ai.

Yawng rai sai nga ai shaloi shi gaw samit hpe ndup pa hta jung nhtawm sumdu hte aja wa ga yet jahkrat dat u ai. Dai shaloi samit gaw ndup pa pung hkum hpe hkren rai ding hkren nhtawm hka gawm kata de hkrat mat wa ai. Hkrat ai shaloi hka lawu de mung ndu.

Hka ntsa e mung nwaw, hka lapran e sha tsap taw nga ai rai.

" Anhte gaw ndai daram hkrak ai. Heng ai samit hpe galaw chye na hkum tsun mu pyi n mu ga ai ngu n na ndup sara ni yawng hkam la tsun shaga ma ai rai. Ta lahpum gayet nhtawm shakawn shagrau ma ai rai.

Ndup sara kaba wa gaw ndup shabrang la wa a hpaji marai hpe manu mana yu ra mat u ai. Dai shara hta nan shi kasha num shayi sha hte ta kahtap hking ran ya u ai rai.

၈။ သိပ္ပဉ္စ၊ ဧတံ မင်္ဂလ မုတ္တမံ။

စက်မှုလက်မှုပညာတတ်မြောက်ခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

# "ပန်းပဲလုလင်"

ရှေးသရောအခါ ကာသိတိုင်းရှိရွာတစ်ရွာ၌ ဆင်းရဲသော ပန်းပဲသမား လင်မယားနှစ်ယောက်ရှိသည်။ သူတို့တွင် သားလုလင်ပျို တစ်ယောက် ရှိသည်၊ လုလင်ပျိုသည် ပန်းပဲအလုပ်ကိုပင် လုပ်ကိုင်သည်။ သူသည် ပန်းပဲပညာကို အထူးကြိုးစားသင်ယူထားသဖြင့် ပန်းပဲပညာကို ထူးချွန်စွာ တတ်မြောက်သည်။ ဓါး, လှံတို့မှအစ အပ်တို့အထိ သံထည်ပစ္စည်း အမျိုးမျိုးကို ထူးခြားစွာ ပြုလုပ်တတ်သည်။ ပန်းပဲလုလင်ပျိုနေထိုင်ရာ ရွာအနီးတွင် အိမ်ခြေတစ်ထောင်ရှိသော ပန်းပဲရွာကြီးတစ်ရွာရှိသည်။ ထိုရွာရှိအကြီးအကဲဖြစ်သူ ပန်းပဲဆရာကြီးတွင် သမီးပျိုတစ်ယောက် ရှိသည်။ သူမသည် လှပတင့်တယ်သည်၊ လိမ္မာယဉ်ကျေးသည်၊ သူမ၏ ဂုဏ်သတင်းသည် အနီးပတ်ဝန်းကျင်ရှိ ရွာများတိုင်အောင် သင်းပျံ့သည်။ သူမ၏ဂုဏ်သတင်းကို ပန်းပဲလုလင်ကြားသောအခါ မမြင်ဖူးဘဲနှင့် မေတ္တာသက်ဝင်သည်။ ထို့ကြောင့် သူသည် မိမိ၏ပညာစွမ်းကိုပြ၍ မိန်းမပျိုကို ရအောင်ဆောက်နင်းမည်"ဟူ၍ ကြံစည်ကြိုးစားသည်။

သူသည် အလွန်ကောင်းသောသံဖြင့် အလွန်သေးငယ်သော အပ်တစ်ချောင်းကို ပြုလုပ်သည်။ အပ်တွင် နဖားထွင်းပြီးလျှင် ရေပေါ်၌ ပေါ်အောင် စီမံပြုလုပ်ထားသည်။ ထို့နောက် ထိုအပ်နှင့်အလားတူသော အပ်အိမ်ကိုပြုလုပ်သည်။ အပ်ကို ထိုအပ်အိမ်ထဲတွင်ထည့်သည်၊ ထို့နောက်

အလားတူ အပ်အိမ်တစ်ခုကို လုပ်ပြန်သည်။ ပထမအပ်အိမ်ကို ဒုတိယ အပ်အိမ်၌ ထည့်သည်။ ဤသို့လျှင် အပ်အိမ်အဆင့်ဆင့်ပြု၍ ထည့်သည်။ အပ်အိမ် ခုနစ်အိမ်ထိပြုသည်။ ထို့နောက် ယင်းကို အပ်ကျည်ထောက်တွင် ထည့်၍ ပန်းပဲရွာသို့ ယူဆောင်သွားလေသည်။

သူသည် ပန်းပဲဆရာကြီး၏ နေအိမ်ရှေ့သို့ရောက်သောအခါ "အပ်ရောင်းမည်"ဟူ၍ ဟစ်အော်သည်။

ထိုအချိန်တွင် ပန်းပဲဆရာကြီး၏ သမီးပျိုသည် ဖခင်ပန်းပဲဆရာကြီး ကို ယပ်ခတ်ပေးနေသည်။ သူမသည် ပန်းပဲလုလင်၏ အသံကို ကြားသောအခါ အိမ်ထဲမှ ထွက်လာပြီး ညင်သာစွာပြောဆိုသည်။

"မောင်ကြီးရှင့်၊ သည်ရွာသည်ပန်းပဲရွာဖြစ်သည်ကို မသိပါသလော၊ အခြားရွာမှ အပ်အလိုရှိသူများပင် သည်ရွာသို့လာ၍ ဝယ်ကြပါသည်။ မောင်ကြီး၏အပ်ကို တခြားရွာသို့သွား၍ ရောင်းပါလေ"

"နှမငယ်၊ သည်ရွာမှာ ကျွမ်းကျင်သောပန်းပဲသမားများနေထိုင်ရာ ရွာဖြစ်ကြောင်း မောင်ကြီးကောင်းစွာသိပါသည်၊ မောင်ကြီးအပ်သည် အခြားအပ်များနှင့်မတူ ထူးခြားပါသည်၊ ထို့ကြောင့် နှမတို့ရွာကို လာရောင်းခြင်းဖြစ်ပါသည်။ မောင်ကြီး၏အပ်ကို နှမ၏ဖခင်သာ တွေ့မြင်ပါက မောင်ကြီး၏ပညာကို ချီးကျူးကာ နှမငယ်နှင့်ပင် လက်ဆက်ပေးမည်ဖြစ်ပါသည်"။

သူတို့နှစ်ဦး အချီအချပြောနေသည်ကို ပန်းပဲဆရာကြီးကြား သွားသည်။ ပန်းပဲလုလင်ကို အိမ်ထဲသို့ခေါ်စေသည်။ လုလင်ပျို ရောက်လာ သောအခါ"အမောင်၊ သင့်အပ်ကိုပြပါ"ဟု ဆို၏။

လုလင်ပျိုက "ဖခင်တစ်ဦးတည်း ကြည့်ရသည်ထက် အခြားပန်းပဲ ဆရာများနှင့်အတူ ကြည့်ရသည်က ပိုကောင်းပါလိမ့်မည်" ဟူ၍ ဆို၏။ သို့ဖြင့်ပန်းပဲဆရာကြီးသည် ရွာတွင်းရှိ အခြားပန်းပဲဆရာများ ကိုပါ ခေါ်ယူစုရုံး၍ ကြည့်ရှုစေသည်။

လူစုံသောအခါ လုလင်ပျိုသည် အပ်ကျည်ထောက်ကို ထုတ်၍ ပေးသည်။ ပန်းပဲဆရာကြီးသည် အပ်ကျည်ထောက်ထဲမှ အပ်အိမ်ငယ်ကို ထုတ်ယူ၍ကြည့်ရှုလျက် မေးမြန်းသည်။

" အမောင်၊ သည်အရာသည် အပ်လော "

"အပ်မဟုတ်သေးပါ၊ အပ်အိမ်မျှသာဖြစ်ပါသည်"

ပန်းပဲဆရာကြီးသည် အပ်အိမ်ကို သေချာစွာ စစ်ဆေးကြည့်သည်။ အပ်အိမ်မှာနဖါးပါးနေသဖြင့် အပ်အိမ်နှင့်မတူ။ အပ်ဟူ၍ပင် ထင်မှတ်ရသည်။ ထို့ပြင် အပ်အိမ်ဟု ဆိုရလောက်အောင်လည်း အဖုံးကိုမတွေ့ရ။ အဆက်၊ အရာ၊ အကြောင်းကိုလည်း မတွေ့ရ။ အံ့ဖွယ်ပင်။

ယင်းသို့စဉ် လုလင်ပျိုသည် ပန်းပဲဆရာကြီးလက်မှ အပ်အိမ်ကိုယူလျက် လက်သည်းဖြင့်ခြစ်၍ အပ်အိမ်ခုနစ်ခုကို တစ်ခုပြီးတစ်ခု ချွတ်ပြသည်။ နောက်ဆုံးတွင်မှ အပ်ငယ်ပေါ်ထွက်လာသည်။

လုလင်ပျိုက " ဖခင်၊ ဤကားအပ်ဖြစ်ပါသည် "ဟု ဆို၍ အပ်ကို ပန်းပဲဆရာကြီးထံလှမ်းပေးသည်။ ပန်းပဲဆရာကြီး၊ ကျန်ပန်းပဲဆရာများနှင့် ပရိတ်သတ်အားလုံးပင် အံ့ချီးမဆုံးရှိကြသည်။

လုလင်ပျို ထိုမျှဖြင့် ရပ်တန့်မနေ။ မိမိ၏အပ်အစွမ်းကို ပြရန်အတွက် ပေခံကိုလည်း တောင်းသည်။ ရေအပြည့်ထည့်ထားသော ကြေးခွက်ကိုလည်း တောင်းသည်။

သူတောင်းသော ပစ္စည်းများကိုရသော် လုလင်ပျိုက ပန်းပဲယောကျာ်းကြီးတစ်ယောက်အား ပေခံကို ကိုင်ထားစေသည်။ အခြားတဦးအား ထိုပေခံအောက်တွင် ရေထည့်ထားသော ကြေးခွက်ကို ကိုင်ထားစေသည်။

အားလုံးအသင့်ဖြစ်ကြသော် သူသည်အပ်ကို ပေခံနှင့်စိုက်၍ တူဖြင့် တအားထုချလိုက်သည်။ ထိုအခါအပ်သည်ပေခံကို ထုတ်ချင်းခတ် ဖောက်ထွင်းကာ ရေခွက်ထဲသို့ကျသွားသည်။ ကျရာတွင် ရေအောက်သို့လည်း ရောက်မသွား၊ ရေမျက်နှာပြင်ပေါ်တွင်လည်း ပေါ်မနေ၊ ရေလယ်တွင်သာ တည်နေသည်။

" ငါတို့သည် ဤမျှကောင်းမွန်လှသော အစွမ်းထက်လှသော အပ်မျိုးကို လုပ်တတ်ရန်ဝေးစွ။ မြင်မျှပင် မမြင်ဖူးပါ။ ယခုမှသာ မြင်ဖူးပါတော့သည်" ဟူ၍ ပန်းပဲဆရာအားလုံးက ဝန်ခံပြောဆိုကြသည်။ လက်ပမ်းပေါက်ခတ် ချီးကျူးကြသည်။

ပန်းပဲဆရာကြီးသည် လုလင်ပျို၏ ပညာအစွမ်းကို အလွန်နှစ်သက်သွားသည် ထိုနေရာမှာပင် မိမိ၏သမီးပျိုနှင့် လက်ထပ်ထိမ်းမြားပေးလေသည်။

**********

## 9.WINA YAWTSA THUTHIK HKITAW, ETAN MINGALA MUK TAMAN

Yahan ni hkan sa ging ai lit, masha lit hpe hkan sa shatup ai gaw myat ai mingala nga ma ni.

### "N-yu lu ai wa"

Moi shawng de baranathi mung hta lup wa kawng e nga ai tsan dala shan hting gaw nga ma ai rai.

Lini mi na nhioihta tsan dala a madu jan gaw n mung si sha mayu ai myit marit byin paw u ai rai. Dai majaw madu la wa hpe "brang e, ngai n mung si sha mayu ai myit marit byin paw nga nngai. Nmung si sa tam jaw rit "ngu nna tsun u ai. la wa gaw "hkawn e, ya ten hta n mung si si ai ten nre. N mung si kanang na lu na rai? kaga nam si hpe tsun u. Ngai sa la jaw na nngai." Ngu u ai.

Num jan gaw "brang e, n mung si n sha ai nnga lu nngai. n lu sha yang gaw ngai n sa hkoi mat na ni ai. Lu hkra tam ya rit" ngu nna hkrap let nying u ai.

Tsan dala la wa mung madu jan hpe nau tsawra ai majaw n mung si lu lu na shara ni hpe hkan sagawn u ai. Dai shaloi baranathi hkaw hkam a sun kata e nga ai n mung hpun langai mi hta n mung si nga ai lam sagawn chye la u ai. Dai shaloi shi gaw ging n ging n myit yu ai sha shana aten hta hkaw hkam wa a sun

de lakyim laku shang u ai rai. N mung hpun langai hpang langai lung n htawm n mung si hpe tam u ai. Dai zawn tam nga yang nhtoi htoi mat ai rai.

Dai shaloi shi gaw hkrit kajawng mat wa u ai. "Ngai hpe sun sin ai ni mu jang rim nna mara ari jaw na mara ai. Shani ting hpun ntsa makoi taw nga yang she mai na sai. Shana ten hta she lakyim nna hprawng pru na re." Ngu nna myit let hpun ntsa makoi taw nga ai.

Dai ten hta baranathi hkaw hkam gaw puraw hik pung na hte rau sun kata de shang bang wa ai. Hkaw hkam wa gaw pungna kaw na bedin hpaji sharin la na matu du sa wa ai re. Shan lahkawng gaw tsan dala wa makoi taw nga ai n mung hpun pawt e shara la ma ai rai. Hkaw hkam wa gaw tsaw ai shara kaw nga nhtawm pungna gaw nem ai shara kaw nga let bedin hpaji hpe sharin ya taw nga ai.

Dai lam hpe tsan dala la wa mu ai shaloi n yu lu rai taw nga ai rai. Jahkring na laman hta shi gaw hkaw hkam wa hte pung na a shut ai lam ni mu u ai. Dai hta n-ga shi a shut hpyit lam hpe mung myit dum u ai rai.

Dai majaw shi gaw hpun kaw na yu nhtawm hkaw hkam wa hpe naw let shawk tsun u ai.

"Madu hkaw hkam e, anhte marai masum gaw langai hkrai hkan sa ging ai lit ni hpe nhkan sa ai sha shut shai nga ga ai. Ngai gaw ne lit hpe nhkan, num jan wa a ra sharawng ai lam hpe hkan nna nang madu

hkaw hkam wa a n mung si hpe laku la na matu sun kata de shang bang wa nngai. Puraw hik pung na wa mung bedin hpaji sharin ya ai sara rai nga ning len tsaw ai shara kaw nnga ai sha nem ai shara kaw nna hpaji sharin ya nga ai. Madu hkaw hkam nang mung yaten hta bedin hpaji sharin la ai tape ma rai nga ning len lawu kaw nnga ai sha lahta kaw nga nna hpaji sharin la nga n dai. Yu atsawm la nga ai. Shut shai lam hpe galaw nga ai " nga nna shawk tsun u ai rai.

Dai shaloi pungna gaw " hkau e, ngai gaw hkaw hkam wa jaw ya ai jarik gumhpraw hpe la nna shat sha nga ai wa re. Lit ni hpe n sin lu nngai. Hkawhkam wa a ra sharawng ai hku sha hkan lu na n ngai" ngu nna tsun u ai. Tsan dala la wa gaw "sara pumgna e, mung kan ngu ai dam la nga ai. Hkaw hkam hta lai nna nang hpe shat jaw sha lu na wa nnga sani? Kaga de sa nna asak bau u. Shat nkaw si na re. Lit hpe hkum jahten. Nlung gaw di bu hpe shaga ai zawn nteng ai bungli gaw nang hpe jahten na ra ai. Nteng nman ai hku galaw nna lu la ai sutgan hpe matsat u. Hkum ra sharawng". ngu nna tsun u ai.

Dai ga ni hpe na ai shaloi hkaw hkam wa gaw tsan dala la wa hpe hkung ga ra sharawng kau dat u ai. Amyu amying hpe san sagawn u ai.

"la wa. nang kadai re ni?"

"Madu hkaw hkam e, ngai gaw amyu kaji tsan dala rai n ngai".

"Ia wa nang gaw amyu kaji tim myit marai rawng ndai. Hpaji mung rawng ai. Nang hpe ngai hkung ga ra sharawng nngai. Dai majaw mara kaw na lawt sha ngun ai sha n ga ne hkaw hkam sut gan hpe jaw mayu nngai. Rai timung nang gaw tsan dala amyu rai taw nga ai majaw hkaw hkam n mai shatai ai hku re. Gara hku wa rai rai hkaw hkam sutgan chyen mi hpe ngai jaw ya na nngai. Shani hta sha ngai up hkang na nngai. Shana ten hta nang up hkang u."

Hkaw hkam wa gaw dai zawn ngu nhtawm tsan dala la wa hpe mare sin ai amu jaw ya u ai rai. Shana ten hta hkawhkam sutgan chgen mi hpe jaw u ai.

Hkaw hkam wa gaw dai ten kaw nna bedin hpaji sharin la ai shaloi sara puraw hik pungna hpe tsaw ai shara kaw tawn u ai. Shi gaw nem ai shara hta nga let shagrit shanem let hpaji sharin la u ai rai.

၉။ ဝိနယော စ သုသိက္ခိတော၊ ဧတံ မင်္ဂလ မုတ္တမံ။

ရဟန်းကျင့်ဝတ်၊ လူ့ကျင့်ဝတ်ကို စောင့်ထိန်းလိုက်နာခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

# "အမြင်မတော်သူ"

လွန်လေပြီးသောအခါ ဗာရာဏသီပြည်တွင် သုသာန်၌နေသော စဏ္ဍာလ လင်မယားနှစ်ယောက်ရှိသည်။

တစ်နေ့သ၌ စဏ္ဍာလ၏မယားသည် သရက်သီးစားချင်သော ချင်ခြင်းဖြစ်၏။ ထို့ကြောင့် ယောက်ျားဖြစ်သူအား"အမောင်၊ ကျွန်မ သရက်သီးအလွန်စားချင်သော ချင်ခြင်းဖြစ်ပေါ်နေပါသည်။ သရက်သီးရှာဖွေပေးပါ"ဟူ၍ ပြောဆိုသည်။ ယောက်ျားက"ရှင်မ၊ ယခုအချိန်သည် သရက်သီးပေါ်ချိန်မဟုတ်။ သရက်သီးအဘယ်မှာရနိုင်မည်နည်း။ အခြား အသီးကိုသာ ပြောပါ။ ငါဆောင်ယူပေးမည်"ဟု ဆို၏။

မိန်းမက"အမောင်၊ သရက်သီးမစားဘဲ ကျွန်မ မနေနိုင်ပါ၊ မစားရလျှင် သေရပါလိမ့်မည်။ ကြံဖန်ရှာဖွေပေးပါ"ဟူ၍ ငိုယိုပူဆာ၏။

စဏ္ဍာလယောက်ျားလည်း မယားကိုချစ်လှသောကြောင့် သရက်သီး ရနိုင်မည့်နေရာကို လိုက်လံစုံစမ်းသည်၊ ထိုအခါ ဗာရာဏသီမင်း၏ ဥယျာဉ်ထဲရှိ သရက်ပင်တစ်ပင်တွင် သရက်သီးရှိကြောင်း စုံစမ်းသိရှိရသည်။ ဤတွင် သူသည်သင့်၊ မသင့် မစဉ်းစား ညဉ့်အချိန်တွင် ဘုရင့်ဥယျာဉ် တော်သို့ တိတ်တဆိတ်ခိုးဝင်သည်။ သရက်ပင်များပေါ်သို့ တစ်ပင်ပြီး တစ်ပင် တက်သည်။ သရက်သီးကိုရှာဖွေသည်။ ယင်းသို့ရှာဖွေဆဲမှာပင် မိုးလင်း သွားလေသည်။

ထိုအခါသူသည် ထိတ်လန့်တုန်လှုပ်သွားသည်။ "ငါ့ကို အစောင့်တို့ မြင်လျှင် ဖမ်းဆီး၍ ပြစ်ဒဏ်ပေးကြတော့မည်။ တစ်နေ့လုံး အပင်ပေါ်မှာပင် ပုန်းအောင်းနေမှဖြစ်မည်။ ညဥ့်အချိန်ကျမှ တိတ်တဆိတ်ထွက်ပြေးတော့မည်"ဟူ၍ ကြံစည်သည်။ အပေါ်မှာပင် ပုန်းအောင်းနေသည်။

ထိုအခိုက် ဗာရာဏသီမင်းသည် ပုရောဟိတ်ပုဏ္ဏားနှင့်အတူ ဥယျာဉ်တော်အတွင်းသို့ ဝင်ရောက်လာသည်။ မင်းသည်ပုဏ္ဏားထံမှ ဗေဒင်သင်ယူရန် ရောက်လာခြင်းဖြစ်သည်။ သူတို့နှစ်ဦးသည် စဏ္ဍာလပုန်းအောင်းနေသော သရက်ပင်ခြေရင်းတွင် နေရာယူကြသည်။ မင်းသည် မြင့်သောနေရာကနေလျက် ပုဏ္ဏားက နိမ့်သောနေရာ၌နေလျက် ဗေဒင်ပညာကို သင်ပေးနေသည်။

ထိုအခြင်းအရာကို စဏ္ဍာလယောကျ်ားတွေ့မြင်သောအခါ အမြင်မတော်ဖြစ်မိသည်။ တစ်ခဏအတွင်းမှာပင် သူသည် မင်းနှင့်ပုဏ္ဏားတို့၏ အမှားကိုမြင်သည်။ ထို့ပြင်သူ၏ အမှားကိုလည်း ဆင်ခြင်မိသည်။

ထို့ကြောင့် သူသည် သစ်ပင်ပေါ်မှဆင်း၍ မင်းကိုရှိခိုးလျက် လျှောက်ထားသည်။

"အရှင်မင်းကြီး၊ ကျွန်တော်မျိုးတို့ သုံးဦး အသီးအသီးလိုက်နာရမည့် အကျင့်ဝတ်တို့ကို မစောင့်၊ ဖောက်ဖျက်နေကြပါသည်။ ကျွန်တော်မျိုးသည် ကျင့်ဝတ်ကိုမစောင့် မိန်းမအလိုကိုလိုက်၍ အရှင်မင်းကြီး၏ သရက်သီးကို ခိုးယူရန် ဥယျာဉ်တော်တွင်းသို့ ဝင်ရောက်ခဲ့မိပါသည်။ ပုရောဟိတ်ပုဏ္ဏားသည်လည်း ဗေဒင်သင်ပေးသော ဆရာဖြစ်ပါလျက် အမြင့်ကမနေ၊ အနိမ့်ကနေ၍ ပညာသင်ပေးနေပါသည်။ အရှင်မင်းကြီးသည်လည်း ယခုအချိန်တွင် ဗေဒင်သင်ယူနေသော တပည့်ဖြစ်ပါလျက် အနိမ့်ကမနေ၊ အမြင့်ကနေ၍ ပညာသင်ယူနေပါသည်။ အမြင်မတော်ပါ။ အမှားကို ပြုကျင့်နေပြီ"ဟူ၍ လျှောက်ထားသည်။

ထိုအခါ ပုဏ္ဏားက "အချင်းယောကျ်ား၊ ငါသည် ဘုရင်ပေးသော ရိက္ခာငွေကိုယူ၍ ထမင်းစားနေသူဖြစ်သည်။ ကျင့်ဝတ်ကို မစောင့်နိုင်၊ ဘုရင့်အလိုကိုသာ လိုက်နိုင်မည်"ဟူ၍ ဆို၏။

စဏ္ဍာလယောကျ်ားက"အို-ဆရာပုဏ္ဏား လောကကြီးမှာကျယ်ဝန်းလှပါသည်။ ဘုရင်မှတစ်ပါး သင့်ကိုထမင်းကျွေးနိုင်သူမရှိပြီလော၊ အရပ်တစ်ပါးသို့သွား၍ အသက်မွေးပါ။ ထမင်းမငတ်နိုင်ပါ၊ ကျင့်ဝတ်ကိုမူ မဖောက်ဖျက်ပါနှင့်။ ကျောက်သည် အိုးကိုခွဲသကဲ့သို့ မဟုတ်မမှန်သော အမှုသည် သင့်ကိုပျက်စီးစေလိမ့်မည်။ မဟုတ်မမှန်သော အမှုကိုပြု၍ ရရှိသော စည်းစိမ်းဥစ္စာကို စက်ဆုပ်ပါ။ မမက်မောပါနှင့်"ဟူ၍ ပြောဆိုသည်။

ထိုစကားတို့ကို ကြားသောအခါ မင်းသည် စဏ္ဍာလယောကျ်ားကို လေးစားနှစ်သက်သွားသည်။ မျိုးမည်ကို မေးမြန်းသည် -

"အမောင်၊ သင်သည် မည်သူနည်း။

"အရှင်မင်းကြီး၊ အကျွန်ုပ်သည် အမျိုးယုတ်ညံ့သော စဏ္ဍာလ ဖြစ်ပါသည်"

"အမောင်၊ သင်သည် အမျိုးညံ့သော်လည်း နှလုံးကောင်းလှသည်၊ ပညာရှိသည်၊ သင့်ကိုငါလေးစားမြတ်နိုးသည်။ ထို့ကြောင့် အပြစ်မှ ချမ်းသာခွင့် ပေးရုံသာမက ငါ၏မင်းစည်းစိမ်ကို ပေးလိုသည်။ သို့ရာတွင် သင်သည် စဏ္ဍာလမျိုးဖြစ်နေသောကြောင့် မင်းအဖြစ်ပေးမရပြီ၊ မည်သို့ပင် ဖြစ်စေ မင်းစည်းစိမ်တစ်ဝက်ကို ငါပေးမည်၊ နေ့အခါသာ ငါမင်းပြုမည်၊ ညအခါမူ သင်မင်းပြုပါ"။

မင်းကြီးက ဤသို့ဆိုကာ စဏ္ဍာလယောကျ်ားကို မြို့စောင့်အဖြစ် ခန့်ထားသည်၊ ညအခါတွင် မင်းစည်းစိမ်တစ်ဝက်ကိုပေးသည်။

မင်းကြီးသည် ထိုနေ့ ထိုအချိန်မှစ၍ ဗေဒင်သင်ယူရာတွင် ဆရာပုရောဟိတ်ပုဏ္ဏားကို အမြင့်နေရာတွင်ထားသည်။ မိမိမူကား အနိမ့်နေရာတွင်နေလျက် နှိမ့်ချစွာ သင်ယူလေသည်။

**********

10.THUBA THITA TSA YAWA TSA,
ETAN MINGALA MUK TAMAN.

Ngwi pyaw let tsun shaga ai gaw myat ai mingala nga ma ai.

## "NGWI NGAWN AI GA HTE NGA KYET"

Moi shawng de gandara ginwang, dakkasu mung hta nga ai pung na langai hta nga langai mi lu ai. Nandi withala ngu nna sha mying tawn ai. Pungna gaw dai nga dum su hpe hkrak ai shara hta tawn ai. Hkrak ai lu sha hpe yaw ai. Kasha zawn rem tawn ai, makawp maga ai. Dai majaw nga dum su gaw n-gun marai hte manu mana hpring tsup wa ai rai.

Lani mi hta nandi withala gaw "pungna gaw ngai hpe atsawm sha bau maka tawn ai. Chyeju kaba la nga ai. Ngai chyeju bai htang na nngai" ngu nna myit u ai.

Dai majaw pungna hpe "madu pungna ndai mare e nga ai gaw wiktaka tsahti hpang de sa u. Ne nga dumsu gaw langai hte langai shoi tawn ai lit hpring hkra lawm ai law latsa hpe shi langai hkrai sha gang dang lu ai." ngu nna sa hkying u. Gum hpraw hkying mi wa na matu tsun u. Teng sha dang na re." ngu nna tsun u ai.

Pungna mung gaw wik taka tsahti hpang de sa nna sa hkying u ai. Hkying na shani hta pungna gaw

gum hpraw hkying mi kahtap tawn ai. Dai hpang zaibru, nlung tawng zawn re ni hpring hkra bang tawn ai law latsa hpe nandi wi thala hpe dun shangun ai. Dai zawn dun shangun ai shaloi pung na gaw shingna hpe sharawt nhtawm "lasa nga nhkaw, sa u. Lasa nga nhkaw, lit hpe dun u." ngu nna gawt u ai rai.

Shaloi nandi withala gaw "Ngai gaw galoi mung nhkaw ai wa nre. Dai rai ning len ngai hpe nhkaw ai nga dumsu ngu nna tsun ai le "ngu nna nkam hkam rai taw nga ai. Dai majaw shara kaw na nshamawt ai. Law ni hpe mung ndun ai. Ding kren nna tsap chyu tsap taw nga ai.

Dai majaw pungna sum mat u ai. Tsahti hpe gum hpraw hkying mi wa kau dat nu ai rai.

Nta du ai shaloi pungna gaw gumhpraw hkying mi sum ai majaw myit n ngwi npyaw rai let yup ra ntsa galeng taw nga ai.

Nan di withala mung pungna hpang de kahtep nna "hpa majaw myit npyaw rai nga a ni? "ngu nna san u ai.

"Gum hpraw hkying mi sum kau ai hpe kaning di myit pyaw lu na rai"

Madu pungna e, na nta hta ngai nga lai wa sai gaw grai na sai. Ne majaw di bu langai ga ga a ni? Hpa langai wa jahten ga a ni?

"Ngai sha e, hpa langai mung n jahten ga ndai."

"madu pungna, ngai gaw shi shara nre hta lam nla jit hkyi kan sa shachyawng ga a ni?

"Ngai sha, nang n shachyawng ga ndai."

"Madu pungna e, dai rai ning len hpa majaw ngai hpe lasa nga nhkaw ngu nna tsun nni? Dai majaw ngai pawt nna law ni hpe n-gang nngai re. Nang sum ai gaw na mara re. Ne mara nre. Dai majaw ya kalang mi bai sa nhtawm sa hkying u. Ndai lang gum hpraw hkying lahkawng kahtap nna hkying hkat u. Teng sha nang dang lu na re.

Pung na mung tsahti gaw wik taka hpang de sa nna hkying u ai. Hkying hkat ai shani hta shawoi na zawn law latsa hpe hkyen tawn ai. Dai hpang pungna gaw nandi withala shing ma hpe lata hte masawp nhtawm "grai kyet ai nga e, sa u. Kaja ai nga dum su e, lit hpe gun u "ngu nna ngwi ngawn let tsun nna gawt u ai. Nandi withala mung kalang lata law latsa hpe awng dang let gang la mat wa u ai rai.

Pungna gaw dang ai majaw hkying hkat ai gum hpraw hkying lahkawng hpe mung lu la ai. Dai hta nka grupyin na yu chyai ai ni gaw nga kyet hpe yu ra la ai majaw shagrau ai kum hpa gum hpraw ni hpe mung lu la u ai. Kabu gara nhtum rai nna nga kyet nandi withala hpe chyeju dum nhtum mung rai taw nga ai rai.

၁၀။ သုဘာသိတာ စ ယာ ဝါစာ၊ ဧတံ မင်္ဂလ မုတ္တမံ။

ချိုသာစွာပြောဆိုခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

# "ချိုသာသောစကားနှင့် နွားလိမ္မာ"

လွန်လေပြီးသောအခါ ဂန္ဓာရတိုင်း၊ တက္ကသိုလ်ပြည်၌နေသော ပုဏ္ဏားတစ်ယောက်တွင် နွားတစ်ကောင်ရှိသည်။ နန္ဒိဝိသာလဟု အမည်ပေးထားသည်။ ပုဏ္ဏားသည် ထိုနွားကို ကောင်းသောနေရာ၌ ထားသည်။ ကောင်းသော အစာတို့ကိုကျွေးသည်။ သားကဲ့သို့ ကျွေးမွေး ပြုစုစောင့်ရှောက်ထားလေသည်။ ထိုကြောင့် နွားသည် ခွန်အားဗလနှင့် အလွန်ပြည့်စုံ၏။

တစ်နေ့သော် နန္ဒိဝိသာလသည် "ပုဏ္ဏားသည် ငါ့အား ကောင်းစွာ ပြုစုစောင့်ရှောက် ကျွေးမွေးပေသည်။ ကျေးဇူးကြီးလှပေသည်၊ ငါပြန်လည် ကျေးဇူးဆပ်မည်"ဟူ၍ ကြံစည်သည်။

သို့ဖြင့် ပုဏ္ဏားအား"အရှင်ပုဏ္ဏား၊ ဤမြို့ရှိ ဂေါဝိန္ဒက သေဋ္ဌေးထံ သွားပါ၊ ငါ့နွားသည် တစ်စီးနှင့်တစ်စီး တွဲဆက်ထားသော ဝန်အပြည့်ပါသော လှည်းတစ်ရာကို တစ်ကောင်းတည်းဆွဲနိုင်၏"ဟု ဆို၍ အလောင်းအစားပြုပါ။ အသပြာတစ်ထောင်ကြေးလောင်းပါ၊ မုချနိုင်ရပါစေမည်" ဟုဆို၏။

ပုဏ္ဏားလည်း ဝေါဝိတ္တကသေဌေးထံသွား၍ အလောင်းအစားပြု၏။ ချိန်းသောနေ့တွင် ပုဏ္ဏားသည်လောင်းကြေးထပ်သည်။ ထို့နောက် သဲ၊ ကျောက်စရစ်စသည်တို့ အပြည့်တင်ထားသော လှည်းတစ်ရာကို နန္ဒိဝိသာလအား ဆွဲစေသည်။ ထိုသို့ဆွဲစေရာ၌ ပုဏ္ဏားသည် နှင်တံကို ကိုင်မြှောက်လျက်"ဟဲ့-ကောက်ကျစ်သောနွား သွားလော့၊ ဟဲ့ကောက်ကျစ်သောနွား ဝန်ကိုဆောင်လော့"ဟု ဆဲဆို၍ မောင်းနှင်လေသည်။

ထိုအခါ နန္ဒိဝိသာလသည်"ငါသည် မည်သည့်အခါမျှ ကောက်ကျစ်ခြင်းမရှိ၊ သို့ပါလျက် ငါ့ကို ကောက်ကျစ်သောနွားဟု ဆိုရာသလော"ဟု မခံရပ်နိုင်ဖြစ်သည်။ သို့ဖြင့် နေရာမှမရွေ့၊ လှည်းတို့ကိုမဆွဲ၊ စုရပ်၍သာ နေလေသည်။

ဤတွင် ပုဏ္ဏားရှုံးသွားသည်၊ သေဌေးကို အသပြာငွေတစ်ထောင် ပေးလိုက်ရသည်။

အိမ်ပြန်ရောက်သောအခါ ပုဏ္ဏားသည် ငွေတစ်ထောင် ရှုံးသောကြောင့် မအီမသာ၊ စိတ်မချမ်းမသာဖြစ်လျက် အိပ်ယာတက်၍ လဲလျောင်းနေသည်၊

နန္ဒိဝိသာလလည်း ပုဏ္ဏားထံ ချည်းကပ်၍"အဘယ့်ကြောင့် စိတ်မချမ်းမသာ ဖြစ်နေရပါသနည်း"ဟု မေး၏။

"အသပြာ တစ်ထောင်ရှုံးသည်ကို အဘယ်မှာ စိတ်ချမ်းသာနိုင်အံ့နည်း"။

"အရှင်ပုဏ္ဏား သင့်အိမ်၌ငါနေသည်မှာကြာလှပြီ၊ ငါ့ကြောင့် အိုးတစ်လုံး ကွဲဖူးသလော၊ တစ်စုံတစ်ရာ ပျက်စီးဖူးသလော?"။

"ချစ်သား တစ်စုံတစ်ရာ မပျက်စီးဖူးပါ"

"အရှင်ပုဏ္ဏား၊ ငါသည်နေရာမဟုတ်၊ စည်းမဲ့ကမ်းမဲ့ ကျင်ကြီးကျင်ငယ် စွန့်ဖူးသလော ?"။

"ချစ်သား၊ မစွန့်ဖူးပါ"။

"အရှင်ပုဏ္ဏား သို့ဖြစ်လျက် အဘယ်ကြောင့် ငါ့ကိုကောက်ကျစ်သောနွားဟု ဆိုပါသနည်း။ ထိုကြောင့် ငါသည်စိတ်ဆိုးကာ လှည်းတို့ကို မဆွဲခြင်းဖြစ်သည်။ သင်ရှုံးသည်မှာ သင်၏အပြစ်ဖြစ်သည်၊ ငါ့အပြစ်မဟုတ်၊ သို့ကြောင့် ယခုတစ်ဖန် သွား၍ လောင်းပါဦး၊ သည်အကြိမ်တွင် အသပြာနှစ်ထောင်ကြေးထပ်၍ လောင်းပါ၊ မုချ နိုင်ပါစေမည်။

ပုဏ္ဏားလည်း သေဋ္ဌေးဂေါဝိတ္တကထံသွား၍ အလောင်းအစား ပြုပြန်သည်၊ ချိန်းဆိုသောနေ့တွင် ယခင်နည်းတူပင် လှည်းတစ်ရာကို ပြင်သည်။ ထိုနောက် ပုဏ္ဏားသည် နန္ဒိဝိသာလကျောကုန်းကို လက်ဖြင့် သပ်ကာ"ကောင်းသောနွား သွားလော့၊ လိမ္မာသောနွား ဝန်ကိုဆောင်လော့" ဟူ၍ ချိုသာစွာ ပြောဆိုမောင်းနှင်သည်၊ နန္ဒိဝိသာလလည်း တစ်ဟုန်ချင်းဖြင့် လှည်းတစ်ရာကို အောင်မြင်စွာ ဆွဲယူသွားလေသည်။

ပုဏ္ဏားသည် အနိုင်ရသဖြင့် လောင်းကြေးနှစ်ထောင်ကိုလည်း ရသည် ထိုပြင် ဘေးမှဝိုင်းဝန်းကြည့်နေသော လူအများက နွားကို သဘောကျလှသဖြင့် ဝိုင်း၍ချီးမြှောက်ကြသော ဆုငွေများကိုလည်း ရသည်။ ဝမ်းသာအားရမဆုံး ရှိသည်နှင့်အမျှ နွားလိမ္မာကြီး နန္ဒိဝိသာလကို ကျေးဇူးတင်မဆုံးလည်း ရှိလေသည်။

********

11. MATA PITU UPAT HTA NAN,
ETAN MINGALA MUK TAMAN.
Kanu kawa ni hpe atsawm sha bau jaw bau ya ai gaw myat ai mingala nga ma ai.

## "KASHA KAJA"

Moi shawng de baranathi mung hta la shabrang langai mi nga ai. Shi gaw kanu kawa ni hpe manu mana tsawra hkungga u ai. Nat thikya zawn nawn let hkungga lara bau jaw u ai. Dai majaw dai la shabrang wa a mying gaw "matu pawthaka pitu paw thaka" nga ma ai rai.

Lani mi dai la shabrang gaw kanu kawa hpe atsawm sha tawn lu na matu gumhpraw law law ra ai majaw sang hpaw hte sum tsan de hkan nang ai. Dai sang hpaw gaw thihu zin lawng de sa hkring ai. Dai ten hta thihu zin lawng e zai bru marang matut manoi htu nna masha ni du hka hkrum taw nga ma ai. Yi sun hkau na ni hten run ma ai.

Thihu (thiri lingar) hkaw hkam mung zaibru marang htu ai hkrit hpa kaw na lawt na matu gara hku galaw yang mai na lam sara hpraw, sara hmang ni hpe san yu u ai.

Sara hpraw, sara hmang ni gaw "madu hkaw hkam e, ndai zai bru marang htu ai hkrit hpa gaw grai lak lai ai thit tsa hpe tsun jang mat na re." ngu nna shawk tsun ma ai.

"Kaning re thit tsa hpe kadai wa hpe tsun shangun yang mai na kun?" Ngu nna hkaw hkam wa san u ai.

"Madu hkaw hkam e, kanu kawa ni hpe nat thi kya zawn htang la tam bau ai wa hpe thit tsa tsun shangun ra na re" ngu nna sara hpraw sara hmang ni gaw shawk ma ai rai.

Hkaw hkam mung " kanu kawa ni hpe nat thikya zawn nawn let tam bau ai wa hpe kum hpa jaw na. Bau dum nna tam mu "ngu nna ahkang jahkrat u ai rai.

Amat ni mung bau dum nna tam ma ai. Mung dan ting langai mi mung nnga ai. Jam jau hkrum masai.

Dai ten hta matu pawthaka pitu pawthaka la sha brang wa gaw sang hpaw ntsa kaw nga nna "e hkau ni, ngai gaw kanu kawa ni hpe nat thi kya zawn sawn la nna hkungga lara let tam bau ai wa rai nngai" ngu nna marawn tsun u ai.

Amat ni mung hkaw hkam wa hpe dai lam shana mu ai. Shaloi hkaw hkam wa gaw "dai la wa hpe shaga nhtawm thit tsa tsun sha ngun mu" ngu nna ahkang jahkrat dat u ai.

Amat ni gaw shabrang la wa kaw sa nhtawm shanhte a duhka tsin yam hpe tsun dan mu ai. Dai duhka kaw na lawt hkra thit tsa tsun ya na matu mung hpyi nem ma ai rai.

Shaloi "matu pawthaka pitu pawthaka la shabrang wa mung sang hpaw de lung nna "ngai gaw chye chyang ai ten kaw nna kanu kawa lahkawng yen a chyeju hpe myit dum sum ru yu nngai. Kam sham ra sha rawng nhtum rai nngai. Dai majaw kanu kawa lahkawng ni hpe nkaw si n hpang gara n kata sha ngun n ngai. Nta ja hpung nat zawn mung rai, thikya hkaw hkam, byamma hkaw hkam zawn mung rai myit htang la nhtawm hkung ga la ra let tam bau tam jaw ai wa teng man nngai. Ndai thit tsa hku teng man yang gaw ndai zai bru marang ya nan hpawng wa u ga. Ndai zai bru marang hpawng ai majaw mung masha, hkaw hkam, amat pungna, tsahti, lu su, hpaga ni, yi sun hkau na galaw ai yawng kaw na hkawt dusat du myeng yawng, thattawa yawng hkyam sa mu ga law" ngu nna thit tsa tsun u ai rai.

Dai zawn thit tsa tsun ngut ai jahkring mi na ten hta nan zai bru marang gaw hpawng mat ai rai. Yawng hkyam sa lam lu la ma ai.

Dai shaloi hkaw hkam wa hte rau amat ni, pungna, tsahti, lu su, hpaga la, yi sun hkauna galaw ai ni kaw na hkawt mung masha ni gaw la sha brang wa hpe lawhtam la ai sut gan arai ni hte pu zaw jaw ya ma ai. La sha brang wa mung dai arung arai ni hpe sang hpaw ma nga hte htaw nna nta de nhtang wa ai rai. Du ai shaloi kanu kawa ni hpe akyu akyawng tsun dan nhtawm lu la wa ai arai ni hte puzaw u ai rai. Shanhte marai masum gaw dana kaja ai kusu zawn re ni hpe galaw nhtawm ngwi pyaw sim sa let nga ma ai rai. Si mat wa ai shaloi nat mung de du ma ai rai.

## ၁၁။ မာတာ ပိတု ဥပဋ္ဌာနံ၊ ဧတံ မင်္ဂလ မုတ္တမံ။

အမိအဖတို့ကိုကောင်းစွာ လုပ်ကျွေးမွေးမြူခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

# "သားလိမ္မာ"

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ လုလင်ပျိုတစ်ယောက်ရှိသည်။ သူသည် အမိအဖတို့ကိုလွန်စွာ ချစ်မြတ်နိုး၏။ နတ်သိကြားကဲ့သို့ အမှတ်ပြု၍ ရိုသေစွာ လုပ်ကျွေး၏။ ပြုစုစောင့်ရှောက်၏၊ ထိုကြောင့် ထိုလုလင်သည်"မာတုပေါသက, ပိတုပေါသကလုလင်" ဟူ၍ အမည်တွင်လေသည်။

တစ်နေ့သောအခါ ထိုလုလင်သည် အမိအဖတို့ကို ချမ်းသာစွာထားနိုင်ရန် အခကြေးငွေရလို၍ သင်္ဘောဖြင့် စွန့်စား၍လိုက်လေသည်။ ထိုသင်္ဘောသည် သီဟိုဠ်ကျွန်းသို့ရောက်သွားသည်၊ သီဟိုဠ်ကျွန်း၌ သဲ, မိုးတို့ အဆက်မပြတ်ရွာကာ လူအများ အတိဒုက္ခ ရောက်နေကြသည်။ လယ်ယာစိုက်ခင်းများ ပျက်စီးကြသည်။

သီဟိုဠ်(သိရိလင်္ကာ)မင်းလည်း သဲ မိုးရွာသော ကပ်မှ လွတ်မြောက်ရန် မည်သို့ပြုရမည်ကို သမားဖြူ, သမားညိုတို့ကို ခေါ်၍ မေးမြန်းသည်။

သမားဖြူ, သမားညိုတို့က "အရှင်မင်းကြီး၊ ဤသဲမိုးရွာသော ကပ်သည် အလွန်ထူးခြားသော သစ္စာကိုပြုလျှင် ပျောက်ပါလိမ့်မည်" ဟူ၍ လျှောက်တင်ကြ၏။

"အဘယ်သစ္စာကို အဘယ်သူအားပြုစေရမည်နည်း"ဟူ၍ မင်းက မေးမြန်း၏။

"အရှင်မင်းကြီး အမိအဖတို့ကို နတ်သိကြားကဲ့သို့ ယူမှတ်၍ လုပ်ကျွေးသောသူကို သစ္စာပြုစေရပါမည်"ဟူ၍ သမားဖြူ, သမားညို တို့က လျှောက်၏။

မင်းလည်း"အမိအဖတို့ကို နတ်သိကြားကဲ့သို့ ယူမှတ်၍ ရှိသေစွာ လုပ်ကျွေးသူကို များစွာဆုလာဘ်ပေးမည်။ မောင်းခတ်၍ ရှာလေ"ဟူ၍ အမိန့်တော်ရှိ၏။

မှူးမတ်တို့လည်း မောင်းကြေးနင်းခတ်၍ ရှာကြသည်။ တစ်ပြည်လုံးတွင် တစ်ယောက်မျှမရှိ၊ အခက်တွေ့နေကြသည်။

ထိုအခါ မာတုပေါသက ပိတုပေါသက လုလင်သည် သဘော်ထက်က နေ၍"အို-အချင်းတို့ ငါသည်အမိအဖတို့ကို နတ်သိကြားကဲ့သို့ ယူမှတ်၍ ရှိသေစွာလုပ်ကျွေးသူတည်း"ဟု လှမ်းအော်ပြောသည်။

မှူးမတ်တို့လည်း မင်းကြီးအား ထိုအကြောင်းကိုလျှောက်ထားသည်။ ထိုအခါ မင်းကြီးက"ထိုသူကိုခေါ်၍ သစ္စာဆိုစေလော့"ဟူ၍ မိန့်တော်မူလိုက်သည်။

မှူးမတ်တို့သည် လုလင်ထံသွား၍ သူတို့၏ ဒုက္ခကိုပြောပြသည်။ ထိုဒုက္ခမှ လွတ်မြောက်အောင် သစ္စာဆိုပါရန်လည်း ပန်ကြားကြသည်။

ထိုအခါ မာတုပေါသက ပိတုပေါသက လုလင်လည်း သဘော်ဦးသို့ တက်ပြီးလျှင်"ငါသည် လူလားမြောက်ကာ သိမြင်လိမ္မာသည်မှစ၍ အမိအဖ နှစ်ပါးတို့၏ ကျေးဇူးကိုအောင့်မေ့ ဆင်ခြင်ခဲ့သည်၊ ကြည်ညိုမြတ်နိုးမဆုံးရှိခဲ့သည်။ ထို့ကြောင့် အမိအဖနှစ်ပါးတို့ကို မငတ်မမွတ်၊ မနွမ်းမနယ်စေရ၊ အိမ်ဦးနတ်ကဲ့သို့လည်းကောင်း, သိကြားမင်း, ဗြဟ္မာမင်း ကဲ့သို့လည်းကောင်း အမှတ်ထား၍ ရှိသေစွာ လုပ်ကျွေးမွေးမြူသူ မှန်ပါသည်။ ဤသစ္စာအတိုင်း ဟုတ်မှန်ပါက ဤသဲမိုးသည် ချက်ချင်း ရပ်ပါစေသတည်း၊ ဤသဲမိုးရပ်သဖြင့် ပြည်သူပြည်သား၊ မင်း၊ မှူးမတ်၊ ပုဏ္ဏား၊ သူဌေး သူကြွယ်၊ ကုန်သည်၊ လယ်လုပ်မှစ၍ သတ္တဝါအပေါင်း ချမ်းသာကြပါစေသတည်း"ဟူ၍ သစ္စာပြုသည်။

ထိုသို့ သစ္စာပြုသောခဏမှာပင် သဲမိုးသည် ရပ်လေ၏။ အားလုံး ချမ်းသာရာ ရကြလေသည်။

ထိုအခါ မင်းနှင့်တကွ မှူးမတ်၊ ပုဏ္ဏား၊ သူဌေး သူကြွယ်၊ ကုန်သည်၊ လယ်လုပ်မှစ၍ ပြည်သူပြည်သားတို့သည် လုလင်အား များစွာသော ပစ္စည်းဥစ္စာတို့ဖြင့် ပူဇော်ကြသည်။ လုလင်သည် ထိုပစ္စည်း ဥစ္စာတို့ကို သင်္ဘောငါးစင်းဖြင့်တင်၍ အိမ်သို့ပြန်ခဲ့သည်။ ရောက်သော် အမိအဖတို့အား အကျိုးအကြောင်းပြောပြကာ ရရှိသောပစ္စည်းများဖြင့် ပူဇော်လေသည်။ သူတို့သုံးဦးသည် ဒါနအကောင်းမှု စသည်များကိုပြု၍ ချမ်းမြေ့စွာ နေထိုင်သွားကြသည်။ စုတေသောအခါ နတ်ပြည်သို့ လားကြလေသတည်း။

12. PUKTA DARATTHA THINGAHAW. ETAN MINGALA MUK TAMAN.

Num ma kashu kasha ni hpe atsawm sha tam bau ai gaw myat ai mingala re.

## " THU ZATA A THITTSA"

Moi shawng de bara nathi mung hta byama dat hkaw hkam up hkang ai. Dai ten hta bara nathi mung a sinna maka kahtawng hta thu dat thana mying ai pungna gaw thuzata mying ai madu jan hte rau nga nga ai rai.

Shan hting gaw hta kasha marai masum shaprat ma ai. Thuzata gaw kasha masum sha ngai ngut tim hkum Shing yan n yawm, mahkawn hkalung taw nga ai. Grai naw tsawm htap la nga ai re.

Thudat Thana gaw madu jan thuzata hte kasha ni hpe grai tsawra u ai. Myiman nkaji hkra atsawm sha tam bau tam jaw u ai rai. Dai hte maren thu zata mung shi ding hku la wa thu dat thana hte kasha ni hpe grai tsawra ai. Thittsa nga ai. Atsawm sha bau maka galaw jaw u ai rai.

Lani mi thu dat thana hte thuzata ni gaw bara nathi mare e nga ai jing hku jing yu ni hpe sa jahkrum na matu nga law hte rau jawn sa ma ai. Mare makau de du wa ai shaloi thu zata gaw law ntsa na yu nna bu hpun palawng tsawm bu hpun tawn let law a hpang lagaw lam hkawm nna hkan nang wa ai rai.

Dai ten hta byamadat hkaw hkam gaw magwi jawn let mare hpe hkan shing grup ai shaloi thuzata hpe mu u ai. Manu mana tsawra ra marit kau ai majaw hpyen ma langai mi hpe sa shangun nhtawm madu la lu n lu san shangun u ai rai.

Thuzata mung "ngai gaw ding hku num rai nngai. Law ntsa ne madu la wa rau lawm sa wa ai "ngu nna tsun u ai.

Hpyen ma mung teng ai lam hpe shawk tsun u ai. Hkaw hkam wa gaw akyang lai len hten ai hkaw hkam re majaw ding hku la lu timung thuzata hpe lu hkra la na ngu nna myit u ai. Hpyen ma hpe "ndai law gra kaw tsap ai ngu ai hpe hkan yu u "ngu shangun dat u ai. Hpyen ma wa mung hkaw hkam wa shangun ai hte maren law tsap hkring ai shara hpe matsing nna bai nhtang mat wa ai.

Hkaw hkam wa mung shana ten hta hpyen ma hpe shi a baw gup hpe thu dat thana a law ntsa lakyim nna sa jahkrat tawn shangun u ai. Jahpawt nhtoi htoi ai shaloi amat ni hpe "mare chyinghka man mali mahkra hpe la nna shang shang pru pru nnga hkra di mu. Baw gup mat ai ngu nna Jahtau let tam mu "ngu nna shangun dat u ai.

Amat ni mung baw gup hpe tam ma ai. Kadė nna yang thu datthana a law ntsa e baw gup hpe mú ma ai. Dai majaw thu dat thana hpe rim nhtawm hkaw hkam wa a lata de ap ya ma ai.

Hkaw hkam wa gaw "ndai lagut hpe sat na "ngu nna lup wa kawng de woi sa sha ngun u ai. Shinan sat na matu magwi jawn nhtawm hpang kaw nna hkan nang u ai rai.

Dai shaloi thuzata mung hkrap let hpang kaw hkan nang u ai. Lup kawng de du ai shaloi thuzata gaw "ne madu wa gaw lagut nre. Mara nrawng ai. Ne madu la wa gaw ngai hta lai nna gara num hpe mung nshut ga yu ai. Nse nsa n galaw ai. Thit tsa nga ai wa re . Madu jan num ma hte kashu kasha ni hpe myi man n kaji hkra atsawm sha tam bau tam jaw ai wa re. Ngai mung ne madu wa hta lai nna gara la hte mung nshut shai ga nngai. Nē madu wa hte ne kasha ni hpe atsawm sha bau sin makawp maga ai wa re. Ndai thittsa ga teng man yang gaw ne madu wa hpe hkye ai wa paw pru wa u ga" ngu nna thittsa dik htan galaw u ai.

Thittsa tsun ngut ai hpang jahkring mi laman hta thikya hkaw hkam yu wa u ai. Bya madat hkaw hkam hpe magwi ntsa kaw nna htu kanawng nna sat kau u ai. Thu dat thana hte thuzata ni hpe magwi ntsa mara ya dat ai. Shi nan hkaw hkam shatai ya nhtawm "amat ni mung masha ni e, ntara ai hkaw hkam hpe ngai la kau ni ai. Tara sin ai ni hpe hkaw hkam sharawt dat sai rai. Nanhte hkungga lara let magam gun hpai mu" ngu nhtawm mat mat wa u ai rai.

Amat, mung masha ni mung thu dat tha na hpe hkung ga lara let di nna magam gun hpai ma ai. Hkaw hkam wa a tsun shaga ga hpe madat mara la ma ai. Thu dat thana hkaw hkam wa mung hkaw hkam tara (10) hte maren up hkang ai majaw mungdan ting ngwi pyaw sim sa san pra nga ma ai rai.

၁၂။ မုတ္တာဒါရဿ သင်္ဂဟော၊ ဧတံ မင်္ဂလ မုတ္တမံ။

သားမယားကို ကောင်းမွန်စွာ ကျွေးမွေးစောင့်ရှောက်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

# "သုဇာတာ၏ သစ္စာ"

ရှေးသရောအခါ ဗာရဏသီပြည်ဝယ် ဗြဟ္မဒတ်မင်းသည် မင်းပြုစဉ်။ ထိုအခါ ဗာရာဏသီပြည်၏အနောက်နိဂုံးရွာ၌ သုဒဿနအမည်ရှိသော ပုဏ္ဏားသည် သုဇာတာအမည်ရှိသောဇနီးနှင့်အတူ ပေါင်းသင်းနေထိုင်၏။

သူတို့ဇနီးမောင်နှံတွင် သားသမီးသုံးယောက် ထွန်းကားသည်။ သုဇာတာသည် သားသမီးသုံးယောက် မွေးဖွားသော်လည်း ရုပ်ရည်မကျ၊ ပျိုမြဲ။ အလွန်လှပ ချောမောဆဲ။

သုဒဿနသည် ဇနီးသုဇာတာနှင့်သားသမီးတို့ကို အလွန်ချစ်မြတ်နိုး၏။ သစ္စာစောင့်ထိန်း၏၊ မသိုးမငယ်၊ မနွမ်းမနယ်စေရ၊ ကောင်းစွာလုပ်ကိုင်ကျွေး၏။ ထို့အတူ သုဇာတာသည်လည်း ခင်ပွန်း သုဒဿနနှင့် သားသမီးတို့ကို အလွန်ချစ်ခင်မြတ်နိုး၏။ သစ္စာစောင့် ထိန်း၏၊ ကောင်းစွာပြုစုလုပ်ကျွေး၏။

တစ်နေ့သ၌ သုဒဿနနှင့် သုဇာတာတို့သည် ဗာရာဏသီမြို့ရှိ အဆွေအမျိုးတို့ကိုတွေ့ရန် လှည်းဖြင့်အတူသွားကြသည်။ မြို့အနီးသို့ ရောက်သောအခါ သုဇာတာသည် လှည်းပေါ်မှဆင်းသည်။ အဝတ် တန်ဆာကို ကောင်းစွာဆင်မြန်း၍ လှည်းနောက်က ခြေကျင်လိုက်ပါ လာသည်။

ထိုအချိန်တွင် ဗြဟ္မဒတ်မင်းသည် ဆင်စီးလျက် မြို့ကိုလှည့်သည်တွင် သုဇာတာကို မြင်လေသည်။ အလွန်နှစ်သက်သဖြင့် မင်း၊ချင်းတစ်ယောက်ကို လင်ရှိ၊ မရှိ မေးစေသည်။

သုဇာတာကလည်း "ကျွန်မမှာ အိမ်ထောင်ရှင်ဖြစ်ပါသည်။ လှည်းပေါ်တွင် ခင်ပွန်းဖြစ်သူ အတူပါလာပါသည်"ဟူ၍ ပြောပြသည်။

မင်းချင်းလည်း အဖြစ်မှန်ကို လျှောက်ထားသည်။ မင်းသည် အကျင့်ပျက်သောမင်းဖြစ်ရကား၊ လင်ရှိသော်လည်း သုဇာတာကို ရအောင်ယူမည်ဟု ကြံစည်သည်။ မင်းချင်းအား "သည်လှည်း မည်သည့်အရပ်တွင် ရပ်နားသည်ကို လိုက်၍ကြည့်ချေ"ဟု စေလိုက်သည်။

မင်းချင်းသည် ဘုရင်စေခိုင်းချက်အရ လှည်းရပ်နားသောနေရာကို မှတ်သား၍ ပြန်ခဲ့သည်။

မင်းလည်း ညဉ့်အခါ၌ မင်းချင်းအား မိမိ၏မကိုဋ်တော်ကို သုဒဿန၏ လှည်းပေါ်သို့တိတ်တဆိတ် သွားရောက်ချထားစေသည်။ နံနက်မိုးသောက်သောအခါ မှူးမတ်တို့အားမြို့တံခါးလေးမျက်နှာကိုပိတ်၍ အထွက်အဝင်မရှိအောင်ပြုကြ။ မကိုဋ်တော်ပျောက်သည်ဟု ကြွေးကြော်၍ ရှာကြ"ဟူ၍ စေသည်။

မှူးမတ်တို့သည် မကိုဋ်တော်ကို ရှာကြသည်။ မကြာမီပင် သုဒဿန၏ လှည်းပေါ်တွင် မကိုဋ်တော်ကိုတွေ့သည်။ ထိုအခါ သုဒဿနကို ဖမ်းယူ၍ မင်းကြီးလက်သို့အပ်သည်။

မင်းက "ဤသူခိုးကို သတ်မည်"ဆိုကာ သုသာန်သို့ ယူဆောင်သွားစေသည်။ မိမိကိုယ်တိုင် သတ်ရန်ဆင်စီး၍နောက်မှလိုက်သွားသည်။

ထိုအခါ သုဇာတာသည်လည်း ငိုကြွေးလျက် နောက်မှလိုက်သည်။ သုသာန်သို့ရောက်သောအခါ သုဇာတာက "ငါ၏ လင်သည် ခိုးသူမဟုတ်၊ အပြစ်မရှိ၊ ငါ၏လင်သည်ငါမှတစ်ပါး မည်သည့်မိန်းမကိုမျှ မကျူးမလွန်၊ မဖောက်မပြန်၊ သစ္စာစောင့်ထိန်းသူဖြစ်သည်။ မယားနှင့်တကွ သားသမီးတို့ကို မညှိုးမငယ်၊ မနွမ်းမနယ်စေရ။ ကောင်းစွာ လုပ်ကျွေး

မွေးမြူသူဖြစ်သည်။ ငါသည်လည်း ငါ့လင်မှတပါး မည်သည့်ယောကျ်ား နှင့်မျှ ဖောက်ပြန် ကျူးလွန်ခြင်း မရှိ။ ငါ့လင်နှင့် ငါ့သားသမီးတို့ကို ကောင်းစွာ ပြုစုစောင့်ရှောက်သူဖြစ်သည်။ ဤသစ္စာအတိုင်း ဟုတ်မှန်ပါလျှင် "ငါ့လင်ကို ကယ်သူ ပေါ်ပါစေသား"ဟု သစ္စာဓိဋ္ဌာန်ပြုသည်။

သစ္စာပြုသည့်တစ်ခဏမှာပင် သိကြားမင်းဆင်းလာသည်၊ ဗြဟ္မဒတ် မင်းကို ဆင်ထက်မှတွန်းချ၍ သတ်လိုက်သည်။ သုဒဿနနှင့် သုဇာတာတို့ကို ဆင်ပေါ်သို့တင်သည်။ ကိုယ်တိုင်ပင် ရာဇဘိသိက် သွန်းပေး၍"ဟယ်မှူးမတ်ပြည်သူတို့၊ မတရားသောမင်းကို ငါဖယ်ရှား၍၊ တရားစောင့်သောသူကို မင်းမြှောက်လိုက်ပြီ၊ သင်တို့ ရှိသေစွာ အမှုထမ်း ကြလော့"ဟူ၍ ဆိုကာ ကွယ်ပျောက်သွားလေသည်။

မှူးမတ် ပြည်သူတို့လည်း သုဒဿနကို ရိုသေစွာ ဆက်ဆံ၍ အမှုထမ်းကြသည်။ မင်းအဆုံးအမကို လိုက်နာကြသည်။ သုဒဿန မင်းကလည်း မင်းကျင့်တရား(၁၀)ပါးနှင့်အညီ မင်းပြုရာ တစ်ပြည်လုံး သာယာငြိမ်းချမ်း ကြည်ရွှင်ကြလေသည်။

************

13. ANA KULA TSA KAMMAN TA,, ETAN MINGALA MUKTAMAN.

Shuk shak ai lam n lawm, san seng let amu hpe shakut ai gaw mingala nga ma ai.

## "SHAKUT SHAJA AI WA"

Moi shawng de bara nathi mung hta law up hkang ai agyi kaba langai mi law manga tsa hpe woi awn nhtawm hpaga ga sa ai. Shan hte gaw dam la ai zai bru jang pa hpe rap lai sa ra ma ai.

Zai bru jang hta shani ten e kahtet la ai majaw law gawt ai ni gaw lam nsa byin. Sum gap nhtawm hkring taw nga ma ai. Shana de du ai shaloi she shagan ni hpe yu let lam madun ai wa a garum shingktau hte hkawm sa ma ai rai.

Dai zawn hkawm sa ai rai nna lam htum na matu lana mi sha ra sai ten du hkra hkrun lam dan lai wa masai. Hpang jahtum shana hkrun lam re majaw dai shana na matu shana shat sha ngut ai hpang hpun, hka zawn re ni hpe kabai kau nna lam matut hkawm sa ma ai. Lam madun ai wa gaw shana law law n-yup hkru ai majaw grai hki ba let yup pyaw mat wa u ai. Dai ten hta lam tam nna nhtang de bai hkawn hkrup mu ai rai. Lam madun ai wa gaw nhtoi htoi jang she dum w u ai. lam tam shut sai re hpe chye ai majaw "bai nhtang mu, bai nhtang mu" ngu nna tsun ai.

Dai zawn tsun nna law ni hpe bai nhtang na matu hkyen taw nga ai ten hta jan pru wa sai. Grup yin hpe yu dat ai shaloi lai wa sai shâna rawt pru wa ai shara de bai du taw nga ai hpe mu ai. Yawng myit kaji let myit htum taw ma ai. sum gap nna yup taw ma ai. Hka n nga ai majaw masha hte nga ni yawng duhka hkrum na hku re . Shaloi law gawt ai wa gaw "ngai n-gun shayawm kau jang gaw yawng hten byak mat na re. Nbyin byin hkra ngai shakut yang she mai na re." Ngu nna ntsin lu na shara hpe hkan ning wan let tam u ai. Kade nna yang tsing du langai mi hpe mu u ai.

"Ndai shara hta ntsin nga na re". Ngu nna htang nhtawm law gawt ai ni hpe htu shangun u ai law gawt ai ni mung shakut nna htu yu ma ai. Dawng 60-daram du ai shaloi hka nmu ai sha nlung hpa kaba hpe mu ma ai. Myit daw nna n-gun nlu mat ma ai.

Law ningbaw kaba wa gaw myit ndaw ai. Nhkun kata de yu nhtawm nlung pa hpe na hte kahtep nna madat u ai. Dai shaloi hka lwi ai nsen hpe na lu ai. kalang ta nhkun ntsa de bai lung wa nna tape la la ngai hpe "lawa, myit hkum daw. Myit daw jang yawng hten run mat na ra ai. Ndai hpri sumdu hte lungpa hpe shakut nna abre u.

"Shakut ai akyu hpe anhte teng nan hkam sha lu na re." Ngu nna tsun u ai.

La wa mung law ningbaw kaba wa a ga hpe madat mara u ai. Hpri sumdu hte nlung pą hpe abre ga u ai. Ja hkring mi na laman hta nlung pa ga kaprang nhtawm hka ni ru pru wa ai rai.

law gawt ai ni mung kabu gara let hka hpe lang nna shat shat mai shadu sha ma ai. Jan du ai shaloi hkrun lam matut sa ma yang du mayu ai shara de du mat wa ma sai rai.

## ၁၃။ အနာကုလာ စ ကမ္မန္တာ၊ ဧတံ မင်္ဂလ မုတ္တမံ။

**ရှုပ်ထွေးမှုကင်းလျက် သန့်ရှင်းသပ်ရပ်စွာ အလုပ်လုပ်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။**

# "ဝိရိယာရှင်"

တစ်ရံရောအခါ ဗာရာဏသီပြည်မှ လှည်းမှူးကြီးတစ်ဦးသည် လှည်းသားငါးရာကို ဦးဆောင်၍ ကုန်သွယ်သွားသည်။ သူတို့သည် ကျယ်ဝန်းလှသော သဲကန္တာရကြီးကို ဖြတ်သန်းသွားရသည်။

သဲကန္တာရမှာ နေ့အခါ ပူပြင်းလှသောကြောင့် လှည်းသားတို့သည် ခရီးမသွားနိုင်။ တဲဆောက်၍ နားနေကြသည်။ ညဘက်သို့ရောက်သော အခါတွင်မှ ကြယ်များကိုကြည့်လျက် လမ်းညွှန်သူ၏ အကူအညီဖြင့် သွားကြရသည်။

ဤသို့ သွားရာမှ သဲကန္တာရ ခရီးဆုံးရန်တစ်ညတာလိုတော့သည် အထိ ခရီးပေါက်လာခဲ့သည်။ ဤတွင် နောက်ဆုံးညခရီးဖြစ်သဖြင့် ထိုညအတွက် ညစာစားပြီးနောက် ထင်း၊ ရေစသည်တို့ကိုစွန့်ပစ်ကာ ခရီးဆက်ကြသည်။ လမ်းညွှန်သူသည် ညများစွာ မအိပ်ရသဖြင့် ပင်ပန်းနွမ်းနယ်ကာ အိပ်ပျော်သွားလေသည်။ ထိုအခါ လမ်းမှားပြီးလျှင် လာခဲ့သည်။ လာလမ်းအတိုင်းပြန်၍ လာမိကြသည်။ လမ်းညွှန်သည် အရုဏ်တက်မှနိုးသည်။ လမ်းမှားနေပြီကိုသိသဖြင့် "ပြန်လှည့်ကြ၊ ပြန်လှည့်ကြ" ဟူ၍ ဆို၏။

ဤသို့ပြော၍ လှည်းများကို ပြန်လှည့်ရန်စီစဉ်နေဆဲမှာပင် နေထွက်လာသည်။ အနီးဝန်းကျင်ကို ကြည့်လိုက်သောအခါ ယခင်ညထွက်လာခဲ့ရာ စခမ်းကိုပြန်ရောက်နေသည်ကို တွေ့ရသည်။ အားလုံးပင် စိတ်အားငယ်

၍ စိတ်ဓာတ်ကျကုန်ကြသည်။ စိတ်ပျက်လက်ပျက်ဖြင့် တဲဆောက်၍ အိပ်ကြသည်။ ရေမရှိသဖြင့် လူရောနွားပါ ဒုက္ခရောက်နေမည့် အခြေသို့ ရောက်နေကြသည်။

ထိုအခါ လှည်းမှူးကြီးက "ငါဝီရိယလျှော့သော် အားလုံးပျက်စီးရာကြတော့မည်။ မဖြစ်မနေ ငါကြိုးစားမှဖြစ်မည်" ဟုဆိုကာ ရေရနိုင်မည့် နေရာကို လှည့်လည် ရှာဖွေသည်၊ မကြာမီ နေစာမြက်တစ်ခုကို တွေ့မြင်သည်။

"သည်နေရာတွင် ရေရှိရမည်"ဟူ၍ တွက်ဆကာ လှည်းသားများအား တူးစေသည်။

လှည်းသားများသည် ကြိုးစား တူးဖော်ကြသည်။ အတောင်–၆၀ အရောက်တွင် ရေမတွေ့ဘဲ ကျောက်ဖျာကြီးကို တွေ့ရလေသည်။ စိတ်ပျက်၍ အားလျှော့ကြသည်။

လှည်းမှူးကြီးကား အားမလျှော့၊ တွင်းထဲသို့ဆင်း၍ ကျောက်ဖျာကို နားဖြင့်ကပ်လျက် နားထောင်၏။ ထိုအခါ ရေစီးသံကို ကြားရသည်။ ချက်ချင်း တွင်းပေါ်သို့ပြန်တက်ကာ တပည့်လုလင်တစ်ဦးအား "အမောင်–စိတ်မလျှော့နှင့်၊ စိတ်လျှော့လျှင် အားလုံး ပျက်စီးကြလိမ့်မည်။ ဤသံတူဖြင့် ကျောက်ဖျာကိုကြိုးစားထုခွဲပါ။ ဝီရိယအကျိုးကို ငါတို့မုချခံစားရလိမ့်မည်" ဟူ၍ ဆို၏။

လုလင်လည်း လှည်းမှူးကြီး၏ စကားကိုနာယူသည်။ သံတူဖြင့် ကျောက်ဖျာကို ထုခွဲ၏။ ခဏကြာသော် ကျောက်ဖျာကွဲ၍ ရေများ ဒလဟော ထွက်လာလေသည်။

လှည်းသမားတို့လည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြသည်၊ ရေကိုသုံးစွဲ၍ ထမင်းချက်ပြုတ်စားကြသည်။ နေဝင်သော် ခရီးဆက်ကြရာ သဲကန္တာရကို လွန်မြောက်၍ အလိုရှိရာအရပ်သို့ ရောက်ရှိကြလေသည်။

* * * * * * * * * *

## 14. DA NIN TSA,
## ETAN MINGALA MUKTAMAN.

Jaw ya ai gaw myat ai mingala nga ma ai.

## " MATSAN LA PUNGNA"

Moi shawng de yazaju mung hta lusu tsahti langai a hkau na hta nchyang galaw nna nga ai matsan masha langai mi nga ai. Shi mying gaw "Pungna" nga ma ai.

Pungna gaw shi madu jan barita, num sha uktara ni hte rau tsahti wa a nta shing du kaw shing pyi nga ma ai rai.

Lani mi hta nethkat poi galaw ma yang mare masha ni gaw ngwi pyaw let poi de sa na matu hkyen taw nga ma ai. Dai aten hta tsahti wa gaw pungna hpe shaga nhtawm

"Pungna e, nanhte dai ni net hkat poi de sa pyaw na kun? dai nrai shawoi na hku hkauna galau nna gumhpraw manu la na kun?

"Madu tsahti. anhte gaw sutgan lu ai ni hpe nhkying kwi ga ai. Dai ni mu n-ga'aw jang l [illegible] sha na nlu ga ai. Dai majaw nethkat poi [illegible] lawm mayu nngai. N[illegible] dai hpe [illegible] nan hkauna galau sa na [illegible]."

Tsahti wa mung pungna hpe shawoi jaw [illegible] gumhpraw jahpu hpe jaw nhtawm [illegible] ni hpe ap ya ai rai.

Pungna mung num jan barita hpe "Num jan e, dai ni ngai hkauna pa de sa nna manu mana ngut hkra galau na nngai. Shat hpe shawoi na hta grau law shadu nhtawm ngai hpe sa sa jaw rit " ngu nna htet da ai. Dai hpang hkau na pa de yu nhtawm hkauna sa galau u ai rai. Dai ten hta yahanda ashin thari puktara mahte myat gaw pungna galau nga ai shara makau tena ntsa sa tsap nga ai rai.

Pungna gaw mahte myat hpe mu ai shaloi kabu gara let "ashin myat gaw myi man myit ntsin hte wa htu na matu wa htu shing na ra ai majaw sa tsap nga ai nhten" ngu nna htang ai majaw hkauna galau ai lam jahkring tawn kau ai. Mahte myat a makau de shani nhtawm hkung ga lara let naw dat u ai rai.

Mahte myat mung gun sa wa ai thabik hte hka jen hpe pungna a lata de ap ya ai. Pungna mung myiman myit ntsin hpe atsawm sha ja nhtawm jaw u ai. Wahtu shingna hpe mung atsawm sha galau nna jaw ya ai rai.

Mahte myat gaw wahtu shingna nte wa htu ai hpang myi man myit u ai rai.

Dai hpang matut nna hkawm sa mai wa u ai rai.

Dai ten hta barita gaw shat shatmai ni hpe shadu nhtawm pung na hpe sa sa ya ai. Barita gaw hkrun lam hta ashin thari puktara mahte myat hpe mu lu ai rai.

Barita gaw "ngai gaw kalang lang hlu na matu arai nga tim ashin myat hpe nmu nngai. Kalang lang ashin myat hpe mu hkrum tim ngai hta hlu na matu arai nlu nngai. Ya ten hta gaw ashin myat hpe mung mu hkrum nngai, ngai hta mung hlu na matu arai lawm sa wa nngai" ngu nna myit sum ru let lawm sa wa ai shat shatmai ni hpe mahte myat hpe hlu kau dat nu ai rai.

Mahte myat mung lu sha daw mi ka ang hkup daram re ai shaloi "ram sai" ngu ai lachyum hte thabik hpe magap kau dat u ai. Dai shaloi barita gaw "ashin hpara, ndai hkau sawm gaw marai langai sha law daram sha rai nga ai. Ngam tawn na matu n-ging ai. Law hkra ahlu hkam la u " ngu nna tsun let shat shatmai ni yawng hpe ru hlu kau dat u ai rai.

Dai hpang barita gaw nta de bai nhtang wa nhtawm shat shat mai ni hpe shadu u ai. Ngut jang pung na hpang de shat sa na matu bai sa wa u ai rai.

Tsawmra mi na ai shaloi she barita paw pra wa ai. Barita gaw shi hpe pungna la ding da nga ai hpe mu dat ai shaloi-

"Nye tsaw ding la gaw kaw si la sai majaw ngai hpe la dingda nga lu ai. Lama ngai hpang hkrat ai majaw sinpawt lahtawt rai nna ngai hpe matsa abye kayet rai yang gaw ngai galaw ai kaja lam ahlu gaw akyu nnga rai na rai ai" ngu nna myit yu let ning nga tsun dat u ai.

"Ding la wa e, na myit hpe atsawm sha tawn u. Ngai galaw ai kaja ai bungli hpe akyu nnga hkum di yaw. Jahpawt jau jau kaw nna nan ngai shat sa sa nngai le. Lam e ashin thari puktara mahte myat hpe mu lu ai majaw shat shatmai ni hpe ashin myat hpe hlu kau dat ni ai. Dai hpang nta de bai nhtang wa nna shat shatmai bai shadu nga ai majaw na mat nngai re. Ne a dana ahlu lak lai hpe kabu gara rai u yaw."

Dai ga hpe na ai shaloi pungna mung kabu gara rai nu ai rai.

"Num jan e, na ahlu a matu ngai kabu gara thadu shaga nngai. Ngai mung dai hpawt kaw nna ashin thari puktara mahte myat hpe myi man myit ntsin hte wa htu shing na ni hpe hlu dat nngai re. Dai kaja ai amu a maren hpe nang mung maren lu u yaw."

Dai hpang pungna shan htinggaw gaw kabu gara let shat shatmai hpe garan sha ma ai rai. Sha ngut ai hpang pungna gaw nau pu ba ai majaw barita a magyi hpe bunghkum let jahkring mi myet rai yup la u ai rai.

Dai ten hta yahanda ashin thari puktara mahte myat hpe thatda ra sharawng let jaw ya ai akyu a majaw pung na galau ai ga tawng ni gaw ja yawng tai gale mat ai rai.

Pungna gaw yup ai kaw na hprang wa nhtawm ja tawng ni hpe mu ai shaloi'shi myi hpe nkau lu hkra rai taw nga ai .

"Num jan, rawt yu u oi, ngai pu pa la let shat sha ngut nna yup malap mat ai majaw myi gale mat ai nhten. Ngai galau tawn ai ga tawng ni yawng ja tawng byin ma nna htoi kabrim taw nga ai le."

"Ding la wa e, ngai mung ja tawng ni hpe sha mu lu nngai oi."

"Num jan e, ashin thari puktara mahte myat hpe hpraw san ai shawang myit hte hlu dat ai kaja lam gaw ya nan akyu jaw sai rai" ngu nna pungna kabu gara let tsun dat u ai rai.

Shan lahkawng gaw bawng ban n htawm shat wan hta ja nkau mi bang la ma ai. Dai hpang hkaw hkam wa a man de shang nhtawm ja ni hpe madun let byin ai lam ma hkra hpe tsun dan nna.

"madu hkaw hkam wa, na hpyen ma ni hpe alaw manu mana hte dat dat nhtawm ja ni hpe sa la sha ngun u"

Hkawhkam wa mung pungna tsun ai hku da dat ai. Hpyen ma ni mung ja tawng ni hpe mu ai shaloi "anhte madu hkaw hkam wa a hpung shing kang a majaw paw pru wa ai arai re "ngu nna tsun let magawn la ma ai. Dai shaloi ja tawng ni gaw ta kata kaw nan ga tawng bai gale tai mat wa ai da.

Hpyen ma ni gaw hkaw hkam wa kaw nhtang wa nna akyu akyawng tsun dan ma ai. Hkaw hkam wa gaw "Pungna matsan la wa a arai re ngu nna she magawn la mu "ngu nna htet dat u ai rai.

Hpyen ma ni mung hkaw hkam wa htet dat ai hte maren tsun nna magawn ai shaloi ja ni hpe lu la ma ai. Dai ja ni hpe la nhtawm hkaw hkam gang bang kaw e sum pum tawn ma ai rai.

Hkawhkam wa mung mung masha ni hpe shaga nhtawm ja ni hpe madun let san yu u ai.

"Anhte mungdan yazaju mung hta kade nta e ndai daram law htam ai ja ni nga a ni?

"Madu hkaw hkam e, kadai kaw mung nnga ai rai".

"Ndai ja ni gaw pungna a ja ni re. Dai ni kaw nna pungna hpe lusu tsahti aya ngai jaw ya dat nngai rai".

Hkawhkam wa gaw dai zawn ngu tsun nhtawm punna hpe "bahu dana" ngu ai tsahti amying nnan shamying ya u ai rai. Lawhtam la ai sutgan ni hpe mung ya ai. tsahti wa gup ai jawng hpe mung jaw ya u ai rai.

Pungna gaw "madu hkawhkam wa, ngai gaw masha ni a nta e nga nnagi. Ne matu nga shara hpe mung matsan dum let jaw ya rit" ngu nna hpyi u ai.

Dai shaloi hkaw hkam wa gaw pungna hpe moi tsahti langai mi nga ga ai shara hting ra langai hpe ya u ai. Dai htingra gaw kabai tawn ai na sai majaw nam shalawng shim rai hpring nga ai. Pungna gaw nta shachyaw na matu dai nam shalawng ni hpe dan sang lang u ai. Dai shaloi shara langai mi hta shada da hkra kayep nga ai ja di bu manu mana hpe mu hkrup lu ai.

Pungna gaw dai ja di bu ni hpe hkawhkam wa hpe sa ap ya ai. Hkawhakm wa gaw n hkap la ai sha pungna hpe bai nhtang ya ai rai.

"Nang bahu dana tsahti wa a kaja ai gam a majaw lu la ai ja di bu ni hpe ngai n la na nngai. nang mahtang she la u "ngu tsun u ai rai.

Kade nna yang pungna gaw nga shara nta hpe galaw gap ngut nu ai. Pungna, madu jan barita hte kasha uktara ni gaw nta ding shawn shang mangala hte jawng gup manggla kalang ta galaw ma ai rai Hpara woi awn ai thanga madu myat ni hpe mung 7-ya tup ahlu jaw puzaw ma ai rai.

၁၄။ ဒါနဉ္စ၊ ဧတံ မင်္ဂလ မုတ္တမံ။

ပေးကမ်းလှူဒါန်းခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

# "သူဆင်းရဲ ပုဏ္ဏ"

တစ်ရံရောအခါ ရာဇဂြိုဟ်ပြည်၌ သဌေးတစ်ဦး၏လယ်တွင် သူရင်းငှား ပြုလုပ်နေရသော သူဆင်းရဲတစ်ယောက်ရှိသည်။ "ပုဏ္ဏ" ဟု အမည်တွင်သည်။ ပုဏ္ဏသည် ဇနီး ဘာရိတာ၊ သမီး ဥတ္တရာတို့နှင့်အတူ အရှင်သဌေး၏ အိမ်နောက်ဖေး၌ မှီခိုနေထိုင်၏။

တနေ့သ၌ နက္ခတ်ပွဲသဘင်နေ့ကျရောက်ရာ မြို့သူမြို့သားများသည် ပျော်ရွှင်စွာ ဆင်နွှဲရန် ပြင်ဆင်နေကြသည်။ ထိုအခါ သဌေးက ပုဏ္ဏကို ခေါ်၍ မေးမြန်းသည်။

"အချင်းပုဏ္ဏ သင်တို့ ယနေ့ နက္ခတ်သဘင် ပျော်ရွှင်မြူးတူး မည်လော။ သို့မဟုတ် လုပ်မြဲ၊ ယူမြဲတိုင်းသော အခဖြင့် လယ်ထွန် မည်လော"။

"အရှင်သဌေး ကျွန်ုပ်တို့မှာ ဥစ္စာစည်းစိမ်ရှိသော သူတို့ကို မတုပနိုင်ပါ။ ယနေ့အလုပ်မလုပ်ပါက နက်ဖြန်တွင် စားစရာ မရှိပါ၊ သို့ဖြစ်၍ နက္ခတ်သဘင်ကို မဆင်နွှဲလိုပါ၊ ထွန်နှင့်နွားတို့ကိုသာ ပေးပါ။ ယခုပင် လယ်ထွန်သွားပါမည်"။

သဌေးလည်း ပုဏ္ဏအား ပေးမြဲတိုင်းသော အခကြေးငွေကို ပေး၍ ထွန်နှင့်နွားတို့ကို ပေးအပ်၏။

ပုဏ္ဏသည် ဇနီးဘာရိတာအား"ရှင်မ၊ ယနေ့ငါလယ်ကိုဆင်း၍ များစွာပြီးအောင် ထွန်မည်။ ထမင်းကို အခါတိုင်းထက် ပိုချက်၍ ငါ့ထံ လာပို့ပါ"ဟု မှာကြား၏။ ထို့နောက် လယ်သို့ဆင်း၍ ထွန်လေသည်။

ထိုအခိုက် ရဟန္တာအရှင်သာရိပုတ္တရာ မထေရ်မြတ်သည် ပုဏ္ဏ လယ်ထွန်ရာ အနီးရှိ လယ်ကန်သင်းပေါ်သို့ ကြွလာပြီးရပ်တော်မူသည်။

ပုဏ္ဏသည် မထေရ်မြတ်ကို မြင်သော် ကြည်လင်ရွှင်ပြသွားသည်။ "အရှင်မြတ်သည် မျက်နှာသစ်ရေနှင့်သွားတိုက်ရန် တံပူကိုအလိုရှိ၍ ရပ်တော်မူလာဟန်တူသည်"ဟူ၍ တွေးဆကာ လယ်ထွန်ခြင်းကို ခေတ္တ ရပ်နားသည်။ မထေရ်မြတ်အနီးသို့ချဉ်းကပ်၍ ရိုသေစွာ ရှိခိုးသည်။

မထေရ်မြတ်ကလည်း ပါလာသောသပိတ်နှင့် ရေစစ်ကိုပုဏ္ဏလက်သို့ အပ်၏။ ပုဏ္ဏလည်း မျက်နှာသစ်ရေကို ကောင်းစွာခပ်၍ ဆက်ကပ်၏၊ တံပူကိုလည်း ကောင်းစွာပြုလုပ်၍ လှူ၏။

မထေရ်မြတ်သည် တံပူဖြင့် သွားတိုက်၍ မျက်နှာသစ်ရေဖြင့် မျက်နှာသစ်တော်မူသည်။ထို့နောက် ဆက်လက်၍ ကြွသွားတော်မူသည်။

ထိုအချိန်တွင် ဘာရိတာသည် ထမင်းဟင်းတို့ကို ချက်ပြီးလျှင် ပုဏ္ဏထံ လာပို့သည်။ ဘာရိတာသည် လမ်းခရီးတွင် အရှင်သာရိပုတ္တရာ မထေရ်မြတ်ကို တွေ့မြင်ရလေသည်။

ဘာရိတာက"ငါသည် တစ်ခါတစ်ရံတွင် လှူဖွယ်ဝတ္ထုရှိသော်လည်း အရှင်မြတ်ကိုမတွေ့မမြင်၊ တစ်ခါတစ်ရံ အရှင်မြတ်ကို တွေ့မြင်သော်လည်း ငါ၌ လှူဖွယ်ဝတ္ထုမရှိ၊ ယခုမူ အရှင်မြတ်ကိုလည်း တွေ့မြင်ပြီ၊ ငါ၌လည်း လှူဖွယ်ဝတ္ထု ပါလာပြီ"ဟူ၍ ကြံစည်ကာ ပါလာသော ထမင်းတို့ကို မထေရ်မြတ်အား လှူဒါန်းလေသည်။

မထေရ်မြတ်လည်း ထမင်းဟင်း တစ်ဝက်ခန့်ရလျှင်“တန်ပြီ”ဟု ဆိုဟန်ဖြင့် သပိတ်ကိုဖုံးအုပ်လိုက်သည်။ ထိုအခါ ဘာရိတာက“အရှင်ဘုရား၊ သည်ဆွမ်း၊ သည်ဆွမ်းဟင်းတို့ကား တစ်ယောက်စာမျှသာဖြစ်ပါသည်။ ချန်ထား၍ မလျော့ပါ။ လောက်အောင် အလှူခံတော်မူပါ” ဟု ဆို၍ ထမင်းဟင်းအားလုံးကို လောင်းလှူလိုက်လေသည်။

ထို့နောက် ဘာရိတာသည် အိမ်သို့ တဖန်ပြန်၍ ထမင်းဟင်းတို့ကို ချက်၏။ ပြီးမှ ပုဏ္ဏထံ ထမင်းပို့ရန် ပြန်လာလေသည်။

အတန်ကြာသောအခါတွင်မှ ဘာရိတာ ပေါ်လာလေသည်။ ဘာရိတာသည် မိမိအာ းပုဏ္ဏမျှော်နေသည်ကို လှမ်း၍မြင်ရသည်။ ထိုအခါ– “ငါ့ချစ်လင်သည် ဆာလောင်လှသဖြင့် ငါ့ကိုမျှော်နေရှာသည်။ အကယ်၍ နောက်ကျသဖြင့် အမျက်ထွက်လျက် ငါ့ကို မောင်းမဲရိုက်နှက်ပါက ငါပြုခဲ့သော ကောင်းမှုအလှူသည် အကျိုးမရှိဖြစ်တော့မည် ”ဟု ကြံစည်ကာ လှမ်း၍ ပြောဆိုသည်။

“အမောင်၊ စိတ်ကိုကြည်ဖြူစွာထားပါ၊ ကျွန်မပြုခဲ့သော ကောင်းမှုကို အကျိုးမဲ့မပြုပါနှင့်၊ နံနက်စောစောကပင် ကျွန်မထမင်းလာပို့ပါသည်။ လမ်းခရီးတွင် အရှင်သာရိပုတ္တရာမထေရ်မြတ်ကို ဖူးမြင်ရသဖြင့် ထမင်းဟင်းတို့ကို အရှင်မြတ်အား လှူဒါန်းလိုက်ပါသည်။ ထို့နောက်မှတဖန် အိမ်သို့ပြန်၍ ထမင်းဟင်း ချက်ပြုတ်၍ လာရပါသဖြင့် ကြန့်ကြာနေရပါသည်။ ကျွန်မ၏ ဒါနထူးကို ဝမ်းမြောက်ပါလော့”။

ထိုစကားကိုကြားသော် ပုဏ္ဏလည်း ဝမ်းမြောက်အားရ ဖြစ်သွားပေသည်။

“ရှင်မ၊ သင့်အလှူအတွက် ငါသည်ဝမ်းမြောက်သာဓုခေါ်ပါသည်။ ငါသည်လည်း နံနက်ကပင် အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးအား မျက်နှာသစ်ရေနှင့် တံပူတို့ကို ကပ်လှူလိုက်ပါသေးသည်။ ထိုကောင်းမှုကို သင်လည်းသာဓုခေါ်ပါလော့”။

ထို့နောက် ပုဏ္ဏာတို့ဇနီးမောင်နှံသည် ဝမ်းမြောက်စွာပင် ထမင်းဟင်းကို ဝေမျှစားကြသည်။ စားပြီးသော် ပုဏ္ဏာသည် ပင်ပန်းလှသဖြင့် ဘာရိတာ၏ပေါင်ကို ခေါင်းအုံး၍ ခေတ္တအိပ်လေသည်။

ထိုစဉ် ရဟန္တာ အရှင်သာရိပုတ္တရာမထေရ်မြတ်ကို သဒ္ဓါကြည်ဖြူစွာ ပေးလှူရသောအကျိုးကြောင့် ပုဏ္ဏာထွန်ခဲ့သော ထွန်ဆိုင်ထွန်ခဲ အားလုံးသည် ရွှေတုံးများအဖြစ်သို့ ကူးပြောင်းသွားလေသည်။

ပုဏ္ဏာသည် အိပ်ရာမှနိုး၍ ရွှေတို့ကိုမြင်သောအခါ မိမိ၏မျက်စိကို မယုံနိုင်အောင် ရှိနေလေသည်။

"ရှင်မ၊ ထ၍ကြည့်ပါဦးလော့။ ငါမောပန်းစွာဖြင့် ထမင်းစားပြီး အိပ်စက်ခဲ့ရာ မျက်စိလည်ကာ အမြင်မှားနေသည်ထင်သည်။ ငါထွန်ခဲ့သော ထွန်ဆိုင်ထွန်ခဲအားလုံးတို့သည် ရွှေဖြစ်လျက် တဝင်းဝင်းတောက်ပနေပေပြီ"။

"အမောင်၊ ကျွန်မလည်း ရွှေတုံးရွှေခဲ တို့ကိုသာမြင်နေရပါသည်။"

"ရှင်မ၊ အရှင်သာရိပုတ္တရာမထေရ်မြတ်ကို ဖြူစင်သော စေတနာဖြင့် လှူခဲ့သောကောင်းမှုသည် ယခုပင်"အကျိုးပေးလေပြီ"ဟူ၍ ပုဏ္ဏာ က ဝမ်းမြောက်အားရ ပြောဆိုလေသည်။

သူတို့သည် တိုင်ပင်ပြီးလျှင် ထမင်းခွက်ထဲသို့ ရွှေအချို့ ထည့်ယူသည်။ ထိုနောက် ဘုရင့်ရှေ့တော်မှောက်သို့ဝင်ကာ ရွှေများကို ပြလျက် အလုံးစုံ လျှောက်ထားပြီးလျှင် –

"အရှင်မင်းကြီး၊ မင်းချင်းတို့အား များစွာသော လှည်းတို့ဖြင့် စေလွှတ်၍ ရွှေများကို ယူဆောင်တော်မူပါ"။

ဘုရင်လည်း ပုဏ္ဏာဆိုသည့်အတိုင်း စေလွှတ်၏၊ မင်းချင်းတို့သည် ရွှေတုံးရွှေခဲတို့ကိုတွေ့သော်"ငါတို့မင်းကြီး၏ဘုန်းတော်ကြောင့် ပေါ်သော ပစ္စည်းတည်း" ဟုဆို၍ ကျုံးယူကြသည်။ ထိုအခါ ရွှေတုံးရွှေခဲတို့သည် လက်တွင်းမှာပင် မြေဆိုင်မြေခဲအဖြစ် ပြောင်းသွားလေသည်။

မင်းချင်းတို့သည် ဘုရင့်ထံပြန်၍ အကျိုးအကြောင်း လျှောက်ထားသည်။ ဘုရင်က"ပုဏ္ဏ သူဆင်းရဲ၏ ဥစ္စာဆို၍သာ ကျုံးလေ"ဟူ၍ မှာကြားသည်။

မင်းချင်းတို့လည်း ဘုရင်မှာလိုက်သည့်အတိုင်း ပြောဆို၍ ကျုံးသော အခါ ရွှေတို့ကို ရရှိသည်။ ယင်းတို့ကို ယူဆောင်၍ မင်းရင်ပြင်၌ ပုံထားသည်။ ဘုရင်လည်း ပြည်သူပြည်သားတို့ကို ခေါ်ယူစေပြီးလျှင် ရွှေတို့ကိုပြ၍ မေးတော်မူသည်။

"ငါတို့ ရာဇဂြိုဟ်ပြည်ဝယ် မည်သူ၏အိမ်၌ သည်မျှလောက် များသော ရွှေတို့ရှိပါသနည်း"။

"အရှင်မင်းကြီး၊ မည်သူ့အိမ်တွင်မျှ မရှိပါ"။

"သည်ရွှေတို့ကား ပုဏ္ဏ၏ ရွှေများဖြစ်သည်။ သည်ယနေ့မှစ၍ ပုဏ္ဏကို သေဋ္ဌေးအရာ ငါပေးတော်မူလိုက်ပြီ"။

ဘုရင်က ဤသို့ဆိုကာ ပုဏ္ဏကို **ဗဟုဓနသေဋ္ဌေးဘွဲ့**ပေးတော်မူသည်။ များစွာသော စည်းစိမ်ဥစ္စာတို့ကိုလည်းပေးသည်၊ သေဋ္ဌေးဆောင်းသော ထီးကိုလည်းပေးသည်။

ပုဏ္ဏ က"အရှင်မင်းကြီး၊ ကျွန်တော်မျိုးတို့မှာ သူတစ်ပါးအိမ်၌ နေကြရပါသည်။ ကျွန်တော်မျိုးတို့အတွက် နေထိုင်ရာအရပ်ကိုလည်း ပေးသနားတော်မူပါ"ဟူ၍ လျှောက်ထားသည်။

ဘုရင်သည်ပုဏ္ဏအား ရှေးသေဋ္ဌေးနေထိုင်ခဲ့ဖူးသော မြေနေရာဟောင်း တစ်ခုကိုပေးသည်။ ထိုမြေနေရာသည် စွန့်ပစ်ထားသည်ဖြစ်သဖြင့် ချုံနွယ် ပိတ်ပေါင်းအတိ ပြီးနေသည်။ ပုဏ္ဏသည် အိမ်ဆောက်ရန်အတွက် ယင်းတို့ကိုခုတ်ထွင် ရှင်းလင်းစေသည်။ ထိုအခါတစ်နေရာတွင် အိုးချင်း ထိလျက်ရှိသော ရွှေအိုးပေါင်းများစွာကို တွေ့ပြန်သည်။

ပုဏ္ဏသည် ထိုရွှေအိုးများကို ဘုရင်အားဆက်သသည်။ ဘုရင်က သိမ်းပိုက်ခြင်းမပြုပေ။

"အသင်ဗဟုစနသေဌေးမင်း၏ ကောင်းမှုကြောင့်ရသော ရွှေအိုးတို့ကို ငါမယူလို၊ အသင်သာ ယူလော့"ဟု ဆို၍ ပုဏ္ဏကိုပင် ပြန်လည်ပေးအပ်လေသည်။

မကြာမီ ပုဏ္ဏသည် နေရန်အိမ်ကို ဆောက်လုပ်ပြီးသည်။ ပုဏ္ဏ၊ ဓနီးဘာဂိုတာနှင့် သမီးဥတ္တရာတို့သည် အိမ်တက်မင်္ဂလာနှင့် ထီးဆောင်းမင်္ဂလာကို တစ်ပြိုင်တည်း ပြုလုပ်သည်။ ဘုရားအမှူးရှိသော သံဃာတော်မြတ်တို့ကို(၇)ရက်ပတ်လုံး လှူဒါန်းပူဇော်ခြင်း ပြုလေသည်။

* * * * * * * * * * * * *

15. DAMMA TSARI YATSA, ETAN MINGALA MUK TAMAN.
Kaja ai tara ni hpe hkan sa ai gaw myat ai mingala nga ma ai.

## "MAGAM HTE MANAW"

Moi shawng de Magam hte Manaw hkan nau gaw nga ganu langai mi hpe sut gan garan ma ai. Magam gaw nga ahpang maga de hpe la nhtawm nga shawng maga de hpe Manaw hpe jaw u ai rai. Manaw gaw shi lu la ai nga baw maga hpe shat jaw u ai. Ntsin jaw u ai rai.

Magam gaw nga ganu a hpang maga kaw na pru wa ai nga kasha hpe la u ai. Nga chyu shup la u ai rai. Nba langai hpe mung Magam gaw shana e la nhtawm Manaw hpe shani lang shangaun u ai rai. Dai majaw Manaw gaw shani ten hta nba hpe hkrut nna gumba tawn u ai. Magam gaw shana ten nba hpun nna yup u ai rai.

Dai zawn ten na wa ai shaloi Manaw gaw nhkam sharang lu wa ai majaw hting bu hting pyen ni hpe tsun dan u ai. Hting bu ni hpaji jaw ai majaw nba hpe shani tup hka tsing tawn ai majaw shana maga Magam wa nba nlu hpun u ai rai. Magam wa nga chyu shup nga ai ten hta Manaw gaw nga ganu a baw hpe gayet dat ai shaloi Magam hpe nga lahkat dat u ai rai.

Dai shani kaw nna Magam gaw myit malai lu nna Manaw hpe nga chyu daw mi garan ya nhtawm nba mung chyen mi hpun shangun u ai rai.

၁၅။ ဓမ္မစရိယာ စ၊ ဧတံ မင်္ဂလ မုတ္တမံ။

ကောင်းမြတ်သော သုစရိုက်တရားတို့ကို ကျင့်ခြင်းသည်
မြတ်သော မင်္ဂလာ မည်၏။

# "ညီအစ်ကို နှစ်ယောက်"

ရှေးအခါက ရွာတစ်ရွာတွင် မာကမ်နှင့် မာနော့ဟူသော ညီအစ်ကို နှစ်ယောက် အမွေခွဲယူကြရာ နွားမတစ်ကောင်ကို မာကမ်က နောက်ခြမ်းပိုင်းယူ၍ ရှေ့ပိုင်းခေါင်းပိုင်းကို ညီငယ်မာနော့အားပေး၏။ မာနော့သည် မိမိပိုင်သော နွားမခေါင်းပိုင်းအား အစာကျွေးရသည်။ ရေတိုက်ရသည်။

မာကမ်အစ်ကိုကြီးမှကား နွားမ၏နောက်ပိုင်းမှ ထွက်လာသော နွားကလေးကိုယူသည်။ နို့ညှစ်ယူသည်။ စောင်တစ်ထည်ကိုလည်း မာကမ်က ညဘက်တွင်ပိုင်၍ နေ့ဘက်တွင်ညီငယ်မာနော့အား ပိုင်စေသည်။ မာနော့မှာ နေ့ခင်းတွင်စောင်ကို လျှော်ဖွပ်ခေါက်သိမ်းရသည်။ ညဘက်တွင် မာကမ်က ခြုံသည်။

ကြာသော် ညီငယ်မာနော့သည် မခံနိုင်ဖြစ်လာ၍ အိမ်နီးချင်းများထံ မကျေနပ်ချက်ကို ဖွင့်ဟသည်။ အိမ်နီးချင်းများ၏ အကြံပေးချက်အရ စောင်ကို တစ်နေ့လုံး ရေစိမ်ထားသဖြင့် ညတွင်အစ်ကိုကြီးမာကမ်မှာ စောင်မခြုံရတော့ပေ။ မာကမ်နွားနို့ညှစ်နေစဉ် မာနော့က နွားမခေါင်းကို ရိုက်ရာ နို့ညှစ်နေသော အစ်ကိုကြီးမှာ နွားကန်ခံရသည်။ ထိုနေ့မှစ၍ အစ်ကိုကြီး မာကမ်သည် ညီငယ်မာနော့အား နွားနို့တစ်ဝက်ခွဲပေး၍ စောင်ကိုလည်း တစ်ဝက်စီ ခြုံခွင့်ပြုရလေသည်။

16. NYA TAKA NINTSA THIN GAHAW,
ETAN MIGALA MUK TAMAN.

Jinghku jing yu ni hpe garum shingtau la ai gaw myat ai mingala nga ma ai.

## "AMYU HPE HKYE LA AI WA"

Moi shawng de nam shalawng langai mi hta woi hpung u nawng mi nga ma ai rai. Woi ni gaw shanhte hta na machye machyang nga ai woi kaba langai mi hpe woi hkaw hkam sha tai sharawt tawn ma ai. Dai nam shalawng makau e kahtawng kasha langai nga ai . Dai kahtawng hta masha ayan nnga ai. Mu galaw ten hta masha ni sa du nna ga ai. Mu ngut ai shaloi kabai kau da ma ai. Dai kahtawng ka ang e hpun salaw kaba langai mi nga ai. Hpun wum nna lakying lakung hte hkum tsup ai. Dwi mula ai hpun salaw si ni gaw shi ten hte ten si ai rai. Woi ni gaw kahtawng hta masha nnga ai shaloi hpun salaw si ni hpe sa sha sha rai ma ai.

Kalang mi hpun salaw si si ai ten hta masha ni du wa ma ai. woi ni gaw hpun salaw si si ten masha ni du ndu chye mayu ai majaw woi langai hpe sa sagawn shangun mu ai. Dai woi gaw masha ni du taw nga ai hpe mung mu ai.

Dai lam hpe manaw manang woi ni hpe mung tsun dan ai. Woi ni gaw hpun salaw si sha mayu lam masa hpe woi hkaw hkam wa hpe tsun dan u ai. Woi hkaw hkam wa gaw "nanhte, hpun salaw ... hkum sa mu. Anhte hpe mu jang masha ni ... rim la na mara ai." Ngu nna sadi jaw tsun dan u ai. ... woi law malawng gaw woi hkaw hkam wa a ga hpe n madat la ma ai. "Madu e, masha ni yup pyaw ten shana yuptung hpawa hta sa nhtawm hpun salaw si sha yang hpyen nnga na re." "Ngu nna ana asa hpyi shawn ma ai rai. Sa na matu nrung hkyen taw nga ma ai. Hpang jahtum hkum ndang ai majaw woi hkaw hkam shi nan woi ni hte rau hkan nang mat wa u ... rai.

shanhte gaw nam shalawng shara mi hta mat ... nga nna shana yup tung hpawa ten du wa ai hte kalang ta kahtawng kata de lakyim shang wa ma ai. Hpun salaw kaba ntsa de lung nna hpun salaw si ni hpe sha ma ai.

dai ten hta kahtawng masha lang ai mi gaw yup pyaw nga ai kaw na dum mat wa u ai. Hpun salaw kaba ntsa woi ni nga nga ai hpe chye kau dat u ai. Kalang ta manaw manang ni hpe jasu nna tsun u ai. Dai shaloi kahtawng masha ni gaw yup nga ai kaw na rawt wa let ndan, lahpaw, pala, hpun tawng, nhtu zawn re ni hpe lang let salaw hpun kaba hpe gin wang tawn mu ai rai. Jahpawt nhtoi htoi ai hte kalang lata woi ni hpe rim na matu lajang let sin taw nga ma ai.

Woi ni gaw si nhkun hpe mu ai shaloi manu mana hkrit kajawng mat ma ai. Shing pyi shara nlu rai nga ma ai. Woi hkaw hkam wa kaw kahtep let " "madu e, anhte hpe hkye la rit lawt lu hkra myit yu u" ngu nna hpyi nem ma ai.

"Woi ni e si nhkun hpe mu ai shaloi manu mana hkrit kajawng hkum rai myit law. Ya she yup tung hpawa ten naw re. Ndai laman ngai gaw anhte lawt lu hkra myit yu lu na re "ngu nna tsun u ai. Dai hpang woi yawng hpe jep yu ai shaloi thenaka ngu ai woi nlawm sa wa ai hpe mu chye u ai. Thenaka gaw woi hkaw hkam a kasha daw ai wa re.

"Nanhte ni, hkum hkrit mu. Thenaka gaw ngam nga ta u ai. Thenaka gaw mit chye myit chyang htauli htaula mung nga ai. Anhte yawng hpe mung tsawra ai. Anhte hpe kyin dut kaw na lawt hkra woi la na u ai. Hpun salaw si ni hpe hkru hkra she sha mu" ngu nna woi hkaw hkam wa n gun jaw tsun u ai.

Manang woi ni salaw hpun de sa wa ai ten hta thenaka gaw yup pyaw ngam nga ta ai rai. Yup hprang ai shaloi woi langai mi hpe mung nmu ai majaw lagaw hkang hkan nna hkan nang u ai. Dai ten hta shi jing hku jing yu ni duhka tsin yam hte ka tut hkrum nga ai hpe mu ai shaloi " ngai gaw ne a myu jinghku ni hpe hkye la rā nngai. Shanhte a asak hkyam sa lu hkra ngai galaw na nngai "ngu nna myit sum ru Taw nga ai rai.

Shi gaw myit lu nna kahtawng matu e nga ai sum langai mi kata de lakyim sa u ai. Dai ten hta sum madu gum gai jan gaw wan mang makau e gawng ri ri dung taw nga ai. Thenaka gaw wan mang na wan num htaw langai mi hpe wan nat nna hprawng pru mat wa u ai.

Kahtawng masha ni gaw sum wan hkru ai hpe mu ai shaloi kalang ta woi ni hpe kau da nhtawm wan sat na matu kagat mat wa ma ai. Dai shaloi woi hkaw hkam hte manaw manang ni gaw hpun salaw si langai hkrai di la nna hpun salaw ntsa kaw na yu hkrat wa ma ai rai. Yawng gaw asak hkyam sa lu nna tinang nga shara de bai du lu ma ai rai. Shan hte gaw thenaka hpe chyeju dum ai majaw la wa ai hpun salaw si langai hkrai hpe kum hpa jaw ya ma ai rai.

ဘာနဥ္စ သင်္ဂဟော၊ ဧတံ မင်္ဂလ မုတ္တမံ။

အဆွေအမျိုးတို့အား ချီးမြှောက်ထောက်ပံ့ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

# "အမျိုးကို ကယ်တင်သူ"

လွန်လေပြီးသောအခါ တောအုပ်တစ်ခု၌ မျောက်တစ်သင်း နေထိုင်ကြ၏။ မျောက်များသည် သူတို့အထဲမှ အသိအလိမ္မာရှိသော မျောက်ကြီးတစ်ကောင်ကို မင်းမြှောက်ထား၏။

ထိုတောအုပ်အနီးဝယ် ရွာငယ်တစ်ရွာရှိ၏၊ ထိုရွာမှာ အမြဲလူမနေ၊ အလုပ်ချိန်ကျသောအခါ လူတို့စွန့်ခွာသွားကြ၏။ ထိုရွာအလယ်၌ တည်ပင်ကြီး တစ်ပင်ရှိ၏။ ပင်စည်ကိုင်းခက်နှင့် ပြည့်စုံ၏၊ ချိုမြိန်ကောင်းမွန်သော တည်သီးများသည် အချိန်ရာသီအလိုက်သီး၏၊ မျောက်တို့သည် ရွာ၌လူမရှိသောအခါ တည်သီးများကို သွားရောက်စားလေ၏။

တစ်ခါသော် တည်သီးသီးချိန်တွင် လူတို့ရောက်လာ၏၊ မျောက်တို့သည် တည်သီး သီးချိန်တွင် လူတို့ ရောက်လာ၊ မလာ သိလိုသဖြင့် မျောက်တစ်ကောင်ကို စုံစမ်းရန် စေလွှတ်လိုက်၏။ ထိုမျောက်သည် တည်သီးတို့ အောင်မြင်စွာ သီးနေသည်ကိုလည်း မြင်၏။ လူများရောက်ရှိနေသည်ကိုလည်း မြင်၏။

ထိုအကြောင်းကို အဖော်မျောက်တို့အား ပြောပြသည်။ မျောက်တို့သည် တည်သီးစားလိုသဖြင့် အခြေအနေကို မျောက်မင်းအား တင်ပြသည်။ မျောက်မင်းက "အမောင်တို့၊ တည်ပင်သို့ မသွားကြနှင့်။ ပါတို့ကို တွေ့လျှင် လူတို့လာဖမ်းကြလိမ့်မည်" ဟူ၍ သတိပေး ပြောဆို၏။

သို့ရာတွင် မျောက်အများစုက မျောက်မင်းစကားကို မနာယူ၊"အရှင်၊ လူတို့ အိပ်ပျော်ချိန် သန်းခေါင်ယံတွင်သွား၍ တည်သီးစားကြလျှင် ဘေးမရှိနိုင်ပါ"ဟူ၍ အတင်းပူဆာ၏၊ သွားရန်လည်း ပြင်ဆင်ကြ၏။ နောက်ဆုံးတွင် တားမရသဖြင့် မျောက်မင်းကိုယ်တိုင်ပင် အဖော်မျောက်များနှင့် အတူ လိုက်သွားလေ၏။

သူတို့သည် တောတွင်းတစ်နေရာတွင် ပုန်းအောင်းနေရာမှ သန်းခေါင်းယံအချိန်သို့ ရောက်သည်နှင့်တစ်ပြိုင်နက် ရွာအတွင်းသို့ တိတ်တဆိတ်ဝင်ကြ၏။ တည်ပင်ကြီးပေါ်သို့တက်၍ တည်သီးများကို စားကြ၏။

ထိုအချိန်တွင် ရွာသားတစ်ယောက်သည် အိပ်ပျော်ရာမှ နိုးသွားသည်။ တည်ပင်ကြီးပေါ်တွင် မျောက်များရောက်ရှိလာသည်ကို သိရှိသွားသည်။ ချက်ချင်းပင် အဖော်တို့ကို နှိုး၍ပြောသည်။ ထိုအခါ ရွာသားတို့သည် အိပ်ရာမမှ ထကာ လေး၊ မြား၊ တုတ်၊ ဓား စသည်တို့ကို ကိုင်လျက် တည်ပင်ကြီးကို ဝိုင်းထားလိုက်ကြသည်။ နံနက် မိုးသောက်သည်နှင့် တစ်ပြိုင်နက် မျောက်များကို ဖမ်းဆီးရန် စီစဉ်၍ အသင့်စောင့်ဆိုင်း နေကြသည်။

မျောက်တို့သည် သေဘေးကိုမြင်တွေ့ရသောအခါ လွန်စွာထိတ်လန့်ကြ၏။ ဆောက်တည်ရာမရ ဖြစ်နေကြ၏။ မျောက်မင်းထံ ချဉ်းကပ်လျက် "အရှင်၊ ကျွန်ုပ်တို့ကို ကယ်ပါ၊ လွတ်မြောက်ရန်ကြံစည်ပါ" ဟူ၍ တောင်းပန်ကြ၏။

မျောက်မင်းက"အမောင်တို့၊ ဆောက်တည်ရာ မရ မဖြစ်ကြနှင့်ဦး။ ယခုမှ သန်းခေါင်ယံအချိန်ရှိသေးသည်။ သည်အတွင်း ငါတို့လွတ်မြောက်ရန် ကြံစည်နိုင်သေးသည်" ဟူ၍ဆို၏။ ထို့နောက် မျောက်အားလုံးကို ဝိစစ်ကြည့်ရာ **သေနက** အမည်ရှိသောမျောက် ပါမလာသည်ကို သိရ၏

သေနကသည် မျောက်မင်း၏ တူဖြစ်သည်။

"အမောင်တို့၊ မကြောက်ကြနှင့်။ သေနကသည် ကျန်ရစ်ခဲ့သည်။ သေနကသည် အသိအလိမ္မာလည်းရှိသည်၊ ငါတို့အားလုံးကိုလည်း ချစ်ခင်သည်။ ငါတို့ကို ဘေးရန်မှ လွတ်အောင် ကြံဆောင်ပါလိမ့်မည်။ တည်သီးများကို အေးဆေးသာ စားထားကြပါ"ဟူ၍ မျောက်မင်းက အားပေး ပြောဆို၏။

အဖော်မျောက်တို့သည် တည်ပင်ရှိရာသို့ သွားချိန်တွင်သေနကသည် အိပ်ပျော်ကျန်ရစ်ခဲ့သည်။ နိုးသောအခါ မျောက်တစ်ကောင်ကိုမျှ မမြင်သဖြင့် ခြေရာခံ၍ လိုက်လာ၏။ ထိုအခါ မိမိအဆွေအမျိုးတို့ ဘေးဒုက္ခနှင့် ရင်ဆိုင်တွေ့နေရသည်ကို မြင်ရသည်။ ငါသည် ငါ့အဆွေမျိုးတို့ကို ကယ်ရမည်။ သူတို့အသက်ချမ်းသာရာ ရအောင် ငါကြံဆောင်မည်"ဟု အကြံထုတ်၏.

သူသည် အကြံရသဖြင့် ရွာစွန်ရှိ တဲတစ်အိမ်သို့ တိတ်တဆိတ် သွား၏။ ထိုအချိန်တွင် တဲရှင်အမေအိုသည် မီးဖို၌ ဗိုင်းငင်နေသည်။ သေနကသည် မီးဖိုမှ မီးစတစ်စကို ရုတ်တရက်ယူကာ အနီးရှိ တဲတစ်တဲကို မီးရှို့၍ ထွက်ပြေးလေသည်။

ရွာသားတို့သည် တဲမီးလောင်သည်ကိုမြင်သည်နှင့် တစ်ပြိုင်နက် မျောက်တို့ကို စွန့်လွှတ်ကာ မီးငြိမ်းသတ်ရန်ပြေးသွားကြသည်။ ထိုအခါ မျောက်မင်းနှင့်အဖော်တို့သည် တည်သီးတစ်လုံးစီ ဆွတ်ယူပြီးလျှင် တည်ပင်ပေါ်မှ ဆင်းပြေးကြသည်။ အားလုံးပင် အသက်ချမ်းသာရာ ရ၍ မိမိတို့နေရာသို့ ပြန်သွားကြသည်။ သူတို့သည် သေနကအား ကျေးဇူး ပြုသောအားဖြင့် ယူဆောင် လာသော တည်သီး တစ်လုံးစီကို ဆက်ဆောင်ပေးကြလေသည်။

❧❧❧❧❧❧❧❧❧❧

17. ANA WITZA NI KAMMA NI,
ETAN MINGALA MUK TAMAN.

Mara n nga ai kaja lam hpe galaw ai gaw myat ai mingala nga ma ai.

"MA GA SHADANG SHA"

Moi shawng de magada ginwang, yazagyu mung, matsala kahtawng hta maga ngu ai amyu kaja kasha la shadang sha langai mi nga ai. Shi gaw thila manga grin ai. A hlu dana ni hta myit lawm ai. Kahtawng mare akyu hte masha ni akyu hpe galaw gun hpai chye ai wa re.

Matsala kahtawng hta ram ma shadang sha marai sum shi masum mung nga ai. Dai ni gaw maga shadang la sha hte myit bung ma ai. Maga shadang sha hte rau gum hpawn nna kaja ai kusu ni hpe galaw ma ai.

Maga shadang sha woi awn ai shan hte gaw masha sa ai lam ni hpe waw ma ai. Law lam ni hpe mye ma ai. Mahkrai hkarai ma ai. Hka htung htu ma ai. Jarawp gap ma ai. A hlu jaw ya ma ai. Thila sin ma ai. Shanhte a chyeju a majaw kahtawng masha ni kaja ai akyu hkyam sa lu la ma ai. Thila sin chye wa ma ai. Dai shaloi kahtawng katsi ngwi pyaw wa nna rawt kaba law htam wa ai rai.

Moi gaw matsala kahtawng ngwi pyaw sim sa lam nnga. Kahtawng masha ni gaw chya ru lu ru

be be nna nkaja ai bungli ni hpe galaw ma ai majaw ahka, amu ni law la nga ai. Dai majaw matsala ka htawng agyi wa gaw amu hparan ya ai rai nna kum hpaw kum hpa manu mana lu la sha u ai rai.

Ya ten hta gaw maga shadang sha hte manaw manang ni a shakut shaja ai majaw kahtawng gaw ngwi pyaw sim sa nna je yang na mu ni hkoi taw nga ai rai. Mare masha ni tara sin ai majaw amu nnga ai. kahtawng agyi wa gaw amu nje yang lu ai rai nna kum hpaw kum hpa yawm taw nga u ai rai.

Dai majaw myit nkaja ai kahtawng agyi wa gaw maga shadang sha ni hten byak na lam myit taw nga ai. Shi gaw hkaw hkam wa kaw kahtep nhtawm " maga shadang sha woi awn ai ram ma marai sum shi masum gaw kahtawng hpe jahten taw nga ma ai" ngu nna shawk dan u ai.

Hkaw hkam wa mung baw nu nrawng ai wa re majaw maga shadang sha ni hpe n jep yu ai sha "shan hte hpe magwi hte kabye sat shangun u" ngu nna ahkang jahkrat u ai rai.

Hpyen ma ni gaw maga shadang sha hte manaw manang ni hpe rim nhtawm magwi hte kabye sat na hkyen ma ai. Magwi hte kabye na mahka maga shadang sha wa gaw shi manang ni hpe "manang ni e, hkum hkrit mu, pawt mung hkum pawt mu. Hkaw hkam, kahtawng agyi wa, magwi hte gawng hpyen ma ni hpe mitta ngu ai tsawra ma tsan

dum myit tawn mu. Mitta sa ya mu Anhte galaw lai wa sai kaja ai kusu hte thila hpe myit sum ru yu ga. Thit tsa tsun ga "ngu nna htet u ai. Manang ni mung hkan sa shatup ma ai rai.

Dai shaloi magwi hpe ten law law lang kabye shangun tim ma gwi gaw nwam kabye u ai. Makau de du wa ai shaloi marawn nna hprawng mat u ai rai.

Dai lam hpe hkaw hkam na ai shaloi " tsi mawan kaja lu la ai majaw rai ang ai" ngu nna maga shadang sha ni a hkum hta tam sha ngun yu u ai. Nmu ai. Kalang mi bai "gahta mandan heng ai majaw rai ang ai" ngu nna san shangun u ai. N lu ai.

Maga shadang sha gaw "anhte hta tsi mawan kaja mung nnga ai. Gahta mandan mung nnga ai. Thila ngang ai, masha ni akyu, mare kahtawng akyu galaw gun hpai ga ai, thatawa yawng a ntsa ti nang hkum hte maren mitta tawn ga ai, dai zawn re ni hpe galaw ga ai. Ndai akyu a majaw hpyen myu shagu kaw na tsan gang nga ga ai re" ngu nna shawk dan u ai.

Hkaw hkam wa mung teng ai lam hpe chye kau dat nu ai. Maga shadang sha ni hpe hkungga hku hkau wa u ai. Kalang lata nan gum lau ai kahtawng agyi wa hpe aya kaw na jahkrat n htawm mara jaw u ai rai. Maga shadang sha ni hpe magwi mung jaw u ai. Maga hpe kahtawng agyi aya sharawt ya u ai. Kahtawng agyi ting sa wa a kahtawng masha ni

hpe mung ya u ai. Dai hpang mare kahtawng akyu kahtawng masha akyu ni hpe matut nna galaw gun hpai shangun u ai rai. Maga shadang sha ni mung kahtap nna hkan galaw ma ai. Dai kaja ai bung li a majaw asak aprat htum nna si mat ai shaloi maga shadang sha wa gaw ta wating tha nat mung hta thi kya hkaw hkam tai wa nu ai rai. Manaw manang ni mung nat la ni tai wa ma ai rai.

❖❖❖❖❖❖❖❖❖❖❖❖❖❖

အနဝဇ္ဇာနိ ကမ္မာနိ၊ ဧတံ မင်္ဂလ မုတ္တမံ။

အပြစ်မရှိသော ကောင်းမှုကိုပြုခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

# "မဃ လုလင်"

လွန်လေပြီးသောအခါ မဂဓတိုင်း၊ ရာဇဂြိုဟ်ပြည်၊ မစလရွာ မဃအမည်ရှိသော အမျိုးကောင်းသားလုလင်တစ်ယောက်ရှိသည်။ သူသည် ငါးပါးသီလမြဲသည်။ အလှူဒါနတို့၌ မွေ့လျော်သည်။ ရပ်ရွာအကျိုးနှင့် အများကောင်းကျိုးကို ဆောင်ရွက်လေ့ရှိသည်။

မစလရွာ၌ လုလင် ၃–ကျိပ်၊ ၃–ယောက်လည်းရှိသည်။ သူတို့သည် မဃလုလင်နှင့် စိတ်တူကိုယ်မျှရှိကြသည်။ မဃလုလင်နှင့်အတူ စုပေါင်း၍ ကောင်းမှုကုသိုလ်များကို လုပ်ဆောင်ကြသည်။

မဃလုလင်ဦးဆောင်လျက် သူတို့သည် စုပေါင်း၍ လူသွားလမ်းဝဲ့ကို ဖောက်လုပ်ကြသည်။ လည်းလမ်းတို့ကို ပြုပြင်ကြသည်။ တံတားခင်းကြသည်၊ ရေတွင်းရေကန် တူးကြသည်။ ဇရပ်ဆောက်ကြသည်။ အလှူပေးကြသည်။ သီလဆောက်တည်ကြသည်။ သူတို့ကျေးဇူးကြောင့် ရွာသားတို့ ကောင်းကျိုးချမ်းသာရကြသည်။ သီလစောင့်လာကြသည်။ ထိုအခါ ရွာမှာ ငြိမ်းချမ်းသာယာ၍ တိုးတက်စည်ပင်သာယာလာသည်။

ရှေးအခါက မစလရွာသည် ငြိမ်းချမ်းသာယာခြင်းမရှိ။ ရွာသားတို့သည် သောက်စားမူးယစ်ကာ မကောင်းမှုများကိုပြုကြသဖြင့် ရာဇဝတ်မှု ထူပြောလှသည်။ ထိုအခါ မစလရွာစားမှာ အမှုစီရင်ရသဖြင့် လာဘ်သ ပကာ များစွာ ရရှိလေသည်။

ယခုအခါတွင်မူ မဃလုလင်နှင့် မိတ်ဆွေများ၏ ဆောင်ရွက်မှုကြောင့် ရွာမှာငြိမ်းချမ်းသာယာပြီး ရာဇဝတ်မှုကင်းဝေးနေသည်။ ရွာသားတို့ တရားစောင့်သဖြင့် အမှုမရှိ။ ရွာစားမှာ အမှုမစီရင်ရ။ လာဘ်သပ်ပကာ ဆုတ်ယုတ်မလေတော့သည်။

ဤတွင် ယုတ်မာသော ရွာစားသည် မဃလုလင်တို့ပျက်စီးရန် ကြံစည်သည်။ သူသည် မင်းထံချဉ်းကပ်ပြီးလျှင် "မဃလုလင် ဦးဆောင်သည့် လူငယ် ၃–ကျိပ်၊ ၃–ယောက်တို့သည် ရွာကိုဖျက်ဆီးလျက် ရှိကြပါသည်"ဟူ၍ လျှောက်တင်သည်။

မင်းလည်း မိုက်မဲသဖြင့် မဃလုလင်တို့ကို စစ်ဆေးခြင်းမရှိ။ "သင်းတို့ကို ဆင်ဖြင့်နင်း၍ သတ်စေ"ဟူ၍ အမိန့်ချမှတ်လိုက်သည်။

မင်းချင်းတို့သည် မဃလုလင်နှင့် အပေါင်းတို့ကို ဖမ်း၍ ဆင်ဖြင့် နင်းသတ်မည်ပြုကြသည်။ ဆင်းဖြင့်နင်းအံ့ဆဲဆဲ၌ မဃလုလင်က အဖော်တို့အား "အဆွေတို့ မကြောက်ကြလင့်၊ ဒေါသလည်းမထွက်ကြနှင့်၊ မင်း၊ ရွာစား၊ မင်းဆင်နှင့်တကွ မင်းချင်းတို့အား မေတ္တာထားကြ။ မေတ္တာပို့ကြ၊ ငါတို့ပြုခဲ့သော ကောင်းမှုကုသိုလ်နှင့် သီလကိုဆင်ခြင်ကြ။ သစ္စာဆိုကြ"ဟူ၍ မှာကြား၏။ အပေါင်းတို့ကလည်း လိုက်နာကျင့်ဆောင်ကြ၏။

ဤတွင် ဆင်ကိုအကြိမ်ကြိမ် နင်းစေသော်လည်း ဆင်သည်မနင်းပဲ အနီးသို့ ရောက်သောအခါ အော်၍သာ ပြေးလေသည်။

ထိုအကြောင်းကို မင်းကြီးကြားလေသော် "ဆေးစွမ်းကောင်း ရှိသောကြောင့် ဖြစ်တန်ရာ၏"ဟုဆို၍ မဃလုလင်တို့ ကိုယ်တွင် ရှာစေသည်၊ မတွေ့။ တဖန် "ဂါထာမန္တန်အစွမ်းကြောင့် ဖြစ်တန်ရာ၏" ဟုဆို၍ မေးစေသည်၊ မရ။

မဃလုလင်က "ကျွန်တော်မျိုးတို့၌ ဆေးစွမ်းကောင်းလည်း မရှိပါ၊ ဂါထာမန္တန်လည်းမရှိပါ။ သီလမြဲခြင်း၊ သူတစ်ပါးအကျိုး၊ ရပ်ရွာအကျိုး ဆောင်ရွက်ခြင်း၊ အလုံးစုံသော သတ္တဝါတို့အပေါ် မိမိနှင့်ထပ်တူ မေတ္တာ ထားခြင်း စသည်တို့ပြုကြသည်။ ဤအကျိုးကြောင့် ရန်အပေါင်းမှ ကင်းဝေးခြင်း ဖြစ်ရပါသည်" ဟူ၍ လျှောက်ထား၏။

မင်းကြီးလည်း အဖြစ်မှန်ကို သိရှိသွားသည်၊ မဃလုလင်တို့ကို လေးစားမြတ်နိုးသွားသည်။ ချက်ချင်းပင် ကုန်းချောသူ ရွာစားအား ရာထူးမှချ၍ ပြစ်ဒဏ်ပေးသည်။ မဃလုလင်တို့အား ဆင်ကိုလည်း ပေးသည်။ မဃအား ရွာစားခန့်သည်။ ထို့နောက် ရပ်ရွာအကျိုး၊ ရွာသူရွာသားအကျိုးတို့ကို ဆက်လက်ဆောင်ရွက်စေသည်။ မဃလုလင် တို့လည်း ဆတက်ကိုး၍ ဆောင်ရွက်ကြသည်။ ဤကောင်းမှုများကြောင့် သက်တမ်းစေ့၍ ကွယ်လွန်သောအခါ မဃလုလင်သည် တာဝတိံသာ နတ်ပြည်၌ သိကြားမင်း ဖြစ်လာသည်။ အပေါင်းအဖော်တို့သည်လည်း နတ်သားများ ဖြစ်လာကြလေသည်။

***************

18. A RATI PAPA,
ETAN MINGALA MUK TAMAN.

Nkaja ai lam hpe hkum hte rai rai n-gup a-ga hte rai rai koi gam ai gaw myat ai mingala re.

## " SHI ASAK DAT YA AI WA"

Moi shawng gai ta gum gai langai mi gaw shi kasha la shadang sha lahkawng hpe shamyet let nga nga ai. Kasha yen mung shan a kanu hpe hkungga tara let bau maka ma ai rai.

Lani mi kanu gaw [illegible] grai machyi u ai. Ana hkrung ai majaw tsi sara hpe shaga nna ma dun u ai. Tsi sara wa gaw shi ana hpe [illegible] yu nhtawm shan nau hpe "ma ni e, prang tai shan tsi lu sha jaw sha jang nanhte kanu a ana gaw jahkring na lainan mai tsai lu na re. Prang tai shan katsing hpe tam mu" ngu tsun u ai.

Shaloi kahpu gaw kanau hpe "Ngai nau e, nam de sa nhtawm prang tai sa hkam u. Prang tai shan hpe lu hkra tam wa rit" ngu nna shangun dat u ai.

Kanau mung prang tai hkam na matu nam de sa u ai. Nam de du ai shaloi prang tai langai hpe mu u ai. Prang tai gaw tsing hkin lung ni sha nga u ai. Ka nau wa hpe mu ai shaloi hkrit kajawng let hprawng pru mat wa ai. Hprawng ntsawm ai majaw numru langai hta tau nhtawm nlu hprawng rai taw nga ai. Kanau mung prang tai hpe aloi sha rim la u ai. Prang tai kasha gaw hkrit la ai majaw hkum ting gari taw [illegible] ai rai.

Kanau mung shi kata du taw nga ai prang tai kasha hpe yu nna shadawn yu myit byin paw pru wa u ai. "thattawa ngu ai gaw si na hpe hkrit ai wa hkrai re. Ngai mung si na hpe hkrit nngai. Ne nu mung si na hpe hkrit ai. Prang tai kasha mung si na hpe hkrit ai re. Ne nu asak nsi hkra prang tai asak hpe sat ra ai ngu ai gaw tara a ni? Shing ra maka hte pre na re ni? ngu nna myit yu sawn yu u ai rai. Hpang jahtum e prang tai kasha hpe nsat ging ai ngu nna daw dan nhtawm bai dat kau dat u ai rai. Prang tai kasha mung kabu gara hprawng kagat mat wa u ai rai.

Kanau nta bai du ai shaloi kahpu gaw "Ngai nau, Prang tai lawm a ni?" ngu nna san u ai. Kanau gaw akyu akyawng bai tsun u ai. Kahpu gaw n-gut u ai rai. "Nang gaw nu a akyu hpe n yu ai wa, yen kau ai wa re." ngu nna wu u ai.

Shaloi kanu gaw "kanau hta mara nnga ai. Kanau a galaw ai lam teng nga ai. shi asak sat ai ngu ai gaw nkaja ai bungli re." ngu nna kasha kaji wa a myit sat myit sa hpe n-gun mi alu thadu shaga u ai rai.

Dai shaloi kanau wa gaw "ngai gaw chye na ai ten kaw nna chye ning len masha ni a asak hpe nsat nngai. Ndai ga teng man ai thittsa ga re ai law. Ndai ga teng yang gaw ne nu a ana nai lap hta hka nmara lu ai zawn hkoi tsai mai mat u ga law" ngu nna thittsa tsun u ai rai. Dai thittsa ga a majaw kanu a ana gaw kalang lata mai tsai mat sai rai.

## ၁၈။ အာရတီ ပါပါ၊ ဧတံ မင်္ဂလ မုတ္တမံ။

မကောင်းမှုကို ကိုယ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း ရှောင်ကြဉ်ခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

# "သူ့အသက်လွှတ်သူ"

တစ်ရံရောအခါ မိခင်တစ်ဦးသည် ခင်ပွန်းသေဆုံးသဖြင့် သားလုလင်နှစ်ယောက်ကို အားကိုးအားထားပြု၍ နေထိုင်သည်။ သားနှစ်ယောက်သည်လည်း မိခင်ကို ရိုသေစွာ လုပ်ကျွေးပြုစုနေထိုင်ကြသည်။

တစ်နေ့သောအခါ မိခင်ဖျားနာသည့် ရောဂါပြင်းသဖြင့် ဆေးဆရာကို ခေါ်၍ပြသသည်။ ဆေးဆရာကလူနာ၏ရောဂါကို စမ်းသပ် ပြီးနောက် ညီအကိုနှစ်ဦးအား"အမောင်တို့၊ ယုန်သားဓာတ်မှာကျွေးလျှင် သင်တို့မိခင်၏ ရောဂါသည် တစ်ခဏအတွင်း ပျောက်ကင်းနိုင်သည်၊ ယုန်သားအစိုကို ရှာပါ"ဟူ၍ ဆို၏။

သည်တွင် အကိုက ညီအား "ညီမောင်၊ တောသို့သွား၍ ယုန်ထောင်ပါ။ ယုန်သားကို ရအောင်ယူခဲ့ပါ ဟု စေခိုင်းလိုက်သည်။

ညီငယ်လည်းယုန်ထောင်ရန် တောသို့သွားသည်။ တောစပ်သို့ အရောက်တွင် ယုန်ငယ်တစ်ကောင်ကို တွေ့သည် ယုန်ငယ်သည်ရွက်နုများစားနေသည်။ ညီငယ်ကို မြင်သောအခါ ကြောက်အားလန့်အားဖြင့် ထွက်ပြေးသည်။ အပြေးမတော်သဖြင့် နွယ်ပင်တစ်ပင်နှင့် ငြိကာ မပြေးနိုင် ဖြစ်နေရာသည်၊ ညီငယ်လည်း ယုန်ငယ်ကို အလွယ်တကူ ဖမ်းယူလိုက်သည်၊ ယုန်ကလေးမှာ ကြောက်ရွံ့သဖြင့် ပင်ကိုယ်လုံး တုန်နေရာသည်။

ညီငယ်လည်း မိမိလက်တွင်းရောက်နေသော ယုန်ကလေး၏ ဖြစ်အင်ကို ကြည့်ကာ စာနာစိတ်ဖြစ်ပေါ်သွားသည်"။ သတ္တဝါဆိုသည်မှာ သေရမည်ကို ကြောက်ကြသူချည်းပင်၊ ငါလည်းသေရမည်ကိုကြောက်သည်။ ငါ့မိခင်လည်းသေရမည်ကိုကြောက်သည်။ ယုန်ကလေးလည်း သေရမည်ကို ကြောက်သည်၊ ငါ့မိခင် အသက်မသေအောင် ယုန်ကလေးအသက်ကို သတ်ရမည်ဆိုသည်မှာ တရားပါသလော၊ သဘာဝကျပါသလော"ဟူ၍ တွေးကာဆင်ခြင်သည်။ နောက်ဆုံးတွင် ယုန်ကလေးကိုမသတ်သင့် ဟူ၍ ဆုံးဖြတ်ကာ ပြန်လွှတ်လိုက်သည်။ ယုန်ငယ်လည်း ဝမ်းသာအားရ ထွက်ပြေးသွားလေသည်။

ညီငယ် အိမ်ပြန်ရောက်သော် အစ်ကိုကြီးက"ညီငယ် ယုန်ကောင် ပါ,ပါ သလော"ဟူ၍ မေးသည်။ ညီငယ်က အကျိုးအကြောင်း ပြန်ပြောသည်၊ အကိုကြီးက မကျေနပ်၊ သင်သည် မိဘအကျိုးကို ပစ်ပယ်သူဖြစ်သည်" ဟုဆိုကာ ကြိမ်းမောင်းပြစ်တင်သည်။

ဤတွင်မိခင်က"သားငယ်မှာအပြစ်မရှိ၊ သားငယ်ဆောင်ရွက်မှုသည် မှန်ကန်သည်။ သူ့အသက်သတ်ခြင်းတည်းဟူသော မကောင်းမှုသည် မကောင်း"ဟုဆိုကာ သားငယ်၏ စိတ်စေတနာကို အားရဝမ်းသာ သာဓုခေါ်လေသည်။

ထိုစဉ် ညီငယ်က"ကျွန်ုပ်သည် သိတတ်သည့် အရွယ်ကစ၍ သိလျက်နှင့် သူတစ်ပါးအသက်ကို မသတ်ခဲ့ပါ၊ ဤစကားသည် မှန်သော သစ္စာစကားဖြစ်ပါ၏။ ဤစကားမှန်ပါက မိခင်၏ရောဂါသည် ပိန်းကြာ ဖက်တွင် ရေမတင်သလို ကင်းစင်ပပျောက်ပါစေသတည်း"ဟူ၍ သစ္စာပြု၏။ ထိုသစ္စာစကားကြောင့် မိခင်၏ရောဂါမှာ ချက်ချင်း ပျောက်ကင်း သွားလေသတည်း။

◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆

19. WI RATI PAPA,
ETAN MINGALA MUK TAMAN.

Nkaja ai amu hpe myit hte koi gam ai gaw myat ai mingala nga ma ai.

## "SHANAN SHADANG"

Moi shawng de baranathi mung hta ditha pamawk hka sara kaba langai nga ai rai. shi gaw nyan hpaji mung lak lai nna nga u ai. Masat mawat thila mung grai kaja ai rai.

Shi hpang de masha kaja la shadang manu mana sa wa nhtawm hpaji sa sharin la ma ai. Sara kaba wa hta tsawm htap sum nung la ai shayi sha langai nga ai rai..Lani mi hta sara kaba wa gaw "ne tape shadang ni gaw sat lawat i kaja ma ai kun? ngai sagawn yu na nngai. Shan hte hta na sat lawat kaja ai wa hpe ne kasha hte ta matut ya na re" ngu nna myit u ai.

Dai hpang shi gaw tape shadang ni hpe shaga u ai. "La shadang ni e, ne kasha gaw asak aprat ram sai. Ne kasha lang na matu nanhte nta kaw na ja rai ni hpe nu wa jing hku [illegible] e hkra lagu la wa marit. Manu dan [illegible] lagu la lu ai shadang hpe ne kasha hte [illegible] ya na "ngu nna tsun u ai.

Tape ni mung sara kaba wa a kasha hpe ra marit ma ai. Dai majaw sara kaba wa shangun ai hku shanhte a nta de wa nhtawm manu dan ai ja rai ni hpe nu wa jinghku ni nchye hkra lagu la sa ma ai rai. Sara kaba wa hpe ap ya ma ai. Sara kaba wa mung ja rai yawng hpe matsing nna atsawm sha hkap la tawn u ai.

Dai zawn tape shadang ni gaw nta kaw na ja rai ni hpe lagu la sa timung lak lai ai tape shadang la langai mi gaw hkyep mi mung n lagu la u ai rai.

Dai shaloi sara kaba wa gaw dai shadang la hpe sagawn yu u ai. Dai shaloi shadang la wa gaw "sara, ngai gaw sara a kasha hpe ra marit dik nngai. Rai tim nta kaw na ja rai ni hpe nkam lagu nngai. Mung kan ntsa e n kaja ai amu galaw ai wa a matu shim shara ngu ai nnga ai. Lagu ai amu ni hpe ngai gaw myit hte pyi nshut mayu nngai" ngu nna tsun u ai.

Sara kaba wa gaw dai shadang la hpe grai ra sharawng mat wa u ai rai. "Shadang la wa e, ne kasha hta ja rai nlu ai majaw lagu shangun ai nre. Myit sat myit sa kaja ai wa hpe jam yu nna lata la ai lam she re. Shadang la wa nang gaw ne kasha hte ging dan ai wa re" ngu nna tsun u ai. Dai shadang la wa hpe shakawn let shi kasha hte hking ran ya u ai rai.

Ngam ai tape ni hpe nkaja ai amu hpe n-galaw na matu sha rin shaga u ai. Lagu la sa wa ai ja rai ni hpe mung yawng hkrai hkrai bai ap ya u ai rai.

## ၁၉။ ဝိရတိ ပါပါ၊ စေတဲ မင်္ဂလ မုတ္တမံ။

**မကောင်းမှုကို စိတ်ဖြင့်ရှောင်ကြဉ်ခြင်းသည် မြတ်သော မင်္ဂလာမည်၏။**

# "စံပြလုလင်"

ရှေးသရောအခါ ဟာရာဏသီပြည်ဝယ် ဒိသာပါမောက္ခဆရာကြီး တစ်ဦးရှိသည် သူသည် ဉာဏ်ပညာလည်း အထူးရှိသည်။ အကျင့်သီလ လည်း အထူးကောင်းသည်။

သူ့ထံသို့ အမျိုးကောင်းသားလုလင်များစွာတို့သည် လာရောက် အတတ်သင်ကြသည်၊ ဆရာကြီးတွင် လှပယဉ်ကျေးသော သမီးပျိုကလေး တစ်ဦးရှိသည်။ တစ်နေ့တွင်ဆရာကြီးက "တပည့်လုလင်တို့ ကိုယ်ကျင့် တရား ကောင်း၊ မကောင်း ငါစူးစမ်းမည်၊ သူတို့အထဲမှ ကိုယ်ကျင့်တရား ကောင်းသူကို ငါ့သမီးနှင့် လက်ဆက်ပေးမည်"ဟူ၍ ကြံစည်သည်။

ထို့နောက် သူသည် တပည့်လုလင်တို့ကို ခေါ်သည်"အမောင်တို့ ငါ့သမီးသည် အရွယ်ရောက်ပြီ၊ ငါ့သမီး ဆင်မြန်းရန် သင်တို့အိမ်မှ အဝတ်တန်ဆာတို့ကို မိဘဆွေမျိုးမသိအောင် တိတ်တဆိတ်ခိုးယူလာခဲ့ပါ၊ အဖိုးအထိုက်ဆုံးသော အဝတ်တန်ဆာကို ခိုးယူလာနိုင်သူအား ငါ့သမီးနှင့် ထိမ်းမြားပေးမည်"ဟူ၍ ပြောဆိုသည်။

တပည့်တို့သည် ဆရာကြီး၏သမီးကို စုံမက်ကြသည်၊ ထို့ကြောင့် ဆရာကြီး စေခိုင်းသည့်အတိုင်း အိမ်သို့ပြန်၍ အဖိုးတန်အဝတ်တန်ဆာ များကို မိဘဆွေမျိုးတို့မသိအောင် ခိုးယူလာကြသည်၊ ဆရာကြီးကို ပေးအပ်ကြသည်၊ ဆရာကြီးလည်း ပစ္စည်းအားလုံးကိုအမှတ်အသားပြု၍ စနစ်တကျ သိမ်းဆည်းထားသည်။

ဤသို့ တပည့်လုလင်တို့သည် အဝတ်တန်ဆာတို့ကို ခိုးယူလာ သော်လည်း ထူးခြားသော တပည့်လုလင်တစ်ဦးကမူ လုံးဝခိုးယူခြင်း မပြု၊ တစ်စုံတစ်ခုသော အဝတ်တန်ဆာကိုမျှ ဆရာကြီးထံပေးအပ်ခြင်း မပြုပေ။

ထိုအခါ ဆရာကြီးက ထိုလုလင်အား အကြောင်းရင်းကို စုံစမ်း မေးမြန်းသည်၊ ဤတွင် လုလင်က"ဆရာ၊ အကျွန်ုပ်သည် ဆရာ၏ သမီးပျိုကို စုံမက်ပါသည်၊ သို့ရာတွင် အိမ်မှ အဝတ်တန်ဆာတို့ကိုမူ ခိုးယူလိုခြင်း မပြုလိုပါ။ လောက၌ မကောင်းမှုပြုသူအဖို့ ဆိတ်ကွယ်ရာ အရပ်မည်သည် မရှိပါ။ ခိုးယူမှု စသော မကောင်းမှုကို အကျွန်ုပ်သည် စိတ်ဖြင့်ပင် မပြုစ်မှားလိုပါ"ဟူ၍ ပြောဆိုသည်။

ဆရာကြီးသည် ထိုလုလင်ကို အလွန်နှစ်သက်မြတ်နိုးသွားသည်၊ "အမောင်၊ ငါ့သမီး၌ အဝတ်တန်ဆာမရှိ၍ ခိုးခိုင်းသည်မဟုတ်ပါ၊ ကိုယ်ကျင့်တရားကောင်းသူကို စမ်းသပ်ရွေးချယ်ခြင်းသာဖြစ်သည်၊ အမောင်သည် ငါ့သမီးနှင့် ထိုက်တန်သူဖြစ်သည်"ဟု ပြောဆိုသည်။ ထိုလုလင်ပျိုကို ချီးကျူးကာ သမီးနှင့်ထိမ်းမြားပေးလေသည်။

ကျန်တပည့်တို့အား မကောင်းမှုကို မပြုရန် ဆိုဆုံးမသည်၊ ခိုးယူလာခဲ့သော ပစ္စည်းများကိုလည်း အသီးသီးပြန်လည်ပေးလိုက်သည်။

✣✻✻✻✻✻✻✻✣

20. MIT ZA PANATSA THAN YAMAW, ETAN MINGALA MUK TAMAN.

Chyaru nang hpa lu sha ai lam kaw na tsan tsan koi gam ai gaw myat ai mingala nga ma ai.

## " SHAMAN YA CHYE AI DI HTE RU BE"

Moi shawng de bara nathi mung hta lu su masha langai mi nga ai. Sut gan manu mana lu u ai rai. Ga kata hta lup tawn ai sut gan ni pyi ri mali shi nga u ai rai.

Lu su masha wa gaw lu su ai hte maren kusu amu ni hpe mung galaw u ai rai. Dai majaw si mat wa ai shaloi ta wating tha nat mung hta thi kya hkaw hkam sa tai u ai rai.

Lu su masha wa hta kasha shadang langai shingtai sha lu u ai. Sut gan yawng hpe dai kasha shi hkrai sha lu la u ai rai. Tsa hti kasha gaw myit mang nkaja ai wa re. Dai majaw sut gan hpe akyu nga hkra nlang u ai. Myu Shagu jai lang kau u ai.

Shi gaw mandat shachyaw nna manaw manang ni hte chyaru lu ai. Ru be be ai shaloi jun ginsup chye ai ni hpe jun gin sup shangun u ai. Chye ka ai ni hpe ka dan shangun u ai. Yu ngwi nsen pyaw ai ni hpe mahkawn hkawn dan shangun u ai. Dai ni hpe gum hpraw hkying mi hkrai hkrai kum hpa jaw u ai. Dai hta n-ga lu sha myu hkum hkra sha u ai. Num ni hpe shaga nna pyaw chyai u ai. Dai zawn jai lang wa ai majaw sut gan ni yet yet ma wa nu ai.

Hpang jahtum matsan mayen re prat kaw du mat wa u ai rai.

Bu hpun palawng ni mung ding sa snachye jamya rai nna matsan mayen rai nga nga u ai rai.

Kawa thi kya hkaw hkam wa gaw kasha hpe myit yu ai shaloi grai matsan dum ai jaw masha mung dan de yu wa u ai rai.

Kasha kaw sa nhtawm ra ai hpe shaman ya lu ai di langai hpe ya u ai.

"Ngai sha e, ndai di gaw ra ai hpe shaman ya chye ai di re. Nang ra ai hpe myit dat nna lang u. Ndai di hpe n-ga hkra sadi hte lang u. Ya hpang de ngai kahtap nna n-ya na ni ai "ngu nna tsun htet da u ai. Dai hpang nat mung de bai nhtang mat wa u ai rai.

Tsahti kasha gaw kabu nhtum rai u ai. Ra ai hpe myit dat ai shaloi di kata hta paw pru wa ai. Dai ni hpe jai lang u ai. Kade nna yang chyaru hpe myit nna lu sha ru be be u ai.

La ni mi tsahti kasha gaw chyaru hpe lu nna grai nang abe wa ai shaloi kawa thi kya hkaw hkam htet da ai ga hpe n hkung ga ai sha ru bam bam nna shaman chye ai di hpe ntsa de sharawt kabai dat rim dat rai gin sup u ai. Kalang mi hta di hpe rim ai shaloi n rim hkrup,tat kau ai majaw di hkrat nna ga mat ai rai.

Dai ten kaw nna tsahti kasha gaw bai matsan mat u ai rai. Kawa thikya hkawhkam wa gaw ru be hpe kahtap nna njaw ya lu nu ai rai.

Tsahti kasha gaw bu hpun palawng shachye chyamya hpun let kawk hpai nna hpyi sha nga u ai rai. Hpang jahtum masha ni a nta shakum hpe shanat let nsa hti mat wa nu ai rai.

၂၀။ မဇ္ဇပါနာ စ သံယမော၊ ဧတံ မင်္ဂလ မုတ္တမံ။

သေရည်သေရက် သောက်စားခြင်းမှ ဝေးစွာရှောင်ကြဉ်ခြင်းသည် မြတ်သော မင်္ဂလာမည်၏။

## "ကုဋုမ္ဗိကသူဌေးဓနသယအိုးနှင့် အရက်သမား"

ရှေးသရောအခါ ဗာရာဏသီပြည်တွင် သေဋ္ဌေးကြီးတစ်ဦးရှိသည် ပစ္စည်းဥစ္စာ လွန်စွာ ကြွယ်ဝချမ်းသာသည်၊ မြေ၌မြှုပ်ထားသော ဥစ္စာသည်ပင် ကုဋေလေးဆယ်ရှိသည်။

သေဋ္ဌေးကြီးသည် ကြွယ်ဝချမ်းသာသည်နှင့်အမျှ ကုသိုလ်ကောင်းမှုတို့ကိုလည်း အထူးပြုသည်၊ ထို့ကြောင့် ကွယ်လွန်သောအခါ တာဝတိံသာ နတ်ပြည်၌ သိကြားမင်းဖြစ်သွားလေသည်။

သေဋ္ဌေးကြီးတွင် သားတစ်ယောက်တည်းသာ ရှိသည်။ သေဋ္ဌေးကြီး၏ အမွေပစ္စည်းတို့ကို ထိုသားတစ်ဦးတည်းသာရရှိသည်၊ သေဋ္ဌေးသားကား မလိမ္မာ မိုက်မဲသူဖြစ်သည်၊ ထို့ကြောင့်ဥစ္စာတို့ကို အကျိုးရှိအောင်မသုံး၊ အမျိုးမျိုးဖြုန်းတီးပစ်၏။

သူသည်မဏ္ဍပ်ကြီးဆောက်သည် ၊ အပေါင်းအဖော် အခြံအရံတို့နှင့် အရက်သောက်သည်၊ မူးယစ်သောအခါ ကျွမ်းထိုးကောင်းသူတို့ကိုခေါ်၍ ကျွမ်းထိုးပြစေသည်၊ အကကောင်းသူတို့ကို ခေါ်၍ ကပြစေသည်၊ အဆိုကောင်းသူတို့ကို ခေါ်၍ သီဆိုပြစေသည်၊ ထိုသူတို့ကို အသပြာ တစ်ထောင်စီ ဆုချ၏။ ထို့မှမက အစားအစာ မျိုးစုံကို စား၏။ မိန်းမတို့ကိုခေါ်၍ ပျော်ပါး၏။ ဤသို့သုံးဖြုန်းလာရာ အဖထားခဲ့သော ဥစ္စာတို့သည် တစ်စတစ်စ ကုန်ခမ်းသွားလေသည်၊ နောက်ဆုံးတွင်

သေဌေးသားမှာ ကုန်းကောက်စရာ မရှိအောင် ဆင်းရဲနွမ်းပါးကာ အထီးကျန်ဘဝသို့ရောက်သွားသည်။ ဟောင်းနွမ်းသောအဝတ်တို့ကို ဝတ်ဆင်လျက် ဆင်းရဲစွာ နေထိုင်စားသောက်ရလေသည်။

ဖခင်ဖြစ်သူ သိကြားမင်းသည် သားကို ဆင်ခြင်ကြည့်သော် ဖြစ်ပျက်ပုံအလုံးစုံကို သိမြင်သွားလေသည်၊ ဤတွင် သားကိုချစ်ခင်သဖြင့် လူ့ပြည်ကို ဆင်းလာသည်။ သားထံ ချဉ်းကပ်လျက် တောင့်တတိုင်း အလိုရှိရာပေးသော ဣစ္ဆာသယအိုးကိုပေးသည်။

"အမောင်၊ ဤအိုးသည် လိုရာကိုရစေသော ဣစ္ဆာသယအိုးဖြစ်သည်၊ သင်အလိုရှိရာတောင့်တ၍ အသုံးပြုပါ၊ ဤအိုးကိုလည်း မကွဲအောင် သတိဖြင့် သိမ်းထားပါ၊ နောက်ထပ် ငါမပေးနိုင်တော့ပါ"ဟူ၍ ပြောဆို မှာကြားသည်၊ ထို့နောက် နတ်ပြည်ကို ပြန်ကြွသွားလေသည်။

သေဌေးသားသည် ဝမ်းမြောက်မဆုံးဖြစ်၏၊ အလိုရှိရာကို တောင့်တ ရာ အိုးထဲတွင် ပေါ်လာ၏၊ ယင်းတို့ကို သုံးစွဲ၏၊ မကြာမီ သေအရက်ကို တောင့်တ၍ သောက်စားမူးယစ်ပြန်လေသည်။

တစ်နေ့သ၌ သေဌေးသားသည် အရက်ကိုတောင့်တ၍ သောက်စား သည်၊ အလွန်မူးယစ်သောအခါ ဖခင်သိကြားမင်းမှာသော စကားကို အလေးမပြု၊ အရက်မူးမူးဖြင့် ဣစ္ဆာသယအိုးကို မြှောက်ချီ ဖမ်းချီပြု၍ ကစား၏။ တစ်ကြိမ်တွင် အိုးကိုမြှောက်၍ လက်ဖြင့်ဖမ်းရာ မမိ၊ ချော်ထွက်သွား၍ အိုးသည်မြေ၌ကျကာ ကွဲလေ၏။

ထိုအချိန်မှစ၍ သေဌေးသားသည် တစ်ဖန်ဆင်းရဲ မွဲတေသွားသည်၊ ဖခင်သိကြားမင်းသည် အရက်သမားကို ထပ်မံ မ,မစနိုင်တော့ပေ။ သေဌေးသားသည် အဝတ်နွမ်းကိုဝတ်လျက် ခွက်လက်ဆွဲကာ တောင်းရမ်း စားသောက်ရသည်။ နောက်ဆုံးတွင် သူတစ်ပါး၏ အိမ်နံရံကိုမှီလျက် သေဆုံးသွားလေသတည်း။

◆◆◆◆◆◆◆◆◆◆◆◆◆◆

## 21. APPAMA DAW TSA DAMME THU, ETAN MINGALA MUK TAMAN.

Tara hta nmalap ai gaw myat ai mingala re.

## "TARA N MALAP AI WA"

Moi shawng de kalin ga mung danta pura mare hta karanda hkaw hkam up hkang nga ai rai. Lani mi hta dai hkaw hkam gaw shing wang ni hte rau sun de sa u ai. Sun de du ai shaloi sun chying hka e n mung si ni maraw let si taw nga ai n mung hpun hpe mu u ai.

Hkaw hkam gaw n mung si sha mayu ai myit a majaw magwi jawn let n mung si sum roi mi hpe di la u ai. Dai hpang nlung pa ntsa e dung nna sha u ai.

Amat, pungna ni shing wang ni gaw n mung si hpe hkaw hkam wa shawng sha ngut sai ngu nna tsun let ngam ai n mung si ni hpe di la ma sai rai. Nmung si hpe shing na, lung din ni hte kabai ma ai rai. Dai hpang di sha ma ai rai. Jahkring mi na laman hta n mung hpun gaw asi ni hkoi mat nna lakying ni daw hten mat ma ai rai.

Hkaw hkam wa gaw shani ting sun ginsup nna shana de jan du jang she hkaw de wa na hkyen u ai. Dai shaloi sun chying hka e lakung la kying ni daw run let ntsawm nhtap rai nga ai n mung hpun hpe mu u ai. Dai shaloi n mung hpun pawt e tsap let "ndai n mung hpun gaw jahpawt manap e lakung lakying

asi sum roi ni hte hpring tsup let grai tsawm htap la nga ai. Ya gaw lakung lakying ni mung daw hten ma sai. Asi sumroi ni mung nnga mat sai "ngu nna nying dat u ai rai.

Dai zawn nying nna nni ntsan re kaw nga ai asi n si ai n mung hpun hpe mu dat ai shaloi "dai n mung hpun gaw asi n si ai majaw nhten run ai. lakung. lakying hte hkum ktsup let tsawm htap nga ai. Dai hte maren masha prat ngu ai mung asi si ai n mung hpun hte bung nga ai. Sutgan lu ai wa hpyen law la ai. Sut gan nlu ai wa gaw hpyen nnga ai. Ngai gaw malap mau rai nga yang nmai na re. Asi n si ai n mung hpun zawn sha man ging nngai" ngu nna asi si ai n mung hpun hpe yu nna [illegible] tara hpe shapra shakut u ai. Dai shaloi [illegible] hpaji hpe lu nna pit tseka bukda ( hpara kaji ) byin mat wa u ai.

n mung hpun pawt e hkaw hkam wa tara yu matsing taw nga ai gaw nau na la sai majaw amat ni gaw "madu hkaw hkam e, tsap nga ai grai na dik sai law" ngu nna shadum ma ai.

Hkaw hkam wa gaw "amat ni e, ngai gaw hkaw hkam nrai sai, pittseka bukda she rai mat ni ai" ngu nna tsun u ai. Amat ni mung hkaw hkam wa a byin ai lam hpe nchye ai majaw bai nhtang shawk tsun ma ai.

"Madu hkaw hkam e, pit tseka ni gaw nang madu hkaw hkam zawn n re"

"Kaning hku re ni?"

"Madu hkawhkam e, pittseka bukda ni gaw kara, n gup mun ntu ma ai. Hkup jahku tsing ai sum pan hpe mung kayawp ma ai."

Dai shaloi hkaw hkam wa gaw baw hpe ta hte masawp dat ai shaloi hkaw hkam hkrang mat mat u ai. Kara n gup mun ni hkoi mat nna baw krin hte rai mat u ai. Hkaw hkam hking mat mat nhtawm sang kan, thabik ni lang ai bung kyi hking pra pra byin paw wa ai. Ga ntsa ntsap, lamu ntsa e tsap let grin nga u ai rai.

Amat ni mung mau dik htum let dung bye rai nna hkung ga lara let naw ding nyawm ma ai rai. Pittseka bukda byin mat wa ai hkaw hkam wa gaw "nanhte yawng ku su kaja galaw na matu hkum malap mu" ngu nna tsun sharin shaga nna lamu lam hku hima winta bum e nga ai nandamu lung pu de sa mat wa u ai rai.

❖❖❖❖❖❖❖❖❖❖❖❖❖

## ၂၁။ အပ္ပမာဒေါ စ ဓမ္မေသု၊ ဧတံ မင်္ဂလ မုတ္တမံ။

## တရား၌ မမေ့လျော့ခြင်းသည် မြတ်သော မင်္ဂလာမည်၏။

# "တရားမမေ့သူ"

တစ်ရံရောအခါ ကလိင်္ဂတိုင်း ဒန္တပုရမြို့၌ ကရဏ္ဍုမင်း အုပ်စိုး၏။ တစ်နေ့သ၌ ထိုမင်းသည် အခြံအရံတို့နှင့်အတူ ဥယျာဉ်တော်သို့သွားသည်။ ဥယျာဉ်သို့ရောက်သောအခါ ဥယျာဉ်တံခါးဝတွင် သရက်သီးမှည့်များ အပြွတ်လိုက် သီးနေသော သရက်ပင်ကို မြင်သည်။

မင်းသည် သရက်သီး သုံးဆောင်လိုသော ဆန္ဒဖြစ်လာသဖြင့် ဆင်ပေါ်မှပင် သရက်သီးတစ်ခိုင်ကို လှမ်း၍ ဆွတ်ယူသည်။ ထို့နောက် ကျောက်ဖျာထက်တွင် ထိုင်လျက် သုံးဆောင်၏။

မှူး၊ မတ်၊ ပုဏ္ဏား စသော အခြံအရံတို့သည် သရက်သီးကို မင်းကြီး ဦးဦးဖျားဖျား သုံးဆောင်ပြီးပြီ ဟုဆိုကာ ကျန်သရက်သီးများကို ဆွတ်ခူးကြ၏။ လက်လှမ်းမမီသည်တို့ကို တုတ်၊ ခဲ စသည်တို့ဖြင့် ပစ်ခတ်ကြ၏။ ထို့နောက် စားသုံးကြ၏။ တစ်ခဏအတွင်းမှာပင် သရက်ပင်သည် အသီးများကင်းမဲ့၍ အကိုင်းအခက်တို့ ကျိုးပဲ့ ပျက်စီး သွားကြလေသည်။

မင်းကြီးသည် တစ်နေ့ပတ်လုံး ဥယျာဉ်ကစားပြီးလျှင် ညနေချိန်သို့ ရောက်မှ နန်းတော်သို့ ပြန်မည်ပြု၏။ ထိုအခါ ဥယျာဉ်တံခါးဝ၌ အကိုင်းအခက်တို့ ကျိုးပဲ့ကာ မတင့်မတယ် ဖြစ်နေသော သရက်ပင်ကို မြင်၏။

ဤတွင် သရက်ပင်ရင်း၌ရပ်လျက် "ဤသရက်ပင်ကား နံနက် အခါက အကိုင်းအခက် အသီးအခိုင်နှင့် ပြည့်စုံလျက် တင့်တယ်လှ သည်။ ယခုကား အကိုင်းအခက်တို့လည်း ကျိုးပဲ့နေပြီ။ အသီးအခိုင်တို့ လည်း ကင်းမဲ့နေပြီ" ဟူ၍ မြည်တမ်းမိသည်။

သို့ မြည်တမ်းရာမှ မနီးမဝေးရှိ အသီးမသီးသော သရက်ပင်ကို မြင်ပြန်လျှင် "ထိုသရက်ပင်ကား အသီးမရှိ၍ မပျက်စီး၊ အကိုင်းအခက်နှင့် ပြည့်စုံလျက် တင့်တယ်စွာ တည်နေဘိသည်။ အလားတူ လူ့အဖြစ်သည် အသီးရှိသော သရက်ပင်နှင့် တူ၏။ ရဟန်းအဖြစ်သည် အသီးမရှိသော သရက်ပင်နှင့် တူ၏။ ဥစ္စာရှိသူမှာ ဘေးရှိ၏။ ဥစ္စာမရှိသူကား ဘေးမရှိ။ ငါသည် မေ့လျော့နေ၍ မဖြစ်တော့၊ အသီးမရှိသော သရက်ပင်ကဲ့သို့ ကျင့်ရာ၏" ဟူ၍ဆိုကာ အသီးသီးသော သရက်ပင်ကို အာရုံပြုသည်။ သို့ အာရုံပြုရင်း ဝိပဿနာတရားကို ပွားများရာ ထူးမြတ်သော ဉာဏ် ကိုရ၍ ပစ္စေကဗုဒ္ဓါ (ဘုရားငယ်) ဖြစ်သွားပေ၏။

သရက်ပင်ရင်း၌ မင်းကြီးရပ်၍ တရားရှုမှတ်နေသည်မှာ ကြာမြင့် လှသဖြင့် မှူးမတ်တို့က "အရှင်မင်းကြီး ရပ်နေသည်မှာ ကြာမြင့်ပြီ" ဟု သတိပေးကြ၏။

မင်းကြီးက "အမတ်တို့ ငါသည် မင်းမဟုတ်တော့၊ ပစ္စေကဗုဒ္ဓါ ဖြစ်နေပြီ " ဟု ပြန်၍ မိန့်တော်မူ၏။ အမတ်တို့ကလည်း မင်းကြီး၏ ဖြစ်ပုံကို မသိသဖြင့် ပြန်လည် လျှောက်ထားကြ၏။

"အရှင်မင်းကြီး ပစ္စေကဗုဒ္ဓါတို့ကား အရှင်မင်းကဲ့သို့ မဟုတ်ပါ"

" အဘယ်သို့နည်း "

" အရှင်မင်းကြီး၊ ပစ္စေကဗုဒ္ဓါတို့သည် ဆံမှတ်ဆိတ်မရှိ။ ဖန်ရည် ဇွန်းသော အဝတ်ကိုလည်း ဝတ်ကြပါ၏။ "

ဤတွင် မင်းကြီးသည် ဦးခေါင်းကို လက်ဖြင့်သုံးသပ်လိုက်ရာ မင်းအသွင် ပျောက်သွားသည်။ ဆံမုတ်ဆိတ်တို့ကင်း၍ ဦးပြည်းဖြင့် ဖြစ်သွားသည်။ မင်းဝတ်တန်ဆာတို့ ကွယ်၍ သင်္ကန်း၊ သပိတ်စသည်တို့ ဆောင်သော ရဟန်းအသွင် ထင်ရှားဖြစ်ပေါ်သည်။ မြေခွဲမရပ်၊ ကောင်းကင်၌ ရပ်လျက် တည်နေတော်မူသည်။

မှူးမတ်အပေါင်းလည်း အံ့မိုးမဆုံး ဖြစ်ကြသည်။ ပျပ်ဝပ်၍ ထိုင်လျက် ရှိသေစွာ ရှိခိုးကြသည်။ ပစ္စေကဗုဒ္ဓါ ဖြစ်နေသော မင်းကြီးက သင်တို့ အားလုံး ကုသိုလ်ကောင်းမှုပြုရန် မမေ့လျော့ကြကုန်လင့် ” ဟူ၍ ဆုံးဆုံးမပြီးလျှင် ကောင်းကင်ခရီးဖြင့် ဟိမဝန္တာရှိ နန္ဒမူလိုဏ်သို့ ကြွသွားလေသတည်း။

⁘⁘⁘⁘⁘⁘⁘⁘⁘⁘⁘

22. GA RAWAW TSA,
ETAN MINGALA MUK TAMAN.
Hkung ga ging ai wa hpe hkung ga ai gaw myat ai mingala nga ma ai.

## "HKUNG GA GING AI WA"

Moi shawng de hima wunta shalawng e lagat hpun kaba langai mi hpe shing pyi nga ai hkra u, woi hte magwi ni nga ma ai rai. shan hte gaw jing hku ni rai ma ai. Rai tim langai hte langai hkung ga lara ai lam nnga ma ai.

Lani mi hta shanhte masum gaw bawng ban yu ma ai rai. " Ya anhte masum makyit ma hkai nga ga ai gaw nhtap htuk la ai re. Langai hte langai hkung ga lara ai lam nnga ai. Sharin shaga hkat ai lam nnga ai. Asak kaba ai wa hpe hkungga let dai wa a sharin shaga ai hpe hkam la nna nga yang nhtap htuk a ni?" ngu nna bawng ban ma ai. Hpang jahtum dai daw dan ai hte maren nga sa wa na matu asak kaba ai wa hpe jep yu ma ai rai.

"Anhte masum gaw ndai lagat hpun kaba hpe shing pyi nna nga nga ga ai. Ndai lagat hpun hpe masting sum hting yu ai lam sagawn yu ga "ngu nna myit hkrum ma ai. Hkra u hte woi ni gaw magwi hpe "jing hku magwi wa, ndai lagat hpun hpe galoi ten kaw nna nang chye a ni? ngu san yu ma ai.

Magwi mung "jing hku ni e. ngai naw kaji ai ten hta ndai lagat hpun hpe shing kawt lai lai rai nngai. Lagat ndung gaw ne sha dai kaw sha naw du ai re " ngu nna htai tsun u ai rai.

Bai nna magwi hte hkra u gaw woi hpe "jing hku woi e, ndai lagat hpun hpe galoi kaw nna chye nni? ngu nna san yu ma ai.

Woi gaw "jing hku ni e, ngai naw kaji ai ten hta ga ntsa dung let lagat hpun a matsun ni hpe daw sha nngai. dai zawn chye nngai" ngu nna tsun u ai.

Bai nna hkra u hpe san yu ma ai shaloi "Hkra u gaw jing hku ni e, moi ndai shara kaw lagat hpun re nnga ai. Kaga shara kaw na lagat hpun a asi hpe ngai sha nna ndai shara kaw kan sa tawn nngai. Dai kan sa tawn ai kaw na ndai lagat hpun tu wa ai re" ngu nna tsun dan u ai.

Shaloi magwi hte woi gaw "jinghku hkra u e. nang gaw an lahkawng hta asak grau kaba ndai. Machye machyang law ndai. Dai majaw anhte hta grau baw nu rawng ndai. Anhte hkung ga lara ging nga ai. dai ni kaw nna nang hpe anhte hkungga lara let, shing pyi kahtep ding nyawm na, ra ai galaw garum ya na ga ai. anhte hpe mung sharin shaga rit. Anhte atsawm sha hkap la na ga ai "ngu nna tsun tawng ban ma ai rai.

Hkra u mung jing hku lahkawng yen a ga hpe hkap la let hkan sa shatup nga u ai. jinghku ni hpe ... shaga lam madun ai hta nka thila hpe mung

sin sha ngun u ai. Shi nan mung lam woi ning shawng tai let thila hpe sin u ai rai.

Dai zawn jing hku marai masum gaw myit hkrum mang rum let, hpyen nnga ai sha rap ra kanawn mazum ma ai. Sak htum nna si mat wa ai shaloi shanhte masum gaw kaja ai mungdan de du ma ai rai.

❖❖❖❖❖❖❖❖❖❖❖❖❖❖❖

## ၂၂။ ဂါရဝေါ စ၊ စတဲ့ မင်္ဂလ မုတ္တမံ။

### ရိုသေထိုက်သူကိုရိုသေခြင်းသည် မြတ်သော မင်္ဂလာမည်၏။

# "ရိုသေထိုက်သူ"

တစ်ရံရောအခါ ဟိမဝန္တာတောရှိ ညောင်ပင်ကြီးတစ်ပင်ကို အမှီပြုလျက် ခါ၊ မျောက်နှင့် ဆင်တို့သည် နေထိုင်ကြသည်။ သူတို့သည် အဆွေခင်ပွန်းများဖြစ်ကြသည်။ သို့ရာတွင် တစ်ဦးကို တစ်ဦး ရိုသေခြင်း မရှိကြပေ။

တနေ့သ၌ အဆွေခင်ပွန်း သုံးဦးသည် ဆွေးနွေး တိုင်ပင်ကြ၏။ " ယခု ငါတို့သုံးဦး ဆက်ဆံနေထိုင်သည့်ပုံမှာ မသင့်၊ တစ်ဦးကိုတစ်ဦး ရိုသေခြင်း မရှိ။ အဆုံးအမပြုခြင်း မရှိ။ အသက်ကြီးသူကို ရိုသေလျက် ထိုသူ၏ အဆုံးအမကို ခံယူနေထိုင်ကြလျှင် မသင့်ပါလော " ဟူ၍ အကြံအစည် ဖြစ်ကြသည်။ နောက်ဆုံးတွင် ထိုအကြံအစည်အတိုင်း ပြုမူနေထိုင်ရန် အသက်ကြီးသူကို စိစစ်ကြသည်။

" ငါတို့ သုံးဦးမှာ ဤညောင်ပင်ကြီးကို အမှီပြု၍ နေကြသည်။ ဤညောင်ပင်ကို အမှတ်အသား ပြုကြမည်။" ဟူ၍ သဘောတူ ဆုံးဖြတ်ကြသည်။

ခါနှင့်မျောက်တို့က ဆင်အား "အဆွေဆင် ဤညောင်ပင်ကြီးကို ဘယ်အခါမှစ၍ သင်သိပါသနည်း " ဟု မေးကြ၏။

ဆင်က " အဆွေတို့ ငါဆင်ငယ်ကလေးဘဝ၌ရှိစဉ် ဤညောင်ပင်ကို ကျော်လွှား၍ သွားခဲ့သည်။ ညောင်ပင်ထိပ်ဖျားသည် ငါ့ချက်အထိသာ ရောက်သည် "ဟူ၍ ဖြေကြား၏။

တစ်ဖန် ဆင်နှင့်ခါတို့က မျောက်အား "အဆွေမျောက်၊ ဤညောင်ပင်ကို ဘယ်အခါမှစ၍ သိသနည်း "ဟု မေးကြပြန်၏။

မျောက်က "အဆွေတို့၊ ငါမျောက်ငယ်ကလေးဘဝ၌ ရှိစဉ် မြေကြီး၌ ထိုင်လျက် ညောင်ပင်၏ အညွန့်အဖျားတို့ကို စားရသည်။ ဤမျှလောက် ငယ်ရွယ်စဉ် အချိန်မှစ၍ သိပါသည်" ဟု ဆို၏။

တစ်ဖန် ခါအား မေးကြပြန်သော် " ခါက၊ အဆွေတို့ ယခင်အခါက ဤအရပ်၌ ဤညောင်ပင် မရှိသေး။ အခြားတစ်ပါးသော အရပ်မှ ညောင်ပင်၏ အသီးကို ငါစား၍ ဤအရပ်တွင် မစင်စွန့်ခဲ့သည်။ ထိုမစင်မှ ဤညောင်ပင် ပေါက်လာပါသည်" ဟူ၍ ပြောပြ၏။

ဤတွင် ဆင်နှင့်မျောက်တို့က "အဆွေခါ၊ သင်သည် ငါတို့နှစ်ဦးထက် အသက်ကြီးသည်။ အတွေ့အကြုံများသည်။ ထို့ကြောင့် ငါတို့ထက် ပို၍ ဉာဏ်ပညာရှိပါသည်။ ငါတို့ ရိုသေထိုက်ပါသည်။ ယနေ့မှစ၍ သင့်အား ငါတို့ ရိုသေခြင်း၊ ဆည်းကပ်ခြင်း၊ ဝတ်ကြီးဝတ်ငယ် ပြုခြင်း အစရှိသည်တို့ ပြုပါမည်။ ငါတို့ကိုလည်း ဆုံးမပါ။ ဩဝါဒပေးပါ။ ငါတို့ကောင်းစွာ ခံယူပါမည် " ဟူ၍ ပြောဆို တောင်းပန်ကြသည်။

ခါလည်း အဆွေခင်ပွန်းနှစ်ဦး၏ စကားကို လက်ခံကာ လိုက်နာကျင့်သုံးသည်။ အဆွေခင်ပွန်းနှစ်ဦးအား အဆုံးအမ ဩဝါဒပေးရုံသာမက သီလကိုလည်း ဆောက်တည်စေသည်။ မိမိကိုယ်တိုင်လည်း စံပြနေထိုင်ကာ သီလကို ဆောက်တည်၏။

ဤသို့လျှင် အဆွေခင်ပွန်းသုံးဦးသည် ညီညွတ်စွာ နေထိုင်ကြသည်။ ဘေးရန်လည်းကင်း၍ ပေါင်းသင်းဆက်ဆံရာတွင်လည်း အဆင်ပြေကြလေသည်။ သူတို့သုံးဦးသည် သက်တမ်းစေ့ နေထိုင်သွားကြကာ သေသောအခါ ကောင်းရာသုဂတိသို့ လားကြလေသည်။

❖❖❖❖❖❖❖❖❖❖❖❖❖❖❖

23. NIWA TAW TSA,
ETAN MINGALA MUK TAMAN.
Tinang hkum hpe shagrit shanem ai gaw myat ai mingala nga ma ai.

## "GASAN MASUM"

Moi shawng de bawga mung hta nya na raza hkaw hkam wa hkaw dung nga ai. Dai hkaw hkam gaw nyan hpaji hte hpring tsup nga ai. Hpaji rawng a mat ni mung law htam·la ai. Dai majaw ni tsan yawng de dan hkung nga u ai.

Hkaw hkam wa hta bala hte thawma ngu ai la kasha lahkawng nga ai. Kasha kaba bala gaw myit n kaja ai. Rai dum ai. Hkawhkam kasha ngu ai arawng hte mung masha ni hpe roi rip ai. Dai majaw mung masha ni nra sharawng ma ai.

Kasha kaji thawma gaw dai zawn nre. Myit kaja rawng ai. Gumrawng myit nnga ai. Shagrit shanem let amat mung masha ni hpe kanawn ai majaw yawng ra sha rawng ma ai.

Iani mi bala gaw tsawm htap hkra shakya let gumra jawn nna hpawng shingra de lung na matu pru wa ai. Lam e shi shawng e hkawm nga ai ding la langai hpe mu ai. Shaloi dingla wa gaw tingsan hpye nna bu hkawm ai wa re majaw bala gumra jawn sa wa

ai hpe nmu ai majaw lam n-yen ya ai hpe bala gaw matsa nna gum ra hte adawt dat u ai. ding la wa mung lam makau de galau hkrat mat wa u ai rai.

Thawma gaw kahpu ba bala a hpang e gum ra jawn let hkan nang wa yang byin ai lam yawng hpe mu dat u ai. Shi gaw kalang ta gum ra ntsa kaw na gum htawn hkrat dat u ai. dingla wa hpe atsawm sha sharawt ya u ai.

"ji dwi grai machyi mat sa ni?"

"Madu kasha e, lagaw loi mi machyi mat nngai."

"Dai rai yang ne gumra hpe jidwi jawn sa wa u. Ji dwi hpe gum ra teng sha ap jaw ya nngai."

"Madu kasha nang bu hpun palawng mawn sum li nna poi shingra de sa wa ai nre ni? Gumra nlawm yang hkoi n mai"

"Ne matu hkum tsang. Gumra nlawm tim lagaw lam hte sa lu na nngai. Jidwi nang she lagaw machyi ai majaw gum ra hpe jawn ging ndai"

Dai zawn ngu nna thawma gaw dingla wa hpe gumra ntsa de shajawn dat u ai. Shaloi dingla wa gaw ting san e lawm gun sa wa ai pe laika makai thawma hpe ap ya u ai.

"Madu kasha e, grai chyeju jaba sai. Nang hpe chyeju dawp ai hku_nna ndai pe laika makai hpe jidwi kum hpa jaw nngai. Ndai pe kade lata hta mung re nnga ai "Machye machgang chyum laika" re madu kasha nnan kaw nna htum hkra hti sawk yu u.

Nyan hpaji machye machyang lak lai nna jat wa na re " ngu u ai.

Thawma gaw kabu gara let pe laika makai hpe hkap la u ai. dingla wa mung gumra jawn nna pru mat wa u ai. thawma gaw shagrit shanem let lam hkawm nna hkaw hkam poi shingra de matut sa mat wa u ai. Poi shingra de hkawhkam kasha ni yawng gaw gumra, gari leng ni hte sa ma ai. Lagaw lam hkawm sa wa ai thawma hpe mu ai shaloi amat ni yawng grai mau ma ai rai.

Dai hpang shata mi daram na ai shaloi grup yin mungdan langai kaw na myit su salang majaw mi baw ga mungdan de du sa wa ma ai. Shan hte gaw hkaw hkam wa hpe mu mada hkrum nhtawm "Madu hkaw hkam gaw nyan hpaji grai kaba nna nang hkaw hkam wa hta hpaji rawng amat salang ni grai law htam ai nga na chye lu ga ai. Dai majaw anhte a hkaw hkam wa hte hpaji rawng amat salang ni bawng ban nna madu ni hpe nyan hpaji chyam yu ai hku nna ga san masum hpe san yu na matu du sa wa ga ai. Htai dan yu rit" ngu nna shawk tsun ma ai rai. Ja pe ntsa ka tawn ai ga san masum hpe ap ya ma ai rai.

Dai ni gaw-

(1) nra she singkaw ning mai re ai u gaw hpa u ta?

(2) Ashan she singkaw ning mai re ai u gaw hpa u ta?

(3) Amun she singkaw ning mai re ai u gaw hpa u ta?

hkaw hkam wa hte yawng hpaji rawng amat salang ni htai lu hkra amyu myu myit yu sawn yu ma ai. Rai tim mahtai nlu ma ai. Masum ya ngu ai shani hta htai dan na ngu nna masat dat mu ai.

Hkaw hkam wa hte amat ni mung grai yak hkak taw nga ma sai. Ga san masum hpe chye mung nchye htai. Nchye htai ai majaw kaga mungdan ni a yu kaji shadu kaji ai hkam ra na she rai mat sai. Gaya hkrum na sai kaning di na rai?

Dai shaloi kasha kaba bala gaw "yak hkak ai ga san ni hpe hpa majaw sa san ma ai?" ngu nna salang majaw hpung ni hpe sa rim sat kau na hkyen u ai. Hkawhkam wa amyu myu hkum da ai. Hpang jaht... tsun sharin ndang ai majaw bala hpe mung dan kaw na shachyut kau u ai rai.

Dai ten hta kasha kaji thawma gaw kawa hkaw hkam kaw sa kahtep nna ga san masum hpe shi chye htai ai lam shawk tsun u ai.

" awa e, hkum tsang. Matsan dingla wa ya tawn ai "machye machyang chyum laika" hpe sawk sagawn tawn nngai majaw ndai ga san masum hpe atsawm sha chye htai lu na nngai." ngu nna tsun let mu hkrum lai wa sai lam hpe yawng shawk tsun dan u ai. Hkaw hkam wa hte amat salang ni mung grai kabu gara rai ma ai.

Dai rai nna daw dan masat ai nhtoi de du wa sai. Hpawng shingra gawk e ga san htai poi hpe galaw ma ai. Hkaw hkam, hkaw hkam jan, hkawhkam shadang, shayi, amat, salang yawng hkum hkum ra ra sa lung ma ai rai. Awra mungdan na salang ni yawng mung sa lawm ma ai. Kasha kaji thawma gaw shawa masha hpawng kaang e awam adam akwi sha dung let ga san masum hpe sang lang pra pra htai dat u ai gaw-

(1) n ra she sing kaw ning mai re ai u gaw Gat nu lagang re.
(2) Ashan she sing kaw ning mai re ai u gaw salaw rai nga ai.
(3) Amun she sing kaw ning mai re ai u gaw utawng re.

Dai zawn htai dan dat ai shaloi awra mung na salang ni mung " re ai teng ai" ngu nna tsun let thawma hpe shakawn ma ai. Kum hpaw kum hpa ni mung jaw ya ma ai rai. Hkaw hkam wa hte rau amat salang mung masha ni yawng mung kabu gara let sari la nhtum rai ma ai. dai shani e nan hkaw hkam wa gaw amat salang ni hte bawng ban nna kasha kaji thawma hpe nta shawng (hkaw hkam tai na wa ) aya ap ya u ai rai.

## ၂၃။ နိဝါတော စ၊ ဧတံ မင်္ဂလ မုတ္တမံ။

### မိမိကိုယ်ကို နှိမ့်ချခြင်းသည် မြတ်သော မင်္ဂလာမည်၏။

# "မေးခွန်း သုံးသွယ်"

တစ်ရံရောအခါ ဘောဂပြည်ဝယ် ဥာဏာရာဇာမင်းကြီးမင်းပြုသည်။ ထိုမင်းသည် ဉာဏ်ပညာနှင့်ပြည့်စုံသည်။ ပညာရှိ မှူးမတ်များလည်း ပေါများသည်။ ထို့ကြောင့် ဝေးနီးအနှံ့ထင်ရှားသည်။

မင်းကြီးတွင် ဗလနှင့် သောမ အမည်ရှိသော သားနှစ်ပါးရှိသည်၊ သားတော်ကြီးဗလသည် စိတ်ထားမကောင်း၊ မာန်မာနကြီး၏။ ဘုရင့်သားတော်ဟူသော အရှိန်အဝါဖြင့် မှူးမတ်ပြည်သူတို့ကို မောက်မာစွာ ဆက်ဆံ၏။ ထို့ကြောင့် မှူးမတ်ပြည်သူတို့က မနှစ်သက်ကြပေ။

သားတော်ငယ် သောမကား ထိုသို့မဟုတ်ပေ၊ စိတ်ထားကောင်း၏၊ မာန်မာန လုံးဝမရှိ၊ နိဝါတတရားကို လက်ကိုင်ထားလျက် မိမိကိုယ်ကို နှိမ်ချစွာဖြင့် မှူးမတ်ပြည်သူတို့ကို ဆက်ဆံ၏။ ထို့ကြောင့် မှူးမတ်ပြည်သူတို့က နှစ်သက်ကြ၏။

တစ်နေ့သောအခါ ဗလသည် သားနားစွာ ဝတ်ဆင်၍ မြင်းကို စီးလျက် မင်းပွဲသဘင်သို့ တက်ရောက်ရန် ထွက်ခွာလာသည်။ လမ်းခွဲသူ့ရှေ့မှ သွားနေသော ဆင်းရဲသားအဘိုးအိုတစ်ဦးကိုမြင်တွေ့သည်။ အဘိုးအိုသည် ခရီးသည်တစ်ဦးဖြစ်သည်။ လွယ်အိပ်ကိုလွယ်လျက် အဝေးမြို့ရွာသို့ သွားနေသည်။ ဗလမြင်းစီးလာသည်ကို မသိရှာ။ ထို့ကြောင့် လမ်းဖယ် မပေးမိ။ ထိုအခါ ဗလက ဆဲရေးပြီးလျှင် မြင်းနှင့်တိုက်သွားသည်။ အဘိုးအိုခမျာ လမ်းဘေးသို့ လဲကျသွားရှာလေသည်။

သောမသည် နောင်တော်ဗလနောက်မှ မြင်းစီးလျက်လိုက်လာရာ ဖြစ်ပျက်ပုံအလုံးစုံကို မြင်လိုက်သည်။ သူသည် ချက်ချင်းပင် မြင်းပေါ်မှ ခုန်ဆင်းလိုက်သည်။ အဘိုးအိုကို ယုယစွာ ထူမပေးသည်။

"အဘိုး အလွန်နာသွားပါသလား ?"

"အရှင့်သား ခြေထောက်အနည်းငယ် နာသွားပါသည်။

"သည်လိုဖြစ်လျှင် အကျွန်ုပ်၏မြင်းကို စီးသွားပါ၊ မြင်းကိုအဘိုးအား အပိုင်ပေးအပ်ပါသည်"။

"အရှင့်သား ဝတ်ကောင်းစားလှများဝတ်လျက် မင်းပွဲသဘင်ကို သွားသည်မဟုတ်ပါလော။ မြင်းမပါဘဲ သွား၍ သင့်ပါမည်လော"။

အကျွန်ုပ်အတွက်မပူပါနှင့်၊ မြင်းမရှိသော်လည်း အကျွန်ုပ် ခြေလျင် လျှောက်သွားနိုင်ပါသည်။အဘိုးသာလျှင် ခြေနာနေရာ မြင်းကိုယူသွား သင့်ပါသည်"။

ဤသို့ဆိုကာ သောမသည် အဘိုးအိုကို မြင်းပေါ်သို့တင်ပေးသည်။ ထိုအခါ အဘိုးအိုသည် လွယ်အိတ်ထဲမှ ပါလာသော ပေစာထုပ်ကို သောမအား ပေးအပ်သည်။

"အရှင့်သား ကျေးဇူးကြီးလှပါသည်။ အရှင်သားကို ကျေးဇူး ဆပ်သော အနေဖြင့် ဤပေစာထုပ်ကို အဘိုးက လက်ဆောင် ပေးပါသည်၊ ဤပေစာမှာ မည်သူ့လက်ထဲတွင်မှ မရှိသေးသည့် **"သုတကျမ်းရတနာ"** ဖြစ်သည်။ အရှင့်သား အစအဆုံးဖတ်ရှု၍ လေ့လာပါ၊ ဉာဏ်ပညာ ဗဟုသုတ အထူးတိုးပွားပါလိမ့်မည်"ဟူ၍ ဆို၏။

သောမမင်းသည် ဝမ်းမြောက်ဝမ်းသာပင် ပေစာထုပ်ကို လက်ခံယူသည်။ အဘိုးအိုလည်းမြင်းစီး၍ ထွက်ခွာသွားသည်။ သောမသည် နိမ့်ချစွာပင် ခြေကျင်လျှောက်၍ မင်းပွဲသဘင်သို့ ဆက်လက်ထွက်ခွာ လာသည်။ မင်းပွဲသဘင်သို့ မင်းညီမင်းသားတိုင်းသည် မြင်းစီး၍တစ်မျိုး၊ ရထားစီး၍တစ်ဖုံလာကြသည်။ ခြေကျင်လျှောက်လျက် နိမ့်ချစွာလာသော သောမကို မြင်တွေ့သောအခါ မင်းမှူးမတ်တို့ အံ့ဩမဆုံး ရှိကြလေသည်။

ဤသို့ဖြစ်ပျက်ပြီး ၆–လခန့်ကြာသော် အိမ်နီးချင်း တိုင်းပြည်တစ်ပြည်မှ သံအဖွဲ့တစ်ဖွဲ့သည် ဘောဂပြည်သို့ရောက်လာသည်။ သူတို့သည် မင်းကြီးကိုဖူးတွေ့လျက် "အရှင်မင်းမြတ်သည်၊ ဉာဏ်ပညာကြီးမားရှု အရှင်မင်းမြတ်ထံတွင် ပညာရှိမှူးမတ် ပေါများသည်ဟူ၍ ကြားသိရပါသည်။ ထို့ကြောင့် ကျွန်တော်မျိုးတို့၏ဘုရင်မင်းမြတ်နှင့် ပညာရှိမှူးမတ်များ တိုင်ပင်ကာ အရှင်တို့ကို ဉာဏ်ရည်စမ်းသောအနေဖြင့် မေးခွန်းသုံးသွယ် မေးရန်ရောက်လာခြင်းဖြစ်ပါသည်။ ဖြေကြားတော်မူပါ"ဟူ၍ လျှောက်ထားသည်။ ရွှေပေပေါ်တွင် ရေးထားသော မေးခွန်းသုံးသွယ်ကို ဆက်သည်။

**ယင်းတို့မှာ –**

(၁) အရိုးသာ အတောင်အမြီးဖြစ်သောငှက်သည် အဘယ်ငှက်နည်း။
(၂) အသားသာ အတောင်အမြီးဖြစ်သောငှက်သည် အဘယ်ငှက်နည်း။
(၃) အမွေးသာ အတောင်အမြီးဖြစ်သောငှက်သည် အဘယ်ငှက်နည်း။

ဤမေးခွန်းသုံးသွယ်ကို မင်းကြီးနှင့်တကွ ပညာရှိအမတ်များသည် ဖြေဆိုနိုင်ရန် အမျိုးမျိုးကြံဆကြသည်။အဖြေမပေါ်၊ သို့ဖြင့်–သုံးရက်မြောက်သောနေ့တွင် ဖြေဆိုမည်ဟူ၍ ချိန်းဆိုလိုက်သည်။

မင်းကြီးနှင့် မှူးမတ်တို့သည် အခက်တွေ့ကြပြီး မေးခွန်းသုံးသွယ်ကို ဖြေလည်းမဖြေနိုင်၊ မဖြေလျှင်လည်း တစ်ပါးနိုင်ငံ၏အထင်အမြင်သေးခြင်း ခံရတော့မည်။ အရှက်ရတော့မည်၊ မည်သို့ပြုရပါမည်နည်း။

သည်တွင် သားတော်ကြီးဗလက "ခက်ခဲသောမေးခွန်းကို လာမေးရမည်လော"ဟုဆိုကာ သံအဖွဲ့ဝင်များကို သွားရောက်ဖမ်းဆီး သတ်မည်ပြုသည်။ မင်းကြီးက အမျိုးမျိုး တားဆီးသည်။ နောက်ဆုံး ဆိုဆုံးမ၍မရသဖြင့် ဗလကို တိုင်းပြည်မှ နှင်ထုတ်လိုက်ရလေသည်။

ထိုစဉ်သားတော်ငယ် သောမသည် ခမည်းတော်ထံချဉ်းကပ်လျက် မေးခွန်းသုံးသွယ်ကို မိမိဖြေဆိုနိုင်ကြောင်း လျှောက်ထားသည်။

"ခမည်းတော်၊ စိုးရိမ်တော်မမူပါနှင့်၊ သူဆင်းရဲအဘိုးအိုပေးသော **"သုတကျမ်းရတနာ"**ကို သားတော်လေ့လာထားပါသဖြင့် ဤမေးခွန်းသုံးသွယ်ကို ကောင်းစွာဖြေဆိုနိုင်ပါသည်"ဟု ဆိုကာ ယခင်က ဖြစ်ပျက်ပုံအလုံးစုံကိုလျှောက်ထားသည်။ မင်းကြီးနှင့် မှူးမတ်များသည် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြလေသည်။

သို့ဖြင့် ချိန်းဆိုနေ့သို့ရောက်လာသည်။ ညီလာခံခန်းမဆောင်တွင် အမေးပုစ္ဆာဖြေဆိုပွဲကိုကျင်းပကြသည်။ မင်း၊ မိဖုရား၊ မင်းညီမင်းသား၊ မှူးမတ်စုံညီ တက်ရောက်ကြသည်။ သံအဖွဲ့ဝင်အားလုံးလည်း တက်ရောက်ကြသည်၊ သားတော်သောမသည် ပရိသတ် ဗိုလ်ပုံအလယ်တွင် ရဲရင့်စွာထိုင်လျက် မေးခွန်းသုံးသွယ်ကို ရှင်းလင်းပြတ်သားစွာ ဖြေဆိုသည်မှာ–

(၁) အရိုးသာ အတောင်အမြီးဖြစ်သောငှက်မှာ ပိတုန်းဖြစ်ပါသည်။
(၂) အသားသာ အတောင်အမြီးဖြစ်သောငှက်မှာ ရှုးပျံဖြစ်ပါသည်။
(၃) အမွေးသာ အတောင်အမြီးဖြစ်သောငှက်မှာ ဥဒေါင်းဖြစ်ပါသည်။

ဤသို့ဖြေဆိုလိုက်သောအခါ သံအဖွဲ့ဝင်များက "ဟုတ်ပါပေသည်" ဟု ဆိုကာ သောမကို ချီးကျူးကြသည်။ ဆုလာဘ်များပေးအပ်ကြသည်။ မင်းကြီးနှင့်တကွ မှူးမတ်ပြည်သူအားလုံးလည်းဝမ်းမြောက်ဂုဏ်ယူမဆုံးရှိကြသည်။ ထိုနေ့မှာပင် မင်းကြီးသည် မှူးမတ်များနှင့်တိုင်ပင်ကာ သားတော်ငယ် သောမကို အိမ်ရှေ့အရာ နှင်းအပ်ချီးမြှင့်လိုက်လေသည်။

✣✣✣✣✣✣✣✣✣✣✣

## 24. THAN TUK HTI TSA,
## ETAN MINGALA MUK TAMAN.

Law hpa ra marin ai de nhkan ai sha shadawn aharam ai gaw myat ai mingala nga ma ai.

### "LAW HPA AI NUM"

Moi shawng de mungdan langai mi hta hpara lawng gaw ding hku shang nna kasha masum shangai u ai rai. Kasha num sha ni ding hku re nshang ma yang hpara lawng si mat nna ja hin tha u sa tai u ai rai.

Shi gaw moi na prat hpe myit yu ai shaloi shi madu jan hte kasha num sha masum yawng shannu ni mali matsan mayan re ai hpe mu chye u ai rai.

Dai majaw ja hin tha u gaw shannu ni kaw sa nhtawm byin sai lam yawng hpe tsun dan nna "ndai ja u mun ni hpe dut nhtawm asak bau mu" ngu nna shanhte mali hpe ja u mun langai hpra hpra jaw nhtawm bai nhtang mat wa u ai rai. dai ja hin tha u gaw dai zawn kalang lang sa nhtawm ja u mun langai hpra hpra sa jaw ai majaw shan nu ni mali gaw lu su nga mai wa ma ai rai.

Lani mi hta law hpa kaba ai kanu wa gaw kahtap nna sa wa ai ja hin tha hpe ta lahkawng hte jum nhtawm u mun ni yawng hpe paw la u ai rai. Hpara lawng ja hin ktha-wa myit nhkrum ai hpe roi rip nna paw la ai u mun ni re majaw dai u mun ni ma hkra hpraw mat ma ai rai.

Dai num gum gai gaw amun ntu mat nna npyen lu ai ja hin tha hpe yambu kaba hta rawng nna rem tawn u ai rai. Bai tu wa ai u mun ni mung hpraw ai hkrai rai mat u ai. U mun hkum tsup wa ai shaloi hpara lawng ja hin tha gaw shi nga shara de pyen mat wa nna galoi mung bai nsa nu ai rai. Nau law hpa kaba ai majaw loi mi sha lu la nu ai rai.

## ၂၄။ သန္တုဋ္ဌိ စ ၊ တော် မင်္ဂလ မှတ္တမ်း။

လောဘအလိုသို့မလိုက်ဘဲ တင်းတိမ်ရောင့်ရဲခြင်းသည် မြတ်သော မင်္ဂလာမည်၏။

# "အလိုကြီးသော မိန်းမ"

ရှေးအခါကဘုရားလောင်းသည် အိမ်ထောင်ပြု၍ သမီးသုံးယောက် ရပြီး ၎င်းတို့အိမ်ထောင်မကျမီ စုတေ၍ ရွှေဟင်္သာ(သုဝဏ္ဏဟံသာ)အမျိုး၌ ဖြစ်၏။

သူသည် အရွယ်ရောက်သော **ဇာတိဿရဉာဏ်** ဖြင့် ရှေးဘဝကို ဆင်ခြင်၍ မိမိ၏မယားနှင့် သမီးသုံးယောက်၊ ပေါင်းလေးယောက်တို့ အလွန်ဆင်းရဲနေသည်ကို မြင်၏။

သူသည် ၎င်းတို့ထံသွား၍ အကြောင်းစုံကို ပြောပြပြီး "ဤရွှေ အတောင်တို့ကို ရောင်းချပြီး အသက်မွေးလော့"ဆို၍ ထိုသူလေးဦးတို့အား ရွှေတောင်တစ်ခုစီပေးပြီးပြန်၏။ သူသည် ဤနည်းဖြင့် ရံဖန်ရံခါလာ၍ ရွှေအတောင်တစ်ခုစီပေးသဖြင့် ၎င်းတို့လေးဦးတို့သည် ချမ်းသာနေကြ၏။

တစ်နေ့သ၌ လောဘကြီးသော ပုဏ္ဏေးမသည် နောက်တစ်ခါ လာသော ရွှေဟင်္သာကို လက်နှစ်ဖက်ဖြင့်ကိုင်၍ အတောင်အားလုံးနုတ်၏။ ဘုရားလောင်းအလိုမတူဘဲ နိုင်ထက်ပြု၍ယူသောကြောင့် ထိုအတောင် အားလုံးသည် ဗျိုင်းတောင်ကဲ့သို့ဖြူကုန်၏။

ပုဏ္ဏားမသည် မပျံနိုင်သော ရွှေဟင်္သာကို အိုးစရည်းခွဲထည့်၍ ကျွေးမွေး၏၊ တစ်ဖန် ပေါက်သောအတောင်တို့သည်လည်းဖြူကုန်၏။ အတောင်ပေါက်သော် ဘုရားလောင်းသည် မိမိနေရာသို့ပျံသွား၍ တစ်ဖန် မလာတော့ပေ။ အလိုကြီး၍ အရနည်းခြင်းဖြစ်၏။

25. KATIN NYU TA,
ETAN MINGALA MUKTAMAN.
Shi chyeju hpe dum chye ai gaw myat ai mingala nga ma ai.

## "CHYEJU DUM CHYE AI WA"

Moi shawng de bara nathi mung hta myit kaja ai hkaw hkam langai mi up hkang ai. Lani mi na hta kahtawng nchyawng hta hpyen ni rawt kasu ai majaw hkaw hkam wa shi nan hpyen dap hpyen bu ni hpe ning baw woi awn let sa kasat u ai.

Nnan e hpyen ni shing nawm makyim kasat ai majaw hkaw hkam wa sum mat u ai. Manaw manang ni hte hka mat nna kahtawng langai mi de shi hkrai shang shing pyi u ai. Grai hki ba la ai hte gumra jawn nna shi hkrai du wa ai hkaw hkam wa re ngu mung nchye. Hkrit nna hprawng mat ma ai. Nta kata de shang makoi mat ma ai rai.

Ka htawng masha la langai mi gaw marai mung rawng ai. myit mung kaja ai. Dai majaw nhprawng ai sha lam dam wa ai hpyen la langai re ngu htang nna tau la u ai. "Jing hku wa, anhte hkaw hkam wa gaw hpyen ni hpe sa kasat ai nga na ga ai. Nang kadai re ni? Hkaw hkam wa a hpyen ma re ni? ngu nna san u ai.

Hkaw hkam wa mung shi hkaw hkam re ai lam ntsun ai "nang htang ai hte maren ngai gaw hpyen ma la ngai re. Manang ni hte hka nna lam tam sa wa nngai 4-5 ya daram manam na ahkang jaw rit" ngu u ai.

Kahtawng masha wa gaw tsawra myit hte hkap la ai. Shi nta de hkaw hkam wa hpe shaga mat wa ai. Du ai hte madu jan hpe shaga nna hkaw hkam wa a lagaw hpe kashin sha gun u ai. dai hpang shi nta e nga ai hkik htum shat shatmai shadu nna jaw sha ai. Yup na matu san seng ai yup ra hpe hkyen ya ai. "Jing hku e, atsawm sha yup let nkring sa la u. Lam shagu ngai lit la nngai" ngu nem ga tsun u ai.

Hkaw hkam wa yup pyaw mat wa ai shaloi kahtawng masha wa gaw hkaw hkam wa jawn ai gum ra hpe mung shat kaja yaw lakawn tawn u ai.

Dai rai nna kahtawng masha gaw hkaw hkam hpe yu maya hpyen la shadu nna atsawm sha lakawn tawn u ai. Nhtoi bat mi daram na nna n-gun hpring wa ai shaloi hkaw hkam gaw kahtawng kaw na pru mat wa na hkyen u ai. Re npru yang shi nga ai hkaw hkam hting nu de sa chyai na matu htet da u ai. "Jing hku e, ngai hpe gum ra jawn wa nga ma ai. Mare de nang sa wa jang ding dung chying hka sin ai wa hpe gum ra jawn wa a nta de sa ya rit ngu tsun u. Shi hkan sa na ra ai. "ngu nna htet da u ai.

Hkaw hkam wa gaw dai kahtawng kaw na pru mat wa nhtawm kade nna yang shi hpe hkan tam nga ai hpyen ma, hpyen du ni hpe mu hkrup u ai. Kalang

ta hpyen ma ni hpe gum hpawn nna ta kan ai ni hpe bai kasat u ai. Takan ai ni sum mat nna hkaw hkam wa awng dang let mung dan de bai nhtang wa u ai.

Mung dan de du ai shaloi hkaw hkam wa gaw dingdung chying khka sin hpe "kahtawng masha langai sa wa na ra ai. Gum ra jawn ai wa a nta de sa sa ya rit nga na ra ai. Dai wa hpe ngai kaw kalang ta sa sa ya rit. Nang hpe kum hpa gum hpraw 1000/ -jaw na nngai." ngu htet da u ai. Dai hpang kahtawng masha a chyeju hpe myit dum let shi hpe ala nga u ai. Rai tim kahtawng la wa gaw npaw pru wa ai rai.

Dai shaloi kahtawng masha wa sa wa na matu myit let hkaw hkam wa gaw ning di u ai. Shi gaw kahtawng hpe akang law law hta shangun u ai. Rai tim kahtawng masha wa npaw pru wa ai. Dai shaloi akang ni hpe htam lahkawng kahtap nna hta shangun u ai. Dai sha loi dai kahtawng masha ni gaw hkaw hkam wa hpe hkalum ai ka htawng la wa kaw shanu sa ma ai. "Jing hku e, na jang hku gum ra jawn ai wa sa du ai hpang kaw nna anhte kahtawng e akang law kahtap nna jaw ra nga ga ai. Yawng ruyak kyin dut hkrum ma sai. Gum ra jawn ai wa kaw sa nhtawm byin ai lam sa tsun dan nna akang lawt lu na ahkang lu hkra di u" ngu jawm tsun ma ai.

Myit malang ai kahtawmg masha wa mung nnga lu nu ai. Hkaw hkam mung de sa na matu muk ni kum hpa lang let sa du u ai. gumra jawn ai wa htet

ai hte maren ding dung chying hka sin wa kaw sa nhtawm, chying hka sin ai wa mung kabu gara let kahtawng lawa hpe hkaw hkam wa kaw sa sa u ai. Dai shaloi she kahtawng ma sha gaw shi jing hku gumra jawn ai wa ngu ai gaw yu maya hpyen la nre, hkaw hkam wa rai taw nga ai hpe mau hpa chye la lu u ai rai.

Chye ju chye dum nna myit kaja la ai hkaw hkman wa gaw kahtawng masha hpe kabu gara tau la u ai. Hkaw hkam jan hpe kahtawng masha wa a lagaw hpe kashin shangun u ai. Dai hpang lu hpa sha hpa kaja ni hpe lajang shangun nna kahtawng masha la wa hpe hkalum u ai. Kahtawng la wa la sa ai muk shaja ni hpe mung hkaw hkam wa shi nan n-gun mi alu rai sha u ai. Kahtawng la wa hpe bu hpun plawng nnan ni mawn sum li ya u ai. Shi nga ai kahtawng hpe mung kalang ta a'kang lawt ahkang jaw dat u ai. Dai hta nka kahtawng la wa a madu jan hpe mung shaga la sha ngun u ai. Hkaw hkam hkaw makau e nta nnan shachyaw ya nhtawm myit nru ntsang sha nga sha ngun u ai. Dai hta n ka hkaw hkam sut gan chyen mi garan ya u ai.

Dai shaloi nta shawng hkaw hkam tai na wa hte amat ni gaw myit n gut rai ma ai. "Bum shalawng la hpe lachyum npru shagrau ya u ai" ngu ma ai.

Dai shaloi hkaw hkam wa gaw byin ai lam yawng hpe tsun dan u ai. "Ngai majan sum nna ru yak hkrum ai ten hta ne chye ju madu ndai kahtawng

masha hkye tawn ai majaw ngai majan bai awng dang ai re. Shi chye ju kaba la nga ai. Mung kan ntsa chyeju galaw ga ai wa hpe chyeju bai dawp pu zaw ra ai gaw masha kaja ni a masa re." ngu nna sharin shaga u ai rai.

Dai majaw yawng chye na mat ma ai rai.

၂၅။ ကတညုတာ၊ ဧတံ မင်္ဂလ မုတ္တမံ။

သူ့ကျေးဇူးကိုသိခြင်းသည် မြတ်သောမင်္ဂလာမည်၏။

## "ကျေးဇူးသိသူ"

လွန်လေပြီးသောအခါ ဗာရာဏသီပြည်တွင် စိတ်ထားကောင်းသော ဘုရင်တစ်ပါးအုပ်စိုးသည်။ တစ်နေ့သ၌ နယ်စွန်နယ်ဖျားအရပ်တွင် သူပုန်များ ထကြွသောင်းကျန်းရာ ဘုရင်ကိုယ်တော်တိုင်ပင် စစ်သည် ဗိုလ်ပါတို့ကို ဦးဆောင်လျက် သွားရောက်နှိမ်နင်းသည်။

အစတွင် သူပုန်များက ချုံခိုတိုက်ခိုက်ရာ ဘုရင်သည်အရေးနိမ့် သွားသည်။ အဖော်များနှင့်ကွဲကာ ရွာတစ်ရွာသို့တစ်ကိုယ်တည်း ဝင်ရောက် ခိုလှုံရသည်။ ပင်ပန်းနွမ်းနယ်စွာဖြင့် မြင်းစီးလျက် တစ်ကိုယ်တည်း ရောက်လာသော ဘုရင်ကိုတွေ့သောအခါ ရွာသားတို့သည် မင်းမှန်း မသိကြ။ ကြောက်လန့်ကာ ထွက်ပြေးကြသည်။ အိမ်များထဲသို့ဝင်ရောက် ပုန်းအောင်းနေကြသည်။

ရွာသားတစ်ယောက်မှု သတ္တိလည်းရှိသည်။ စိတ်ကောင်း စေတနာ ကောင်း လည်းရှိသည်။ ထို့ကြောင့်ထွက်မပြေး၊ လမ်းမှားလာသူခရီးသွား မင်းချင်းတစ်ယောက်ဟူ၍ ထင်မှတ်ကာ ခရီးဦးကြိုပြုသည်။

"အဆွေ၊ ငါတို့ဘုရင်မင်းမြတ်သည် သူပုန်သူကန်တို့ကို လာရောက် နှိမ်နင်းသည်ဟုကြားရသည်။ သင်အသူနည်း၊ မင်းချင်းယောကျ်ားလော" ဟူ၍ မေးမြန်းသည်။

ဘုရင်က မိမိမင်းဖြစ်ကြောင်း ဖွင့်မပြော“သင်ထင်သကဲ့သို့ ငါသည် မင်းချင်းယောကျ်ားတစ်ဦးဖြစ်ပါသည်။ အဖေါ်များနှင့်ကွဲ၍ လမ်းမှား လာပါသည်။ ၄–၅–ရက်ခန့် တည်းခိုအနားယူခွင့်ပြုပါ”ဟု ဆို၏။

ရွာသားလည်း ကြင်နာစွာပင်လက်ခံသည်။ မိမိအိမ်သို့ဘုရင်ကို ခေါ်ဆောင်သွားသည်။ ရောက်လျှင် မယားအားခေါ်၍ ဘုရင်၏ ခြေထောက်ကို ဆေးကြောပေးစေသည်။ ထိုနောက် မိမိအိမ်ရှိ အကောင်းဆုံးသော ထမင်းဟင်းများကိုချက်ပြုတ်စေသည်။ သဒ္ဓါတရားထက်သန်စွာဖြင့် ကျွေးမွေးပြုစုသည်။ ဘုရင်အိပ်ရန်လည်း သန့်ရှင်းကောင်းမွန်သော အိပ်ရာကို ခင်းကျင်းပြင်ဆင်ပေးသည်။ “အဆွေ၊ စိတ်ချလက်ချ အိပ်စက် အပန်းဖြေပါ၊ အစစအရာရာ အကျွန်ုပ်တာဝန်ယူပါသည်” ဟု နှစ်သိမ့် စကားပြောကြားသည်။

ဘုရင်အိပ်ပျော်သွားသောအခါ ရွာသားသည် ဘုရင်စီးလာသောမြင်း ကိုလည်း အစာကောင်းများကျွေးကာ ပြုစုစောင့်ရှောက်ထားသည်။

ဤသို့လျှင် ရွာသားသည် ဘုရင်ကို သာမန်မင်းချင်းအမှတ်ဖြင့် ကောင်းစွာပြုစု စောင့်ရှောက်ထားသည်။ ရက်သတ္တတစ်ပတ်ခန့် ကြာ၍ အင်အားပြည့်လာသောအခါ ဘုရင်သည် ရွာမှထွက်ခွာသွားမည်ပြုသည်။ မသွားမီ သူနေထိုင်ရာမင်းနေပြည်သို့ လာရောက်လည်ပတ်ရန် မှာကြား သည်။ အဆွေ၊ အကျွန်ုပ်ကို“မြင်းစီးကြီး”ဟူ၍ခေါ်ပါသည်။ မြို့တော်သို့ သင်လာလျှင် တောင်တံခါးစောင့်အား“မြင်းစီးကြီး”အိမ်ကို ပို့ပေးပါဟု ပြောပါ၊ သူက လိုက်ပို့ပါလိမ့်မည်”ဟူ၍ မှာကြားသွားသည်။

ဘုရင်သည်ထိုရွာမှထွက်ခွာပြီး မကြာမီပင် မိမိကိုရှာဖွေနေသော စစ်သည်ဗိုလ်ပါများကို တွေ့ရသည်။ ချက်ချင်းပင် ဗိုလ်ပါတို့ကိုစုရုံးကာ သူပုန်များကိုထပ်မံ တိုက်ခိုက်သည်။ သူပုန်များ အရေးနိမ့်သွားသည်။ ဘုရင်သည် အောင်ပွဲခံကာ နေပြည်တော်သို့ ပြန်လာခဲ့သည်။

နေပြည်တော်သို့ရောက်သောအခါ ဘုရင်က တောင်တံခါးစောင့်အား "ရှာသားတစ်ယောက် လာလိမ့်မည်၊ မြင်းစီးကြီးအိမ် ပို့ပေးပါဟု ဆိုလိမ့်မည်။ ထိုသူကိုငါ့ထံ ရ ာက်ချင်းပို့ပေးပါ။ သင့်ကို ဆုငွေတစ်ထောင် ချီးမြှင့်မည်"ဟု မှာကြားထားသည်။ ထို့နောက် ရွာသား၏ ဂုဏ်ကျေးဇူး ကို အောင်မေ့လျက် ရွာသားအလာကို မျှော်နေသည်။ ရွာသားက ပေါ်မလာပေ။

ဤတွင် ရွာသားရောက်စေရန်အကြံဖြင့် ဘုရင်က စီစဉ်သည်။ သူသည်ရွာသားနေသော ရွာကိုအခွန်များကောက်ခံစေသည်။ သို့ရာတွင် ရွာသားကားပေါ်မလာပေ။ ထိုအခါအခွန်များကို နှစ်ဆတိုး၍ ကောက်ခံ စေသည်။ ဤတွင် အဆိုပါရွာမှ ရွာသားများသည် မင်းအားပြုစုခဲ့သော ရွာသားထံ ချဉ်းကပ်၍"အဆွေ၊ သင့်မိတ်ဆွေမြင်းစီးကြီး ရောက်လာပြီးမှ ငါတို့ရွာမှာ အခွန်များတိုး၍ ဆောင်နေရသည်။ အခွန်အတုတ်ကြီး၍ အားလုံးဆင်းရဲပင်ပန်းလှပြီ၊ မြင်းစီးကြီးထံ သင်သွားပါ။ အကျိုးအကြောင်း ပြောပြ၍ အခွန်မှ လွတ်ငြိမ်းခွင့်ရအောင် ဆောင်ရွက်ပါ"ဟူ၍ ဝိုင်းဝန်း ပြောဆိုကြသည်။

ရိုးသားလှသော ရွာသားလည်း မနေသာတော့၊ နေပြည်တော်သို့ လိုက်သွားသည်။ မသွားမီ သူ့မိတ်ဆွေစားရန်အတွက် မုန့်များလုပ်ကာ လက်ဆောင်အဖြစ်ယူသွားသည်။ သူသည်နေပြည်တော်သို့ရောက်သောအခါ မြင်းစီးကြီးမှာသည့်အတိုင်း တောင်တံခါးစောင့်ထံ သွား၍တွေ့ဆုံသည်။ တောင်တံခါးစောင့်လည်း ဝမ်းသာအားရပင် ရွာသားကို မင်းထံ ခေါ်ဆောင် သွားလေသည်။ ထိုအခါတွင်မှ ရွာသားသည် သူ့မိတ်ဆွေမြင်းစီးကြီး ဆိုသည်မှာ သာမန်မင်းချင်းတစ်ယောက်မဟုတ်၊ ဘုရင်မင်းမြတ် ဖြစ်နေ သည်ကို အံ့သြစွာ သိရှိရလေသည်။

ကျေးဇူးသိတတ်၍ စိတ်ထားမွန်မြတ်လှသော ဘုရင်သည် ရှာသားကို ဝမ်းမြောက်ဝမ်းသာကြိုဆိုသည်။ မိဖုရားအား ရှာသား၏ခြေကို ဆေးစေသည်။ ထို့နောက် အစားကောင်း အသောက်ကောင်းများကို စီမံစေကာ ရှာသားကို ကျွေးမွေးသည်။ ရှာသားယူဆောင်လာသော တောမုန့်များကိုလည်း ဘုရင်ကိုယ်တိုင် အားပါးတရ စားသည်။ ရှာသားအား အဝတ်များ ဆင်ယင်ပေးသည်။ ရှာသားနေသောရွာကိုလည်း အခွန်အခများ ချက်ချင်း လွတ်ငြိမ်းခွင့်ပေးလိုက်သည်။ ထို့ပြင် ရှာသား၏ မယားကိုလည်း ရွာမှ ခေါ်ယူစေသည်။ နန်းတော်အနီးတွင် အိမ်သစ်ဆောက်ပေးကာ မကြောင့် မကြ နေထိုင်စေသည်။ ထို့မျှမက မင်းစည်းစိမ်တစ်ဝက်ကိုပါ ခွဲဝေပေးသည်။

ထိုအခါ အိမ်ရှေ့မင်းနှင့် မှူးမတ်တို့ မကျေမနပ်ဖြစ်ကြသည်၊ "ကျေးတောသားအား အကြောင်းမဲ့ မြှောက်စားသည်"ဟူ၍ဆိုကြသည်။

ဤတွင် ဘုရင်က ဖြစ်ပျက်ပုံအလုံးစုံကို ပြောပြသည်။ "ငါစစ်ရှုံး၍ ဒုက္ခရောက်စဉ် ငါ့ကျေးဇူးရှင် သည်ရှာသားကကယ်၍သာ ငါတစ်ဖန် စစ်အောင်ရသည်။ သူ့ကျေးဇူးကြီးလှသည်၊ လောက၌ ကျေးဇူးပြုသူကို တုံ့ပြန်ပူဇော်ရမည်မှာ သူတော်ကောင်းတို့၏ ကျင့်စဉ်ဖြစ်သည်"ဟူ၍ ဆုံးမပြောဆိုသည်။

ထိုအခါတွင်မှ အိမ်ရှေ့မင်းနှင့် မှူးမတ်တို့သည် အမြင်မှန်ရကာ ကျေနပ်သွားကြသည်။

**********

## 26. KALE NA DAMMAT THAWANAN, ETAN MINGALA MUK TAMAN.

Ging ai ten hta tara madat ai gaw myat ai mingala nga ma ai.

### "SHU NAT SHADANG"

Moi shawng de bukda hpra madu gaw tsam pa mung getgara hka htung makau e nga nna masha ni hpe tara haw nga u ai.

Dai ten hta hka htung kata e nga ai shu kasha langai mi gaw hka htung kata kaw na pru wa ai. Shawa masha jahtum shara langai mi kaw gawp let madat taw nga ai. "ndai nsen gaw tara nsen re" ngu nna myit dum let madat taw nga ai. Dai ten hta nga rem ma langai mi gaw dai shara de du wa u ai. Zim let shawa masha ni tara madat nga ai hpe mu ai shaloi kam sham myit byin paw wa ai rai. Dai majaw shang nna tara madat la u ai. Tara madat ai shaloi shi gaw nga gawt ai shing na hpe madi let madat la u ai. Dai shaloi shi a gawt shing na gaw shu kasha a baw ntsa de sa madi hkrup u ai. Nga rem ma gaw shu kasha hpe mung nmu. Dai lam hpe mung nchye shu kasha wa gaw dai shing na madi hkrup ai majaw hkala nna dai ara kaw nan si mat wa u ai rai.

Shu kasha gaw tara a lachyum hpe nchye ai. Rai tim tara hpe myit mang let san leng ai myit byin

nga ai shaloi si mat wa ai majaw ta wating tha nat mung e nat shadang sa byin u ai rai. Manu mana tsawm htap ai ja hting nu hta nat shayi law law gin wang let hkam sha lu u ai. Man du ka de wa pukta (shu nat shadang ) ngu nna mying u ai rai.

Dai shu nat shadang gaw "kaning re kusu gam a jaw ndai prat de ngai du lu ai kun? ngu nna masam jep yu u ai. Dai shaloi moi na prat hta shu kasha byin lai wa ai lam hte byin mabyin yawng hpe chye la lu u ai. Dai rai nna shi gaw shing kang shing wang ni hte rau shing gyim masha mung de yu wa u ai rai. Tara haw nga ai hpara madu hpe sa mu mada u ai. Tara madat ai shawa masha ni gaw tsawm htap la ai shu nat shadang hte shing kang ging wang ni hpe pra pra mu lu ma ai rai. Mau nhtum rai nga ma ai. Hpara madu gaw mau ai lam nnga ai. Shu nat shadang a byin mabyin yawng hpe tagu hte chye ngut chyalu rai u ai. Rai tim shawa masha ni yawng hpe san pra chye shangun mayu ai majaw shu nat shadang hpe "shing kang shingwang hkum hkum tsup tsup hte tsawm htap ai nsam rawng la let ne lagaw nhpang de sa ding nyawm naw ku sa wa ai gaw kadai rai ta? ngu nna san u ai.

Shu nat shadang gaw "madu hpara e, ngai gaw moi na prat hta hka kata e nga ai shu dusat rai nngai. Nang madu hpara tara hpe madat nga yang nga rem ma a shing na madi hkrup ai majaw si mat wa ai wa re. Chya hkring na laman myit kam sham la let si mat

wa ai majaw ta wating tha nat mung e nat shadang sa byin mat nngai. Lak lai ai tagu hpe mung lu la nngai. Law htam ai shing kang shing wang hpe mung lu la nngai. Tsawm htap ai nsam hpe mung lu la nngai" ngu nna tsun shawk u ai.

Dai shaloi hpara madu gaw tara madat la ai akyu hpe sang lang haw tsun dan u ai. Nik ban dù na lam tara hpe mung matut nna haw tsun dan u ai. Tara jahtum e shu nat shadang gaw thaw ta pan grin mat wa u ai. Tara madat ai shawa masha ni mung lak lai ai akyu chye ju hpe hkam sha lu ma ai rai.

## ၂၆။ ကာလေန ဓမ္မဿဝနံ၊ ဧတံ မင်္ဂလ မုတ္တမံ။

သင့်လျော်သောအခါ၌ တရားနာခြင်းသည် မြတ်သော မင်္ဂလာမည်၏။

## “ဖားနတ်သား”

တစ်ရံရောအခါ ဗုဒ္ဓဘုရားရှင်သည် စမ္ပာပြည်ရှိ ဂဂ္ဂရာရေကန် အနီးဝယ် သီတင်းသုံးလျက် ရှင်လူအများအား တရားဟောတော်မူသည်။

ထိုစဉ် ကန်အတွင်း၌နေသော ဖားငယ်တစ်ကောင်သည် ရေကန်ထဲမှ ထွက်လာသည်။ ပရိသတ်အစွန်တစ်နေရာ၌ဝပ်လျက် “သည်အသံသည် တရားတော်၏အသံပင်တည်း”ဟူ၍ အာရုံပြုကာ နာယူလျက်ရှိသည်။ ထိုအခိုက် နွားကျောင်းသားတစ်ယောက်သည် ထိုနေရာသို့ရောက်လာသည်။ ငြိမ်သက်စွာဖြင့် ပရိသတ်များ တရားနာနေသည်ကို မြင်တွေ့ရသောအခါ ကြည်ညိုစိတ်ဖြစ်ပေါ်လာသည်၊ ဝင်ရောက်တရားနာယူသည်။ တရားနာရာ၌ သူသည်နွားမောင်းသည့်နှင်တံကို ထောက်၍ နာယူသည်။ ထိုအခါ သူ၏နှင်တံတုတ်သည် ဖားငယ်၏ ဦးခေါင်းကို မတော်တဆ ထောက်မိသွားသည်၊ နွားကျောင်းသားသည် ဖားငယ်ကိုလည်းမမြင်၊ ထိုအဖြစ်ကိုလည်း မသိ။ ဖားငယ်ခမျာမှာမူ ထိုနှင်တံတုတ် ထောက်မိသဖြင့် ထိခိုက်ဒဏ်ရာ ရကာ ထိုနေရာမှာပင် တရားနာရင်း သေဆုံးသွားရှာသည်။

ဖားငယ်သည် တရားတော်၏ အနက်အဓိပ္ပါယ်ကိုလည်းမသိ၊ သို့ရာတွင် တရားတော်ကိုအာရုံပြုလျက် ကြည်သာရွှင်လန်းသော စိတ်အစဉ် ရှိနေစဉ် သေဆုံးသဖြင့် တာဝတိံသာနတ်ပြည်ဝယ် နတ်သားဖြစ်သည်။ အလွန်တင့်တယ်သော ရွှေဗိမာန်၌နတ်သမီးအခြံအရံများစွာနှင့် စံစား ရသည်။ **မဏ္ဍုကဒေဝပုတ္တ(ဖားနတ်သား)**ဟူ၍ အမည်တွင်သည်။

ထိုဖားနတ်သားသည်"မည်သို့သောကုသိုလ်ကံကြောင့် သည်ဘဝကို ငါရောက်ရပါသနည်း"ဟု ဆန်းစစ်ကြည့်သည်။ ထိုအခါအတိတ်ဘဝက ဖားသူငယ်ဖြစ်ခဲ့ပုံနှင့်တကွ ဖြစ်ကြောင်းကုန်စင်ကို သိရှိရသည်။ သို့ဖြင့် သူသည် အခြံအရံများနှင့်တကွ လူ့ပြည်သို့ဆင်းသည်၊ တရားဟောနေသော ဘုရားရှင်ကို သွားရောက်ဖူးမြော်သည်။ တရားနာပရိသတ်တို့သည် တင့်တယ်သောအသွင်ကို ဆောင်နေသည့် ဖားနတ်သားနှင့်တကွ အခြံအရံ တို့ကို ထင်ရှားတွေ့မြင်ကြရသည်။ အံ့သြရင်သတ်မဆုံးရှိကြသည်။ ဘုရားရှင်မှ အံ့သြခြင်းမဖြစ်၊ ဖားနတ်သား၏ ဖြစ်ကြောင်းကုန်စင်ကို တန်ခိုးတော်ဖြင့် သိမြင်တော်မူပြီးဖြစ်သည်။ သို့ရာတွင် ပရိသတ်များ ထင်ရှားစွာ သိစေလိုသဖြင့် ဖားနတ်သားကို"အခြံအရံအစုံအညီနှင့် နှစ်သက်ဖွယ်သော အရောင်အဆင်းကိုဆောင်လျက် ငါ၏ခြေထောက်သို့ ဦးခိုက်ရှိခိုးလာသူကား အဘယ်သူနည်း"ဟု မေးတော်မူသည်။

ဖားနတ်သားက"အရှင်ဘုရား၊ အကျွန်ုပ်သည်ရှေးဘဝက ရေ၌ ကျက်စားသော ဖားသတ္တဝါ ဖြစ်ခဲ့ဘူးပါသည်။ အရှင်ဘုရား၏ တရားတော်ကိုနာနေစဉ် နွားကျောင်းသား၏ နှင်တံထောက်မိသဖြင့် သေဆုံးခဲ့ရပါသည်။ တခဏမျှ စိတ်ကြည်ညိုခြင်း ဖြစ်စဉ် သေဆုံးခဲ့ပါသဖြင့် တာဝတိံသာနတ်ပြည်တွင် နတ်သားသွားဖြစ်ပါသည်။ ထူးခြားသော တန်ခိုးတေဇာကိုလည်းရပါသည်။ များပြားသော အခြံအရံကိုလည်း ရပါသည်။ တင့်တယ်သော အရောင်အဆင်းကိုလည်း ရပါသည်ဟူ၍ လျှောက်ထားသည်။

ထိုအခါ ဘုရားရှင်သည် တရားနာခြင်း၏အကျိုးကို ရှင်းလင်းဟောပြောတော်မူသည်။ နိဗ္ဗာန်ရောက်ကြောင်းတရားကိုလည်း ဆက်လက်ဟောပြောတော်မူသည်။ တရားအဆုံးတွင် ဖားနတ်သားသည် **သောတာပန်**တည်သွားလေသည်။ တရားနာ ပရိသတ်တို့လည်း ထူးမြတ်သောအကျိုးကျေးဇူးကို ခံစားရရှိကြလေသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧

27. HKAN TI TSA,
ETAN MINGALA MUK TAMAN.

Hkam sharang ai gaw myat ai mingala nga ma ai.

## "HKAM SHARANG AI YATHE MYAT"

Moi shawng de bara nathi mung hta kalabu hkaw hkam wa up hkang ai ten ri matsat shi nga mai ai tsa hti kasha pung na shadang langai mi nga ai. Kungdala shadang nga ma ai.

Dai shadang gaw asak kung wa ten hta hpaji sharin la u ai. Hpa ji ni chye nna kade nna yang kanu kawa lahkawng yen si mat ai majaw sadi hkrit kajawng lam byin wa u ai. Dai majaw sut gan yawng hpe hlu kau nhtawm hima wun ta bum de sa nna yathe hpun let nga nga u ai.

Lani mi yathe gaw hkri jum sha na matu bara nathi mung de du wa u ai. Hkaw hkam wa a sun e nga nga u ai. Mare kata e hkau sawm ja sa wa ai shaloi hpyen bu wa kam sham ai majaw shi nta de shaga woi la nna hkau sawm hlu u ai. Dai hpang yathe a matu hkaw hkam wa a sun e jawng kaji gap ya nhtawm naw ku tawn u ai.

Lani mi hta kalabu hkaw hkam wa gaw chyaru nang hpa lu sha nhtawm ka manawt num ni shing wang let sun de sa nna hkam sha nga u ai. Shi gaw

mangala lungpa ntsa e sa shangun nna shi sum tsaw num jan wa a sinda gawp e yup nga u ai. Ka manawt num ni gaw hkaw hkam wa yup malap mat ai shaloi sun hpe hkan yu yu ma ai.

Dai ten hta dawng teng hpun nhpang e dung let tara myit mang nga ai yathe hpe mu ai shaloi kam sham la ai majaw shang naw ma ai rai. Sharin shaga na matu hpyi tawng ban nna tara madat la ma ai.

Tsawm ra na wa ai shaloi kalabu hkaw hkam gaw yup ai kaw na rawt wa ai. Ka manawt num ni hpe nmu ai majaw shi a sum tsaw hpe san u ai. Num jan wa gaw yathe langai kaw tara sa madat nga ma ai lam tsun dan u ai. Dai shaloi hkaw hkam wa pawt dik wa nu ai. Than let ngu ai hpri lakung nhtu lang let yathe kaw kagat sa u ai. Sim sa let tara haw nga ai yathe hpe mu ai shaloi thaw sa hte marawn san yu u ai.

"Yathe, nang gaw kaning re masa nga a ni?"

"Hkaw hkam myat, ngai gaw hkanti masa nga nngai?"

"Yathe, hkanti masa ngu ai gaw hpa rai ta?"

"Hkaw hkam myat, tinang hpe matsa mawa ai wa hpe rai rai. adup zing ri ai wa hpe rai rai pawt taw sa ndawp ai, sha rang ai gaw hkanti rai nga ai."

Dai shaloi hkaw hkam nhkru wa gaw shapyi ka aa na ma sha ni hpe shaga nhtawm ju shakap tawn ai sumri hte yathe wa a shing ma, sin da hte maga lahkawng hpe gayet shangun u ai. Yathe gaw hpa zawn nnawn u ai. Dai shaloi "yathe nang gaw hpa

masa nga a ni?" ngu bai san u ai. Yathe gaw "hkaw hkam myat, ngai gaw hkandi masa nga nngai" ngu nna htai u ai. Dai shaloi hkaw hkam nhkru gaw yathe a lata lahkawng hte lagaw lahkawng ni hpe daw sha ngun u ai yathe gaw sinpawt lahtawt lam nnga u ai.

Hkaw hkam nhkru gaw "yathe, nang gaw hpa baw masa nga a ni?" ngu nna san kahtap u ai. Yathe gaw mahtai n-galai, shawoi na hku sha htai u ai. Dai shaloi hkaw hkam nhkru gaw yathe a na, ladi ni hpe daw shangun u ai. Yathe gaw hpa zawn nnawn shawoi na hku hkanti masa nga ai lam htai dan u ai. Shaloi hkaw hkam nhkru gaw "lasa yathe e na hkanti hpe nang nan she sin nga u law" ngu nna tsun let yathe a sinda hpe lagaw hte hkin dit nhtawm pru mat wa u ai.

Kade nna yang hpyen bu wa du wa nna yathe hkum kaw na sai ni hpe atsawm sha katsut ya u ai. Ana ni hpe tsi ya u ai.

Dai zawn galaw ya let "madu e, pawt mayu yang shut shai ai hkaw hkam wa hpe sha pawt u. Mung masha ni hpe gaw hkum pawt yaw" ngu nna hpyi nem u ai.

Yathe gaw "ngai gaw kadai hpe mung npawt nngai. Ngai hte bung ai hpaji rawng ai ni mung kadai hpe mung n pawt ma ai. Ne a lata, lagaw, na, ladi ni hpe daw kau ya ai hkaw hkam wa gaw asak galu u ga "ngu kyu hpyi u ai rai.

Rai tim nkaja ai amu galaw ai kalabu hkaw hkam gaw mara kaw na nlawt. Yathe makau kaw na pru mat wa ai hpang sun chying hka kaw du ai shaloi ga mayu hkrum nna si htan mat wa nu ai rai.

Yathe mung dai shani nan si mat wa nu ai. Hpyen bu wa, hkaw hkam shawa masha hte mung shawa masha ni gaw yathe myat a amang hpe nampan manam pyaw hpa ni hte pu zaw let hkung ga lara let makoi kau ma ai rai. Yathe myat gaw kaja ai thu gati de du nhtawm prat manu mana byin ngut ai hpang gawda ma myat tswa hpara byin tai wa ai rai.

## ၂၇။ ခန္တီ စ၊ ဧတံ မင်္ဂလ မုတ္တမံ။

သည်းခံခြင်းသည် မြတ်သော မင်္ဂလာမည်၏။

# "သည်းခံသော ရသေ့မြတ်"

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ကလာဗုမင်းအုပ်စိုးစဉ် ကုဋေရှစ်ဆယ်ကြွယ်ဝသော သေဌေးသားပုဏ္ဏားလုလင်တစ်ဦးရှိသည်။ ကုဏ္ဍလ လုလင်ဟု အမည်တွင်သည်။

ထိုလုလင်သည် အရွယ်ရောက်ချိန်၌ ပညာသင်ယူသည်၊ ပညာများတတ်မြောက်၍ မကြာမြင့်မီပင် မိဘနှစ်ပါးကွယ်လွန်ရာ သတိသံဝေဂရသွားသည်။ သို့ဖြင့် ပစ္စည်းအားလုံးကို လှူဒါန်းစွန့်ကြဲကာ ဟိမဝန္တာသို့သွား၍ ရသေ့ဝတ်လျက်နေထိုင်သည်။

တစ်နေ့တွင် ရသေ့သည် ချဉ်ဆားမှီဝဲရန် ဗာရာဏသီပြည်သို့ရောက်လာသည်၊ မင်းဉယျာဉ်၌ သီတင်းသုံးနေထိုင်သည်။ မြို့တွင်း၌ဆွမ်းခံကြွရာ စစ်သူကြီး ကြည်ညိုသဖြင့် အိမ်သို့ပင့်ဆောင်သည်၊ ဆွမ်းလှူသည်။ ထိုနောက် ရသေ့အတွက် မင်းဉယျာဉ်၌ ကျောင်းငယ်ဆောက်ပေးကာ ကိုးကွယ်သည်။

တစ်နေ့သ၌ ကလာဗုမင်းသည် အရက်သေစာ သောက်စားပြီးလျှင် ကချေသည်များခြံရံလျက် ဉယျာဉ်တော်သို့သွား၍ စည်းစိမ်ခံစားသည်။ သူသည် မင်္ဂလာကျောက်ဖျာပေါ်၌ နေရာခင်းစေ၍ သူ့ချစ်သူအမျိုးသမီး၏ရင်ခွင်၌ အိပ်စက်သည်။ ကချေသည်တို့သည် သီဆို၊ တီးမှုတ်၊ ကခုန်ရာမှ မင်းကြီးအိပ်ပျော်သောအခါ ဉယျာဉ်တော်သို့ လှည့်လည် ကြည့်ရှုကြသည်။

ထိုစဉ်အင်ကြင်းပင်ရင်း၌ ထိုင်လျက်တရားအာရုံပြုနေသော ရသေ့ကို မြင်ရာ ကြည်ညိုလှသဖြင့် ဝင်ရောက်ရှိခိုးကြသည်။ ဆိုဆုံးမရန် တောင်းပန်၍ တရားနာယူကြသည်။

အတန်ကြာသောအခါ ကလာဗုမင်းသည် အိပ်ရာမှနိုးလာသည်၊ ကချေသည်များကိုမမြင်သဖြင့် သူ၏ချစ်သူကိုမေးသည်။ အမျိုးသမီးက ရသေ့တစ်ပါးထံတွင် ကချေသည်များ တရားသွားနာနေကြောင်း ပြောပြသည်။ ထိုအခါ မင်းသည် ဒေါသအမျက် ခြောင်းခြောင်းထွက်သည်။ သန်လျက်ကိုစွဲလျက် ရသေ့ထံ အပြေးအလွှား သွားရောက်သည်။ တည်ငြိမ်စွာနှင့် တရားဟောနေသော ရသေ့ကို တွေ့သောအခါ ဒေါသနှင့် ဟစ်အော် မေးမြန်းသည်။

"ရသေ့ သင်သည် အဘယ်ဝါဒရှိသနည်း ?

"မင်းမြတ် ငါသည် ခန္တီဝါဒရှိပါသည်။

"ရသေ့ ခန္တီဝါဒဆိုသည်မှာ အဘယ်နည်း ?

"မင်းမြတ် မိမိကိုယ်ကို ဆဲရေးသူအားဖြစ်စေ၊ ရိုက်ပုတ်၊ ညှဉ်းဆဲသူအားဖြစ်စေ အမျက်ဒေါသမထားဘဲ သည်းခံခြင်းသည် ခန္တီပင်ဖြစ်သည်။

ထိုအခါ မင်းမိုက်သည် ပါးကွက်အာဏာသားကိုခေါ်၍ ဆူးတပ်သောကြိုးဖြင့် ရသေ့၏ကျော, ရင်နှင့် နံဘေးနှစ်ဖက်တို့ကို ရိုက်နှက်စေသည်။ ရသေ့ကား မမှုပေ၊ ထိုအခါ"ရသေ့- သင်သည် အဘယ်ဝါဒရှိသနည်း"ဟု မေးပြန်သည်။ "ရသေ့က မင်းမြတ်၊ ငါသည် ခန္တီဝါဒရှိပါသည်"ဟူ၍ပင် ဖြေဆိုသည်။ သည်တွင် မင်းမိုက်သည် ရသေ့၏ လက်နှစ်ဖက်နှင့် ခြေနှစ်ဖက်တို့ကို ဖြတ်စေပြန်သည်။ ရသေ့ကား အမျက်မထွက်။

မင်းမိုက်က"ရသေ့ သင်သည် အဘယ်ဝါဒရှိပါသနည်း"ဟု မေးပြန်သည်။ ရသေ့ကား အဖြေမပြောင်း ယခင်အတိုင်းပင် ဖြေကြားသည်။ ဤတွင် မင်းမိုက်သည် ရသေ့၏ နား၊ နှာခေါင်းတို့ကို ဖြတ်စေပြန်သည်။ ရသေ့ကားမမှု၊ ယခင်အတိုင်းပင်ခန္တီဝါဒထားကြောင်း ဖြေကြားသည်။

ထိုအခါ မင်းမိုက်က"ရသေ့စဉ်းလဲ သင့်ခန္တီကို သင်သာလျှင် စောင့်ထိန်း၍ နေလေလော့"ဟု ဆိုကာ ရသေ့၏ရင်ဝကို ခြေထောက်ဖြင့် ကန်ကာ ထွက်ခွာသွားလေသည်။

မကြာမီ စစ်သူကြီး ရောက်လာကာ ရသေ့၏ကိုယ်မှ သွေးများကို ကြင်နာစွာဖြင့် သုတ်ပေးသည်၊ ဒဏ်ရာများကို ပြုစုပေးသည်။

သို့ပြုရာမှ"အရှင်ဘုရား၊ အမျက်ထွက်လိုလျှင် ကျူးလွန် ပြစ်မှားသော မင်းကိုသာ အမျက်ထွက်တော်မူပါ၊ ပြည်သူများကိုကား အမျက်ထွက်တော် မမူပါနှင့်"ဟူ၍ တောင်းပန်သည်။

ရသေ့က"ငါသည်၊ မည်သူ့ကိုမျှ အမျက်မထွက်တတ်ပါ၊ ငါ၏ လက်၊ ခြေ၊ နား၊ နှာခေါင်းတို့ကို ဖြတ်ခဲ့သောမင်းသည် သက်တော် ရှည်ပါစေဟု ဆုတောင်း၏။

သို့ရာတွင် မကောင်းမှုပြုခဲ့သော ကလာဗုမင်းသည် အပြစ်မှမလွတ်၊ ရသေ့အနီးမှထွက်ခွာပြီး ဥယျာဉ်တံခါးဝသို့အရောက်တွင် မရှုမလှပင် မြေမျိုခံရပြီး အနိစ္စရောက်သွားလေသည်။

ရသေ့သည်လည်း ထိုနေ့မှာပင်လွန်တော်မူရှာသည်။ စစ်သူကြီး၊ မင်းပရိသတ်နှင့် ပြည်သူအပေါင်းတို့သည် ရသေ့မြတ်၏ အလောင်းတော်ကို ပန်းနံ့သာ၊ အမွှေးအထုံတို့ဖြင့် ပူဇော်လျက် ရိုသေစွာ သင်္ဂြိုဟ်ကြကုန်သည်။ ရသေ့မြတ်သည် ကောင်းရာသုဂတိသို့ လားပြီးလျှင် ဘဝများစွာ ကျင်လည်ပြီးနောက် **ဂေါတမမြတ်စွာဘုရား** အဖြစ်သို့ ရောက်တော်မူ ခဲ့ပေသည်။

❦ ❦ ❦ ❦ ❦ ❦ ❦ ❦ ❦

28.THAW WATSAT THATA,
ETAN MINGALA MUKTAMAN.

Sharin shaga loi ai gaw myat ai mingala nga ma ai.

## "KAWA A GA HPE MADAT MARA AI WA"

Moi shawng de byanmadat hkaw hkam gaw digiti kaw tha la hkaw hkam hpe gasat na matu shi hpyen ma ni hpe woi awn let rawt lung wa ai. Digiti hkaw hkam wa gaw n-gun nram ai majaw hakw hkam jan hpe woi nhtawm mung dan kaw na hprawng pru mat wa ai. Mare nchyawng langai e nga ai di galaw ai wa a nta e makoi lakyim nna nga nga ai rai.

Kade nna yang hkaw hkam jan wa hta hkum li wa nna la kasha shadang hpe shangai sha prat dat u ai. "Diga wu shadang sha" ngu nna shamying ma ai. Digiti hkaw hkam gaw "anhte ma koi lakyim nga ai hpe byan madat hkaw ham wa lani ni hta chye wa na re. Dai shaloi ngai hpe rim nna sat jang ngai sha mung sat hkrum na ra ai." ngu na myit ding lik let kasha hpe hkrak re shara kaga de htawt sit sa tawn u ai. Hpaji ni hpe mung sharin shangun u ai.

Hkaw hkam wa tau htang tawn ai hte maren lani mi byan madat hkaw hkam wa gaw digiti kaw thala hkaw hkam hte hkaw hkam jan hpe mu hkrup

kau u ai. Kalang ta rim shangun nna sat na matu lup kawng de woi mat wa u ai.

Diga wu hkaw hkam kasha wa gaw hpaji chye sai majaw nu wa ni hpe jahkrum na matu jahkring mi gan wa u ai. Dai shaloi lup kawng de woi mat wa ai nu yen wa hpe mu u ai. Lam makau pai hkra kaw na masha ni gaw hkaw hkam, hkaw hkam jan lahkawng yen hpe yu taw nga ma ai. Dai digawu shadang sha mung masha hpawng lapran kaw nna kanu yen kawa hpe mada yu nga u ai.

Digiti kaw tha la hkaw hkam gaw masha hpawng lapran e kasha hpe mu ai shaloi sharin shaga ga hpe shi hkrai tsun mat wa u ai.

"Hpyen ngu ai gaw htang dawp ai majaw nsim sa lu ai. Nhtang dawp ai hte sha sim sa lu na re."

Dai shaloi masha ni gaw "ndai hkaw hkam wa gaw mana mat ai majaw shi hkrai tsun mayu ai tsun taw nga ai "ngu tsun ma ai.

Hkaw hkam wa gaw "nanhte e ngai mana mat nna tsun ai nre. Ne ga hpe hpaji rawng ai ni chye na mara ai" ngu nna bai tsun u ai.

lup kawng de du ai shaloi sat ai ni mung hkaw hkam, hkaw hkam jan shan lahkawng hpe sat kau dat ma ai. Digawu shadang sha gaw sin ai ni hpe chyaru nang hkra jaw u ai. Nang galau ma ai shloi kanu kawa ni a amang hpe atsawm sha nat makoi u ai. N-gun lu hkra hkrap u ai. Dai hpang myi prwi ni hpe katsut nna byan madat hkaw hkam a magwi sara hpang de

sa nna tape sa hkam nhtawm jahpawt shagu ding hkraw dum let mahkawn hkawn u ai. Hkaw hkam wa na jang grai ra sharawng ai majaw shi kaw shaga tawn u ai. Ding hkraw dum nna shapyaw shangun u ai. Dagawu la kasha mung amu ni hpe chye chyang let galaw ya u ai. Hkaw hkam wa grau ra sharawng ai majaw kata e nga shangun u ai rai.

Lani mi hta hkaw hkam wa gaw digawu shadang sha hpe hkrang law gawt shangun nna sun kata de pru mat wa u ai. Sun kaw du ai shaloi digawu shadang sha gaw hkaw hkam wa hpe hpyen ma ni hte tsan ai de masu nna woi mat wa u ai. Hkaw hkam wa gaw pu pa ai majaw "myet dila na nngai" ngu nna hkrang law hpe hkring sha ngun u ai. Dai hpang hkrang law kaw na yu nhtawm hpun shing nip npu de sa u ai. Digawu shadang sha a magyi hpe bung hkum let yup pyaw mat wa u ai rai.

Hkaw hkam wa yup pyaw mat wa ai shaloi shadang sha gaw "ahkang lu sai, ne nu wa ni hpe sat ai wa hpe ya ngai bai sat lu na sai" ngu myit let thanlet hpe gang shaw u ai. Dai ten hta lup kawng de kawa sa wa âi shaloi tsun shaga mat wa ai ga ni hpe myit dum u ai. Hkaw hkam wa hpe nsat ai sha than let hpe jahkrat tawn dat u ai. Dai hpang sat na hkyen dat kawa a ga hpe myit dum nna bai nsat hkrup dat. Dai zawn rai 3 lang tup sharawt dat jahkrat dat rai nga u ai.

Dai teŋ hta hkaw hkam kaba wa dum wa u ai. Diga wu sha dang sha gaw pai maga ta hte hkaw hkam wa a majaw hpe gang let hkra lata hte thanlet lang let shi gaw kaw thala hkaw hkam wa a kasha digawu hkaw hkam kasha re ai lam kaw nna npawt hpang let akyawng hkum hkra tsun dan u ai. "Madu hkaw hkam kaba wa gaw ne lata kaw na lawt lu na kun?" ngu u ai.

Byanmadat hkaw hkam wa mung "na lata kaw na ngai nlawt lu na sai" ngu nna hpyi nem ga tsun u ai.

Diga wu shadang sha gaw "Madu hkaw hkam kaba wa e, ngai htang dawp ai majaw hpyen ni gaw nsim sa lu na re. Nhtang dawp yang she hpyen ni sim sa lu na re" nga nna ne wa sharin shaga lai wa sai. Dai sharin shaga ga hte maren ngai nang hpe hpa ndi na ni ai. Lama nang htang dawp mayu yang gaw ngai hpe sat lu ai" ngu nna thanlet hpe ya u ai.

Hkaw hkam wa mung "ngai mung nang hpe nhtang dawp na ni ai" ngu nna tsun let hkaw hkam hkaw de bai woi mat wa u ai,. Shi a kasha shayi sha hte hking ran ya u ai. Digiti kaw thala hkaw hkam wa a hkaw hpe digawu shadang sha hpe bai ya u ai rai.

Dai ten kaw nna hkaw hkam lahkawng gaw rap ra sim sa let tinang mungdan hpe tinang hkrai hkrai up hkang ma ai rai.

## ၂၈။ သောဝစဿတာ၊ ဧတံ မင်္ဂလ မုတ္တမံ။

### ဆုံးမလွယ်ခြင်းသည် မြတ်သော မင်္ဂလာမည်၏။

# "အဖစကား နာယူသူ"

တစ်ခါသော် ဗြဟ္မဒတ်မင်းသည် ဒီဃီတိကောသလမင်းကို စစ်တိုက်ရန် မိမိ၏နိုင်ငံမှ ရဲမက်များကိုဦးဆောင်ချီတက်လာသည်။ ဒီဃီတိမင်းမှာ အင်အားချင်းမမျှသဖြင့် မိဖုရားကိုခေါ်ကာ တိုင်းပြည်မှ ထွက်ပြေးသွားရသည်။ မြို့စွန်တစ်နေရာရှိ အိုးထိန်းသည်၏နေအိမ်၌ ရုပ်ဖျောက်၍ မထင်မရှား နေထိုင်သည်။

မကြာမီ မိဖုရားကြီး၌ ကိုယ်ဝန်တည်ကာ သားတော်ဖွားမြင်သည်။ **"ဒီဃာဝုမင်းသား"**ဟု အမည်ပေးသည်။ ဒီဃီတိမင်းက "ငါတို့ ရုပ်ဖျောက်နေထိုင်သည်ကို တစ်နေ့မဟုတ် တစ်နေ့နေ့တွင် ဗြဟ္မဒတ်မင်း သိနိုင်သည်။ ထိုအခါ ငါတို့ကိုဖမ်း၍ သတ်လျှင် သားတော်ပါအသတ်ခံရလိမ့်မည်" ဟူ၍ဆင်ခြင်ကာ မင်းသားကို အခြားလုံခြုံသော နေရာသို့ ပို့ထားသည်။ အတတ်ပညာသင်စေသည်။

မင်းကြီး ကြိုတင်မှန်းဆသည့်အတိုင်း တစ်နေ့တွင် ဗြဟ္မဒတ်မင်းကြီးသည် ဒီဃီတိကောသလမင်း မိဖုရားကိုတွေ့ရှိသွားသည်။ ချက်ချင်းပင် ဖမ်းဆီးသည်။ သတ်ရန်သူသတ်ကုန်းသို့ ခေါ်ဆောင်သွားစေသည်။

ဒီဃာဝုမင်းသားသည် အတတ်ပညာများ တတ်မြောက်သဖြင့် မိဘနှစ်ပါးကို ခေတ္တတွေ့ရန်ပြန်လာသည်။ ထိုအခါ သူသတ်ကုန်းသို့ ဆောင်ယူသွားသော မိဘနှစ်ပါးကို တွေ့ရသည်။ လမ်းဘေး ဝဲယာမှ လူအများသည် မင်း၊ မိဖုရား နှစ်ပါးကို ကြည့်နေကြသည်။ ဒီဃာဝု မင်းသားသည် ထိုသူများအကြားမှ နေ၍ မိဘနှစ်ပါးကို လှမ်းကြည့်ရှာသည်။

ဒီဃီတိကောသလမင်းသည် လူအုပ်ထဲတွင် သားတော်ကိုမြင်သော အခါ ဆုံးမစကားကို တစ်ကိုယ်တည်းပြောကြားသွားသည်။

“ရန်တို့မည်သည်မှာ ရန်တုံ့မူသဖြင့် မငြိမ်းအေးကုန်၊ ရန်တုံ့မမူသဖြင့်သာ ငြိမ်းအေးကုန်၏”။

ထိုအခါ လူတို့က “ဤမင်းသည် ရူးသွပ်နေသဖြင့် တစ်ကိုယ်တည်း ထင်ရာ ယောင်ယမ်း မြည်တမ်းနေသည် ”ဟု ဆိုကြ၏။

မင်းကြီးက “အမောင်တို့၊ ရူးသွပ်သဖြင့် ငါယောင်ယမ်း မြည်တမ်းခြင်းမဟုတ်။ ငါ့စကားကို ပညာရှိတို့ သိကြလိမ့်မည် ” ဟူ၍ ပြန်ပြော၏။

သူသတ်ကုန်းသို့ရောက်သောအခါ သူသတ်တို့လည်း မင်း၊ မိဖုရား နှစ်ပါးကို အဆုံးစီရင်လိုက်ကြလေသည်။ ဒီဃာဝုမင်းသားသည် အစောင့်တို့အား အရက်မူးအောင်တိုက်သည်။ မူး၍လဲကျသော် အမိအဖတို့၏ အလောင်းကို ကောင်းစွာ မီးသဂြိုဟ်သည်။ အားရအောင် ငိုကြွေး မြည်တမ်းသည်။ ထို့နောက် မျက်ရည်များကို သုတ်ပြီးလျှင် ဗြဟ္မဒတ်မင်း၏ ဆင်ဆရာထံသို့ သွား၍ တပည့်ခံကာ နေထိုင်သည်။ နံနက်တိုင်း စောင်းတီးလျက် သီချင်းဆိုသည်။ မင်းကြီးကြားလျှင် နှစ်သက်သဖြင့် မိမိထံ ခေါ်ထားသည်။ စောင်းတီး၍ ဖျော်ဖြေစေသည်။ ဒီဃာဝု မင်းသားလည်း အမှုကိစ္စတို့ကို ကျွမ်းကျင်လိမ္မာစွာ ဆောင်ရွက်ပေးသည်။ မင်းကြီးပိုမိုနှစ်သက်သဖြင့် အတွင်းတော်၌ ခစားထမ်းရွက်စေသည်။

တစ်နေ့သ၌ မင်းကြီးသည် ဒီဃာဝုမင်းသားကို ရထားမောင်းစေလျက် ဥယျာဉ်တော်သို့ ထွက်တော်မူသည်။ ဥယျာဉ်ရောက်သောအခါ ဒီဃာဝုမင်းသားသည် မင်းကြီးအား မင်းချင်းများနှင့် ဝေးရာသို့ ပရိယာယ်ဖြင့် ခေါ်ဆောင်သွားသည်။ မင်းကြီးသည် ပင်ပန်းသဖြင့် “တစ်ရေးအိပ်မည်”ဟု ဆိုကာ ရထားကို ရပ်ခိုင်းသည်။ထို့နောက် ရထားမှ ဆင်းကာ သစ်ရိပ်အောက်သို့သွားသည်။ ဒီဃာဝုမင်းသား၏ ပေါင်ကို ခေါင်းအုံး၍ စက်တော်ခေါ်သည်။

မင်းကြီး အိပ်ပျော်သွားသောအခါ မင်းသားက"အခွင့်ရပြီ၊ ငါ့အမိ၊ အဖတို့ သတ်သူကို ယခုပြန်သတ်နိုင်ပြီ"ဟု ကြံလျက် သန်လျက်ကို ဆွဲထုတ်သည်။ ထိုစဉ်သူသတ်ကုန်းသို့ ဖခင်အသွားတွင် ပြောဆိုဆုံးမသွားသော စကားတို့ကိုသတိရသည်။ မင်းကြီးကိုမသတ်ဘဲ သန်လျက်ကို ချထား လိုက်သည်။ ထိုနောက် သတ်မည်ပြုပြန်သည်။ အဖစကားကို သတိရကာ မသတ်ဖြစ်ပြန်။ ဤသို့လျှင် ၃-ကြိမ်တိုင် ချီတုံချတုံဖြစ်ခဲ့သည်။

ထိုစဉ်မင်းကြီးနိုးလာသည်၊ ဒီဃာဝုမင်းသားသည် လက်ဝဲလက်ဖြင့် မင်း၏ဦးသျှောင်ကို ဆွဲလျက် လက်ျာလက်ဖြင့် သန်လျက်ကိုင်ကာ မိမိသည် ကောသလမင်း၏သား ဒီဃာဝုမင်းသားဖြစ်ကြောင်းမှ စ၍ အကြောင်းစုံ ပြောပြသည်။"အရှင်မင်းကြီးသည်၊ အကျွန်ုပ်လက်မှ လွတ်နိုင်ပါမည်လော"ဟု ဆိုသည်။

ဗြဟ္မဒတ်မင်းလည်း"အမောင်၊ သင့်လက်မှ ငါမလွတ်နိုင်တော့ပါ" ဟု တောင်းပန်စကားပြောကြားသည်။

ဒီဃာဝုမင်းသားက"အရှင်မင်းကြီး ရန်တုံ့မှုသဖြင့် ရန်တို့သည် မငြိမ်းအေးကုန်၊ ရန်တုံ့မမှုမှသာ ရန်တို့သည်ငြိမ်းအေးကုန်သည် "ဟု ကျွန်ုပ်၏ဖခင် ဆုံးမသွားပါသည်၊ ထိုအဆုံးအမအတိုင်း ကျွန်ုပ်သင့်ကို ရန်မပြုတော့ပါ၊ အကယ်၍ သင်ရန်ပြုလိုပါမူ ကျွန်ုပ်ကို သတ်နိုင်ပါသည်" ဟုဆိုကာ သန်လျက်ကို ပေး၏။

မင်းကြီးကလည်း"အမောင်၊ ငါလည်း သင့်ကိုရန်မပြုပါ"ဟု ဆိုကာ နန်းတော်သို့ ပြန်ခေါ်သွားသည်။ မိမိ၏သမီးတော်နှင့် ထိမ်းမြား ပေးစားသည်။ ဒီဃီတိကောသလမင်း၏ ထီးနန်းကို ဒီဃာဝုမင်းသားအား ပြန်လည်နှင်းအပ်သည်။

ထိုအခါမှစ၍ မင်းနှစ်ပါးတို့သည် ညီညွတ်ငြိမ်းအေးစွာဖြင့် မိမိနိုင်ငံကို မိမိကိုယ်စီ မင်းပြုကြလေသည်။

++++++++++

## 29. THAMANA NINTSA DAT THANAN, ETAN MINGALA MUK TAMAN.

Yahan ni hpe mu mada lu ai gaw myat ai mingala nga ma ai.

## "GWI MYIT SU A KUSU"

Moi shawng de anla kappa ngu ai mung dan hta kap chye ai ana myu mi byin pra wa ai. Dai ana gaw langai hpang langai, nta langai hpang langai, kahtawng langai hpang langai, mare langai hpang langai kap pra wa ai rai. tsi tsi mung n lu. masha law htam si htum ma wa ai rai.

Dai ten hta la langai gaw hkrit la ai majaw shi madu jan hte kasha la kasha hpe woi nna kaga mung dan langai de hprawng mat wa ai. Yak hkak ai lam magrit hpe dan lai sa ra ai.

Hkrun lam e yak hkak lam amyu myu hpe lai ngut ai hpang shan hting gaw hte kasha shadang ni gaw asak nsi ai sha yak hkak la ai lam hpe tawt lai wa ma ai. Shana de jan du ten nga rem ma ni sum la ngai de du bang wa ma ai rai.

Dai shani gaw nga rem ma ni sum hta hka n gayau ai nga chyu hpa hpe malum tawn ai shani re. Sum e nga ai ni mung shanhte masum hpe mu ai shaloi matsan dum ma ai rai.

"Ndai shan nu shan wa ni masum gaw grai kaw si hpang gra nga ma ai" ngu nna chyu hpa hpe di

hpring hkra bang ya ma ai. Htaw bat manu mana hpe mung chyaw bang ya ai. Hkru hkra sha shangun mu ai rai.

Num jan wa gaw kaw si timung ram daw sha sha u ai. La wa gaw shadawn sharam nnga, lai nna manu mana sha u ai. Dai shaloi sha hpa nrin dang ai ana rawt wa nna dai shana lai ai hte si mat u ai rai. Dai la wa gaw si na mahka myit marit jung taw ai majaw nga rem sum e nga ai gwi kanu a kan e shang tai u ai rai.

Gwi kanu gaw shata hpring ai shaloi gwi la kasha hpe shangai u ai. Nga rem ma gaw dai gwi la kasha hpe tsawra hak ai majaw lu sha atsawm sha jaw u ai. Tinang sa ai shara de rau woi sasa rai u ai.

Lani mi hta pittseka bukda langai gaw nga rem ma a nta chying hka de hkau sawm ja sa u ai. Nga rem ma gaw pittse ka buk da hpe hkau sawm shakap hlu u ai. Kam sham la ai majaw nni ntsan re shara e wa langai mi ( laning mi ) nga na matu hpyi u ai. Pit tseka buk da mung hkap la u ai. Nga rem sum hte nni ntsan nam shalawng langai hta nga u ai rai.

Nga rem ma gaw pittseka bukda ashin myat hpang de sa jang gwi kasha hpe woi sa sa re. Dai ten lam lapran e nam dusat ni yen hprawng mat na matu nam wum ni hpe mu ai shaloi gayet ahpre kau u ai. Gwi kasha mung tinang madu galaw ai hpe yu matsing tawn u ai.

Lani mi nga rem ma gaw "Shi nrau ai ten hta shi malai gwi kasha hpe dat dat na. Gwi kasha du wa ai

ten hta shi nta de hkau sawm ja sa wa rit" ngu nna htet da shawk tawn u ai rai.

Dai zawn htet da ai hte maren mung shi nrau ai nhtoi ni hta gwi myit su hpe dat dat u ai. "Ngai sha e, pit tseka bukda myat hpe sa shaga u" ngu nna tsun u ai. Gwi myit su mung hkau sawm hkam ten hta sa du nna ashin myat a lagaw nhpang e hpum taw nga ai.

Ashin myat mung "ndai gwi myit su kasha gaw ngai kaw du nna sa shaga nga ai" ngu nna chye na u ai rai. Dai majaw hkau sawm ja sa wa u ai. Kalang lang ashin myat gaw gwi myit su hpe jam yu mayu ai majaw lam galai nna sa wa u ai. Dai gwi gaw ashin myat a shawng e hkum shing tang let tsap taw nga ai. Lam jaw de sa jang she koi yen ya u ai. Shi madu nga rem ma gaw nam dusat ni hprawng yen na matu hpun sum wum ni hpe ashun gayet ai shara de du ai shaloi mung aja wa wau dat u ai.

Dai gwi wau ai nsen a majaw dusat ni mung yen mat ma ai. Ashin myat gaw nga rem ma a sum hta hkau sawm sha ai shaloi hkau sawm ngam nkau mi hpe gwi myit su hpe jaw sha u ai. Dai shaloi gwi myit su gaw moi na hta jat nna ashin myat hpe tsawra wa u ai rai.

Nga rem ma gaw wa lawt ai ten hta ashin myat hpe sang kan jaw ya u ai. Ashin hpe "nga mayu yang ndai shara kaw matut nna nga u. Kaga de sa mayu yang mung sa u" ngu nna shawk u ai rai. Ashin myat

mung kaga de htawt mayu ai lam tsun nna pru mat wa u ai.

Nga rem ma mung ashin myat hpe lam daw myi du hkra hkan sa nna bai nhtang wa u ai. Gwi myit su gaw ashin myat teng sha pru mat wa ai lam chye ai shaloi marit la let masin ga kaprang nna si mat wa nu ai. Dai hpang ashin myat hpe mu mada ai kusu a jaw ta ·vating tha nat mung hta nat shadang sa byin u ai.

Dai nat shadang naw gwi myit su naw re ai shaloi ashin myat hpe hpyen nnga hkra nam dusat ni hpe aja wa wau ya ai kusu gam akyu a majaw manu mana nsen awng ai rai. Kaga nat ni hte ga shaga ai shaloi dai nat shadang a nsen gaw nat mung ting gara magap mat wa ai rai. Dai majaw dai nat shadang gaw "gaw thaka nat shadang" ngu ai amying hpe lu la u ai rai.

၂၉။ သမဏာနဉ္စ ဒဿနံ၊ ဧတံ မင်္ဂလ မုတ္တမံ။

ရဟန်းတော်များကိုဖူးမြော်ရခြင်းသည် မြတ်သော မင်္ဂလာမည်၏။

# "ခွေးလိမ္မာ၏ ကုသိုလ်"

ရှေးသရောအခါ အလှကပ္ပအမည်ရှိသော တိုင်းဝယ် ကူးစက်တတ်သော ရောဂါကြီးတစ်မျိုးဖြစ်ပွားသည်။ ထိုရောဂါသည် တစ်ယောက်ပြီး တစ်ယောက်၊ တစ်အိမ်ပြီး တစ်အိမ်၊ တစ်ရွာပြီး တစ်ရွာ၊ တစ်မြို့ပြီး တစ်မြို့၊ ကူးစက်ပြန့်ပွားသည်။ ဆေးကုရ၍မရ၊ လူအများသေကျေပျက်စီးကြသည်။

ထိုအခါ ယောကျ်ားတစ်ယောက်သည် ကြောက်ရွံ့လှသဖြင့် မိမိနှင့် ဇနီးသားငယ်ကို ခေါ်ယူကာ အခြားတိုင်းပြည် တစ်ပြည်သို့ ထွက်ပြေးသည်၊ ကန္တာရခရီးကြမ်းကို ဖြတ်သန်းသွားရသည်။

လမ်းခရီးတွင် အခက်အခဲအမျိုးမျိုးကို ကျော်လွန်ပြီးနောက် သူတို့ဇနီးမောင်နှံနှင့် သားငယ်တို့သည် အသက်မသေဘဲ ကန္တာရခရီးကို လွန်မြောက်လာကြသည်။ ညနေချမ်းအချိန်၌ နွားကျောင်းသားတဲတစ်ခုသို့ ရောက်လာကြသည်။

ထိုနေ့မှာ နွားကျောင်းသားတဲ၌ နေသူတို့သည် ရေမရောသော နို့ဃနာကို ချက်ထားသောနေ့ဖြစ်သည်။ တဲနေသူတို့လည်း သူတို့သုံးယောက်ကိုမြင်လျှင် ကရုဏာဖြစ်မိကြသည်။

"ဤသားအဖသုံးယောက်တို့ကား အလွန့်အလွန် ဆာလောင်မွတ်သိပ်နေကြသည်"ဟု ဆိုကာ နို့ဃနာကို အိုးအပြည့် ထည့်ပေးသည်။

ထောပတ်များစွာကိုလည်း လောင်းထည့်ပေးသည်။ အဝစားကြစေသည်။

ဇနီးဖြစ်သူသည် ဆာလောင်မွတ်သိပ်သော်လည်း မျှတရုံသာစားသည်။ လင်ဖြစ်သူကား အတိုင်းအရှည်မရှိ၊ မျှတရုံထက် ပိုလွန်အောင်စားသည်။ ဤတွင် အစာမကြေရောဂါထကာ ထိုညဉ့်လွန်လျှင်ပင် သေဆုံးသွားလေသည်။ ထိုသူသည် သေခါနီးဝယ် စိတ်စွဲလမ်းတပ်မက်သဖြင့် နွားကျောင်းသားတဲရှိ ခွေးမ၏ဝမ်း၌ ပဋိသန္ဓေယူလေသည်။

ခွေးမသည် လစေ့သော် သားငယ်ကို ဖွား၏။ နွားကျောင်းသားသည် ထိုခွေးငယ်ကို ချစ်ခင်သဖြင့် အစာကောင်းစွာကျွေးသည်။ မိမိသွားလေရာသို့ အတူခေါ်ဆောင်သွားလေ့ရှိသည်။

တစ်နေ့သည်၌ ပစ္စေကဗုဒ္ဓါတစ်ပါးသည် နွားကျောင်းသား၏ အိမ်တံခါးဝသို့ ဆွမ်းခံကြွရောက်လာသည်။ နွားကျောင်းသားသည် ပစ္စေကဗုဒ္ဓါကို ဆွမ်းကပ်လှူသည်။ ကြည်ညိုလှသဖြင့် မနီးမဝေးတွင် တစ်ဝါတွင်း သီတင်းသုံးတော်မူပါရန် တောင်းပန်သည်။ ဆွမ်းကိုလည်း မိမိကပင် တာဝန်ယူ၍ လှူဒါန်းလိုပါကြောင်း လျှောက်ထားသည်။ ပစ္စေကဗုဒ္ဓါအရှင်မြတ်လည်း လက်ခံတော်မူသည်။ နွားကျောင်းသားတဲနှင့် မနီးမဝေး တောအုပ်တစ်ခု၌ သီတင်းသုံးနေထိုင်တော်မူသည်။

နွားကျောင်းသားသည် ပစ္စေကဗုဒ္ဓါအရှင်မြတ်ထံသို့ သွားလျှင် ခွေးငယ်ကို ခေါ်ဆောင်သွားတတ်သည်။ သို့သွားစဉ် လမ်းခရီးအကြား၌ သားရဲတို့ရှောင်ရှားပြေးသွားကြစေရန် သစ်ပင်ချုံပုတ်များကို တွေ့လျှင် ပုတ်ခတ် ရိုက်နှက်သွား၏။ ခွေးငယ်ကလည်း မိမိသခင် ပြုလုပ်ပုံကို မှတ်သားထားသည်။

တစ်နေ့သည်၌ နွားကျောင်းသားသည် ပစ္စေကဗုဒ္ဓါအရှင်မြတ်အား မိမိမအားလပ်သောအခါ မိမိကိုယ်စား ခွေးငယ်အားလွှတ်လိုက်ပါမည်။ ခွေးငယ်ရောက်လာချိန်တွင် မိမိအိမ်သို့ဆွမ်းခံ ကြွရောက်ပါမည့် အကြောင်း

မှာကြားလျှောက်ထားသည်။

ယင်းသို့မှာထားသည့်အတိုင်းလည်း မိမိမအားလပ်သော နေ့ များတွင် ခွေးလိမ္မာလေးကိုလွှတ်သည်။ "ချစ်သား၊ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကို သွားရောက်ပင့်ဆောင်လော့" ဟူ၍ဆိုသည်။ ခွေးလိမ္မာကလေး ကလည်း ဆွမ်းခံချိန်၌ သွားရောက်ပြီးလျှင် အရှင်မြတ်၏ခြေရင်း၌ ဝပ်တွားနေသည်။

အရှင်မြတ်လည်း "ဤခွေးလိမ္မာကလေးသည် ငါ့ထံမှောက်သို့ အပင့်ရောက်လာလေသည်" ဟု သိရှိတော်မူကာ ဆွမ်းခံကြွတော်မူသည်။ တစ်ခါတစ်ရံတွင် အရှင်မြတ်သည် ခွေးလိမ္မာကလေးကို စုံစမ်းတော်မူလို သဖြင့် လမ်းလွှဲ၍ကြွသွားတော်မူလေသည်။ ထိုအခါခွေးသည် အရှင်မြတ်၏ ရှေ့မှ တားဆီးရပ်တည်သည်။ လမ်းမှန်သို့ သွားမှ ဖယ်ရှားပေးသည်။ သူ့သခင်နွားကျောင်းသားသည် သားရဲတို့ ရှောင်ရှားစေရန် သစ်ပင်ခုတ်ပုတ် များကို ပုတ်ခတ်ရိုက်နက်သော နေရာသို့ရောက်လျှင်လည်း ကျယ်လောင်စွာ ဟိန်းဟောင်သည်။

ထိုခွေးဟောင်သံကြောင့် သားရဲများလည်း ရှောင်ရှားသွားကြသည်။ အရှင်မြတ်သည် နွားကျောင်းသားတဲဝယ် ဆွမ်းဘုဉ်းပေးတော်မူသောအခါ ဆွမ်းကျန်အချို့ကို ခွေးလိမ္မာအား ပေးကမ်းကျွေးမွေးသည်။ ထိုအခါ ခွေးလိမ္မာသည် ရှေးကထက် အရှင်မြတ်ကို တိုး၍ ခင်မင်လာသည်။

နွားကျောင်းသားသည် ဝါကျွတ်သောအခါ အရှင်မြတ်အား သင်္ကန်း ဆက်ကပ်လှူဒါန်းသည်။ "အရှင်ဘုရား အလိုတော်ရှိလျှင် ဤအရပ်၌ပင် ဆက်လက်သီတင်းသုံးတော်မူပါ။ အရပ်တစ်ပါးသို့ ကြွသွားတော်မူလိုလျှင် လည်း ကြွသွားတော်မူပါ"ဟု လျှောက်ထားသည်။ အရှင်မြတ်လည်း အရပ်တစ်ပါးသို့ ကြွသွားတော်မူလိုကြောင်း မိန့်တော်မူကာ ကြွသွားတော်

မှုသည်။

နွားကျောင်းသားလည်း အရှင်မြတ်ကို ခရီးတစ်ဝက်အထိ လိုက်ပို့ပြီးလျှင် ပြန်လာခဲ့သည်၊ ခွေးလိမ္မာသည် အရှင်မြတ် အပြီးတိုင် ကြွသွားတော်မူသည်ကို သိသောအခါ လွမ်းဆွတ်၍ နှလုံးကွဲကာ သေဆုံးသွားရှာလေသည်၊ ထို့နောက် အရှင်မြတ်ကို ဖူးမြော်ရသော ကုသိုလ်ကြောင့် တာဝတိံသာနတ်ပြည်၌ နတ်သားသွားဖြစ်လေသည်။

ထိုနတ်သားသည် ခွေးလိမ္မာဖြစ်စဉ်က အရှင်မြတ် ဘေးရန် ကင်းအောင် သားရဲများအား ကျယ်လောင်စွာ ဟိန်းဟောင်ပေးသော ကုသိုလ်ကံအကျိုးကြောင့် အလွန်အသံအောင်သည် ၊ အခြားနတ်များနှင့် စကားပြောသောအခါ ထိုနတ်သား၏အသံသည် နတ်ပြည်အလုံးကို လွှမ်းဖုံးသွားလေသည်။ ထိုကြောင့် ထိုနတ်သားသည် **"ဃောသကနတ်သား"** ဟူသော အမည်ကို ရရှိလေသည်။

30. KALE NA DAMMA THA KIT SA. ETAN MINGALA MUK TAMAN.
Byin ging ai ten hta tara bawng ban ai gaw myat ai mingala nga ma ai.

## "HPAJI-RAWNG MASHA LAHKAWNG"

Moi shawng de amat kaba Bo raza t\hte amat kaba Thihapate gaw thit kanyin ngu ai shara e hkrum zup nna ga tsun bawng ban ma ai rai. Bo raza gaw Inwa hkaw hkam min hkawng a amat hpaji rawng wa re. Thiha pate gaw hantha wati hkaw hkam raza dirit a amat hpaji rawng wa re.

Amat hpaji rawng lahkawng mu hkrum nna ga tsun ma ai majaw lahkawng maka na shawa masha ni sa madat ma ai rai.

Shan lahkawng hkrum ai shaloi amat kaba Thihapate gaw Bo raza hta asak grau kaji ai majaw nem ai shara hta dung u ai. Bo raza hpe tsaw ai shara ya u ai. Dai shaloi Bo raza gaw gum rawng gum tawng nrai. "Moi kewut pungna hte mahaw thada yen ga shing jawng ai hte bung ai" ngu tsun u ai. Bo raza gaw Thiha pate hpe hpara lawng mahaw thada hte shadawn nna shi hkum shi kewut pung na hte shadawn let shagrit tsun u ai.

Dai shaloi Thiha pate gaw Bo raza hpe hkung ga kam sham wa u ai. Bo raza gaw "amat kaba Thiha pate yan lahkawng mung masa hpe tsun ai shaloi hpaji rawng ni zawn tsun na kun? Dai nrai mu mat ni zawn tsun hkat na kun?" ngu san u ai.

Thiha pate gaw "Bo raza, dai lam hpe sang lang dan rit" ngu u ai.

Bo raza gaw "hpaji rawng ni tsun ai gaw teng man yang mung teng man ai ngu angwi apyaw sha tsun ai. Nteng nman yang mung nteng nman ai ngu nna angwi apyaw sha hkam la ai. Mu mat ni tsun ai gaw tinang ra ai hte pre yang kabu nna tinang ra ai hte npre yang pawt sin dawt nna ga law wa ai "ngu u ai.

Thiha pate gaw "Bo raza, hpaji rawng ai ni tsun hkat ai hku tsun mayu nngai." ngu u ai.

Dai zawn tsun ngut ai hpang hpaji rawng lahkawng gaw tsaw ra hku hkau lam ga ni hpe sha tsun ma ai. Dai hpang Thiha pate gaw kum shu hpraw hpe ta hte la nhtawm yaman wan hpye hta bang nna Bo raza hpe jaw ya u ai. Bo raza mung kum shu hpraw hpe la nhtawm niti chyum hta tsun ai hku ndung kaw nna npawt du hkra yet yet nam shum hkam sha let lu lang u ai.

Dai shaloi Thiha pate gaw "Bo raza hkying na wa nnga hpaji rawng wa rai nga ning len hpa majaw kum shu hpe ndung kaw nna shawng sha a ni?" ngu nna san u ai.

Bo raza gaw "amat kaba wa Thiha pate, ngai gaw niti chyum hpe hkan nna namshum hpe yet yet sit jat let hkam nna sha lang nngai" ngu tsun u ai.

dai shaloi Thiha pate gaw 'bo raza, Hpara thara hta ma gaw ai lata re n malan yang, malang ai lata re nmagaw yang hkanda tara gaw si wa chye nga ai" ngu tsun u ai.

"Hpa majaw kumshu hpe ndung kaw na shawng nam shum hkam sha a ni? Nam shum mu hpa nga ai shara kum shu npawt de re ndu yang a nik tsa si mat yang mu hpa nam shum hpe nmu sha kau dat na nre ni? ngu u ai.

Dai shaloi bo raza gaw ga tsun ndang rang ai sha "amat kaba wa ngai gaw masha ni lang ning len niti chyum hpe hkan nna sha nngai. Nang gaw hpara tara hpe hkan nna tsun ndai. Ne ga hta na ga gra mai kaja la nga ai" ngu shakawn u ai rai.

Amat kaba Thiha pate mung "Aw ngai gaw hkying shing jawng na wa nnga ai hpaji rawng masha kaja hpe mu hkrum lu nngai" ngu nna kabu gara let tsun u ai. Tinang sha ai ja yaman ep hpe yaman hte rau bo raza hpe jaw ya puzaw nhtawm naw u ai rai.

"Bo raza hpaji rawng law malawng gaw tinang tsun ai ga hpe sha teng man ai nga tsun tsun re ma ai. Shi ga hpe yen kau kau rai ma ai. Asum jaw ai wa gaw

taw la nga ai. Bo raza gaw hpaji rawng ai hta nka masha kaja mung pre la nga ai. Bo ra za hte bung ai wa hpe ngai mu lu na yak ai" ngu tsun u ai.

Dai zawn hpaji rawng masha lahkawng gaw hpaji rawng masha kaja ni a htung hpe myit mang let tsawra hku hkau let tsun bawng ban ma yang shawa masha ni kabu nhtum rai ma ai rai.

၀။ ကာလေန ဓမ္မသာကစ္ဆာ၊ ဧတံ မင်္ဂလ မုတ္တမံ။

သင့်လျော်သောအခါ တရားဆွေးနွေးခြင်းသည် မြတ်သော မင်္ဂလာမည်၏။

## "ပညာရှိ နှစ်ဦး"

တစ်ခါသော် အမတ်ကြီးဘိုးရာဇာနှင့် အမတ်ကြီးသီဟပတေ့တို့သည် သစ်ကညင်ဟူသောအရပ်တွင် တွေ့ဆုံ၍ စကားပြောဆိုဆွေးနွေးကြသည်။ ဘိုးရာဇာသည် အင်းဝဘုရင်မင်းခေါင်၏ အမတ်ပညာရှိတစ်ဦးဖြစ်သည်။ သီဟပတေ့သည် ဟံသာဝတီဘုရင် ရာဇာဓိရာဇ်၏ အမတ်ပညာရှိဖြစ်သည်။

အမတ်ပညာရှိနှစ်ပါး တွေ့ဆုံစကားဆိုကြသဖြင့် နှစ်ဘက်ပရိသတ်တို့ သွားရောက်နားထောင်ကြသည်။

နှစ်ပါးတွေ့ကြသော် အမတ်ကြီးသီဟပတေ့သည် ဘိုးရာဇာအောက် အသက်ငယ်သဖြင့် နိမ့်သောနေရာတွင်ထိုင်သည်။ ဘိုးရာဇာကို မြင့်သောနေရာပေးသည်။ ထိုအခါ ဘိုးရာဇာက ဝင့်ကြွားခြင်းမပြု "ရှေးအခါက၊ ကေဝင့်ပုဏ္ဏားနှင့် မဟော်သဓာတို့ စစ်ထိုးသောအခါနှင့် အလားတူ၏"ဟု ဆို၏။ ဘိုးရာဇာက သီဟပတေ့အား ဘုရားလောင်းမဟောသဓာနှင့် နှိုင်း၍ဆိုသည်။ မိမိကိုယ်ကိုမူကား ကေဝင့်ပုဏ္ဏားနှင့် နှိုင်း၍ နိမ့်ချစွာ ဆိုလေသည်။

ထိုအခါ သီဟပတေ့သည် ဘိုးရာဇာကို လေးစားကြည်ညိုသွားသည်၊ ဘိုးရာဇာက "အမတ်ကြီးသီဟပတေ့ ငါတို့နှစ်ပါး ပြည်ထဲရေးကို ဆိုကြရာတွင် ပညာရှိတို့ကဲ့သို့ ဆိုမည်လော၊ သို့မဟုတ် မူးမတ်တို့ကဲ့သို့ ဆိုမည်လော"ဟု မေး၏။

သီဟပတေ့က"အဘိုးရာဇာ ထိုအကြောင်း၊ကို ရှင်းပြပါ"ဟု ဆို၏။

"ပညာရှိတို့ဆိုခြင်းကား ဟုတ်မှန်လျှင်လည်း ဟုတ်မှန်သည်ဟု အကြည်အသာဆို၏။ မဟုတ်မမှန်လျှင်လည်း မဟုတ်မမှန်ဟု အကြည် အသာဝန်ခံ၏။ မူးမတ်တို့ဆိုခြင်းကား အလိုနှင့်ညီသော် ဝမ်းမြောက် ဝမ်းသာရှိ၏။ အလိုနှင့်မညီသော် စောင်းမာန်ခိုက်ရန်ဖြစ်၏"ဟု ဆို၏။

သီဟပတေ့က"အဘိုးရာဇာ ပညာရှိတို့ဆိုခြင်းကိုသာ ဆိုချင်ပါ၏" ဟူ၍ ဆို၏။

ဤသို့ဆိုပြီးလျှင် ပညာရှိနှစ်ပါးတို့သည် ချစ်ကြည်လေးမြတ်ဖွယ်ရာ စကားတို့ကိုသာဆိုကြ၏။ ထို့နောက်သီဟပတေ့သည် ကြံဖြူကို လက်နှင့်ယူ၍ ကွမ်းချပ်တွင်ထည့်ကာ ဘိုးရာဇာအား ဆက်ကပ်၏၊ ဘိုးရာဇာလည်း နိတိကျမ်းအလိုအရ အဖျားမှအရင်းအထိ တရွေ့ရွေ့ အရသာခံကာ သုံးဆောင်၏။

ဤတွင်သီဟပတေ့က"အဘိုးရာဇာ အတုမရှိသော ပညာရှိဖြစ်ပါ လျက် အဘယ့်ကြောင့် ကြံကို အဖျားကစ၍ စားဘိသနည်း" ဟု မေး၏။

ဘိုးရာဇာက"အမတ်ကြီးသီဟပတေ့ ငါသည် နိတိကျမ်းကိုအမှီပြု ၍ အရသာကို တရွေ့ရွေ့တိုး၍ခံကာ စားသုံးသည်"ဟု ဆို၏။

ထိုအခါသီဟပတေ့က"အဘိုးရာဇာ ဘုရားတရားတော်တွင် "ကွေးသောလက် မဆန့်ခင်၊ ဆန့်သောလက် မကွေးခင်၊ ခန္ဓာတရား သည်အနိစ္စဖြစ်သည်"ဟု ဆိုပါသည်။ အဘယ့်ကြောင့်ကြံကို အဖျားကစ၍ အရသာခံကာ စားပါသနည်း။ အရသာကောင်းတည်ရာ ကြံအရင်းသို့ မရောက်မီ အနိစ္စဖြစ်ပါမူ အရသာကောင်းကို မမှီဝဲရ ရှိတော့မည် မဟုတ်ပါလော"ဟု ဆို၏။

ထိုအခါ ဘိုးရာဇာက စကားနိုင်မဆို "အမတ်ကြီး ငါသည် လူတို့သုံးစွဲရိုး နိတိကျမ်းကိုလိုက်၍ စားသည်။ သင်သော်ကား ဘုရား တရားကို လိုက်၍ ဆိုသည်။ ငါ့စကားထက် သင့်စကားက သင့်လှသည်"ဟု ချီးကျူးပြောဆို၏။

အမတ်ကြီးသီဟပတေ့လည်း "သြော် ငါကား အတုမရှိပညာရှိ သူတော်ကောင်းကို တွေ့ရပေသည်တကား" ဟု နှစ်လိုဝမ်းမြောက်စွာဆို၏။ မိမိစားသော ရွှေကွမ်းအုပ်ကို ကွမ်းနှင့်တကွ အဘိုးရာဇာကိုပေးအပ် ပူဇော်၍ ဦးခိုက်၏။

"အဘိုးရာဇာ ပညာရှိအများပင် မိမိဆိုသောစကားသာ မှန်သည်ဟု ဆိုလေ့ရှိသည်၊ သူ့စကားကို ပယ်လေ့ရှိသည်။ အရှုံးခံသောသူကား နည်းလှသည်။ အဘိုးရာဇာကား ပညာရှိရုံသာမက သူတော်ကောင်းလည်း ပီသလှသည်။ အဘိုးရာဇာနှင့် တူသောသူကို အကျွန်ုပ်အလွန်တွေ့ရခဲ၏" ဟု ဆို၏။

ဤသို့လျှင် ပညာရှိနှစ်ပါးသည် ပညာရှိသူတော်ကောင်းထုံးကို နှလုံးမူကာ ချစ်ကြည်စွာ ပြောဆို ဆွေးနွေးရာ ပရိသတ်တို့ ဝမ်းသာ ကြည်နူးမဆုံး ရှိကြ၏။

❖❖❖❖❖❖❖❖❖❖❖❖❖❖

31. TAPAW TSA,
ETAN MINGALA MUKTA MAN.
Shadawn sharam let hkan sa nga ai gaw myat ai mingala nga ma ai.

## "SHADAWN SHARAM AI WA"

Moi shawng de bara nathi mung hta ri 80 lu su ai byanmana tsahti hkan hting gaw lahkawng nga ma ai. Shan hta la kasha langai hte num kasha la ngai lu ma ai. La sha wa hpe "a kikti" nga nna num sha wa hpe "yatha wadi" nga shamying ma ai.

Akikti gaw ten du ram wa ai shaloi dakkasu mung de sa nna hpaji sa sharin la u ai. Hpaji chye ai shaloi kanu kawa ni kaw bai nhtang wa ai. Shaning tsawm ra na ai shaloi kanu yen kawa si mat ma ai rai. law htam la ai sutgan'ni hpe akikti shan nau lu la ma ai. Rai tim akikti gaw sutgan hpe nla ai. Yathe yahan galaw nga let kanau jan hpe sutgan yawng ap ya u ai. Rai tim kanau jan wa mung nla u ai.

"Aba e, ngai gaw aba prat kau ai mayen hpe baw hte nhkam la mayu nngai. Sutgan hpe nra nngai. Aba hte rau yathe galaw nna nga mayu nngai." ngu tsun u ai.

Dai rai nna shan nau gaw lu malu sutgan ni hpe hlu jaw ya nhtawm bara nathi mung dan kaw na pru mat wa ma ai. Yu zana masum tsan ai nam shalawng

e jawng thin hkan gap nna yathe yahan galaw nga ma ai rai.

Akikti yathe hpe kam sham la ai majaw masha law law yathe galaw ma ai. lak puzaw ai ni mung law wa ai. Dai shaloi akikti yathe gaw n ra u ai. kajan hpe pyi n shana ai sha shi hkrai pru mat wa nna sun langai hta shi langai hkrai sha nga nga u ai. tara hpe shakut u ai. Dai shaloi masha ni dusa wa nna puzaw ma ai rai. Lak kaba kum hpa ni law htam wa ai rai. Akikti yathe nra sharawng rai u ai. Dai shara kaw na yen let masha ni hte tsan ai zin lawng langai mi de sa nga u ai rai. Dai zin lawng e tu ai kan pyin hpun kaba hpe shing pyi let jawng gap nna langai hkrai sha nga u ai rai.

Akikti yathe gaw manu mana shadawn sharam let nga u ai rai. Lagawn marit mai hpun asi si ai shaloi asi hpe sha u ai. Asi nnga ai shaloi alap hpe shadu sha u ai. Lu sha hpe shadawn sharam ai hta n-ga yup ai lam hpe mung shadawn sharam lu ai. Tara hpe sha lak lai nna shakut shaja u ai. Dai shaloi thichya hkaw hkam wa gaw akikti yathe hpe sagawn na matu pungna tai masu nna sa ahlu hkam la u ai. Dai ten hta akikti yathe gaw lagawn marit mai lap kaprawng sha na hkyen taw nga ai ten re.

Dai zawn thi chya hkaw hkam wa masum ya tup sa nna masum lang ahlu hkam la u ai. Akikti mung moi na hku hlu nna lu sha nsha ai sha shadawn sharam let nga u ai. Masum ya ngu ai nhtoi hta

Thichya hkaw hkam gaw hkum dan madun let "hpa hpe ra sharawng ai majaw ndai zawn hlu a ni? ngu san u ai

Akikti gaw "Ngai gaw nat sutgan, thichya sutgan hpe n ra nngai, hpara byin na hpe ra sharawng ai majaw ndai hku hlu nna. ndai hku shadawn sharam let nga nhtawm tara hpe shakut nga nngai rai "ngu bai htang tsun u ai.

Dai ga hpe na ai shaloi thichya hkaw hkam gaw grai kam sham la ai majaw ra ai shaman chyeju hpe jaw na ngu tsun u ai. Dai shaloi akikti gaw nhkap la u ai. "Shaman kumhpa hpe hkap la yang gaw lawhpa, dawtha zawn re ni law htam jat wa na re. Nang thichya hkaw hkam zawn re ai nat a nsam hpe mu lu nga yang gaw ne shadawn sharam let hkan sa ai lam yawm wa na tsang nngai. Ngai kaw nang nsa wa na hpe sha ngai hpyi mayu nngai" ngu u ai.

Thichya hkaw hkam wa mung " Shin yathe mai ai" ngu nna sati hkam la let hkungga lara let naw u ai rai. Dai hpang tinang shara tawating tha de bai nhtang mat wa u ai rai.

၁၁။ တပေါ၊ ဇတံ မင်္ဂလ မုတ္တမံ။

ဖြိုးခြံစွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

# "ခြိုးခြံသူ"

ရှေးသရောအခါ ဗာရာဏသီပြည်ဝယ် ကုဋေရှစ်ဆယ်ကြွယ်ဝသော ဗြာဟ္မဏသေဌေးလင်မယား နှစ်ယောက်ရှိ၏။ သူတို့မှာ သားတစ်ယောက်နှင့် သမီးတစ်ယောက်ရှိသည်။ သားကို "အကိတ္တိ "ဟု အမည်ပေး၍ သမီးကို "ယသဝတီ"ဟု အမည်ပေးသည်။

အကိတ္တိသည် အရွယ်ရောက်သောအခါ တက္ကသိုလ်ပြည်သို့သွား၍ ပညာဆည်းပူးသည်။ ပညာများတတ်မြောက်သောအခါ မိဘတို့ထံ ပြန်လာသည်။ နှစ်အတန်ကြာသောအခါ မိဘနှစ်ပါးကွယ်လွန်သွားသည်။ များပြားလှသော ဥစ္စာပစ္စည်းများကို အကိတ္တိတို့ မောင်နှမ ရရှိကြသည်။ သို့ရာတွင် အကိတ္တိက ဥစ္စာတို့ကိုမယူ၊ ရသေ့ရဟန်းပြုမည်ဟုဆိုလျက် နှမငယ်အား ပစ္စည်းဥစ္စာအားလုံးကို ပေးအပ်သည်။ သို့ရာတွင် နှမငယ်ကလည်းမယူပေ။

"မောင်ကြီး၊ ကျွန်မသည် မောင်ကြီးစွန့်ပစ်သော တံတွေးကို ဦးခေါင်းဖြင့် မခံလိုပါ၊ ဥစ္စာကို အလိုမရှိပါ၊ မောင်ကြီးနှင့်အတူ ရသေ့အဖြစ် ခံယူနေထိုင်လိုပါသည်"ဟူ၍ဆို၏။

သို့ဖြင့် သူတို့မောင်နှမသည် ရှိသမျှဥစ္စာတို့ကို လှူဒါန်းစွန့်ကြဲကြပြီးလျှင် ဗာရာဏသီပြည်မှ ထွက်ခဲ့ကြသည်။ သုံးယူဇနာကွာဝေးသော ပေသာအရပ်တွင် ကျောင်းသခ်မ်းဆောက်၍ ရသေ့ရဟန်းပြုကာ နေထိုင်ကြ၏။

အကိတ္တိရသေ့ကို ကြည်ညိုလှသဖြင့် လူအများပင် ရသေ့ပြုလာကြ၏။ လာဘ်ပူဇော်မှုများလည်းများလာ၏။ ထိုအခါ အကိတ္တိရသေ့သည် မနှစ်မြို့၊ နှမငယ်ကိုပင် အသိမပေး၊ တစ်ကိုယ်တည်း ထွက်ခဲ့ပြီးလျှင် ဥယျာဉ်တစ်ခု၌ တစ်ပါးတည်းနေထိုင်၏။ တရားကိုကြိုးစားအားထုတ်၏။ ထိုအခါ လူအများရောက်လာကြပြီး ပူဇော်ကြပြန်၏။ လာဘ်လာဘတို့ ပေါများလာပြန်၏။ အကိတ္တိရသေ့ မနှစ်မြို့နိုင်ပါ။ ထိုနေရာမှ ဖယ်ခွါ၍ လူသူဝေးသော ကျွန်းတစ်ကျွန်းသို့ သွားရောက်နေထိုင်၏။ ထိုကျွန်းရှိ ကံပြင်းပင်ကြီးကို အမှီပြုလျက် ကျောင်းဆောက်၍တစ်ပါးတည်း နေထိုင်၏။

အကိတ္တိရသေ့သည် အလွန်ခြိုးခြံစွာနေထိုင်၏၊ ကံပြင်းပင်ကြီး အသီးသီးသောအခါ အသီးကိုစား၏။ အသီးမရှိသောအခါ အရွက်ကိုပြုတ်၍ စား၏။ အစားကို ခြိုးခြံစားရုံမက အအိပ်အနေကိုလည်း ခြိုးခြံ၏။ တရားကိုသာ အထူးကြိုးစားအားထုတ်၏။

ထိုအခါ သိကြားမင်းသည် အကိတ္တိရသေ့ကို စူးစမ်းရန် ပုဏ္ဏား အသွင်ဖန်ဆင်း၍ လာရောက်အလှူခံ၏။ ထိုအချိန်မှာအကိတ္တိရသေ့သည် ကံပြင်းရွက်ပြုတ် စားမည်ဟု ပြင်ဆင်နေချိန်ဖြစ်သည်။

ဤသို့လျှင် သိကြားမင်းသည် သုံးရက်တိုင်လာ၍ သုံးကြိမ် အလှူခံ၏။ အကိတ္တိရသေ့ကလည်း ရှေးနည်းအတိုင်းလှူ၍ အစာမစားဘဲ ခြိုးခြံနေထိုင်၏။ သုံးရက်မြောက်သောအခါ သိကြားမင်းသည် ကိုယ်ထင်ပြလျက်"မည်သည့်အရာကို တောင့်တ၍ ဤသို့လှူပါသနည်း"ဟု မေးမြန်း၏။

အကိတ္တိက"ငါသည် နတ်စည်းစိမ်၊ သိကြားစည်းစိမ်ကို မလို၊ ဘုရားအဖြစ်ကို လိုသဖြင့် ဤသို့လှူ၍ ဤသို့ခြိုးခြံစွာ နေထိုင်ကာ တရားအားထုတ်နေခြင်း ဖြစ်သည်"ဟု ပြန်ပြော၏။

ထိုစကားကိုကြားလျှင် သိကြားမင်းသည် အလွန်ကြည်ညိုလှသဖြင့် လိုရာဆုကို ပေးမည်ဟုဆို၏။ ထိုအခါ အကိတ္တိရသေ့က လက်မခံပေ။ ဆုကိုလက်ခံပါက လောဘ, ဒေါသ စသည် ဖိုးပွားတော့မည်၊

သင်သိကြားမင်းကဲ့သို့သော နတ်၏အဆင်းမြင်နေရလျှင်လည်း ငါ့တွင် ငြီးငွေ့ခြင်းဆိုသော အကျင့်တို့ လျော့ပါးလေတော့မည်၊ ငါ့ထံသို့ သင်မလာရန်သာ ငါတောင်းဆိုပါ၏”ဟု ဆို၏။

သိကြားမင်းလည်း“ရှင်ရသေ့ ကောင်းလှပါပြီ၊ အရှင်ရသေ့ထံ မလာတော့ပါ”ဟု ဝန်ခံ၍ ရှိသေစွာ ရှိခိုးကန်တော့၏။ ထိုနောက်မိမိနေရာ တာဝတိံသာသို့ ပြန်သွားလေသည်။

*************

## 32. BYANMA TSARI YINTSA, ETAN MINGALA MUK TAMAN.

Myat ai hkan sa lam hpe hkan sa ai gaw myat ai mingala nga ma ai.

## "LAHKAWNG RUN"

Moi shawng de magada ginwang maha tikta pung na kahtawng e kat thapa aru tsahti pungna hting gaw nga ma ai rai. Shanhte hta pik pali ngu ai la ka sha langai prat pra wa ai. Dai la kasha gaw hkum shing yan grai tsawm htap ai rai. Asak 20- aten du wa ai shaloi kanu kawa ni gaw kasha hpe dinghku jasawn na myit ma ai.

Dai shaloi pikpali la wa gaw n hkap la u ai. "ngai gaw ding hku n kam de nngai. Kanu kawa ni asak hkrung ten hta bau maka na nngai. Kanu kawa ni nnga ai hpang yathe yahan galaw na nngai" ngu u ai.

Kanu kawa ni mung kasha a yaw shada lam hpe nga ma ai. Ding hku de na matu sha kahtap nna n gun jaw u ai. Dai shaloi pik pali la wa gaw kanu kawa ni n gup pat nat na matu myit yu u ai. Shi gaw ja jet hte manu mana tsawm htap ai shayi num sumla galaw u ai. Bu hpun palawng ni hpe hpun ya u ai.

Dai hpang dai sum la hpe kanu kawa ni hpe madun u ai. "Nu yen wa e, ndai ja sum la hte bung ai shayi num hpe lu la jang gaw ngai sha magam wa ding hku de na nngai" ngu tsun u ai.

Kanu kawa ni mung "ndai ja sum la zaw tsawm ai num sha hpe lu na re tam yang mu na re" ngu tsun let pungna marai matsat (8) hpe tam shangun ma ai rai. Pungna ni mung ja sum la hpe hkrang law ntsa mara nhtawm kum hpa ai lang let mare mungdan nga manga de tam ningwan ma ai rai.

Matda ginwang tha gala mare de du wa ai shaloi ja sumla hte bung ai num shayi hpe mau hpa sa mu hkrup ma ai rai. Dai num shayi gaw ka thiya aru rai nga ai tsa hti pungna a kasha batda kapi lani rai nga ai. Ja sum la hte bung ai hta n-ga ja sumla hta pyi grau tsawm nga ai. Shan mung madi tsawm la nga ai. Num kaja hkrang hpe madun u ai rai.

Pungna ni mung num shayi a kanu kawa ni hpe kum hpa hte rau ja sumla hpe ap ya ma ai. Byin ai lam hpe tsun dan nhtawm num hpyi ma ai rai. Kanu kawa ni mung kabu gara let myit hkrum ma ai. Dai lam hpe pik pali chye ai shaloi ja pe hte laika ka nhtawm batda kapi lani hpe shakun dat u ai. Laika hta "Ngai hkri kapi lani, nang hte myu bung ai, madang bung ai kaga la langai ngai hte hking ran u. Ngai gaw ding hku de na nmyit nngai. Nu wa ni hking ran ya ti mung ngai gaw nta kaw na pru mat wa nna yahan galaw na myit nngai. Dai shaloi nang myit npyaw rai na ndai yaw" ngu ka tawn u ai.

Dai hte maren batda kapi lani mung dinghku nkam de ai lam pik pali hpe laika shakun dat u ai. Laika sa ai masha ni gaw lam e hkrum ma ai.

Lahkawng mit hkrum let laika hpe hti yu ma ai. Shan gaw mau ma ai. Shan gaw lahkawng run rai hpangun mayu ai majaw "tsaw ra mayu ai lam" galai ka nhtawm sa ya dat ma ai rai. Dai rai nna lahkawng run rai myit nlawm ai sha hking ran la ma ai rai. Htung hka maren baida kapi lani gaw pikpali shadang hpang hkan nang nna nga u ai.

Shan lahkawng gaw hting gaw rai mat wa ti mung madu jan madu wa hku nna nnga hkat ma ai. Hpraw tu san seng let myat ai hkan sa lam, hpe shakut shaja let kahpu karau majing zawn nga ma ai rai. Yup ai shaloi mung nam pan sum roi hpe din tawn nna yup ma ai rai. lagaw lata shada da pyi nhkra hkat ma ai rai.

Dai zawn nga wa ma yang ten na wa ai shaloi kanu kawa ni si mat wa ai. Dai, anu kawa ni kaw na sut gan nanu mana lu la ma ai. Rai tim shan lahkawng gaw sut gan ni hpe nra sharawng ma ai. Myit hkrum let sut gan ni yawng hpe hlu jaw ya ma ai rai. Dai hpang hkup jahku tsing sum pan hpe hpun nhtawm kara hpe doi krin nna kahtawng kaw na pru mat wa ma ai rai. Lam ka bra langai de du wa ai shaloi "ndai shara kaw na hka mat wa saga" ngu nna bawng lang let lam kaga rai mat wa ma ai. Hpang jahtum e pikpali la wa gaw hpara kaw du nna yahan galaw u ai. Yahan tara hpe shakut shaja ai shaloi 7-ya lai nna matsat (8) ya ngu ai nhtoi hta yahan ta byin mat wa u

ai. "A shin maha Kattapa" ngu ai aming hte dan hkung wa u ai rai.

Batda kapi lani mung hpang jahtum bik hku ni num galaw nna tara hpe shakut shaja ai majaw yahan ta num tai mat wa ai rai. "Batda kapi lani hte ni" ngu ai amying hte dan hkung wa u ai rai.

## ၃၂။ ဗြဟ္မစရိယဉ္စ၊ ဧတံ မင်္ဂလ မုတ္တမံ။

မြတ်သောအကျင့်ကိုကျင့်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

# "မောင်နှံ နှစ်ပေါ်"

တစ်ရံရောအခါ မဂဓတိုင်း မဟာတိတ္ထပုဏ္ဏားရွာ၌ ကဿပ အနွယ်ဝင် သေဌေးပုဏ္ဏားလင်မယားရှိ၏။ သူတို့တွင် ပိပ္ပလိ အမည်ရှိ သားတစ်ယောက်ထွန်းကားသည်။ ထိုသားသည် ရုပ်ရည် ချောမော လှပ တင့်တယ်သည်။ အသက် ၂၀-အရွယ်ရောက်သောအခါ မိဘတို့က သားကို အိမ်ထောင်ချပေးမည် ပြု၏။

ထိုအခါ ပိပ္ပလိလုလင်က ငြင်းဆန်သည်"အကျွန်ုပ်သည် အိမ်ရာ ထောင်မှု မပြုလိုပါ။ မိဘတို့ အသက်ရှင်သရွေ့ လုပ်ကျွေးပြုစုပါမည်။ မိဘတို့လွန်သောအခါ ရသေ့ ရဟန်းပြုလိုပါသည်"ဟူ၍ ဆို၏။

မိဘတို့ကလည်း သား၏ဆန္ဒကို မနှစ်သက်။ အိမ်ထောင်ပြုရန်သာ အကြိမ်ကြိမ် တိုက်တွန်း၏။ ထိုအခါ ပိပ္ပလိလုလင်သည် မိဘတို့ထပ်မံ တိုက်တွန်းခြင်းမပြုနိုင်ရန် ကြံစည်၏။ သူသည်ရွှေစင်ဖြင့် အလွန်လှပ ချောမောသော မိန်းမရုပ်ကိုသွန်းလုပ်၏။ အဝတ်တန်ဆာတို့ကို ဆင်ယင် ပေး၏။

ထို့နောက် ထိုရုပ်တုကို မိဘတို့အားပြ၏။"မိခင်ဖခင်တို့ ဤရွှေရုပ်၏ သွင်ပြင်နှင့် တူသောမိန်းမကိုရလျှင် သားမောင် အိမ်ထောင်ပြုပါတော့မည်" ဟု ဆို၏။

မိဘတို့ကလည်း"ဤရွှေရုပ်ကဲ့သို့ လှသောမိန်းမမျိုးကို မရဘမရှိနိုင်၊ ကာလျှင်တွေ့နိုင်သည်"ဟု ဆိုကာ ပုဏ္ဏားရှစ်ယောက်ကို ရှာဖွေစေသည်။ ပုဏ္ဏားတို့လည်း ရွှေရုပ်ကို ရထားထက်၌တင်၍ လက်ဆောင်ပဏ္ဏာများ ဆောင်ယူကာ အမြို့မြို့ အပြည်ပြည်သို့ လှည့်လည်ရှာဖွေကြသည်။

မဒ္ဒတိုင်း သာဂလမြို့သို့ရောက်သောအခါ ရွှေရုပ်နှင့်တူသော မိန်းမပျိုကို အံ့ဖွယ်တွေ့ရှိကြသည်။' ထိုသမီးပျိုသည် ကောသိယ အနွယ်ဖြစ်သော သေဋ္ဌေးပုဏ္ဏားကြီး၏သမီး ဘဒ္ဒါကာပိလာနီ ဖြစ်သည်။ ရွှေရုပ်နှင့်တူရုံမျှမက ရွှေရုပ်ထက်ပင် ကဲလွန်၍ လှပတင့်တယ်သည်။ အသားအရည် စိုပြည်ဝင်းဝါသည်၊ မိန်းမမြတ်အသွင်ကိုဆောင်သည်။

ပုဏ္ဏားတို့လည်း မိန်းမပျို၏ မိဘတို့ထံ လက်ဆောင်ပဏ္ဏာနှင့်တကွ ရွှေရုပ်ကို အပ်နှင်းသည်။ အကြောင်းစုံ ပြောပြ၍ သတို့သမီးကိုတောင်းခံသည်။ မိဘတို့ကလည်း ဝမ်းမြောက်ဝမ်းသာ သဘောတူကြသည်။ ထိုအကြောင်းကို ပိပ္ပလိလုလင် ကြားသိရသောအခါ ရွှေပေဖြင့် သဝဏ်လွှာ ရေး၍ ဘဒ္ဒါကာပိလာနီထံ ပို့၏။ သဝဏ်လွှာ၌ "နှမကာပိလာနီ၊ သင်နှင့် မျိုးနွယ်တူ၊ ဂုဏ်ရည်တူ အခြားယောက်ျား တစ်ဦးဦးနှင့်သာ ထိမ်းမြားပါ။ ငါသည် အိမ်ရာထောင်ခြင်းကို အလိုမရှိ။ မိဘနှစ်ပါးတို့ အနိုင်အထက် ထိမ်းမြားပေးစားသော်လည်း ငါထွက်ခွါ၍ ရဟန်းပြုအံ့၊ ထိုအခါ အသင် စိတ်နှလုံး မသာမယာရှိတော့မည် " ဟူ၍ ပါရှိ၏။

အလားတူပင် ဘဒ္ဒါကာပိလာနီကလည်း" လက်ထပ်ထိမ်းမြားခြင်း မပြုလိုကြောင်း ပိပ္ပလိထံ စာသဝဏ်လွှာပေးပို့၏။ စာသဝဏ်ကို ဆောင်ယူလာသူ လုလင်ကို့သည် လမ်းတွင် ဆုံမိကြ၏။ နှစ်ဦးသဘောတူ စာသဝဏ်များကို ဖွင့်ဖတ်ကြ၏။ သူတို့သည် မောင်နှံနှစ်ဦး ဖူးစာဆုံ လိုသဖြင့်"ချစ်ခင်လိုကြောင်း"ဟု ပြင်၍ ရေးကာပေးပို့ကြ၏။ ဤသို့ဖြင့် မောင်နှံနှစ်ဦး အလိုမတူဘဲ လက်ထပ်ထိမ်းမြားဖြစ်သွား၏။ ထုံးစံအတိုင်းပင် ဘဒ္ဒါကာပိလာနီသည် ပိပ္ပလိလုလင်ထံ လိုက်၍ နေရ၏။

သူတို့နှစ်ဦးသည် အကြင်လင်မယားဘဝသို့ ရောက်ရသော်လည်း လင်မယားကဲ့သို့ မနေထိုင်၊ ဖြူစင် သန့်ရှင်းစွာဖြင့် မြတ်သော အကျင့်ကို ကျင့်၍ မောင်နှမရင်းချာကဲ့သို့သာ နေထိုင်ကြ၏။ အိပ်စက်ရာတွင်လည်း ပန်းကုံးခြား၍ အိပ်ကြ၏။ ကိုယ်လက်ချင်းပင် အချင်းချင်း မထိကြပေ။

ဤသို့ဖြင့်နေလာကြရာမှ ကာလကြာသောအခါ မိဘတို့ ကွယ်လွန်သွားကြ၏။ ဤတွင် မိဘများထံမှ အမွေအနှစ်မြောက်မြားစွာ ရရှိကြ၏။ သို့ရာတွင် နှစ်ဦးစလုံးပင် ဥစ္စာတို့ကိုအလိုမရှိကြ။ သဘောတူ တိုင်ပင်၍ ဥစ္စာကို့ကိုပေးကမ်းစွန့်ကြဲ လှူဒါန်းလိုက်ကြသည်။ ထို့နောက် ဖန်ရည်စွန်းသောအဝတ်ကို ကိုယ်စီဝတ်၍ ဆံပင်ကိုဖြတ်တောက်ကာ ရွာမှထွက်လာကြသည်။ လမ်းခွဲတစ်ခုသို့ ရောက်သောအခါ "ဤနေရာမှ ခွဲခွာကြမှ သင့်မည်"ဟူ၍ တိုင်ပင်ကာ တစ်ယောက်တစ်လမ်း ခွဲခွာကြသည်။ နောက်ဆုံးတွင် ပိပ္ပလိလုလင်သည် ဘုရားရှင်ထံမှောက်သို့ရောက်၍ ရဟန်းပြုသည်။ ရဟန်းတရားကို ကြိုးစားအားထုတ်လေရာ ခုနစ်ရက်မြောက်သောနေ့တွင် ရဟန္တာဖြစ်သွားလေသည်။ **"အရှင်မဟာကဿပမထေရ်"**ဟူသော ဘွဲ့တော်ဖြင့် ထင်ရှားလာသည်။

ဘဒ္ဒါကာပိလာနီသည်လည်း နောက်ဆုံးတွင် ဘိက္ခုနီမ ပြုခွင့်ရကာ တရားကို ကြိုးစား အားထုတ်ပြီး ရဟန္တာမ ဖြစ်သွားလေသည်။ **"ဘဒ္ဒါကာပိလာနီထေရီ"**ဟူသော ဘွဲ့တော်ဖြင့် ထင်ရှားလာလေသည်။

❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖

33. ARIYA THIT TSA NA DAT THA NAN, ETAN MINGALA MUK TAMAN.

Myat tswa hpara haw dan ai thit tsa tara mali hpe chye mu ai gaw myat ai mingala nga ma ai.

## "ASHIN THA RI PUK TARA"

Moi shawng de Upatik tha hte Kaw li ta ngu ai lusu nga mai kasha manang lahkawng gaw ya za ju mare makau bum ntsa poi shing ra hta yu chyai nga ma ai. Dai zawn yu chyai nga ai ten ning ngu myit sum ru yu ma ai rai.

"Ya pyaw chyai nga ai ni kadai masha yawng gaw htawm hpang shaning latsa (100) ning du ai shaloi yawng si htan ma na re. Kadai mung ngam na nre." ngu nna myit yu ma ai rai.

Matut nna "ndai mung kan ntsa e si chye ai tara nga jang nsi chye ai tara mung teng nga na re" ngu nna myit yu ma ai rai.

Dai zawn myit yu ma ai majaw "nsi chye ai tara hpe tam na matu an lahkawng hpung kyi galaw ga." ngu nna bawng ban let myit hkrum daw dan ma ai rai.

Dai zawn yazaju mare makau e nga ai thing zi sara kaba wa kaw tape hkam nna hpang n kan manang 500- hte rau shan lahkawng gaw pai bait yahan galaw ma ai rai. N si chye ai tara hpe mu na re ngu

ai kam kaba myit hte thing zi sara kaba wa a masa hpe tup hkrak hkan sa ma ai rai tim nsi ai tara hpe nna lu ma ai rai. Dai majaw kaga sara ni kaw na mi na lu na kun ngu nna kam kaba let shara magup hkan sa nna sagawn yu ma ai rai. Rai tim nsi chye ai tara hpe nna lu ai sha ya zaju mare de nhtang wa ma ai rai.

"An lahkawng hta kadai rai rai nsi chye ai tara hpe shawng mu ai wa ngam ai wa hpe tsun dan ga." ngu nna ga sadi tawn da ma ai rai. Langai hkrai lam garan lef tam hkawm ma ai rai.

Lahpawt mi hta Upa tik tha gaw paribait ni lang ai arung arai ni hpe hpai nna ya zaju mare hpe dan lai wa u ai rai. Mare kata e lam lapran hta shi gaw lak lai ai masha langai mi hpe mu lu u ai rai. "anhte zawn marawng mara re ai arung arai ni hpe nlang ai sha sang kan hpe atsawn sha gayawp nhtawm thabik langai hte nta shagu hkau sawm ja nga u ai. Dai wa a nsam gaw sim sa la nga ai. Ndai ashin myat kaw shanu nna chye mayu ai hpe san yu yang mai la na re." ngu nna myit yu u ai rai.

Dai zawn rai nna ashin at tha zi gaw law ram ai hkau sawm hpe lu la al shaloi sha na matu htap htuk ai shara hpe tam u ai rai. U pa tik ta pari bait mung htap htuk ai sha ra hta pung hkum hpe hkyen ya u ai. Ashin At tha zi mung dai pung hkum hta dung nna hkau sawm hpe sha u ai rai. Hkau sawm hpe sha ngut ai hpang U patik tha pari bait gaw ntsin hpe jaw ya u ai rai.

Dai hpang " madu hpara, na a nsam ni gaw san seng la nga ai. na a sara gaw kadai rai ta? kadai wa a tara hpe ra sharawng a ni?" ngu nna san u ai.

Ashin At thazi gaw "ne shin e, ne sara gaw gawdama myat tswa hpara rai nga ai. Dai myat tswa hpara a tara hpe ngai ra sharawng nngai" ngu nna htai dan dat u ai rai.

'Madu hpara, maduhpara a sara gaw ganing nga nna haw tsun dan chye a ni?"

"Ne shin, ngai gaw tape sha re. Tara hpe dam lada n chye haw nngai."

"Madu hpara, ngai gaw U patik tha nga ma ai. Dang lu ai da ram she haw tsun dan rit."

"Dai tara ni gaw akyawng a majaw byin wa ai re. Dai akyawng ni a mat htum ai lam mung nga ai. Myat tsawa hpara gaw dai zawn haw dan chye nga ai."

Dai mung ga hpe kalang mi sha na lu ai hte U pa tik tha pa ri bait gaw tara lak lai hpe lu la u ai rai.

U pa tik tha gaw shi na la lu ai mung ga tara hpe manang wa rai nga ai kawli ta hpe kahtap nna haw tsun dan ai shaloi kaw lita gaw dai shara kaw ka tara lak lai hpe lu la u ai rai.

U pa tik tha hte kaw li ta manang lahkawng gaw shan hte hte rau lawm sa wa ai tape 250-hpe shaga nna we lu wun jawng de sa wa ma ai rai. We luwun jawng e myat tswa hpara tara haw ai shaloi

tape pari bait ni gaw yahanda byin tai mat wa ma ai rai. Shan hte yawng e hi bik hku ya han ni byin tai mat ma ai rai. Amyu aru arat hpe hkan nna ashin U pa tiktha gaw "ashin Tha ri puk tara" ngu mying nna ashin kaw li ta gaw "ashin mawk galan" ngu nna mying ai rai.

Ashin Thari puk tara gaw nyan hpaji kaba ai shara hta sam htum myat htum "e ta det" jan mau hpe gup la u ai rai. Myat tswa hpa ra a hkra maga tape kaba byin tai mat wa nu ai rai.

၃၃။ အရိယသစ္စာန ဒဿနံ၊ ဧတံ မင်္ဂလ မုတ္တမံ။

မြတ်စွာဘုရားဟောကြားတော်မူသော သစ္စာလေးပါးတရားတို့ကို သိမြင်ခြင်းသည် မြတ်သော မင်္ဂလာမည်၏။

## "အရှင်သာရိပုတ္တရာ"

ရှေးသရောအခါ ဥပတိဿနှင့် ကောလိတဟူသော သေဋ္ဌေးသား သူငယ်ချင်း နှစ်ယောက်သည် ရာဇဂြိုဟ်မြို့တော်အနီး တောင်ထိပ်ပွဲသဘင်ကို ကြည့်ရှုနေကြသည်။ ထိုသို့ကြည့်ရှုနေစဉ် ဤသို့ စဉ်းစားဆင်ခြင်မိကြသည်။

"အခုပျော်ရွှင်ပြုံးထူးနေသူ ဤလူများသည် နောင် နှစ် ၁၀၀–ကြာသောအခါ အားလုံးသေဆုံးကုန်ကြလိမ့်မည်။ မည်သူမျှ ကျန်မည်မဟုတ်"ဟု စဉ်းစားမိကြသည်။

ဆက်လက်၍"ဤလောကကြီး၌ သေခြင်းတရားရှိလျှင် မသေခြင်းတရားလည်း အမှန်ရှိရမည်"ဟု တွေးတော ဆင်ခြင်မိလေသည်။

ဤသို့တွေးတော ဆင်ခြင်မိပြီးနောက်"မသေခြင်းတရားကို ရှာဖွေရန် ငါတို့သူငယ်ချင်းနှစ်ဦး ရဟန်းဝတ်ကြရအောင်"ဟု တိုင်ပင်ကြပြီးလျှင် သဘောတူဆုံးဖြတ်လိုက်ကြလေသည်။

ဤသို့ဖြင့် ရာဇဂြိုဟ်မြို့တော်အနီးရှိ သိဉ္စည်းဆရာကြီးထံ တပည့်ခံပြီး နောက်လိုက် ၅၀၀–နှင့်အတူ သူတို့နှစ်ဦးသည် ပရိဗိုဇ်ရဟန်းပြုကြ၏။ မသေခြင်းတရားကိုတွေ့လိမ့်မည်ဟု မျှော်လင့်ချက်ဖြ[illegible]ည်းဆရာကြီး၏အဆုံးအမကို တိတိကျကျ လိုက်နာကျင့်သုံး ကြသော[illegible] မသေခြင်းတရားကို မကြားရချေ။ သို့ဖြစ်၍ အခြားသော ဆရာကြီးတို့ထံမှ ကြားရလိမ့်နိုးနိုး မျှော်ကိုးကာ နေရာအနှံ့ သွားလာ စုံစမ်းကြသည်။ သို့သော် မသေခြင်းတရားကို မကြားနာရဘဲ ရာဇဂြိုဟ်မြို့တော်သို့ ပြန်လာကြရ၏။

ကို သူငယ်ချင်းနှစ်ဦးတို့အနက် မသေခြင်းတရားကို တစ်ဦးဦးက ရှေးဦးစွာတွေ့ရလျှင် ကျန်တစ်ဦးအား ပြောကြားစေတော့"ဟု ကတိပြု ထားကြ၏။ တစ်ပါးစီလမ်းခွဲ၍ လှည့်လည်ရှာဖွေကြသည်။

တစ်မနက်တွင်နံနက်ခင်း၌ ဥပတိဿပရိဗိုဇ်သည် အသုံးအဆောင်တို့ကို ထမ်းပိုးလျက် ရာဇဂြိုဟ်မြို့တော်အတွင်းမှ ပြန်လာခဲ့၏။ မြို့တွင်းလမ်း ကာစ်နေရာတွင် သူသည်ထူးခြားလှသော ပုဂ္ဂိုလ်တစ်ပါးကို တွေ့လိုက်ရ၏။ "ငါတို့ကဲ့သို့ ကိုးရိုးကားရား အသုံးအဆောင်များမပါ၊ သက်မ်းကို သေသပ်စွာ ဝတ်ရုံကာ သပိတ်တစ်လုံးဖြင့် အိမ်ပေါက်စေ့ ဆွမ်းခံနေ၏။ ထိုပုဂ္ဂိုလ်၏ အသွင်အပြင်သည် တည်ကြည်ငြိမ်သက်လှ၏၊ ဤအရှင်မြတ်ကို ထံ ချဉ်းကပ်၍ သိလိုရာရာ မေးမြန်းရသော် ကောင်းလေမှ"ဟု တွေးတောမိ၏။

ဤသို့ဖြင့် အရှင်အဿဇိသည် လှည့်လောက်သော ဆွမ်းကိုရ၍ ဆွမ်းဘုဉ်းပေးရန် သင့်တော်မည့်နေရာကို ရှာဖွေ၏။ ဥပတိဿပရိဗိုဇ် ကလည်း သင့်လျော်သောနေရာတွင် ထိုင်ခုံကိုခင်းပေး၏။ အရှင်အဿဇိ လည်း ထိုထိုင်ခုံမှာထိုင်၍ ဆွမ်းဘုဉ်းပေး၏။ ဆွမ်းဘုဉ်းပေးပြီးသောအခါ ဥပတိဿပရိဗိုဇ်က ရေကိုဆက်ကပ်၏။

ပြီးလျှင်"အရှင်ဘုရား၊ အရှင်ဘုရား၏ ဣန္ဒြေတို့သည် ကြည်လင် လှ၏။ ရုပ်အဆင်းသည် စင်ကြယ်သန့်ရှင်းလှ၏။ အရှင်ဘုရား၏ ဆရာသည် မည်သူပါနည်း, မည်သည့်တရားကို နှစ်သက်ပါသနည်း"ဟု မေးမြန်း၏။

အရှင်အဿဇိက"ငါ့ရှင်၊ အကျွန်ုပ်၏ဆရာသည် ဂေါတမမြတ်စွာ ဘုရားဖြစ်၏။ ထိုမြတ်စွာဘုရား၏ တရားကို ငါနှစ်သက်၏"ဟု ဖြေကြားလေရာ -

"အရှင်ဘုရား၊ အရှင်ဘုရား၏ဆရာသည် မည်သို့ဟောကြား လေ့ရှိပါသနည်း"

"ငါ့ရှင် ငါကား ရဟန်းပြုသည်မကြာသေးသူဖြစ်၏။ တရားတော်ကိုမဟောနိုင်ပါ"

"အရှင်ဘုရား တပည့်တော်သည် ဥပတိဿ အမည်ရှိပါ၏။ စွမ်းနိုင်သလိုသာ ဟောတော်မူပါ"

"အကြင်တရားတို့သည် အကြောင်းကြောင့် ဖြစ်ကုန်၏။ ထို အကြောင်းတို့၏ ချုပ်ငြိမ်းရာလည်းရှိ၏။ မြတ်စွာဘုရားသည် ဤသို့ ဟောကြားလေ့ရှိတော်မူပေ၏"

ဤဒေသနာကို တစ်ကြိမ်တစ်ခါ ကြားနာရရုံဖြင့် ဥပတိဿပရိဗိုဇ်သည် တရားထူးကို ရရှိလေတော့သည်။

ဥပတိဿက မိမိကြားနာခဲ့ရသော တရားဒေသနာကို သူငယ်ချင်း ကောလိတအား တစ်ဆင့် ဟောပြလိုက်ရာ ကောလိတသည် ထိုနေရာတွင် တရားထူးကို ရရှိလေသည်။

ဥပတိဿနှင့် ကောလိတ သူငယ်ချင်းနှစ်ဦးတို့သည် မိမိတို့နှင့် အတူလိုက်ပါလိုသော တပည့်နှစ်ရာငါးဆယ်စီတို့ကို ခေါ်ဆောင်ကာ ဝေဠုဝန်ကျောင်းတော်သို့ လာခဲ့ကြ၏၊ ဝေဠုဝန်ကျောင်း၌ မြတ်စွာဘုရားရှင် သည် တရားဟောရာ တပည့်ပရိဗိုဇ်များပါ ရဟန္တာဖြစ်သွားကြသည် ၎င်းတို့အားလုံး ဧဟိဘိက္ခု ရဟန်းများဖြစ်လာကြကုန်၏။ အမျိုးအနွယ် အားလျော်စွာ **အရှင်ဥပတိဿသည် အရှင်သာရိပုတ္တရာ** အမည်ဟွင်၍ **အရှင်ကောလိတသည်ကား အရှင်မောဂ္ဂလာန်** ဟု အမည်တွင်၏။

အရှင်သာရိပုတ္တရာသည် ဉာဏ်ပညာကြီးမားသော အရာဌာနတွင် အသာဆုံးအမြတ်ဆုံး ဧတဒဂ်ဂုဏ်ထူးကို ဆွတ်ခူးခဲ့လေသည်၊ မြတ်စွာ ဘုရား၏ လက်ယာတော်ရံ တပည့်ကြီးဖြစ်လေသည်။

34. NIK BANA THIT SI KIRI YA TSA,
ETAN MINGALA MUK TAMAN.

Nikban hpe mu mada lu ai gaw myat ai min gala nga ma ai.

## " PADA TSARI "

Moi shawng de tha wut thi mare hta ri mali shi lu su ai tsa hti kaba langai nga ai. Shi hta pada tsari ngu ai num sha langai nga ai.

Pada tsari gaw 16-ning du wa ai shaloi nta e shangun ai mayam la langai hte tsaw ra hkrup u ai. Kanu kawa ni gaw amyu madang bung ai la langai hte hking ran ya na matu yaw tawn ma ai hking ran na nhtoi hpe mung daw dan tawn ma ai.

Pada tsari gaw hking ran ya na la hpe n ra. Hking ran na mahka e mayam la wa hte hprawn hprawng mat wa u ai. Kahtawng langai mi kaw nga nna ding hku de ma ai. La wa gaw luna sha na matu hkauna galau, nam lap shat mai dut rai kan bau bungli shakut u ai. Tsahti kasha pada tsari mung hka ja, mam htu, dai zawn re ai hpe shakut nna galaw u ai. Dai zawn nga let pada tsari hta hkum lit li wa u ai.

Hkum kung wa nna ma shangai na mahka pada tsari gaw mayu ni kaw wa nna ma miman mu mayu ai lam madu wa hpe hpyi nem u ai. La wa gaw hkrit ai majaw n wam hkan sa u ai. Pada tsari mung hkan

sa na matu sha hpyi nem u ai. la wagaw hkrit ai majaw nwam hkan sa u ai. Kahtap nna san tim n lu ai shaloi pada tsa ri gaw shi madu wa nnga ai shaloi lakyim nna pru mat wa u ai. La wa bai du wa ai shaloi htingbu ni tsun dan ai majaw chye la lu u ai. Kalang ta pada tsari a hpang hkan nang u ai. Nam lam shara langai mi kaw sa hkrum hkat u ai. Madu wa hkan shaga tim nlu ai majaw matut nna shan hting gaw sa wa ma ai. Mayu ni nta re ndu yang nam kata e la kasha shangai u ai. Dai shaloi pada tsari gaw kanu kawa ni nta de matut nna nsa nu ai sha madu wa hte rau kahtawng de bai nhtang wa ma ai rai.

Dai zawn rai nga wa nna ma naw wa hpe hkumli wa u ai. Shangai na mahka pada tsari gaw shawoi na zawn kanu kawa ni nta wa shangai mayu bai rai u ai. Madu wa mung hkum u ai. Shawng na lang zawn kanu kawa ni nta de pru mat wa u ai. la wa chye nna hkan shaga u ai rai. Nam kata hkrum zup ma ai. Rai tim kahtawng de mung nwa lu, hkrun lam shawng de mung n matut lu ma shangai na ri ri rai wa sai. Dai ten hta marang mung htu, nbung mung bung nga ai. La wa gaw ntsa e galup na matu hpa tung hte nam ni hpe hkan dan la u ai. Dai ten hta hkun bum langai kaw na lapu langai mi gaw achye dat u ai. Agung ja la ai majaw dai shara hta nan la wa galau si mat u ai.

Pada tsa ri mung kan machyi wa ai hpe hkam sharang let kasha magam hte rau madu wa hpe la let manaw hpe shangai shaprat dat u ai rai. Ma kasha lahkawng gaw marang dan, nbung dan hpe hkam hkra ai majaw hkrit kajawng let marawn hkrap ma ai. Pada tsari gaw kasha lahkawng hpe lawu e tawn nna shana ting lahput, ta dai mali hpe madi let wa tsap tsap taw nga u ai rai.

Jahpawt nhtoi htoi ai shaloi [illegible] gaw lagaw hka hkan nna madu wa hpe hkan [illegible] u ai. Kade nna yang shara langai mi hta madu wa si taw nga ai hpe mu u ai. Pada tsari gaw myit ka hpra nhtum rai mat u ai. Rai tim myit hpe da kran dat u ai. Manaw hpe pawn nna magam hpe dun let dai sha ra kaw na yet yet pru mat wa u ai.

Kade nna yang atsi ra wati hka kau de du wa ma ai. Shawng shana htu tawn ai marang a jaw hka nu gaw sin da daram dip taw nga ai. Pada tsa ri gaw kasha lahkawng hte rau hka rap na matu nloi ai majaw ma gam hpe ndai hkran e tawn da u ai. Ma naw hpe pawn let awra hkran de rap mat wa u ai. Du ai shaloi manaw hpe sheyup tawn nna magam hpe sa woi la na matu bai nhtang wa u ai. Pada tsa ri hka kaang du ai shaloi lang ji kaba langai mi yu wa u ai. Ngai hkyeng ma kasha nna ngag hpe shan tawng shadu nna achye hpai la mat wa u ai. Pada tsa ri gaw lang ji kaba kajawng nna ma chyangai hpe tat dat na matu lata lahkawng hpe sharawt let marawn jahtau wa u ai rai.

u ai. Lang ji kaba gaw nhkrit ntsang ma chyangai hpe hpai mat wa u ai rai. Rai timung awra hkran e nga ai magam gaw ti nang hpe kanu marawn shaga ai ngu shadu kau u ai. Hka kata de yu wa u ai. Dai majaw hka marit lup si mat u ai.

Pada tsa ri gaw myit ru la nna mana sai hten wa zawn rai mat wa u ai. Madu la wa hte kasha ni si mat wa ai hpe tsun jahtau hkrap let kanu kawa ni nga ai tha wut hti mare de sa wa u ai rai. Lam e hkrun lam sa la langai hte hkrum nna kanu kawa ni a lam san yu u ai.

Dai la wa gaw "ngai hkri e, mana marang kaba htu laru kaba ru ai majaw taik nta run nna, na kanu kawa hte rau na gayung mung si htan mat ma masai. Shan hte masum a amang hpe gum hpawn nna wan nat ai majaw wan hkut mawng mawng rai nga ai hpe ndai kaw na pyi mu lu nga ai" ngu nna tsun dan u ai rai.

Pada tsa ri gaw myit nhkang lu nu ai. Sati lawt nna shi hkum hta buhpun palawng nnga mat sai. Hkrap let shara shagu hkan ning wan nga u ai. Nkau mi gaw "mana num' ngu tsun let nlung hte kabai ma ai.

Hpang jahtum e pada tsari gaw bukda hpara madu a ze tawun jawng wang kata de du bang mat wa ai. Dai ten hta bukda hpara madu gaw shawa masha ni hpe tara haw taw nga ai. Shawa masha ni mung pada tsa ri hpe shachyut na hkyen ma ai. Hpara madu gaw hkum tawn nna "ngai sha pada tsa ri sati

u" ngu nna tsun u ai. Dai jahkring na ten hta pada tsa ri gaw sati shang•wa u ai. Tinang hkum hta hpun palawng nkap ai hpe gaya hkrit let jawm jawm dung dat u ai. Tara madat ai wa langai mi gaw matsan dum let ntsa hpun labu hpai ya dat u ai. Pada tsa ri gaw dai labu hte shi hkum hpe lum hkra hpun gayawp dat u ai. Dai hpang hpara madu a lagaw hpe naw let "Madu hpara e, tape num ne a shing pyi shara tai ya rit law" ngu nna shawk tsun u ai rai.

Hpara madu mung pada tsa ri hpe sim sa na matu tara haw tsun sharin shaga u ai. Tara jahtum e pada tsa ri gaw myit ru lam hkoi mat nna thaw tapan byin mat wa u ai rai.

Pada tsa ri gaw thaw ta pan byin mat ai hpang bik hku ni hpang de sa nhtawm yahan num galaw u ai rai. Madu hpara a sharin shaga ai hku tara shakut ai majaw simsa ai nikban hkyam sa myat hpe mu lu ai yahan ta num tai mat wa u ai.

Madu num pada tsa ri gaw hpara hkang da ai wi ni thik hka puk ni hpe shatup ai lam hta lak lai htum re majaw wi ni lang bik hku ni yahan num ni hta myat htum "eta det" hpe lu la u ai rai.

❖❖❖❖❖❖❖❖❖❖❖❖

## ၃၄။ နိဗ္ဗာန သစ္ဆိကိရိယာ စ၊ ဧတံ မင်္ဂလ မုတ္တမံ။

## နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းသည် မြတ်သောမင်္ဂလာမည်၏။

# "ပဋာစာရီ"

တစ်ရံရောအခါ သာဝတ္ထိမြို့တွင် ကုဋေလေးဆယ် ကြွယ်ဝသော သဌေးကြီးတစ်ဦးရှိသည်။ သူ့တွင် **ပဋာစာရီ**အမည်ရှိ သမီးပျိုတစ်ယောက် ရှိသည်။

ပဋာစာရီသည် ၁၆-နှစ်သမီးအရွယ်သို့ ရောက်သောအခါ မိဘအိမ်တွင်စေခိုင်းသော ကျွန်လုလင်ပျိုတစ်ဦးနှင့် ချစ်ကြိုက်မိသည်၊ မိဘကလည်းအမျိုးဇာတ်ချင်း၊ အဆင့်အတန်းချင်း ဘူညီမျှသော သတို့သားတစ်ယောက်နှင့် ထိမ်းမြားပေးရန် စီစဉ်ထား၏။ မင်္ဂလာ ဆောင်မည့်ရက်ကို သတ်မှတ်ထား၏။

ပဋာစာရီသည် မိဘတို့ထိမ်းမြားပေးမည့် သတို့သားကိုအလိုမရှိ။ မင်္ဂလာဆောင်ခါနီးတွင် ကျွန်လုလင်ပျိုနှင့်အတူ နေအိမ်မှထွက်ပြေး သွားသည်။ ရွာတစ်ရွာတွင်နေကာ သူတို့နှစ်ဦးပေါင်းသင်းနေထိုင်ကြသည်။ ဝမ်းရေးအတွက် ယောက်ျားဖြစ်သူသည် လယ်ထွန်ခြင်း၊ ဟင်းသီးဟင်းရွက် ရောင်းခြင်း စသည့်အလုပ်တို့ကို ကြိုးစားလုပ်ကိုင်သည်။ သဌေးသမီး ဖြစ်ခဲ့သောပဋာစာရီကလည်း ရေခပ်ခြင်း၊ မောင်းထောင်းခြင်း၊ ထမင်းချက် ခြင်းစသည်တို့ကို ကျိုးနွံစွာလုပ်ကိုင်သည်။ ဤသို့နေထိုင်ရာမှ ပဋာစာရီ တွင် ကိုယ်ဝန်တည်လာလေသည်။

ကိုယ်ဝန်ရင့်လာသောအခါ ပဋာစာရီသည် မိဘထံသို့ပြန်၍ မွေးဖွားရန် ယောက်ျားအား တောင်းပန်သည်။ ယောက်ျားက ပြန်သွားလျှင် ညှဉ်းပန်းနှိပ်စက်ခံရမည်စိုး၍ လိုက်မပို့ရဲပေ။ ပဋာစာရီကလည်း

လိုက်ပို့ရန်သာ တောင်းပန်သည်။ ယောကျ်ားက လိုက်မပို့ဝံ့သဖြင့် လိုက်လျောခြင်းမပြု။ အကြိမ်ကြိမ်ပြော၍ မရသောအခါ ပဋာစာရီသည် ယောကျ်ားမရှိခိုက်တွင် တိတ်တဆိတ်ထွက်သွား၏။ ယောကျ်ားပြန်လာသောအခါ ပဋာစာရီ၏အကြောင်းကိုအိမ်နီးနားချင်းများထံမှ သိရသည်။ ချက်ချင်းပင် ပဋာစာရီနောက်သို့လိုက်သည်။ တောလမ်းတစ်နေရာတွင်မှ တွေ့ဆုံကြသည်။ ယောကျ်ားကပြန်ခေါ်သည်။ မရသဖြင့်မောင်နှံနှစ်ဦး ဆက်လက်သွားကြသည်။ မိဘများအိမ်သို့ မရောက်မီ တောထဲမှာပင် သားယောကျ်ားလေး ဖွားမြင်သည်။ ဤတွင်ပဋာစာရီသည် မိဘများအိမ်သို့ ဆက်မသွားတော့၊ ယောကျ်ားနှင့်အတူ ရွာသို့ပြန်သွားလေသည်။

ဤသို့နေလာရာမှ ဒုတိယကလေး ကိုယ်ဝန်တည်လာပြန်သည်။ မွေးဖွားခါနီးသောအခါ ပဋာစာရီသည် ပထမအကြိမ်ကဲ့သို့ပင် မိဘအိမ်ပြန်၍ မီးဖွားမည် ပြုပြန်သည်။ ယောကျ်ားကလည်း တားမြစ်သည်။ ဤတွင် ပထမအကြိမ်နည်းတူ မိဘအိမ်သို့ဆက်လက်ထွက်ခွာသွားသည်၊ ယောကျ်ား သိသောအခါ လိုက်၍ခေါ်ပြန်သည်။တောထဲ၌ တွေ့ဆုံမိကြသည်။ သို့ရာတွင် ရွာသို့လည်းမပြန်နိုင်၊ ရှေ့သို့လည်း ခရီးမဆက်နိုင်၊ တောထဲ မှာပင် မီးဖွားမည့်ဆဲဆဲဖြစ်လာသည်။ ထိုအချိန်၌ မိုးကလည်းရွာ၊ လေပြင်းကလည်းတိုက်နေသည်။ ယောကျ်ားသည် မိုးလုံသောနေရာတွင် ခိုလှုံရန်အတွက် ပဲခွပ်ဖြင့် သစ်ပင်များကို ခုတ်တွင်ရှာဖွေသည်။ ထိုစဉ်တောင်ပို့တစ်နေရာမှ မြွေတစ်ကောင်က ကိုက်လိုက်သည်။ အဆိပ်ပြင်းလှသည်။ ထိုနေရာမှာပင် ယောကျ်ားခမျာ လဲကျ သေဆုံးသွားရှာသည်။

ပဋာစာရီသည် ဝေဒနာကို ခံစားရင်း သားကြီးနှင့်အတူ ယောကျ်ားကို စောင့်မျှော်နေရာမှ သားငယ်ကို ဖွားမြင်သည်။ ကလေးနှစ်ယောက်ဖြစ်သော သားကြီးနှင့်သားငယ်တို့သည် မိုးဒဏ်၊ လေဒဏ်ခံကြရသဖြင့် ထိတ်လန့်စွာ ငိုကြွေးကြသည်။ ပဋာစာရီသည် ကလေးနှစ်ယောက်ကို ရင်ခွင်အောက်မှာထားလျက် တစ်ညလုံး လေးဘက်ထောက်၍ နေခဲ့ရှာသည်။

နံနက်လင်းသော် သူတို့သားအမိသည် ခြေရာခံ၍ ယောက်ျားကို လိုက်ရှာကြသည်။ မကြာမီပင် တစ်နေရာ၌ လင်ယောက်ျား သေဆုံးနေသည်ကို တွေ့ရသည်။ ပဋာစာရီသည် စိတ်ထိခိုက်မဆုံးဖြစ်ရှာသည်။ သို့သော် မတတ်နိုင်၊ အားတင်းပိုက်သည်။ သားငယ်ကိုပိုက်လျက် သားကြီးကိုလက်တွဲကာ ထိုနေရာမှ တရွေ့ရွေ့ထွက်ခွာလာခဲ့သည်။

အတန်ကြာသော် အစိရဝတီမြစ်ကမ်းပါးသို့ ရောက်လာကြသည်။ ညကရွာထားသောမိုးကြောင့် မြစ်ရေမှာရင်စို့လောက်ရှိသည်။ တသွင်သွင် စီးဆင်းနေသည်။ ပဋာစာရီသည်သားနှစ်ယောက်နှင့်အတူ မြစ်ကိုကူးရန် မလွယ်သဖြင့် သားကြီးကို သည်မှာဘက်ကမ်း၌ ထားခဲ့သည်။ သားငယ်ကို ပွေ့ချီကာ ဟိုမှာဖက်ကမ်းသို့ ကူးဖြတ်သည်။ ရောက်သော် ဟိုမှာဘက်ကမ်းမှ သားငယ်ကို သိပ်ထားပြီးလျှင် သားကြီးကို ခေါ်ရန် ပြန်လာသည်။ ပဋာစာရီ မြစ်လယ်အရောက်တွင် စွန်ရဲကြီးတစ်ကောင် ထိုးဆင်းလာသည်။ မွေးသစ်စဖြစ်၍ နီရဲနေသောသားငယ်ကို သားတစ်ထင်မှတ်ကာ သုတ်ချီသွားသည်။ ပဋာစာရီသည် လန့်ပြေး၍ သားငယ်ကို ချထားရာနေရာ လက်နှစ်ဖက်ကို မြှောက်၍ ဟစ်အော်ခြောက်လှန့်သည်။ စွန်ကြီးကားမမှု၊ သားငယ်ကို သုတ်ချီသွားလေပြီ။ သို့ရာတွင် တဖက်ကမ်းရှိသားကြီးက မိမိကိုမိခင် လှမ်းခေါ်သည် ဟု ထင်မှတ် သွားလေသည်။ ရေထဲသို့ ဆင်းလာသည်။ ရေနစ် သေဆုံးသွားရှာတော့သည်။

ပဋာစာရီမှာ သောကမီးတောက်ကာ အရူးအမူး ဖြစ်သွားသည်။ လင်ယောက်ျားနှင့် သားများ သေဆုံးပုံကို ပြောဆိုဟစ်အော် ငိုကြွေးရင်း မိဘများရှိရာ သာဝတ္ထိမြို့သို့ လာခဲ့သည်။ လမ်းတွင်ခရီးသွားယောက်ျား တစ်ယောက်နှင့် တွေ့ဆုံသည်။ မိဘများအကြောင်း မေးကြည့်သည်။

ထိုယောက်ျားက“နှမငယ်၊ ညက မိုးကြီးလေကြီး ကျရာတွင် တိုက်ပြိုကျသဖြင့် သင့်မိဘနှစ်ပါးနှင့်တကွ သင့်မောင်ပါ သေဆုံးသွားပြီ၊ သူတို့သုံးယောက်ကို တစ်ပေါင်းတည်း မီးသဂြိုဟ်သဖြင့် မီးခိုးတလူလူထ နေသည်ကို ဤနေရာမှာပင် မြင်နိုင်ပါသည်”ဟူ၍ ပြောပြ၏။

ပဋာစာရီမှာ စိတ်မထိန်းနိုင်တော့၊ သတိလက်လွတ်ဖြစ်သည်။ ကိုယ်တွင်အဝတ်အစားမရှိ။ ငိုကြွေးလျက် အရပ်တကာ လှည့်လည်သွားသည်။ အချို့က“**အရူးမ**”ဟု ဆိုကာ ခဲနှင့် ပစ်ပေါက်ကြသည်။

နောက်ဆုံးတွင် ပဋာစာရီသည် ဗုဒ္ဓဘုရားရှင်၏ဇေတဝန်ကျောင်းထဲသို့ ရောက်သွားသည်။ ထိုအချိန်တွင် ဗုဒ္ဓဘုရားရှင်သည် ပရိသတ်တို့ကို တရားဟောလျက်ရှိသည်။ ပရိသတ်များက ပဋာစာရီကို နှင်ထုတ်မည်ပြုကြသည်။ ဘုရားရှင်က တားမြစ်တော်မူရာ “ချစ်သမီးပဋာစာရီ သတိထားလော့”ဟု မိန့်တော်မူသည်။ ထိုခဏမှာပင် ပဋာစာရီသည် သတိဝင်လာသည်။ မိမိကိုယ်၌အဝတ်အစားမရှိသည်ကို ရှက်ကြောက်ကာ ကျုံ့ကျုံ့ထိုင်ချလိုက်သည်။ တရားနာသူတစ်ဦးက ကြင်နာစွာဖြင့် အပေါ်ရုံပုဆိုးကို ပစ်ပေးလိုက်သည်။ ပဋာစာရီသည် ထိုပုဆိုးဖြင့် မိမိကိုယ်ကို လုံခြုံအောင် ဝတ်ရုံသည်၊ ထို့နောက်ဘုရားရှင်၏ ခြေတော်ကိုဦးခိုက်လျက် “အရှင်ဘုရား တပည့်တော်မ၏ ဆောက်တည်ရာ ဖြစ်တော်မူပါဘုရား” ဟု လျှောက်ထား၏။

ဘုရားရှင်လည်း ပဋာစာရီအား အပူငြိမ်းအောင်တရားဟောပြောဆုံးမသည်။ တရားအဆုံး၌ ပဋာစာရီသည် သောကကင်းဝေးကာ **သောတာပန်** ဖြစ်သွားလေသည်။

ပဋာစာရီသည် သောတာပန်ဖြစ်ပြီးနောက် ဘိက္ခုနီများထံသွား၍ ရဟန်းမ ပြုသည်။ ဘုရားရှင်၏အဆုံးအမအတိုင်း တရားကို ကြိုးစားအားထုတ်ရာ သောကပရိဒေဝမီးတို့ ကင်းငြိမ်းရာ နိဗ္ဗာန်ချမ်းသာမြတ်ကို မျက်မှောက်ပြု၍ ရဟန္တာမ ဖြစ်သွားလေသည်။

အရှင်မ ပဋာစာရီသည် ဘုရားရှင်ပညတ်တော်မူသည့် ဝိနည်းသိက္ခာပုဒ်များကို ကျင့်ဆောင်ရာတွင် အထူးချွန်ဆုံး ဖြစ်သည်။ ထို့ကြောင့် **ဝိနည်းဆောင် ဘိက္ခုနီရဟန်းမ**တို့တွင် အမြင့်မြတ်ဆုံးသော ဧတဒဂ်ဘွဲ့ထူးကို ရရှိလေသည်။

35. HPUK HTAT THA LAWKA DAMME HI, TSIK TAN YAT THA NA KAM PA TI. ETAN MINGALA MUK TAMAN.

Mung kan a dan tara 8-hpe hkrum sha ai shaloi nhkrit ntsang n ganga ai gaw myat ai mingala nga ma ai.

## "LAK LAI AI NUM SHA"

Moi shawng de bara nathi mungdan hpe up hkang ai bara nathi hkaw hkam hta la kasha shing tai langai nga ai rai. Shi mying gaw byan ma dat nga ma ai.

Byan ma dat hkaw hkam kasha gaw manaw manang law la ai majaw hkaw hkam wa gaw ntsen wa u ai rai. Shi a hkaw hkam hkaw hpe kashun la na re ngu nna htang let tsang taw nga u ai rai. Dai majaw hkaw hkam kasha hpe mung dan kaw na shachyut kau dat u ai rai.

Hkaw hkam kasha gaw Hi ma wun ta shalawng de sa nga nga u ai rai. Dai hkaw hkam kasha hta A thi ta bu ngu ai madu jan lu u ai rai. A thi ta bu gaw hkum shing yan tsawm htap la ai hta n ga myit mung kaja ai. lat lu ai, lat nlu ai, manaw manang lu ai, n lu ai, shakawn ai, jahpoi ai, lu su ai, matsan ai ngu ai mung kan a dan 8 hpe hkam sharang lu ai. Dai majaw mung

dan kaw na pru mat wa sha ngun ai hpe myit n daw ai sha hkaw hkam kasha a hpang hkan nang u ai rai.

Shan hting gaw gaw Hi ma wunta shalawng e ging dan htap 'htuk ai shara kaw nam lap galup nna sum gap let nga ma ai rai. Nni ntsan re shara kaw yathe langai 'mi mung nga nga ai. Ya the wa gaw tara hpe heng heng shakut nna nga ai wa re. Hkaw hkam kasha ni hting gaw gaw nam e nga ai nam si ni hte shan nga ni hpe tam sha ma ai rai.

Lani mi hta hkaw hkam kasha wa gaw nam shalawng 'kata e king na yi num langai hpe mu u ai rai. Grai ra ma rin mat u ai rai. King nayi num hpe la nna madu jan shatai na matu king nayi num a hpang hkan nang u ai rai. A thi ta bu shayi sha hpe tawn kau da u ai rai.

Shayi sha gaw mung kan a dan hpe chye na ai wa rai nga u ai. Dai majaw hkaw hkam kasha tawn kau da ti mung myit nru ai. N yawn ai sha makau e nga ai yathe k aw sa u ai. Tara hpe shakut na lam hpe sharin l a nna tara shakut u ai rai. Kade nna yang awng da ng mat wa u ai rai. Zan tagu hpe lu la u ai rai. Dai sh aloi yathe hpe naw nna tinang a shara de bai nhtang ı nat wa u ai rai.

Byan ma adat hkaw hkam kasha gaw king nayi num a hpang h kan tim n awng ai majaw hkaw hkam kasha hpang d e bai nhtang wa u ai. Shayi sha gaw hkaw hkam kas ha hpe mu jang zan tagu hte lamu ntsa de pyen lu ng mat wa u ai.

"Madu kasha e, na majaw ngai gaw tara shakut lu nna zan hkyam sa hpe lu la nngai. Nang hpé ngai nra sha rawng ni ai" ngu tsun let lamu lam hku kaga shara de simsa let pyen mat wa u ai rai. Hkaw hkam kasha mung myit malai lu let ngam taw nga u ai rai.

၃၅။ ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ။
ဧတံ မင်္ဂလ မုတ္တမံ။

လောကဓံတရား ၈-ပါးတို့နှင့် တွေ့ကြုံသောအခါ မတုန်လှုပ်ခြင်းသည် မြတ်သော မင်္ဂလာမည်၏။

# "ထူးခြားသော မင်းသမီး"

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ကို အုပ်စိုးသော ဗာရာဏသီမင်းဝယ် သားတော်တစ်ပါးရှိသည်။ "ဗြဟ္မဒတ်"ဟု အမည်တွင်သည်။

ဗြဟ္မဒတ်မင်းသားသည် အခြံအရံပေါ်များလှသဖြင့် မင်းကြီးသည် မယုံသင်္ကာဖြစ်လာသည်။ မိမိ၏နန်းကို လုယူလိမ့်မည်ဟူ၍ စိုးရိမ်လာသည်။ သို့ဖြင့် မင်းသားကို တိုင်းနိုင်ငံမှ နှင်ထုတ်လိုက်လေသည်။

မင်းသားသည် ဟိမဝန္တာတောသို့ သွားရောက်နေထိုင်မည်ပြုသည်။ ထိုမင်းသားတွင် **အသိတာဘူ**အမည်ရှိ ကြင်ရာတော်မင်းသမီးရှိသည်။ အသိတာဘူသည် ရုပ်ရည်လှပ တင့်တယ်ရုံမက စိတ်ထားကောင်းမွန်သည်။ လာဘ်ရခြင်း၊ မရခြင်း၊ အခြွေအရံရှိခြင်း၊ မရှိခြင်း၊ ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်း၊ ချမ်းသာခြင်း၊ ဆင်းရဲခြင်းတည်းဟူသော လောကဓံတရား ၈-ပါးကို ခံနိုင်စွမ်းရှိသည်။ ထို့ကြောင့် ပြည်မှထွက်ခွါရသည်ကို ဝမ်းမနည်း၊ မညည်းညူ၊ သစ္စာရှိစွာဖြင့် မင်းသားနှင့်အတူ လိုက်ပါနေထိုင်သည်။

တစ်နေ့သ၌ မင်းသားသည် တောတွင်းတစ်နေရာ၌ ကိန္နရီမ တစ်ဦးကို တွေ့ရသည်။ တပ်မက်သွားသည်။ ကိန္နရီမကို သိမ်းပိုက်၍ မယားပြုရန် ကိန္နရီမနောက်သို့ ခြေရာခံ၍ လိုက်သည်။ အသိတာဘူမင်းသမီးကို ထားခဲ့သည်။

မင်းသမီးသည် လောကဓံတရားကို သိနားလည်သူ ဖြစ်သောကြောင့် မင်းသားပစ်သွားသော်လည်း ဝမ်းမနည်း။ ပူဆွေးရခြင်းလည်းမဖြစ်၊ မနီးမဝေးအရပ်ရှိ ရသေ့ကြီးထံသွားသည်။ တရားအားထုတ်နည်းကိုသင်ကာ ကြိုးစား၍ တရားအားထုတ်သည်။ မကြာမီပင် အောင်မြင်သွားသည်။ ဈာန်တန်ခိုးကို ရသွားသည်။ ဤတွင် ရသေ့ကို ရှိခိုးကာ မိမိနေထိုင်ရာ တဲသို့ပြန်၍ နေထိုင်သည်။

ဗြဟ္မဒတ်မင်းသားသည် ကိန္နရီမနောက်သို့လိုက်ရာ မအောင်မြင်၊ ဖမ်းမိမလိုလိုနှင့် လွတ်သွားသည်။ မျက်ခြည်ပြတ်သွားသည်။ ဤတွင် မင်းသမီးထံပြန်လာသည်။ မင်းသမီးသည် မင်းသားကိုမြင်လျှင် ဈာန်တန်ခိုးဖြင့် ကောင်းကင်သို့ ပျံတက်လိုက်သည်။

"အရှင်သား၊ သင့်ကြောင့် ငါသည် တရားအားထုတ်နိုင်ကာ ဈာန်ချမ်းသာကို ရရှိသွားပြီ သင့်ကို ငါအလိုမရှိတော့ပြီ"ဟု ဆိုကာ ကောင်းကင်ခရီးဖြင့် အရပ်တစ်ပါးသို့ ငြိမ်းအေးစွာ ပျံသွားလေသည်။ မင်းသားမိုက်လည်း နောင်တ ရကာ ကျန်ရစ်လေသည်။

✻-✻-✻-✻-✻-✻-✻-✻-✻

36. A THAW KAN,
ETAN MINGALA MUK TAMAN.
Hten byak ai, du hka hkrum ai hte katut hkrum ai shaloi myit tsang lam nnga ai gaw myat ai mingala nga ma ai.

## "TARA HPRING TSUP AI NTA"

Moi shawng de bara nathi mare chying hka makau e kahtawng langai mi hta pungna myu hkau na galaw ai hting gaw langai nga ma ai rai. Shan htinggaw hta kasha, kanam, kasha num sha makaw hte shangun ma num sha langai mi rau nga ma ai rai. Yawng gaw hkauna galaw nna kan bau ma ai.

Dai nta madu wa pungna kaba gaw grai tara hpring tsup ai wa re. Kaja ai lam hpe grai ra sharawng ai. Dai majaw nta masha ni hpe "a hlu jaw ya mu. Thila sin mu. Si Chye ai tara hpe hkum malap mu. Myit dum nga mu. Nga manga yawng gaw n-grin lu ai. Sak hkrung mahkrung yawng gaw ngrin lu ai. Hten byak mat wa na re. Si mat ma na re. Malap mali hkum rai mu. Sati nga nga mu." ngu nna ayan tsun sharin shaga nga u ai rai. Nta masha ni mung pungna kaba wa tsun sharin ai hte maren hkan sa ma ai.

Lani mi hta pung na kaba wa gaw kasha lasha hte rau hkauna pa de sa nna hkau na galau u ai.

Kasha magam gaw hkau na galau let maza ni hpe sum pum nna wan nat u ai. Dai shaloi makau e nga ai kahkun bum kaw na lapu a myi hpe wan hkut hkra hkrup ai rai. Lapu gaw pawt wa ai majaw hkun bum kaw na pru wa nhtawm magam hpe achye kau dat u ai. Agung heng la ai majaw magam wa galau hkrat nna si mat wa nu ai rai. Kawa pungna kaba wa gaw kasha magam hpang de kagat sa wa ai.

Asak ndep mat sai. Dai shaloi kasha magam a amang hpe yet sha pawn la nna hpun nhpang langai kaw tawn da u ai. Hkrap marawn ai lam nnga. Hkau na hpe sha matut nna galau nga u ai rai.

kade nna yang hting bu la langai hkau na makau hku lai wa ai hpe mu dat u ai. Dai shaloi pungna kaba wa gaw "e hkau, anhte nta de shang nna pungne num hpe tsun ya rit. Shawoi na zawn marai lahkawng a matu shat hkum sa nu. Marai langai a matu sha sa ya dat marit. Dai hta n ga shangun ma hkrai hpe sha hkum dat dat. Nta masha yawng bu hpun palawng mawn sum li nna nam pan, manam ngawn ai ni hpe mung la sa wa marit ngu nna tsun ya rit" ngu nna htet dat u ai.

Hting bu la wa mung "mai sa" ngu nna pru mat wa u ai. Pungna a nta de sa nna htet dat ai ga ni hpe pungne num hpe tsun dan u ai.

Pungne num gaw dai ga hpe na lu ai hte kasha ma gam si mat sai lam hpe chye dat u ai. Rai tim myit ru hkrap marawn ai lam n byin u ai. Nta masha yawng hpe shaga nhtawm hkau na pa de sa wa ma ai rai.

Du ai hte htang ai hte maren kasha magam si taw nga ai hpe mu u ai. Rai tim yawng gaw tara hpe myit mang let nga ai re majaw myit ru hkrap jahtau ai lam nnga ma ai. Pungna kaba wa gaw kasha magam a amang tawn ai hpun shanip e nan shat sha u ai . Dai hpang nta - masha yawng gaw hpun ni hpe tam sum pum ma ai.

Hpun sum pum ntsa e amang hpe mara nhtawm nam pan manam pyaw ni hte hprwi nna atsawm sha wan nat makoi ma ai rai. Marai langai mi mung myi prwi n hkrat ma ai. Si na lam tara hpe sha myit sum ru nga ma ai rai.

Dai ni a tara tagu a jaw thi kya hkaw hkam gaw nnga lu nu ai dai shara de sa wa nna san sagawn u ai rai.

"Pungna kaba wa, nang gaw na kasha magam hpe ntsawra a ni?"

"Ngai sha hpe ngai grai tsawra nngai."

"Dai daram tsawra ai kasha rai nga ning len si mat wa ai shaloi hpa majaw n hkrap a ni?"

"Madu, lapu gaw kawp ting sa hpe kau da ai zawn ne kasha ma gam mung shi hkum hkanda hpe kau da u ai rai. Anthte hkrap jahtau nga ai lam hpe ma gam gaw chye na lu na nrai sa. Dai majaw anhte nhkrap jahtau ga ai."

Dai hpang thi kya hkaw hkam wa gaw pungne num kaba wa hpe san sagawn u ai rai.

"Kanu e, kawa gaw la re majaw myit ngang kang ai majaw nhkrap ai gaw rai u ga. Kanu gaw myit kya ai wa rai ning len kasha magam si mat ai hpe hpa majaw nhkrap ni?"

" ne kasha ma gam gaw nshaga la ai sha prat kaga kaw na anhte kaw du sa wa ai. Yamung anhte h'kang njaw nga ning len prat kaga de galai mat wa u ai. Shi hkrai du wa nna shi hkrai bai nhtang mat wa ai hpe hkrap yang hpa akyu nga na kun? Hkrap yang mung magam gaw chye na nre"

Thi kya hkaw hkam gaw magam a kanau ma kaw hpe san u ai.

"Ahkri e, kajan ni gaw kahpu kayung ni hpe tsawra chye ma ai. Hpa majaw nhkrap nni?

"Madu, si mat sai majaw wan nat kau sai aba a amang gaw makyin jinghku ni hkrap ai hpe kaning di chye lu na rai? Tinang sa ging du ging ai gati (shara) de du mat wa nu ai. Ngai hkrap tim akyu lak lai nna nnga sai".

Dai hpang thi kya hkaw hkam gaw ma gam a madu jan hpe san u ai.

"Ngai hkri wa e, num ni gaw madu wa si mat ai shaloi shing pyi shara nnga rai ma ai. Gaita num rai mat ma ai. Hpa majaw nang nhkrap n ni?"

"Madu, si mat sai wa hpe hkan marit hkrap taw nga ai wa gaw lamu gang hkau ntsa na shata hpe "ya rit, ya rit" ngu nna hpyi ai wa hte n bung a ni? Dai majaw ngai nhkrap nngai"

"Thi kya hkaw hkam gaw sha ngun ma num hpe san u ai.

" Ngai hkri e, si mat ai wa gaw nang hpe gayet zing ri ai wa rai na re. Dai majaw nang n hkrap ai rai na re".

"Madu, dai zawn hkum tsun, si mat ai wa gaw ne madu gaw hkanti, mit ta, karu na hte hkum tsup ai wa re. Ngai manu mana hkung ga lara ai wa re. Rai tim si mat ai majaw hkrap abru yang hpa akyu nnga ai. Ga mat sai dibu gaw bai matut na matu n mai byin mat sai. Dai hte maren si mat ai wa a matu hkrap jahtau yang bai hkrung wa lu na nre".

Thikya hkaw hkam gaw dai marai ma nga a tara hpring tsup ai ga hpe na lu ai shaloi grai hkung ga kam sham mat wa u ai rai.

"Nanhte si chye ai tara hpe myit nna myit mang nga mu. Dai ni kaw nna pu pa let amu hkum galaw manu. Nahte a nta e yatana 7-hte ayan hpring nga hkra ngai shaman ya na nngai. Sim sa ngwi pyaw let nga ma nu. Hla jaw nna upuk thitin sin nga mu law". ngu nna tsun nhtawm dai shara kaw na pru mat wa u ai rai

✣✣✣✣✣✣✣✣✣✣✣

၃၆။ အသောကံ၊ ဇတံ မင်္ဂလ မုတ္တမံ။

ပျက်စီးခြင်း၊ ဆင်းရဲဒုက္ခဖြစ်ခြင်းနှင့် တွေ့ကြုံရသောအခါ
စိုးရိမ်ပူဆွေးမှု မရှိခြင်းသည် မြတ်သောမင်္ဂလာမည်၏။

## "တရားပြည့်ဝသော မိသားစု"

လွန်လေပြီးသောအခါ ဗာရာဏသီမြို့ အနီးတွင်ရှိသော ရွာ၌ ပုဏ္ဏားမျိုးနွယ်ဝင် လယ်သမားဇနီးမောင်နှံ နေထိုင်ကြသည်။ သူတို့ မောင်နှံတွင် သား၊ ချွေးမ၊ သမီးနှင့် အိမ်ဖော်မိန်းမတို့ အတူနေထိုင်ကြသည်။ အားလုံးပင် လယ်ယာလုပ်ငန်းကို စုပေါင်းလုပ်ကိုင်၍ အသက်မွေး ဝမ်းကျောင်းပြုကြသည်။

ဤမိသားစု၏ အကြီးအမှူးဖြစ်သော ပုဏ္ဏားကြီးသည် အလွန် တရားပြည့်ဝသည်။ ကောင်းမှုကို အလွန်မြတ်နိုးသည်။ ထို့ကြောင့် အိမ်သူအိမ်သားတို့အား "အလှူပေးကြကုန်၊ သီလစောင့်ကြကုန်၊ သေခြင်း တရားကို အောင်မေ့ဆင်ခြင်ကြကုန်၊ ခပ်သိမ်းသောအရာတို့သည် မမြဲ၊ အားလုံးသော သတ္တဝါတို့သည် မမြဲ၊ ပျက်စီးကြရသည်။ သေကြရသည်။ မမေ့မလျော့ကြနှင့်၊ သတိရှိကြကုန်"ဟူ၍ အစဉ် ဆုံးမလေ့ရှိသည်။ အိမ်သူအိမ်သား တို့သည်လည်း ပုဏ္ဏားကြီး ဆုံးမသည့်အတိုင်းပင် လိုက်နာကြသည်။

တစ်နေ့သ၌ ပုဏ္ဏားကြီးသည် သားနှင့်အတူ လယ်တောသို့သွား၍ လယ်ထွန်သည်၊ သားသည်လယ်ထွန်ရာမှ အမှိုက်တို့ကိုစုပုံ၍ မီးတိုက်သည်။ ထိုစဉ်အနီးရှိတောင်ပို့၌နေသော မြွေ၏မျက်စိကို မီးခိုးရိုက်ခိုက်မိသည်။ မြွေသည် အမျက်ထွက်ကာ တောင်ပို့မှ ထွက်၍လာပြီး သားလုလင်ကို ပေါက်လိုက်သည်။ အလွန်အဆိပ်ပြင်းလှသဖြင့် သားလုလင်လဲကျ သေဆုံးသွားရရှာသည်။ အဖပုဏ္ဏားကြီးသည် သားထံပြေးလာသည်။

အသက်မမီတော့ပေ၊ ဤတွင်သားအလောင်းကို ညင်သာစွာပွေ့ချီကာ သစ်ပင်ရင်းတစ်နေရာ၌ ချထားသည်။ ပူဆွေးငိုကြွေးခြင်းမပြု၊ လယ်ကို ဆက်လက်ထွန်မြဲ ထွန်နေသည်။

မကြာမီ အိမ်နီးချင်းယောကျ်ားတစ်ယောက် လယ်အနီးမှ ဖြတ်သန်းသွားသည်ကို မြင်လိုက်သည်။ ဤတွင် ပုဏ္ဏားကြီးက "အမောင် ငါတို့အိမ်သို့ ဝင်သွားပေးပါ။ ပုဏ္ဏေးမအားပြောပါ။ အခါတိုင်းကဲ့သို့ နှစ်ယောက်စာ [illegible]ကို အိမ်ဖော်မအား မပို့နိုင်ပါနှင့်၊ တစ်ယောက်စာ ထမင်းကိုသာ ပို့နိုင်ပါ။ ထို့ပြင် အိမ်ဖော်မ တစ်ယောက်တည်းသာမဟုတ်။ တစ်အိမ်သားလုံး လာခဲ့ကြပါ၊ အဝတ်သစ်များဝတ်ဆင်၍ ပန်းနံ့သာ များလည်း ယူဆောင် ခဲ့ကြဟုပြောပါ" ဟူ၍ မှာကြားလိုက်သည်။

အိမ်နီးချင်း ယောကျ်ားလည်း တစ်စုံတစ်ရာ မေးမြန်းခြင်းမပြု၊ "ကောင်းပါပြီ"ဟူ၍ ဆိုကာ ထွက်ခွာသွားသည်။ ပုဏ္ဏားအိမ်သို့ သွားကာ မှာလိုက်သော စကားတို့ကို ပုဏ္ဏေးမအား ပြောပြသည်။

ပုဏ္ဏေးမသည် ထိုစကားကိုကြားသည်ပင်လျှင် သားသေဆုံးသည်ကို [illegible]လိုက်သည်။ သို့ရာတွင် ပူဆွေးငိုကြွေးခြင်းမပြု၊ အိမ်သားအားလုံးကို ခေါ်ကာ လယ်[illegible]သို့ [illegible]ကြသည်။

ရောက်လျှင် ထင်သည့်အတိုင်းပင် သားသေဆုံးနေသည်ကို တွေ့မြင်ကြရသည်။ သို့ရာတွင် အားလုံးပင် တရားကိုနှလုံးသွင်းထားကြပြီး ဖြစ်သဖြင့် ပူဆွေးခြင်းမရှိကြ၊ ငိုကြွေးခြင်းမပြုကြ။

ပုဏ္ဏားကြီးသည် သားအလောင်းထားသော သစ်ပင်ရိပ်မှာပင် ထမင်းစားသည်။ ပြီးလျှင် အိမ်သားအားလုံးသည် ထင်းများကို ရှာဖွေ စုပုံသည်။ ထင်းပုံထက်သို့ အလောင်းကိုတင်လျက် ပန်းနံ့သာကိုဖြင့် ကြဲဖြန့် ဆွတ်ဖျန်း၍ ကောင်းစွာ မီးသဂြိုဟ်ကြသည်။ တစ်ဦးတစ်ယောက်မျှ မျက်ရည်မကျ၊ သေခြင်းတရားကိုသာ ဆင်ခြင်ပွားများ၍ နေကြသည်။

ထိုသူတို့၏ တရားတန်ခိုးတော်ကြောင့် သိကြားမင်းသည် မနေသာ၊ ထိုနေရာသို့ ကြွလာပြီးလျှင် မေးမြန်းစုံစမ်းသည်။

"ပုဏ္ဏားကြီး သင်သည် သားကိုမချစ်ပြီလော"

"အရှင် ကျွန်ုပ်တို့သားကို ကျွန်ုပ်တို့ အလွန်ချစ်ပါသည်"

"အလွန်ချစ်သော သားဖြစ်ပါလျက် သေဆုံးသည်ကို အဘယ့်ကြောင့် မငိုကြွေးပါသနည်း"

"အရှင် မြွေသည် အရေဟောင်းကို စွန့်ခွာထားသကဲ့သို့ သားသည်လည်း ခန္ဓာကိုယ်ကို စွန့်၍ သွားလေပြီ။ အကျွန်ုပ်တို့ ပူဆွေးငိုကြွေးခြင်းကို သားသည် သိနိုင်မည်မဟုတ်တော့ပါ။ ထို့ကြောင့် ကျွန်ုပ်တို့ ငိုကြွေးပူဆွေးခြင်းမပြုပါ"

ထို့နောက် သိကြားမင်းသည် ပုဏ္ဏေးမကြီးကို မေးမြန်းစုံစမ်းပြန်သည်။

"မိခင်၊ အဘသည် ယောကျ်ားဖြစ်၍ စိတ်နှလုံးခိုင်သောကြောင့် မငိုကြွေးသည်ကားရှိစေတော့၊ အမိမည်သည် စိတ်နှလုံးနူးညံ့ပါလျက်နှင့် သားသေသည်ကို အဘယ့်ကြောင့် မငိုကြွေးပါသနည်း"။

"အရှင် ကျွန်ုပ်၏သားသည် မခေါ်ယူရဘဲ ဘဝတစ်ပါးမှ ကျွန်ုပ်တို့ထံသို့ ရောက်လာပါသည်။ ယခုလည်း ကျွန်ုပ်တို့ ခွင့်မပြုဘဲ ဘဝတစ်ပါးသို့ ပြောင်းသွားပြန်ပါသည်။ အလိုအလျောက်လာ၍ အလိုအလျောက် ပြန်သွားရာ ငိုကြွေးခြင်းဖြင့် အဘယ်အကျိုးရှိမည်နည်း၊ ငိုကြွေးလျှင်လည်း သားသည် သိမည်မဟုတ်ပါ"။

သိကြားမင်းသည် လုလင်၏နှမကို မေးပြန်သည်။

"နှမ နှမတို့မည်သည် မောင်ကို ချစ်တတ်၏၊ အဘယ့်ကြောင့် မငိုကြွေးပါသနည်း"

"အရှင် သေဆုံးသဖြင့် မီးသဂြိုဟ်ခြင်းခံနေရသော မောင်သည် ဆွေမျိုးတို့ ငိုကြွေးသည်ကို အဘယ်မှာလျှင် သိနိုင်ပါမည်နည်း။ မိမိသွားရာ လားရာ ဂတိသို့သာ သွားပေပြီ။ ကျွန်ုပ် ငိုကြွေး၍ အကျိုးထူးပါမည်လော"။

ထို့နောက် သိကြားမင်းသည် သားလုလင်၏ဇနီးကို မေးမြန်းပြန်သည်။

"နှမ မိန်းမတို့မှာ လင်ယောကျ်ားသေသော် ကိုးကွယ်ရာ မရှိကုန်၊ မုဆိုးမ ဖြစ်ကုန်၏။ အဘယ့်ကြောင့် သင်မငိုကြွေးပါသနည်း။"

"အရှင်၊ သေသူကို စိုးရိမ်တမ်းတငိုကြွေးနေသောသူသည် ကောင်းကင်ရှိ လမင်းကို "ပေးပါ၊ ပေးပါ"ဟု တောင်းရမ်းငိုကြွေးနေသော သူငယ်နှင့် မတူပါသလော၊ ထို့ကြောင့်အကျွန်ုပ် ငိုကြွေးခြင်းမပြုပါ"။

သိကြားမင်းသည် အိမ်ဖော်မိန်းမကို မေးမြန်းပြန်သည်။

"နှမ သေသူသည် သင့်အားရိုက်နှက်ပုတ်ခတ်သူ ဖြစ်လိမ့်မည်။ ထို့ကြောင့် သင် မငိုကြွေးခြင်းဖြစ်ရာသည်"။

"အရှင် သည်စကားမျိုးမဆိုသင့်ပါ။ သေသူအကျွန်ုပ်၏အရှင်သည် ခန္တီ၊ မေတ္တာ၊ ကရုဏာနှင့်ပြည့်စုံသူဖြစ်ပါသည်။ ကျွန်ုပ်များစွာ လေးစားမြတ်နိုးလှပါသည်။ သို့ရာတွင် သေလွန်သည့်အတွက် ငိုကြွေးခြင်းဖြင့် အကြောင်းမထူးပါ။ ကွဲကွာသောအိုးသည် တဖန်ပြန်၍မဆက်နိုင်တော့ပါ၊ ထို့အတူ သေသူအတွက် ငိုကြွေးသော်လည်း ပြန်၍မရှင်နိုင်တော့ပါ"။

သိကြားမင်းသည် ဤငါးဦး၏ တရားပြည့်ဝသော စကားကိုကြားရသောအခါ လွန်စွာ လေးစား ကြည်ညိုသွားသည်။"သင်တို့ သေခြင်းတရားကို ဆက်လက် ရှုပွားကြလော့ ၊ အလှူပေး၍ ဥပုသ်သီတင်းစောင့်ကြကုန်လော့" ဟု ဆိုကာ ထိုနေရာမှ ထွက်ခွာသွားလေသည်။

◆◆◆◆◆◆◆◆◆◆◆◆◆◆◆

37. WI RAZAN,
ETAN MINGALA MUK TAMAN.
Ra marin ai lam nnga ai gaw myat ai mingala nga ma ai.

## " TSU LA PAN"

Moi shawng de myat tswa hpara lak htak hta tsu la pan bung kyi mahte gaw shata masum na tim hpara naw ai gahta langai mi pyi lu hkra nhti matsing lu ai majaw kahpu ba rai nga ai maha pan gaw tsu lapan hpe sasana kaw na pru mat wa na matu tsun u ai rai.

Myat tswa hpara chye nna tsu lapan mathe hpe shaga nna hpraw dik ai sum pan langai hpe ya nhtawm ta lahpan lahkawng a lapran tawn nhtawm masawp taw nga let n-gup hte mung "razaw ha ranan=sha krwi kap ai" ngu nna tsun taw sha ngun u ai rai.

Tsu lapan mahte gaw "razaw haranan=sha krwi kap ai" ngu tsun let sum pan hpraw hpe masawp taw ai shaloi angwi sha hpraw tu nga ai kaw nna hmang wa ai. Hmang ai kaw na achyang rai mat wa ai hpe mu lu u ai rai nna machye machyang nyan langai mi lu la u ai hpe mu lu u ai. Nnan e hpraw tu nga ai sum pan gaw ne ta hte masawp ai law law lang re majaw chyang hmang wa ai. Ndai shakrwi ni gaw kaga kaw na sa wa ai nrai. Ne ta lahpan kaw na paw

pru wa ai rai nga ai. Ndai hkanda hkum gaw shakrwi maza mala hte hpring nga ai ngu nna myit ding lik taw nga u ai rai.

Dai ten hta madu myat tswa hpara gaw madu tsu lapan nga ai shara de shing kang kru hpe dat dat let tagu hte tara haw ai gaw-

"Ngai sha tsu lapan, ndai sha krwi num hpu ni hpe sha maza mala shakrwi nga ma ai nrai, raga, daw tha, mawha tara ni mung teng sha shakrwi maza mala ni re majaw dai raga, daw tha, mawha maza mala ni hpe kabai kau ra ai" ngu nna haw dan u ai rai.

Dai tara hpe madat mara nna tsu lapan gaw wi pat thana nyan heng wa nhtawm raga, daw tha, maw ha kiletha maza mala ra marin ai lam ni nnga mat nna yahan ta byin mat wa u ai rai.

## ၃၇။ ဝိရဇံ၊ ခေမံ၊ ဧတံ မင်္ဂလ မုတ္တမံ။

## အလိုရမ္မက်ကင်းခြင်းသည် မြတ်သောမင်္ဂလာမည်၏။

# "စူဠပန်"

မြတ်စွာဘုရားလက်ထက်တော်က စူဠပန်မထေရ်သည် ဝါတွင်း သုံးလ၌ ဘုရားရှိခိုးဂါထာတစ်ပုဒ်ကိုမျှ ရအောင်မကျက်မှတ်နိုင်သဖြင့် အစ်ကိုကြီးဖြစ်သူ မဟာပန်က စူဠပန်အား သာသနာ့ဘောင်မှ ထွက်သွားရန် ခိုင်းသည်။

မြတ်စွာဘုရားသိတော်မူ၍ စူဠပန်မထေရ်ကိုခေါ်ယူပြီးလျှင် ဆွတ်ဆွတ်ဖြူသော ပိတ်စတစ်ခုကိုပေး၍ လက်ဝါးနှစ်ဖက်ကြားထားပြီး ပွတ်နေရန် နှုတ်မှလည်း ရဇော ဟရဏံ မြူချေး တင်ခြင်းဟု ရွတ်နေ စေသည်။

စူဠပန်မထေရ်သည် ရဇောဟရဏံ မြူချေးတင်ခြင်းဟု ရွတ်ဆိုလျက် ပိတ်စကို ပွတ်လျက်နေရာ ပိတ်ဖြူသည် တဖြည်းဖြည်းဖြူရာမှ ညိုလာသည်။ ညိုရာမှ ညစ်မည်းသွားသည်ကို တွေ့မြင်ရ၍ ကိုယ်တွေ့အသိဉာဏ် တစ်ခု ရသည်ကို မြင်တွေ့လာ၏။ မူလက ဖြူဆွတ်နေသော ပိတ်စသည် ငါ၏ခန္ဓာကိုယ်(လက်ဝါး)နှင့် ပွတ်တိုက်ဖန်များလာ၍ မည်းညစ်လာသည်။ ဤကြေးညှော်များသည် အခြားမှလာသည်မဟုတ်၊ ငါ၏ကိုယ်ခန္ဓာ (လက်ဝါး)မှ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ဤခန္ဓာကိုယ်ကြီးကား အညစ်အကြေး ကြေးညှော်အတိသာတည်းဟု ဆင်ခြင်စဉ်းစားနေလေသည်။

ထိုအချိန်တွင် မြတ်စွာဘုရားရှင်သည် အရှင်စူဠပန်ရှိရာသို့ ရောင်ခြည်တော်ခြောက်သွယ်လွှတ်၍ တန်ခိုးတော်ဖြင့်ဟောကြားသည်မှာ

"ချစ်သားစူဠပန်၊ ဤမြူမှုန် ဖုန်မှုန့်များကိုသာ ကြေးညှော် အညစ်အကြေးဟု ခေါ်သည်မဟုတ်၊ ရာဂ, ဒေါသ, မောဟများသည် အညစ်အကြေးများဖြစ်၍ ယင်း ရာဂ, ဒေါသ, မောဟ အညစ်အကြေး များကို ပယ်စွန့်ရမည်"ဟု ဟောကြားတော်မူသည်။ ထိုတရားတော်ကို အမှီပြု၍ အရှင်စူဠပန်သည် ဝိပဿနာဉာဏ် ရင့်ကျက်ပြီး ရာဂ, ဒေါသ, မောဟ, ကိလေသာ အညစ်အကြေးများ ကင်းကွာ၍ ရဟန္တာအဖြစ်သို့ ရောက်တော်မူသည်။

◆◆◆◆◆◆◆◆◆◆◆◆◆◆

38. HKEMAN,
ETAN MINGALAL MUK TAMAN.
Kile tha kaw na lawt nhtawm sim sa let hpyen nnga ai gaw myat ai mingala nga ma ai.

## " UKGA THENA"

Moi shawng de yazaju mare hta ukga the na ngu ai tsa hti kasha langai mi nga ai. Lani mi hta ka ma nawt num manga tsa ni gaw yazaju mare hta up nga ai bingbi tha ra hkaw hkam hpe sa ka dan ma ai rai. Dai ni hta ka manawt num langai gaw grai tsawm la ai majaw ukga thena gaw ra marit hkrup ai rai.

Ka manawt num gaw jun htu ai ka manawt lawa a kasha shayi sha re. Jun htu ai kawa gaw dawng 60-nga ai kawa ndung e tsap nna amyu myu ka dan lu u ai.

Ukga thena gaw ka manawt num hpe ra marit la ai majaw yup n lu sha nlu rai yup ra ntsa galeng taw nga u ai. Kanu kawa ni chye ai majaw amyu myu kyaw tsun hpran dan ma ai. Ukga the na gaw na n shang u ai. Hpang jahtum kanu kawa ni kaw jing hku la langai hpe gum hpraw hkying mi makai lang nna ka ma nawt num a kawa jun htu ai wa kaw kasha hpyi sha ngun ma ai.

Jun htu la wa gaw "ne kasha hpe tsahti nta de nbang lu nngai. Ukga the na gaw anhte hpung hte rau hkan nang lu yang gaw ne kasha hte ya sha na" ngu ga htang dat u ai.

Dai ga shawn hpe ukga thena a kanu kawa ni nhkap la ma ai. Rai tim ukga thena gaw kanu kawa ni hkum nga ning len ka manawt num hte hking ran hkat u ai. Shan hte gayin hkawm ai de rau hkan nang u ai. Rai tim shi gaw jun nchye htu ai, ka manawt num ni zawn nchye ka dan ai. Hkring ai shara ni hta law raw, nga shat tam, ka manawt na lu la ai gum hpraw ni hpe makai hpai ai amu hpe daw u ai.

Kade nna yang ka manawt num gaw kasha la sha langai mi shaprat u ai. Di shaloi ukga thena hpe shagrit ai hku nna "law sin ai wa kasha e, rai makai gun ai wa kasha e, hpa nhkaw ai wa kasha e" ngu nna ma shayu u ai. Ukaga the na mung shi prat hpe grai gaya kau u ai. Ka tsa jun htu la wa kaw na hpaji ni hpe shakut nna sharin la u ai. La ning mi daram sharin la ngut ai shaloi yawng chye la lu u ai rai.

Ukga the na gaw mare chyam hkra shi a machye machyang hpe awng dang let madun dan wa nna hpang jahtum yazaju mare de du bang wa ai. 7-ya ngu na nhtoi hta "ukga thena tsahti kasha hpaji madun dan na re" ngu shana shangun u ai.

Mare masha ni gaw poi yu na matu sa wa ma ai . Ukga thena gaw chye machye marai yawng hpe madun na matu dawng 60- galu ai kawa hpun ndung de lung nna tsap nga ai. Ka dan na hkyen u ai. Dai ten hta bukda myat tswa hpara madu gaw hpang hkan than ga ni htc rau hkau sawm ja pru wa ma ai. Dai shaloi shawa masha ni gaw ukga thena hpe n-yu ma ai sha hpara madu nga ai maka de gayin yu ma ai rai.

Dai shaloi ukga thena gaw myit n pyaw byin mat wa u ai. Hpara madu gaw ukga thena a byin ai lam hpe chye ai majaw ashin maha mawk galan hpe sha ngun u ai. Ukga thena hpe ka dan na matu tsun u ai.

. Ukga thena gaw n-gun rawt wa nna kawa ndung e n-gun mi alu rai jun htu tagup dat amyu myu di nna ka dan u ai. 14- lang ka dan ngut ai hpang hpara madu gaw ukga thena hpe mada yu nna tara haw u ai. Ukga thena gaw pa rami nga ai wa re majaw kawa tawng ndung e nan tara lak lai [illegible] 'u la u ai rai. Myit sim sa let yahan ta byin mat wa u ai.

Shi gaw kawa ndung kaw na yu nhtawm hpara madu a lagaw hpe naw u ai. Yahan galaw na ahkang hpyi u ai. Hpara madu gaw "sa wa rit yahan e" ngu

nna shaga dat ai hte ukga thena a masha hkrang mat mat u ai. Sang kan, parik hkaya hkum hkum tsup tsup hte kam sham ging ai yahan hkrang rai wa u ai. Yahan ta myat madu ukga thena gaw yawng hpe kabai kau nhtawm sim sa let pru mat wa u ai rai.

Madu ukga then a madu jan ding sa wa ka ma nawt num mung shi madu wa a hpang hkan nna yahan num galaw u ai. Tara shakut nhtawm sim sa ai yahan ta ashin num tai mat wa u ;ai rai.

## ၃၈–ဖြာ မင်္ဂလာ

၃၈။ ခေမံ၊ ဧတံ မင်္ဂလ မုတ္တမံ။

ကိလေသာမှ ကင်းလွတ်၍ ငြိမ်အေးဘေးမရှိခြင်းသည်
မြတ်သောမင်္ဂလာ မည်၏။

# "ဥဂ္ဂသေန"

ရှေးသရောအခါ ရာဇဂြိုဟ်မြို့တော်၌ ဥဂ္ဂသေနအမည်ရှိသော သေဋ္ဌေးသားတစ်ယောက်ရှိသည်။ တစ်နေ့သ၌ ကချေသည်ငါးရာကို့သည် ရာဇဂြိုဟ်မြို့တော်၌ စံမြန်းသော ဗိမ္ဗိသာရမင်းကြီးထံလာရောက် ကပြဖျော်ဖြေကြသည်။ ထိုအထဲတွင် ကချေသည်မ တစ်ယောက်သည် အလွန်လှပ ချောမောရာ ဥဂ္ဂသေနသည် ချစ်ကြိုက်မိသည်။

ကချေသည်မသည် ကျွမ်းသမား ကချေသည်ကြီး၏ သမီးဖြစ်သည်။ ကျွမ်းသမားကြီးသည် အဟောင် ၆၀–ရှိသော ဝါးလုံးထိပ်တွင်ရပ်ကာ အမျိုးမျိုး ကပြနိုင်သည်။

ဥဂ္ဂသေနသည် ကချေသည်မကို တပ်မက်စွဲလမ်းလှသဖြင့် မအိပ်နိုင်၊ မစားနိုင်၊ ညောင်စောင်းပေါ်တွင် လဲလျောင်း၍သာနေ၏၊ မိဘများက သိရှိကြ၍ အမျိုးမျိုး ဖျောင်းဖျပြောဆိုကြသည်။ ဥဂ္ဂသေနကား နားမဝင်နိုင်ပေ။ နောက်ဆုံးတွင်မိဘများသည် မိတ်ဆွေတစ်ယောက်အား အသပြာတစ်ထောင်ထုတ်ကို ပေးအပ်၍ ကချေသည်မ၏ဖခင် ကျွမ်းသမားဆီသို့ သမီးတောင်းစေသည်။

ကျွမ်းသမားကြီးက "ငါ့သမီးကို သေဋ္ဌေးအိမ်သို့ကား မထည့်နိုင်" "ဥဂ္ဂသေနသည် ငါတို့အဖွဲ့နှင့် တစ်ပါတည်းလိုက်နေနိုင်လျှင် သမီးနှင့်ပေးစားမည်"ဟု စကားပြန်လိုက်သည်။

ထိုအဆိုကို ဥဂ္ဂသေန၏မိဘများက လက်မခံပေ။ သို့ရာတွင် ဥဂ္ဂသေနသည် မိဘများတားမြစ်သည်ကို လက်မခံဘဲ ကချေသည်မနှင့် လက်ထပ်လိုက်သည်။

သူတို့လှည့်လည်သွားလာရာသို့ အတူလိုက်ပါသွားသည်။ သို့ရာတွင် သူသည် ကျွမ်းအတက်၊ ကချေသည်အတတ် စသည်တို့ကို မတတ်ကျွမ်းသဖြင့် ပါဝင် မကပြနိုင်။ ကချေသည်တို့ ရပ်နားလိုရာ နေရာသို့ ရောက်လျှင်ဆင်း၍ လှည်းဖြုတ်ရသည်။ နွားစာမြက်ရှာရသည်။ ကပြရာမှ ဆုချ၍ ရသော အသပြာများကို ထုပ်ပိုးသယ်ဆောင်ရသည်။

မကြာမီ ကချေသည်မသည် သားကလေးတစ်ယောက်ဖွားမြင်သည်။ ထိုအခါ ဥဂ္ဂသေနကို နှိမ့်ချသောအားဖြင့် "လှည်းစောင့်၏သား၊ ဥစ္စာထုပ်ထမ်းသမား၏သား၊ ဘာမှုမတတ်သူ၏သား" စသည်ဖြင့် ကလေးကို ပြောဆိုချော့မြူသည်။ ဥဂ္ဂသေနလည်း မိမိ၏အဖြစ်ကို အလွန်ရှက်သွားသည်။ ယောက္ခမကျွမ်းသမားကြီးထံမှ အတတ်ပညာများကို ကြိုးစားသင်ယူသည်။ တစ်နှစ်တာမျှ သင်ယူပြီးသောအခါ တတ်မြောက်သွားသည်။

ဥဂ္ဂသေနသည် မြို့ရွာအနှံ့ မိမိ၏အတတ်ပညာကို အောင်မြင်စွာ ပြသလာရာမှ နောက်ဆုံးတွင် ရာဇဂြိုဟ်မြို့တော်သို့ရောက်လာသည်။ ၇-ရက်မြောက်သောနေ့၌ " ဥဂ္ဂသေနသေဋ္ဌေးသားက အတတ်ပညာ ပြလိမ့်မည် " ဟု ကြေညာစေသည်။

မြို့သူမြို့သားတို့သည် ပွဲသဘင်ကို ကြည့်ရှုရန် စုဝေးရောက်ရှိလာကြသည်။ ဥဂ္ဂသေနသည် မိမိအစွမ်းကိုပြရန် အတောင်-၆၀-ရှိသော ဝါးလုံးထိပ်သို့ တက်လျက်ရပ်သည်။ အစွမ်းပြမည်ပြုသည်။ ထိုစဉ် ဗုဒ္ဓဘုရား [illegible] ပါဂံယာတော်များနှင့်တကွ ဆွမ်းခံကြွလာသည်။ [illegible] ကိုက်ပါသည့် ဥဂ္ဂသေနကို မကြည့်ကြဘဲ ဘုရားရှင်ကိုရာသို့သာ [illegible] ဖူးမြော်ကြသည်။

ဤတွင် ဥဂ္ဂသေနသည် စိတ်နှလုံးမသာမယာ ဖြစ်သွားသည်။ ဘုရားရှင်သည် ဥဂ္ဂသေန၏ဖြစ်အင်ကို သိရှိတော်မူသဖြင့် အရှင်မဟာမောဂ္ဂလာန်ကို စေလွှတ်တော်မူသည်။ ဥဂ္ဂသေနအား ကပြရန် တိုက်တွန်းစေတော်မူသည်။ အရှင်မဟာမောဂ္ဂလာန်လည်း ဝါးလုံးနားသို့ ကြွလာ၍ တိုက်တွန်း၏။

ဥဂ္ဂသေနသည် အားတက်သွားကာ ဝါးလုံးထိပ်မှာပင် အားရပါးရ ကျွမ်းထိုးမှောက်ခံ အမျိုးမျိုးပြု၍ ကပြ၏။ ၁၄-ကြိမ်တိုင် ကပြပြီးသော် ဘုရားရှင်သည် ဥဂ္ဂသေနကိုလှမ်း၍ တရားဟောတော်မူသည်။ ဥဂ္ဂသေနသည် ပါရမီရှိသူဖြစ်သဖြင့် ဝါးလုံးထိပ်ဖျားမှာပင် တရားထူး ရသွားသည်။ စိတ်ငြိမ်းချမ်းမှုရကာ ရဟန္တာဖြစ်သွားသည်။

သူသည် ဝါးလုံးထိပ်မှ ဆင်းကာ ဘုရားရှင်၏ ခြေတော်စုံကို ဦးခိုက်သည်။ ရဟန်းပြုခွင့်တောင်းသည်။ ဘုရားရှင်က **"လာလော့ ရဟန်း"** ဟု ခေါ်တော်မူလျှင် ဥဂ္ဂသေန၏ လူအသွင် ကွယ်ပြောက်သွား သည်။ သင်္ကန်း၊ ပရိက္ခရာ အစုံအလင်နှင့် ကြည်ညိုဖွယ်ရာ ရဟန်းအသွင် ဖြစ်လာသည်။ ရဟန္တာမြတ် အရှင်ဥဂ္ဂသေနသည် အားလုံးကို စွန့်ကာ ငြိမ်းအေးစွာဖြင့် ထွက်ခွာသွားလေသည်။

အရှင်ဥဂ္ဂသေန၏ မယားဟောင်း ကချေသည်မလည်း လင်ဖြစ်သူ၏ သွားရာ လမ်းကြောင်းအတိုင်း လိုက်ကာ ရဟန်းမ ပြုသည်။ တရားအားထုတ်ရာ ငြိမ်းချမ်းသော **ရဟန္တာအရှင်မ** ဖြစ်သွားလေသည်။

+++++++++

ပ-မ-သ-စ-၇/၂၅-၅-၉၄-(၅၀၀၀)အုပ်



N Kaja ai lam yawng
hpe koi gam u.

Kaja ai lam yawng hpe
galaw gun hpai u.

Tinang myit masin hpe hpraw
tu san seng hkra shaman
shatup tawn ra nga ai.

Dai gaw Bukda hpara a
sharin shaga ai lam re.